

နှစ်

သုံးဆယ်

နှင့်

ဖြစ်ရပ်မှန်များ

ဖအေကျော်စွာ

Horror & Heartbreak as a

Volcano Survivors' Own

၁၉၈၅ - ခုနှစ်၊ နိုဝင်ဘာလ - ၁၃ ရက်

# သဘာဝဘေးအန္တရာယ်ကြောင့် တစ်မြို့လုံးပျက်ကာ
# လူပေါင်းနှစ်သောင်းခွဲ သေဆုံးရသည့် ကြေကွဲစရာမြင်ကွင်း

... seriously injured and 22,000 homeless.





လူသားလက်အိတ်
ပတ်ဝန်းကျင်လော

# of Death Dooms Thousand

# es

ရွှံ့နွံထဲမှကလေးငယ်တစ်ဦး
အသက်ကို ကယ်ဆယ်စဉ်၊



... on ...
... and he... first... repo...
...vors' heart-wrenching ordeals and inspiring ...ns.





မိနစ်သုံးဆယ်
ဝန်လှိုင်

မိုးမြင့်မောင်

# Volcano Horror



မီးတောင်ရန်စွယ် မကျမီက
အေးချမ်းသောမြို့ကလေးမှာ...

သိံ ၅



**TRAPPED FOR 10 HOURS**, mud-covered R... Diaz...
carried to safety by rescue workers
... been da...

သေကံမရောက်သော မိန်းကလေးကို
ကယ်ဆယ်ရေးသမားများကကယ်တင်ရ...


ဓာတ်ပုံကဗျာ





သေဆုံးသွားသော
သားလေးယောက်၏
အလောင်းကိုမြှုပ်ရန်
ငိုယင်းမြေတွင်းတူး
နေသော ဖခင်ကြီး
"ဂျူမီ"မှာ--------



# NOVEMBER

ဆိုံပူဒဏ်ကြောင့်
ကြေမွပျက်စီးခဲ့ရသော
မော်တော်ကားများ......



TED RUBBLE is all that remains after mudslide swept through Armero. Broken ... the onslaught

'We Buried My 4 Little Boys Side By Side . . . And I Prayed That God Would Take Them to a Happier Life'



GRIEF-STRICKEN Jaime Paris breaks down ... sons. Above (left) as he ...

သေကံမရောက်သောသားငယ်အကျဖြင့်
သေဆုံးသောသားများကို မြေမြှုပ်သင်္ဂြိုဟ်
ခဲ့ရသည်၊

?"
voice
horror, Mayor
odriguez broadcast
last desperate plea to
world —
15-foot wall
roared
of Armen
freight-tr
hundred miles
elpless civil de
ned in tears a
z hoarsely sho
"We are do
all!"



ခွေးဟောင်သံကြောင့်
ကလေးငယ်တစ်ဦးကို
ကယ်တင်နိုင်ခဲ့သော
"ယက်ဆီ"
Dragging
then he knew.
a dog barking.
toward it — and
little mud-covered dog
over a tiny baby.
the baby's muddy
the baby was less than
and looked dead.
up the little girl,
my breath into
began
BACK FROM THE BRINK OF HELL: Jaime Bello is
သေချာပြန်မိသားစု၏
ဝမ်းနည်းဝမ်းသာမြင်ကွင်း . . .

မိုးမြင့်မောင်

## မီးတောင်အန္တရာယ် – ကြောက်မက်ဖွယ်

ကမ္ဘာ့ ကြောက်မက်ဖွယ် မီးတောင် ပေါက်ကွဲခြင်းများတွင် တောင်အမေရိကတိုက် ကိုလံဘီယာ(**Columbia**)နိုင်ငံရှိ 'နီဗာဒို–ဒဲလ်–ရူဇ်(**Nevado Del Ruiz**) မီးတောင်ပေါက်ကွဲခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

၁၉၈၅–ခုနှစ်၊ နိုဝင်ဘာလ ၁၃-ရက်နေ့က သက်ဝင်လှုပ်ရှားကာ အရှိန်အဟုန်ပြင်းစွာနှင့် ပေါက်ကွဲခဲ့သော ယင်းမီးတောင်သည် အပူချိန် (၂၀၀၀) ဒီဂရီစင်တီဂရိတ်ရှိ ချော်ရည်များကို မှုတ်ထုတ်လေရာ နှင်းဖုံးနေသော တောင်ထိပ်များပင် တမုဟုတ်ချင်း အရည်ပျော်သွားပြီး မြေပြိုခြင်းများကို ဖြစ်ပေါ်စေခဲ့သည်။

သစ်ပင်နှင့် ကျောက်ထုံး ကျောက်ခဲများ ရောနှောနေသည့် ၁၅-ပေခန့်မြင့်သော ရွှံ့မြေစိုင်ခဲကြီးများသည် မြည်ဟည်းသံကျယ်ကြီးဖြင့် 'အာမေရို'မြို့ငယ်ကလေးပေါ်သို့ မညှာမတာ အစုလိုက် အပြုံလိုက် ကျရောက်ခဲ့သဖြင့် လူပေါင်း (၂၅၀၀၀) ခန့် ပျောက်ဆုံးခဲ့ရသည်။ သို့မဟုတ် သေဆုံးခဲ့ရသည်။ ယင်းတို့တွင် (၈၀၀၀)မှာ ကလေးငယ်များဖြစ်သည်။ လူပေါင်း(၂၂၀၀၀) မှာလည်း အိုးမဲ့ အိမ်မဲ့ဘဝသို့ ရောက်ရှိသွားခဲ့သေးသည်။

မြေစိုင်မြေခဲကြီးများသည် 'အာမေရို'မြို့ကိုသာဖျက်ဆီးရသည်ကို အားမရဘဲ အနီး တစ်ဝိုက်ရှိ ရွာငယ်ကလေးငါးခုကိုလည်း ဝင်ရောက် မွှေနှောက်သွားခဲ့သေးသည်။

ယင်းမြေပြိုမှုကြောင့် မရဏာမင်းနောက်သို့ ကောက်ကောက်ပါလိုက်သွားရသူများရှိသလို သေကံမရောက် သက်မပျောက်ဘဲကျန်ရှိသော 'ဖိုးကံထူး'တို့ 'မသက်ပြင်း'တို့လည်း ရှိလေသည်။

သူတို့ထဲမှာ အချို့၏ ကံထူးပုံ၊ ကြောက်မက်ဖွယ်ရာ အတွေ့အကြုံတို့ကို ဖတ်ပြရသော်....

'ကယ်ကြပါခင်ဗျား....ကယ်ကြပါဦး'တုန်တုန်ယင်ယင်အသံဖြင့် အာမေရိုမြို့တော်၏ မြို့တော်ဝန် 'ရေမွန်ရော်ဒရီရုစ်'က ပြင်ပကမ္ဘာသို့ အသံလွှင့်ရုံမှတစ်ဆင့် နောက်ဆုံး အသနားခံခြင်းကိုပြုခဲ့သည်။ ထိုစဉ်မှာပင် ၁၅-ပေခန့်အမြင့်ရှိ ပွက်ပွက်ဆူနေသော ရွှံ့စိုင်ရွှံ့ခဲကြီးများသည် အာမေရိုမြို့ပေါ်သို့ မိုးရွာချဘိသကဲ့သို့ အရှိန်ပြင်းမွာ အုပ်မိုးပစ်လိုက်တော့သည်။

မိုင်တစ်ရာခန့်ဝေးသော မြို့တော်'ဘိုရိုတာ'မှ ပြည်သူလူထုကမူ မည်သို့မျှ ကူညီနိုင်စွမ်း မရှိတော့ဘဲ မြို့တော်ဝန်၏ နောက်ဆုံး မေတ္တာရပ်ခံချက်ကို မျက်ရည်တစ်စို့စို့ ဝမ်းနည်းစွာနှင့် နားထောင်နေလိုက်ကြရသည်။

'ကျွန်တော်တို့ ကပ်ဆိုက်နေပြီ....ကယ်ကြပါဦး' မြို့တော်ဝန်၏ တုန်ယင်သောအသံလွှင့်ချက်ထပ်မံပေါ်ထွက်လာပြီးတစ်ခဏအကြာတွင် ထာဝရတိတ်ဆိတ်သွားတော့သည်။

အချိန်သည် ည(၁၀ း ၄၅) နာရီရှိနေပြီ။

အာမေရိုမြို့ကလေး က ဆိုးမိုးမှောင်ကျခဲ့သောနေ့မှာ ၁၉၇၅-ခုနှစ်၊ နိုဝင်ဘာလ ၁၃-ရက်၊ ဗုဒ္ဓဟူးနေ့ဖြစ်၏။ ဘေးအန္တရာယ်ကျရောက်စဉ်က မြို့သူမြို့သားအတော်များများသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေလောက်ပြီ ဖြစ်သည်။ တိတ်ဆိတ်မှုကို ရုတ်တရက် ဖြိုခွဲ၍ မာန်ဟုန်ကြီးစွာဖြင့် ဝင်ရောက် မွှေနှောက်သွားသော အန္တရာယ်ကိုပင် အိပ်မက်ဆိုးများ မက်နေသလားဟု ထင်မိကြပေလိမ့်မည်။ သို့သော် ဆူဆူညံညံနှင့် ဝင်ရောက်လာသော အန္တရာယ်ကြီးမှာ အိပ်မက်ဆိုးမဟုတ်ဘဲ တကယ့် အန္တရာယ်ကြီးဖြစ်သည်ကို နောက်မှ သိရှိကြရတော့သည်။ ထို့ကြောင့် ပြေးချိန်မရတော့ဘဲ မြေမျိုခံရ၍လည်းကောင်း၊ ရွှံ့ပုပ်လောင်ခြင်းကြောင့်သော်လည်းကောင်း လူပေါင်းများစွာ အသက်ဆုံးရှုံးသွားခဲ့ကြရရှာလေသည်။

ဘေးအန္တရာယ်ကျရောက်စဉ်က အာမေရိုမြို့သူမြို့သားအတော်များများသည် အိပ်မောကျနေခိုက်ဖြစ်သော်လည်း အသက်၂၄နှစ်အရွယ် လက်သမားကလေး 'ဂျူလီယိုဗေးလင့်'ကမူ နိုးနိုးကြားကြား ရှိနေခိုက်ဖြစ်သည်။ သူသည် သူ၏ချစ်သူ အသက် ၂၁ နှစ်အရွယ် အမျိုးသမီးကလေး 'ဒါနီဆောရဲ့ဇ်'နှင့် အပျော်ကြီးပျော်နေစဉ်ဖြစ်၏။ ထိုစဉ်က ဂျူလီယိုသည် သူ၏ဘဝတွင် အပျော်ဆုံးနေ့တစ်နေ့ကို ကျင်းပနေလေသည်။ အဘယ်ကြောင့်ဆိုသော် ည(၉ း ၄၅)နာရီအချိန်တွင် သူသည် ချစ်သူ ဒါနီထံမှ ထိမ်းမြားလက်ထပ်ရန် သဘောတူသည်ဆိုသော ဝမ်းသာစရာ စကားသံကို ကြားလိုက်ရသောကြောင့်တည်း။ တစ်နာရီခန့်အကြာတွင် သူ၏ပျော်ရွှင်မှုအားလုံးသည် ကြေကွဲဖွယ်ရာအတိ ပြောင်းလဲသွားလေတော့သည်။

ဘဝလမ်းကို အတူလျှောက်လှမ်းရတော့မည့်အရေးကိုတွေးရင်း ပျော်မြူးနေကြသော ချစ်သူနှစ်ဦးတို့ တူနှစ်ကိုယ်တိုင်းပြည်ကလေးထဲတွင် ချစ်တင်းနှီးနှောနေခိုက် ည(၁၀ း ၁၅)နာရီခန့်တွင် အိမ်နီး

ချင်း မိတ်ဆွေတစ်ဦးက မီးတောင်အထက် ပိုင်း မည်းမှောင်သော ကောင်းကင်ပြင်၌ အလင်းရောင်တစ်ခု ထိန်လင်းနေကြောင်း အော် ပြောလိုက်သည်။

ကျွန်တော်လည်း ချစ်သူ ဒါနီကလေးအတွက် စိတ်ပူ၍ သူမ၏ အိမ်သို့ ပြန်ပို့ရန် လက်ကို လှမ်းဆွဲပြီး သုတ်ခြေတင်လိုက်တော့ သည်။ သူမရဲ့နေအိမ်ရောက်ဖို့ သုံးလေးလမ်းအလိုမှာ ကျွန်တော်တို့ နောက်ဘက်မှ ကြောက်ခမန်းလိလိ မြည်ဟည်းသံတစ်ခု ထွက်ပေါ် လာတယ်၊ အဲဒီအသံကြီးကတော့ ကျွန်တော်အသက်ရှင်နေသရွေ့ ဦးနှောက်ထဲက မေ့ပျောက်လို့ရတော့မှာ မဟုတ်တော့ပါဘူး၊ ဘာအသံနဲ့တူသလဲဆိုယင် ထောင်ပေါင်းများစွာပါဝင်တဲ့ နွားရိုင်း အုပ်ကြီး ကျွန်တော်တို့ရှိရာကို တစ်ဟုန်ထိုး ပြေးလာနေတဲ့အသံမျိုး ကြီးလိုပါပဲ။

ဒါနဲ့ ကျွန်တော်လဲ ဒါနီရဲ့လက်ကိုဆွဲရင်း လမ်းကလေးတစ်ခု ထဲ ကွေ့ဝင်သွားတယ်၊ အဲဒီအချိန်မှာ မည်းနက်တဲ့ မြေစိုင်ခဲကြီး တွေ အလိပ်လိုက် တက်လာနေတာကို တွေ့လိုက်ရတယ်၊ လမ်း ကြိတ်စက်ကြီးက အဆောက်အအုံတွေကို ဖြိုလိုက်သလို ဒီမြေစိုင် ခဲကြီးတွေကလဲ တွေ့ကရာ အဆောက်အအုံနဲ့ ပစ္စည်းမှန်သမျှကို အလွတ်မပေး၊ အစီအစိတ်အမွှာမွှာ ချေဖျက်လျက်ရှိနေခဲ့တယ်။

ကြောက်အားလန့်အားနဲ့ ကျွန်တော်ဟာ ဒါနီကို အနီးဆုံး အဆောက်အအုံတစ်ခုထဲ ဆွဲခေါ်သွားပြီး လွတ်ရာကျွတ်ရာအပေါ် ထပ်ကို ဒုန်းစိုင်းပြေးတက်သွားတယ်၊ ဒါနီကတော့ ကျွန်တော့် လက်တစ်ဘက်ကိုဆွဲရင်း ငိုယိုပြီး အပြေးကလေး လိုက်လာတယ်၊ ပထမထပ်ကိုပဲ ရောက်ရုံရှိသေးတယ်၊ မြေစိုင်မြေခဲထုကြီးဟာ ကျွန် တော်တို့တက်ပြေးတဲ့ အဆောက်အအုံကြီးကို သိမ်းကျုံးပြီး ဖျက် ဆီးပစ်လိုက်တာ စက္ကူအိမ်ကလေးတစ်လုံး ပြိုကျသွားသလို တစ် တိုက်လုံးပြိုကျသွားတော့တယ်၊ ကျွန်တော်တို့နှစ်ယောက်လဲ တစ်ဦး လက်ကို တစ်ဦးဆုပ်ကိုင်ကာ တိုက်ကြီးနဲ့အတူ လွင့်စဉ်သွားတယ်။

'ဘုရားရေ—ကယ်တော်မူပါ'လို့ ကျွန်တော် အရူးတစ်လိုက်မိတယ်၊ 'ဒါနီရေ....စွဲစွဲမြဲမြဲကိုင်ထား'လို့လဲ ကျွန်တော် ငယ်သံပါပါနဲ့ ချစ်သူကို သတိပေးလိုက်သေးတယ်၊ သူမကလဲ လက်တစ်ဘက်က ကျွန်တော့်ကိုဆွဲ၊ ကျန်လက်တစ်ဘက်က ကျွန်တော့် ရှပ်အင်္ကျီကော်လာကိုဆွဲရင်း 'ကြောက်တယ်....ကြောက်တယ်'လို့ ကယောင်ကတမ်း အော်နေခဲ့တယ်။

တိုက်အကျိုးအပဲ့တွေနဲ့အတူ ရွှံ့ပူများခေါင်းဆောင်ရာနောက်ကို တစ်ရွေ့ရွေ့ပါသွားနေချိန်မှာ သစ်သားထုပ်တန်းတစ်ခုကို တွေ့ရလို့ လက်တစ်ဘက်နဲ့ လှမ်းပြီး ကုပ်ဖက်ထားလိုက်တယ်၊ ရွှံ့ပူတွေကတော့ ချော်ရည်တမျှပူလောင်ပြီး အငွေ့တစ်ထောင်းထောင်းနဲ့ ကျွန်တော်တို့ကို အသက်ရှူကျပ်နေစေခဲ့တယ်၊ ပတ်ဝန်းကျင်တစ်ပြင်လုံးလဲ ကြောက်အားလန့်အားနဲ့ စူးစူးဝါးဝါးအော်ဟစ်နေတဲ့ လူသံတွေဟာ လွှမ်းမိုးလျက်ရှိနေတယ်။

ရုတ်တရက် ဒါနီကိုလှမ်းကြည့်လိုက်တော့မှ သူမဟာ ရွှံ့ပူထဲမှာ လက်မောင်းတစ်ဘက်ပေါ်ရုံမှလွဲလို့ တစ်ကိုယ်လုံး စုင်စုပ်မြုပ်နေတာကို သိလိုက်ရတယ်၊ ကျွန်တော်လဲ အပူတပြင်း သူမကို ဆွဲတင်ကြည့်သေးတယ်၊ ဒါပေမယ့် ရွှံ့ပူက နွံလိုပဲ ဖြည်းဖြည်းချင်းစုပ်ယူနေတော့ ဒါနီကလေးမျော ကျွန်တော့်လက်ထဲက လွတ်သွားပြီး ရွှံ့ပူထဲ ထာဝရ နစ်မြုပ် ပျောက်ကွယ်သွားတော့တယ်၊ ကျွန်တော်လဲ ယူကျုံးမရ ငိုကြွေးမိတော့တာပဲ၊ ဒီလိုနဲ့ပဲ ကျွန်တော် တွဲခိုထားတဲ့ သစ်သားထုပ်တန်းဟာ ကုန်းတင်ကားကြီးတင်စီးနားရွေ့လာတော့ ကျွန်တော်လဲ ကုန်တင်ကားကြီးရဲ့ တာလပတ်အမိုးပေါ်ထိုင်ပြီး ဒါနီရဲ့ နာမည်ကိုသာခေါ်ရင်း တစ်ညလုံး ငိုကြွေးခဲ့ရတော့တယ်၊ ကျွန်တော့် ချစ်သူကလေး ဒါနီတစ်ယောက် ကျွန်တော်နဲ့ ထာဝရ ခွဲခွာသွားရပြီဆိုတာတော့ သေချာလှပါတယ်၊ သူမ ကျွန်တော့်ဆီ ဘယ်တော့မှ ပြန်မလာတော့ပါဘူး။

* * *

ထိုနေ့ညကအသက်၁၇-နှစ်အရွယ်ရှိ 'ရှဘီအဲလား-ဒိုင်ယာဇာ' ဆိုသော အမျိုးသမီးကလေးသည် ရပ်ဝေးမှ ကျောင်းနေဖက်သူငယ်ချင်းအချို့နှင့် နေအိမ်တွင် မိတ်ဆုံစားပွဲတစ်ရပ်ကိုပျော်ပျော်ရွှင်ရွှင် ကျင်းပလျက်ရှိသည်။

'ည(၁၀း၄၅)နာရီလောက်မှာ ကျွန်မတို့သူငယ်ချင်းတစ်သိုက်ဟာ ကခုန်မြူးထူးလို့ ကောင်းနေတုန်းပါပဲ'

'ကျယ်လောင်စွာ ဖွင့်ထားတဲ့ ဓာတ်ပြားသီချင်းသံနဲ့အတူ ကြောက်စရာအသံကြီး ဖြစ်ပေါ်ထွက်လာလို့ ကျွန်မတို့ အားလုံးနားစွင့်ကြည့်ကြတယ်၊ ဂျက်လေယာဉ်ပျံတစ်စင်း တစ်ဖြည်းဖြည်းနိမ့်းကပ်လာတဲ့အသံမျိုးပဲ'

ကျွန်မဟာ အနီးဆုံးမှာရပ်နေတဲ့ မိတ်ဆွေ'မာရီးယား'ရဲ့လက်ကို လှမ်းဆွဲမည်အပြုမှာ လောကငရဲ ကျရောက်တော့တာပါပဲ။

ကျွန်မနဲ့ဘောက အုတ်နံရံကြီးဟာ ကျယ်လောင်တဲ့အသံကြီးနဲ့ ပြိုကျလာပြီး ခြောက်ပေအချင်းရှိတဲ့ ကျောက်တုံးကြီး တစ်လုံးဟာ ကျွန်မတို့ ကနေတဲ့အခန်းကို အရှိန်နဲ့ ဖောက်ဝင်လာပြီး ကျွန်မရဲ့ မိဘနှစ်ပါးနဲ့ ညီအစ်ကိုမောင်နှမ ခြောက်ယောက်ရှိတဲ့ အခန်းထဲကို ဝင်ရိုက်လိုက်တယ်။

ကျောက်တုံးကြီးရဲ့နောက်ကကပ်လိုက်လာတာကတော့ အငွေ့တစ်ထောင်းထောင်းထနေတဲ့ရွှံ့ပူတွေပဲ၊ 'အမယ်လေး'လို့ပဲ အော်ချိန်ရလိုက်တယ်၊ ကျွန်မဟာ ရွှံ့ပူရဲ့ရိုက်ပုတ်ခြင်းကြောင့် ခပ်လှမ်းလှမ်းကို လွင့်ပြီး ရွှံ့တွေ ကျွန်မကိုယ်ပေါ် တစ်ဖြည်းဖြည်း ဖိလာတယ်၊ ကျွန်မ အတတ်နိုင်ဆုံး ခြေလက်တွေကို လှုပ်ရှားကြည့်ပေမယ့် ဖိအားများတဲ့ ရွှံ့ရည်တွေက စုပ်ထားသလိုဖြစ်နေတယ်၊ ရွှံ့ပူခတွေစီးတာရပ်သွားတော့ ကျွန်မဟာ ရွှံ့ထဲမှာ ကပ်ညပ်ပြီး ကျန်နေခဲ့တော့တယ်၊ မလှုပ်နိုင်မယှက်နိုင်နဲ့ ဒီလိုပဲ နာရီပေါင်းများစွာနေခဲ့ရတယ်။

မိုးလင်းလို့ လင်းရောင်ခြည်သန်းလာတဲ့အချိန်မှာတော့ ကျွန်မမျက်လုံးအစုံကိုဖွင့်ကြည့်တဲ့အခါ ကျွန်မရဲ့ပတ်ဝန်းကျင်မှာ ပုံပျက်

ပန်းပျက် သေပွဲဝင်ခဲ့ရတဲ့ လူသေအလောင်းတွေ ဒါဇင်လိုက်ကို မြင်လိုက်ရတော့ ငိုချပစ်လိုက်တော့တယ်၊ မေ ၂၀-လောက်မှာ ကျွန်မနဲ့စောစောက ရယ်ရယ်ပြုံးပြုံး တွဲက,နေတဲ့ 'မာရီယား'ရဲ့ အလောင်းကို တွေ့ရတော့ ဝမ်းနည်းမိတယ်'ဟူ၍ 'ရှုဘီအဲလား' က ပြောပြသွားသည်။

သူမသည် ရွံ့ထုထဲတွင် ၁၀ နာရီလုံးလုံး မလှုပ်မယှက် နေခဲ့ပြီးပါမှ ကယ်ဆယ်ရေးအဖွဲ့ ရောက်လာကာ သူမအား ဆွဲထုတ်ပြီး ဆေးရုံသို့ အရေးပေါ်တင်ပို့ကာ အသက်ချမ်းသာရာ ရရှိသွားလေတော့သည်။ သူမ၏ မိဘနှစ်ပါး၊ ညီအစ်ကိုမောင်နှစ်မများနှင့် ကျောင်းနေဖက် သူငယ်ချင်းများ အားလုံး ကံခေသောကြောင့် ဘဝတစ်ပါးသို့ ခွဲခွာသွားခဲ့ကြရလေပြီ။

* * *

ကုန်စုံဆိုင်ပိုင်ရှင် အသက်(၄၃)နှစ်ရှိ 'ဂျေမီပဲရစ်' ကမူ မိမိနှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေခြင်းကို လန့်နိုးစေသောအသံကြီးမှာ မည်သို့ပါလိမ့်ကို သိလို၍ အိမ်ရှေ့သို့ထွက်ကြည့်လိုက်ရာ မြစ်ရေ သဖွယ် စီးဆင်းလာသော ရွှံ့နွံတို့၏ သယ်ဆောင်မှုကြောင့် ခြောက်မိုင်ခန့်အကွာအဝေးသို့ မျောပါသွားသည်။ နောက်ဆုံး ကုန်းမြင့်တစ်နေရာတွင် သောင်တင်ကျန်ခဲ့သည်။ ကျောကုန်းတွင် ရှသွားသဖြင့် သွေးတစ်သွင်သွင် စီးလျက်ရှိသည်။ နာရမှန်းမသိတော့ဘဲ အိမ်တွင်ကျန်ရစ်သော ဇနီးနှင့် သားခြောက်ယောက်ကို စိုးရိမ်ပူပန်သဖြင့် ဒုက္ခခံကာ ပြန်လာခဲ့သည်။ အိမ်ရောက်သောအခါတွင် ဆီးကြိုနေသောမြင်ကွင်းမှာ ဂျေမီအတွက် ရင်ကွဲလုမတတ်ပင်။ ယခင်ကအိမ်ရှိခဲ့သောနေရာတွင် ယခု ဗလာနတ္ထိ ဟာလာဟင်းလင်း တလင်းပြင်ကြီးသာ ကျန်ရှိတော့သည်။ သို့သော် မြေပြင်ပေါ်တွင် ထိုးထိုးထောင်ထောင် အရာကလေးများ တိုနှာ:တစ်ခုသည်နားတစ်ခုသတိပြုမိ၍ အနီးကပ်ကြည့်သောအခါ မိသားစုဖြစ်

နေကြောင်းတွေ့လိုက်ရသည်။ 'ဂျေမီ'သည် မြေပြင်ပေါ်ဒူးထောက်ချလိုက်ပြီးငိုကြီးချက်မနှင့် ငိုချလိုက်တော့သည်။

ထိုသို့ငိုနေစဉ် မလှမ်းမကမ်းမှ 'ဖေဖေ'ဟူသောခေါ်သံ ကြားလိုက်ရ၍ လှည့်ကြည့်လိုက်သောအခါ ကိုက် (၅၀) ခန့်အကွာတွင် 'ဂျေမီ'၏ သားငယ်နှစ်ယောက် ရွှံ့များပေကျံလျက် ရပ်နေသည်ကို တွေ့လိုက်ရသည်။ 'ဂျေမီ'တစ်ယောက် အပျော်ကြီးပျော်သွားသည်။ သို့သော် ကြာရှည်တော့မဟုတ်။ သူ၏ကျန်သား ၄ ယောက်မှာ မြေပြို၍ သေဆုံးသွားသည်ကို ခဏအကြာတွင် သိသွားသောကြောင့်တည်း။

'ဂျေမီ' သည် အသက်ရှင်ကျန်သော သားငယ်ကလေးနှစ်ဦးနှင့်အတူ မြောင်းများတူး၍ အသက် (၃) နှစ်မှ (၁၀) နှစ်အတွင်းရှိ ကွယ်လွန်သွားသော သားငယ်လေးယောက်၏အလောင်းကို ငိုရင်းယိုရင်း မြေမြှုပ်သင်္ဂြိုဟ်ခဲ့လေသည်။ သူတို့လေးတွေ ကောင်းရာသုဂတိ လားပါစေဟု ဆုတောင်းရင်း မြေဖို့လိုက်တော့သည်။ 'ဂျေမီ'၏ ဇနီးသည်ကိုမူ အစအန လုံးဝရှာမတွေ့တော့ချေ။

*　　　*　　　*

အသက် (၃၄) နှစ်ရှိ 'ယက်ဆီရှန်ဗွန်' ဆိုသူသည် မြေပြိုခြင်းကြောင့် ဇနီးသည်နှင့် သုံးနှစ်သမီးငယ်ကလေး သေဆုံးရှာခဲ့ရသည်။ သို့သော် ရွှံ့ပေကျံနေသော ခွေးငယ်ကလေးတစ်ကောင်ကြောင့် အခြားကလေးငယ်ကလေးတစ်ဦးအား မရဏမင်း လက်တွင်းမှ ကယ်တင်နိုင်ခဲ့လေသည်။

'ယက်ဆီ'သည် သူ၏ဇနီးသည်နှင့်အတူ ခုတင်ပေါ်တွင် လဲလျောင်းနေစဉ် တိတ်ဆိတ်သောညကို ဖြိုခွဲလိုက်သော ဆူဆူညံညံအသံများကို ကြားလိုက်ရသည်။ မရှေးမနှောင်းမှာပင် သူတို့၏အိမ်ငယ်ကလေးအား မြေလှိုင်းကြီးတစ်ခု ရိုက်ပုတ်လိုက်တော့သည်။

'ကျွန်တော်တို့လဲ သမီးငယ်ကလေးကို ပွေ့ချီပြီး လမ်းပေါ် ထွက်ပြေးသွားတာပဲ။ ဒါပေမယ့် ရွှံ့ရည်တွေက နောက်က ထပ်ချပ်မကွာ လိုက်လာတော့ မကြာခင်ပဲ ကျွန်တော်တို့ မိသားစုဟာ ရွှံ့ထဲ ရင်ဘတ်မြုပ်သည်အထိ ဖြစ်နေတော့တယ်။ ကျွန်တော်လဲ သမီးငယ်ကလေးကို ပခုံးပေါ်တင်လိုက်ပြီး ဇနီးသည်ရဲ့ လက်ကို လှမ်းကိုင်ထားတယ်။ ကံဆိုးချင်တော့ ကျွန်တော့် ကျောကုန်းကို လေးလံတဲ့အရာတစ်ခုရိုက်မိလို့ သမီးငယ်ကလေးဟာ ရွှံ့ရည်ထဲ ဦးစိုက်ပြီး ထိုးကျသွားတယ်။ ကျွန်တော်လဲ ဇနီးသည်ရဲ့ လက်ကိုလွှတ်ပြီး ရွှံ့ထဲ တစ်ဖြည်းဖြည်းမြုပ်သွားနေတဲ့ သမီးငယ်ကို ယောင်ကန်းကန်းနဲ့ မီးရာလှမ်းဆွဲလိုက်တော့ ခြေတစ်ဘက်ကို မမိတမိ ကိုင်မိတယ်။ ဒါပေမယ့် ရွှံ့ရည်ကလဲ သမီးငယ်ကို အားနဲ့စုပ်နေတော့ ကျွန်တော်ကိုင်ထားတဲ့ သမီးငယ်ရဲ့ခြေတစ်ဘက်ဟာ လွှတ်သွားပြီးသမီးကလေးလဲ ရွှံ့ထဲမှာ စုပ်စုပ်မြုပ်ပြီး ပျောက်ကွယ်သွားရှာတော့တယ်'

'ဇနီးသည်ကို လှည့်ကြည့်လိုက်တော့ သူမဟာ ရွှံ့ရည်စီးရာနောက်ကို ဖြည်းဖြည်းချင်းပါသွားပြီး တစ်ခဏအတွင်းမှာပဲ အရှင်လတ်လတ်မြေမြှုပ်ခြင်းခံရသလို ပျောက်ကွယ်သွားတော့တယ်။ကျွန်တော့်မျက်စိရှေ့မှောက်မှာပဲသမီးရော ဇနီးသည်ပါ မရှုမလှသေဆုံးရလို့ လုံးဝ မခံမရပ်နိုင် ဖြစ်ခဲ့ရပါတယ်'ဟူ၍ 'ယက်ဆီ'က သူ၏မိသားစုကံခေပုံကို ငိုယိုရင်းပြောပြသွားလေသည်။ 'ယက်ဆီ' ကမူတောင် ကုန်း မြင့် က လေး တစ်ခုပေါ်ရှိ သစ်သားတန်းပေါ်တွင် သောင်တင်ကာ တစ်ညလုံး ပူဆွေးဝမ်းနည်းယင်း အချိန်ကုန်လွန်ခဲ့သည်။ မိုးလင်းသောအခါ သူဖက်ထားသော သစ်သားတန်းမှာ လက်ဝါးကပ်တိုင်ဖြစ်နေသည်ကို သတိပြုမိတော့သည်။

လေးလေးပင်ပင်နှင့် မိမိကိုယ်မိမိ ဆွဲထူကာ ဖရိုဖရဲလဲနေသော လူသေအလောင်းများပေါ်မှ ဖြတ်ကျော်ရင်း ကောင်းကင်ပေါ်သို့မော့ကာ 'ရက်စက်လှချည်လားဘုရားရေ'ဟု 'ယက်ဆီ' တစ်ယောက် မခံချိမခံသာ ဟစ်အော်လိုက်သည်။

မိမိ၏အောင်သံကြောင့်ပင်လော့မသိ၊ အနားမှ ခွေးဟောင်သံ တစ်ခု ထွက်ပေါ်လာလေသည်။

'ကျွန်တော်လဲ ခွေးဟောင်တဲ့ဘက်ကို လျှောက်သွားတော့ တစ်ကိုယ်လုံး ရွံ့တွေပေကျံနေတဲ့ ခွေးတစ်ကောင်ဟာ ကလေး ပေါက်စ တစ်ယောက်ရဲ့ မျက်နှာပေါ်က ရွံ့တွေကို သန့်စင်အောင် လျက်ပေးနေတာ တွေ့လိုက်ရတယ်။ ကလေး ငယ် ကလေး ဟာ တစ်နှစ်တောင် ပြည့်မယ်မထင်ပါဘူး။ အသက်မှရှိသေးရဲ့လား ဆိုတဲ့ သံသယစိတ်နဲ့ ကျွန်တော် ကလေးငယ်ကို ပွေ့ချီလိုက်တော့ သူကလေး အသံမြန်နဲ့ငိုပါလေရော။ကျွန်တော့် ဘဝမှာ အချိုသာဆုံး အသံလို့ ဆိုချင်ပါတယ်'

'ဇနီးနဲ့သမီး ဆုံးခဲ့ရပေမယ့် အခုလို အသက်တစ်ချောင်းကို ကယ်ခွင့်ရလိုက်လို့ ဝမ်းသာမိပါတယ်' ဟု 'ယက်ဆီ'က ကိုယ့်ကိုယ်ကို အားပေးသွားခဲ့လေသည်။

*　　　*　　　*

မီးတောင်အန္တရာယ်မကျရောက်မီ ရှစ်ရက်ခန့်အလိုက အသက် (၆၂) နှစ်အရွယ်ရှိ အရပ်သက်သည် 'ရိုဆာတောရက်စ်' သည် အိမ်နီးချင်း ကိုယ်ဝန်ဆောင်တစ်ဦးအား သားယောကျ်ားကလေး မွေးဖွားပေးခဲ့သည်။ မြေပြိုခြင်းသည် 'ရိုဆာ' ၏ မိသားစုရော၊ အိမ်နီးချင်းကိုယ်ဝန်ဆောင်၏မိသားစုပါ အရှင်လတ်လတ် ဝါးမျို လိုက်လေသည်။ 'ရိုဆာ'လည်း ထူးလိုထူးငြား ဟိုဟိုသည်သည် ရှာဖွေကြည့်ရာ သူမ မကြာသေးမီက မွေးဖွားပေးခဲ့သော ကလေး ငယ်ကလေးအား မသေမပျောက် ပြန်လည်တွေ့ရှိခဲ့လေသည်။

*　　　*　　　*

လျှပ်စစ်မီးပြင်ဆရာ 'ဂျေမီဘယ်လို' ကမူ ရှုံးရာမှ ပြန်လာနိုင် သော ဖိုးကံထူးတစ်ဦး ဖြစ်လေသည်။ သူသည် 'အာမေရို' မြို့နှင့်

မိုင်ပေါင်း (၃၇၀) ဝေးသော 'ကာစာဂျနာ' မြို့တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦး ဖြစ်လေသည်။

အန္တရာယ်ဆိုးကျရောက်မည့်နေ့က 'ဂျေမီ' သည် သူ၏အနှစ်(၃၀) မြောက် မွေးနေ့ကို မိသားစုနှင့်ကျင်းပရန် 'အာမေရို' မြို့သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ မိသားစုနှင့် ပျော်ပျော်ပါးပါး မွေးနေ့မင်္ဂလာပွဲကို ကျင်းပပြီး နားနားနေနေအိပ်ပျော်စဉ် ရုတ်တရက် အိမ်နံရံကြီး အသံကျယ်ကြီးဖြင့် ပြိုကျကာ 'ဂျေမီ' လည်း ရွှံ့ရည်များ သယ်ဆောင်ရာနောက်သို့ ပါသွားလေသည်။

'ဂျေမီ' က အတွေ့အကြုံကို ဆက်လက်ရှင်းပြသွားရာ...

'ကျွန်တော်ဟာ လယ်ထွန်စက်ကြီးတစ်ခုကို မိမိရရဖမ်းဖက်ထားပြီး တစ်ညလုံး ဒီလိုပဲနေခဲ့တယ်၊ နေမင်းရဲ့အလင်းရောင်ခြည် ပြန်ထွက်လာတော့ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်တော့ စောစောက အိမ်ခြေယာခြေတွေ လုံးဝမတွေ့တော့ဘဲ ရွှံ့မြေတွေ ဖုံးလွှမ်းနေတာကိုပဲ တွေ့ရတော့တယ်။ ကျွန်တော့်ရဲ့မိသားစုဟာ ပျောက်ချက်သား ကောင်းလို့ပေါ့'

'အပူတပြင်း ဟိုရှာသည်ရှာ ကြည့်သော်လည်း မိသားစုကို လုံးဝရှာမတွေ့။ သူတို့တစ်တွေတော့ ကံဆိုးရှာပြီလို့ ယူဆပြီး လက်လျှော့လိုက်တော့တယ်။

'သောကြာနေ့မှာကျတော့ စာနယ်ဇင်းပစ်စောင်က သတင်းထောက် နှစ်ယောက် ရောက်လာပြီး ကျွန်တော်နဲ့အတူ ပျောက်ဆုံးနေတဲ့ မိသားစုရှာပုံတော် ဖွင့်ခဲ့ကြတယ်'

'အတုံးအရုံးလဲနေတဲ့ အလောင်းတွေကြားမှာ တစ်နာရီကြာလောက် လိုက်လံရှာဖွေပေမယ့် အစအနတောင် ရှာမတွေ့ရတော့ မျှော်လင့်ချက်စွန့်ပြီး ကယ်ဆယ်ရေးစခန်းကိုအလှည့်...ဒုက္ခသည် တဲစခန်းတစ်ခုမှာ ကျွန်တော့်ရဲ့မိသားစုကို ရိပ်ကနဲ မြင်လိုက်ရလို့ 'တွေ့ပြီ....တွေ့ပြီ' လို့ ကျွန်တော် အားရဝမ်းသာစွာအော်ပြီး သူတို့ဆီသို့ ပြေးသွားတယ်။ သူကိုဆီးကြိုနေတာကတော့ သူ့ရဲ့ ချစ်လှစွာသောမိသားစု၊ သေကံမရောက်ခဲ့တဲ့ ကံထူးသူတစ်စုသည်

မျက်ရည်များစီးကျလျက် တစ်ဦးကိုတစ်ဦးဖက်ရင်း စကားပြော မထွက်နိုင်လောက်အောင် ဝမ်းသာလုံးဆို့နေကြတော့သည်။

*   *   *

မီးတောင်ပေါက်ကွဲပြီး တစ်ပတ်ကြာတိုင်အောင်ပင် ကယ်ဆယ်ရေးအဖွဲ့များသည် သုသာန်မြေဘဝ ပြောင်းလဲသွားသော 'အာမေရို' မြို့တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းပင်။

'အာမေရို' မြို့ကလေးသည်လည်း ရစရာမရှိလောက်အောင် ပျက်စီးသွားသော်လည်း မြို့သူမြို့သားများ၏စိတ်ဓာတ်ကား မပျက်စီး။ မလျော့သောဇွဲလုံ့လနှင့် ပျက်စီးသွားသော 'အာမေရို' မြို့ကြီးအား စုပေါင်း၍ ပြန်လည်ထူထောင်ရန် စိုင်းပြင်းလိုက်ကြတော့သည်။

မိုးမြင့်မောင်

(**Dec. 1985** ထုတ် **National Enquirer** စာစောင်မှ)





## ပုဒ်မ—၃၀၇
## လူသတ်မှုကိုကျူးလွန်ရန်အားထုတ်ခြင်း

မောင်နီကို အဆိပ်ခတ်၍သတ်ရန် ကြံရွယ်ချက်ဖြင့် မောင်ဖြူသည် အဆိပ်ကိုဝယ်၍ အစာနှင့်ရောနှောပြီးလျှင် မိမိလက်တွင်ထား၏။ ထိုသို့ပြုရုံမျှနှင့် မောင်ဖြူသည် ဤပုဒ်မတွင် ပါဝင်သည့် ပြစ်မှုကို မကျူးလွန်သေး။ ဤအစာကို မောင်နီ၏ထမင်းစားပွဲပေါ်တွင် တင်ထားမှသာလျှင် သို့တည်းမဟုတ် မောင်နီ၏ ထမင်းစားပွဲပေါ်တွင် တင်ထားရန် မောင်နီ၏ အစေခံများကို ပေးအပ်မှသာလျှင် မောင်ဖြူသည် ဤပုဒ်မတွင် ဖော်ပြထားသည့် ပြစ်မှုကို ကျူးလွန်သည်မည်၏။

(ရာဇသတ်ကြီးဥပဒေ)

ချစ်သူကို သတ်မှုဖြင့် ရုံစခန်း
ရောက်ခဲ့ရသော မိန်းမငယ်တစ်ဦး
မှ အစ ထူးထူးဆန်းဆန်း မှုခင်း
တစ်ပုဒ်မှာ ....

မိုးကိုမဟော သေမင်းပြောသည်

# အငြိမ်းစားတရားသူကြီး တစ်ဦး

'သစ်ပင်ပေါ်မှာ ထိုင်နေတဲ့ တောက်တဲ့၊ မိုးလေဝသ ဟောတဲ့ တောက်တဲ့'ဟူ၍ကလေးများသည် မိုးဦးကျ သစ်ပင်ပေါ်မှ တောက်တဲ့ အော်သည်ကို သီချင်းလုပ်၍ဆိုနေကြလေသည်။

ကျွန်ုပ်၏ခြံဝင်းတွင်းမှာလည်း သစ်ပင်ကြီးများ ရှိလေရာ မိုးဦးလေဦးကျ ညများ၌ အဆိုပါ တောက်တဲ့အော်သံကို ကြားရသည်တွင် ကျွန်ုပ်၏ ခေါင်းထဲ၌ လွန်ခဲ့သောနှစ်လေးဆယ်နီးပါး


သန်းဆွေမောင်
ရေး
အငြိမ်းစားတရားသူကြီးတစ်ဦး

ခန့်က ထူးဆန်းကြေသဲ့ ဖွယ်ရာ မှုခင်း ထင်ရှင်တုံ ပြန်လည်၍ သတိရ မိပြီးလျှင် အောက်ပါ အတိုင်း ထွေထူးသဖွယ် သီကုံး၍ ရေးသားတင်ပြလိုက်ရပါတော့သည်။

*

'တ ရား ခံ ခေါ်လာပါပြီ ဆရာ'

ပုလိပ်သား မောင်သိန်းက ဌာနပိုင်ကြီးဦးဘသာအားဆလံပေးရင်းက ပြောလိုက်ခြင်း ဖြစ်၏။

'ဟေး-ဘယ်မှာလဲ'

'သည်မှာပါဆရာ'

ဦးဘသာက မောင်သိန်း ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ရာ ဂါတ်စာရေးကြီး၏ စားပွဲရှေ့မှ ခုံတန်းလျားတွင် ကျုံ့ကျုံ့ ကလေးထိုင်နေသော မိန်းမပျို လေးတစ်ယောက်ကို တွေ့ရလေတော့၏။

မိန်းကလေးကား အသက် အရွယ်အားဖြင့်ဆယ့်ကိုးနှစ်ခန့် ရှိပေမည်။ အသားညိုညို၊ ကိုယ်လုံးကိုယ်ပေါက်ဖွံ့ဖြိုးပြီးလုံးကြီး

ကျွန်ုပ်စစ်ဆေးခဲ့သော

မှုခင်းများ

ပေါက် လှ ဖြစ် ၏။ မျက်ခုံး ကောင်းကောင်း နှာတံ ပေါ် ပေါ်နှင့် မျက်နှာ ပြေပြစ်၍ အကြည့်ခံသည့် ညိုစိမ့်စိမ့် ရုပ်ရည်မျိုးဖြစ်လေသည်။ မျက်လုံးများမှာ ပြူးကျယ် ဝိုင်းစက်၍ လှပသော်လည်း ယခုဂါတ်တဲသို့ လာစဉ် ငိုယိုထားသဖြင့် မျက်ကြောမှာ နီလျက် မျက်ခွံကြီးများပို၍မို့နေလေသည်။

တရားခံ သူငယ်မကလေးကို ကြည့်၍ဌာနာပိုင် ဦးဘသာမှာ များစွာ စိတ်မကောင်းဖြစ်ရလေသည်။ကောင်မလေး၏ မျက်နှာပြင်ပေါ်မှာ ရိုးသားမှု အရိပ်အရောင်တို့ မြင်ရ၏။ သို့သော် ရိုးသားတိုင်းလည်း အမှု မဖြစ်ဟူ၍ မပြောနိုင်ပေ။

ခဏမှာပင်သျှောင်တစောင်းနှင့် အသက် ငါးဆယ်ကျော်လူကြီး တစ် ယောက် နှင့် အ တူ အသက်ရွယ်တူအဒေါ်ကြီး တစ်ယောက်တို့ဝင်လာကြလေသည်။ အဒေါ်ကြီးမှာ ငိုယိုထားပြီးပုံရလေသည်။

။အခုံ ဘာတဲ့လဲသမီး’ ဟု အဒေါ်ကြီးက ကောင်မလေး အနားသို့ ကပ်၍မေး၏။

‘မသိသေးဘူးအမေ၊ ဌာနာပိုင်ကြီး မေးကြည့်ပါလား’

‘အမေ မမေးရဲဘူး သမီးရှယ်’ဟု ပြောကာ ဌာနာပိုင်ကြီး၏ရုံးခန်းတွင်းသို့ကွက်ကြည့်ကွက်ကြည့် လုပ်နေလေတော့၏။ ဌာ နာ ပိုင် ကြီး ကား တစ်ခြားအလုပ်များ ရှုပ်နေသဖြင့် သူတို့ကိစ္စကိုမကြည့်နိုင်အားသေးပေ။

ပု လိပ် သား တစ်ယောက် ဝင်လာပြန်၏။

‘ဆေးရုံကဘာတဲ့လဲ’

‘သည် နေ့ အလောင်းကို ခွဲစိပ်ကြည့်မယ်လို့ ဆရာဝန်ကြီးက ပြောပါတယ်၊ ညနေပိုင်းလောက်ကျရင် ဌာနာပိုင်မင်းလဲ ကြွခဲ့ပါတဲ့ခင်ဗျား’

‘အေးကွာ– ည နေ တော့ ဆေးရုံ သွားကြတာပေါ့’ ဟု ပြောကာဌာနပိုင်ကြီးမှာရုံးခန်းတွင်းမှလုပ်လက်စအလုပ်များကို လက်စသတ်လိုက်၍ အပြင်ဘက်သို့ထွက်လာပြီးလျှင် ဂါတ်စာရေးကြီး၏ စားပွဲဘေးမှ စားပွဲမှာထိုင်လေသည်။

‘ကဲ–ကလေးမနာမည်ဘယ်လိုခေါ်လဲ’ဟု ဌာနာပိုင်ကြီးက မေး၏။

'မခင်စိန်ပါရှင်'
'အသက်က'
'ဆယ့်ကိုးနှစ်ပါ'
'အဘအမည်'
'ဦးကျော်စိန်'
'အမိအမည်က'
'ဒေါ်ခိုင်ပါ'
'ဖြစ်ပုံပြောပြပါဦး'
'ကျွန်မ မသတ်ရပါဘူးရှင်၊ ကျွန်မရည်းစား ကိုကျော်ရှိန်ကို ကျွန်မသိပ်ချစ်ပါတယ်၊ ကျွန်မ မသတ်ရပါဘူး ဆရာကြီးရယ်' ဟုပြော၍ငိုတော့၏။ သည်တွင် ဌာနာပိုင်ကြီးက ချော့မော့၍ ပြောရလေသည်။

'အဲသည်ဟာလဲ တို့သိပါတယ်ကွယ်၊ မင်းရည်းစား ဘယ်လိုသေတယ်ဆိုတာသာ ပြောပြပါ' ဟု ပြောလိုက်တော့မှ မခင်စိန်ကလေးမှာ မျက်ရည်သုတ်ပြီးဆက်၍ပြောပြသည်မှာ–

*

မုံရွာဒိစတြိတ်ယင်းမာပင် စီရင်စု (ယခုခေတ် စစ်ကိုင်းတိုင်း၊ယင်းမာပင်မြို့နယ်) တွင် မော်တော်ကားလမ်း ပေါ်၌ 'လက်တောင်း' ဟူသည့် ကျေးရွာကြီး တည်ရှိလေသည်။ ထိုနယ်မှာရှေးခေတ်အင်္ဂလိပ်ခေတ် အခါက မုံရွာကို အောက်ချင်းတွင်းခရိုင်ဟု သတ်မှတ်ထားပြီး ဆန်စပါး သိပ်မထွက်ဘဲ ရေတ်နှင့် ကိုင်းသီးနှံသာထွက်၍ ရေလည်းရှားပါးလေသည်။ (ယခုတော့၊ လည်ေါက်ရွာမှ အလိုအလျောက်ရေထွက်နေပြီ ဖြစ်၍ ဂျုံ စိုက်ပျိုးရေး အလွန်ဖြစ်ထွန်းလျက်ရှိလေပြီ။)

တောင်သူလယ်သမားတို့မှာ ရွာအလုပ်ထက် ပြင်ပမှာ အလုပ်ပို၍လုပ်ကြရ၏။စိုက်ခင်းများမှရသည့် သစ်သီးဝလံများကို မုံရွာမြို့သို့ တင်ပို့ရောင်းချကြလေသည်။

ဦးကျော်ဇ၊ ဒေါ်ခိုင် တို့မှာ ရိုးသားကြသော ဘောင်သူလယ်သမားများ ဖြစ်ကြ၍ မခင်စိန်မှာ တစ်ဦးတည်းသော သမီးလေး ဖြစ်လေသည်။ အိမ်မှာ ဦးကျော်ဇနှင့် 'တပည့် ဆွေမျိုးထဲမှ ဝင်ထွက်နေသော မောင်ကျော်ရှိန် ဆိုသူ၊ လူရွယ်တစ်ယောက်ရှိ၏။ မောင်ကျော်ရှိန်မှာ အသက် အစိတ် ခန့်ရှိပြီး

ယောကျ်ား ပီသကာ ခွန်အား ဗလ တောင့်တင်းသည်။ ပညာအားဖြင့်တော့ ရေးတတ် ဖတ်တတ်ရုံ။ ရှေး ကာလ တောရွာ၌ သေစာ ရှင်စာ ဖတ်တတ်ရုံမျှသာ ရှိလေသည်။ သို့ သော် ယာ အလုပ်ကို ကြိုးစား လုပ်ခြင်း၊ အားလပ်သည့် ရာသီတွင် သစ်တောတက်၍ သစ်ခုတ်ခြင်း စသည်တို့ဖြင့် ဝမ်းစာ အတွက် တစ်ကိုယ်ရေ တစ်ကာယမို့ မပူရသည့်အပြင် ငွေပိုငွေလျှံ ကလေးများလည်း အနည်းငယ် စုမိ ဆောင်းမိ ရှိလေသည်။

မောင်ကျော်ရှိန်မှာ မိဘမရှိတော့ပြီ ဖြစ်၍ ဇာတိမှာ ပခုက္ကူရေစကြိုဘက်မှ ဖြစ်ပြီး ယခု လက်တောင်း ရွာတွင် ရှိသည်။ ဦးလေးတော်သူ၏ ထံတွင် လာရောက် နေထိုင်ကာ တစ် ဝမ်းတစ်ခါး ရှာစားနေသူ ဖြစ် လေသည်။ ဦးလေး ဖြစ်သူမှာလည်း သားမယား မရှိဘဲ မုဆိုးဖိုတစ်ကိုယ်တည်း ဖြစ်သောကြောင့်ပင် တူဝရီး နှစ်ယောက်မှာအတူရှာ အတူစား၍ ထိုက်ထိုက်တန်တန် စည်းစည်းရုံးရုံးနှင့် အေး အေး လူလူ နေနိုင်ကြခြင်းပင် ဖြစ်၏။

မောင်ကျော်ရှိန်မှာဦးကျော်ဇ၏ ယာကိုလည်း ကူ၍ လုပ်ပေးရ၏။ဦးကျော်ဇက လေဖြတ်ထားပြီးကတည်းက ကောင်းစွာ အလုပ် မလုပ်နိုင်ချေ။ထို့ ကြောင့် ကူလုပ်ပေးပြီး ယာလုပ်ခသီးသန့် ရလေသည်။ ဒေါ်ခိုင် ကတော့ အိမ်မှုကိစ္စကို လုပ်ရပြီး သမီး မခင်စိန်လည်း ဖခင် ကိုယ်စား ယာဆင်း၍ မောင်ကျော်ရှိန်နှင့် အတူ အလုပ်သုပ်ရင်း နီးစပ်ဖန်များလေတော့ လူငယ်လူရွယ်တို့ ဘာသာဘာဝ တစ်ဦးနှင့် တစ်ဦး မေတ္တာ သက်ဝင် ကာ ချစ်ကြိုက်မိကြလေတော့သည်။

မောင်ကျော်ရှိန်၏ အရည်အချင်းကိုလည်း သိပြီးဖြစ်သည့်အပြင် လောလောဆယ် မိမိ၏ ယာကိုလည်း ကူညီ၍ လက် ခစားဖြင့် လုပ်ကိုင်ပေးနေသော လူငယ် တစ်ယောက်လည်း ဖြစ်ကာ တပည့် ဆွေရိပ်မကင်းလေသောကြောင့် ဦးကျော်ဇ ဒေါ်ခိုင် တို့မှာ သမီး မခင်စိန်နှင့် မောင်ကျော်ရှိန်ကို သဘောတူကာ ကြည်ဖြူခွင့်လွှတ် ထားကြလေတော့သည်။ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် မောင်

ကျော်ရှိန်လိုလူရလျှင် သူတို့အဖို့ ရှာ၍လည်း တစ်သက်သုံး အား ကိုးရမည့် လူပင်မဟုတ်ပါလေ လော။

မောင်ကျော်ရှိန် မှာ အ သောက်အစား အပျော် အပါး လည်း ကင်းကာ၊ ရသမျှ ကျစ် လျစ်စွာ စုဆောင်းပြီး တစ်ချို့ ကို မခင်စိန်အား ပေး၍ပင် ထား ၏။ ယခု ဝါကျွတ်၍ သီတင်း ကျွတ်တွင် လူကြီးစုံရာနှင့် လက် ထပ်ယူကြရန်လည်း ကတိကဝတ် ပြုထားပြီး ဖြစ်ခဲလသည်။

မောင်ကျော်ရှိန်ကား အလွန် စည်းကမ်းရှိသူ ဖြစ်၏။ မိမိနှင့် ဤမျှ ရင်းနှီးခင်ဘွယ်ကာ သမီး ရည်းစားပင် ဖြစ်နေလင့်ကစား၊ ချစ်သူ မခင်စိန်တို့အိမ်တွင် မည် သည့် အခါမျှ ထမင်းဝင်၍ စား သောက်လေ့ မရှိချေ။ သမီး ရည်းစား ချစ်သူများပင် ဖြစ် လင့် ကစား၊ ကလေးကလား စကား ပြောဆိုခြင်း၊ နှစ်ကိုယ် တည်း ခိုး၍တွေ့ခြင်း စသည့် အပြုအမူ မျိုးလည်း မရှိသည့် အပြင် အလွန်တရာမှ အရှက် အ ကြောက် ကြီးသူ တစ် ယောက် လည်း ဖြစ်လေသည်။

နေ့ကုန်၍ မိုးဦးကျ ရာသီသို့ ရောက်ခဲ့ပြီ ဖြစ်ရကား ကဆုန်၊ နယုန် မိုးသားစုံသည့်နှင့်ပင် ယာ တွင် ထွန်ရေးငင်ရန် ဟန်ပြင်ကြ လေပြီ၊ ထိုအချိန်တွင် မခင်စိန် တို့ မိသားစုတွင် ပြဿနာ က လေး တစ်ရပ် ပေါ်၍ လာလေ သည်။

အကြောင်းမူ မုံရွာ ခရိုင် တစ်ခုလုံးတွင် ထိုနှစ်က မြေနှင့် မြေတိုင်း ဌာနမှ မြေပုံများ အ သင့်ရေးဆွဲကာ လည်ငေါက်၊ လက်ထောင်း၊ အလည်ဆုံစသည့် ကျေးရွာ များနှင့် ယင်းမာပင် စီရင်စု တစ်လျှောက် လုံး၌ မြေ တိုင်း ကွင်းဆင်းကြရာတွင် ဒေါ် ခိုင်၏ ဘက်မှ သွေးသားမကင်း သော လူငယ် တစ်ယောက် ပါ လာခဲ့၏။

ထိုသူငယ်ကား မခင်စိန်၏ အမေ ဒေါ်ခိုင်တို့ ဘက်မှ ဇာ တိသား ဖြစ်ပြီး၊ ကြေးတိုင်မြေ တိုင်း အလုပ်သင်စာရေးကလေး ဖြစ်လေသည်။ အသား ဖြူဖြူ ရုပ်ရည်သန့်၍ မြို့သားဆန်ဆန် နေသူ ဖြစ်လေသည်။ ဤရွာတွင် အခြေချပြီး အနီးနား ဝန်းကျင် မှ မြေများ တိုင်းထွာ ကြရာ၌

ထို မြေတိုင်း စားရေး လူငယ် မောင်လှအေးမှာ မခင်စိန်တို့ အိမ်တွင်ပင် အိပ်ကာ စားကာ နှင့် နေလေသည်။

သည်အခါတွင် ရွာထဲ၌ဒေါ်ခိုင်က သူ့အမျိုး နီးစပ်ဖြစ်သူ မြေဘိုင်းစာရေးကလေး မောင်လှအေးအား သမီးနှင့် အပိုင်ဖမ်းသည်ဟု စကားသံထွက်လာ၏။ မောင်လှအေးနှင့် မခင်စိန် ရလျှင် မြို့သို့ ပါသွားကာ မြို့နေ မြို့စား နေရမည်၊ မြို့သူ ဖြစ်သွားမည် စသည် ဖြင့်လည်း မြှောက်ပေးကြလေသည်။

မောင်ကျော်ရှိန်ကား ယင်းအတွက် ရတက်မအေး နိုင်ရှာချေ။ ထို့ကြောင့် တစ်နေ့ယာထဲတွင် နှစ်ယောက်အတူ အလုပ်လုပ်နေရင်းက ဤသို့ ဖြောင့်ဖွင့်၍ပင် မေးမိလေတော့သည်။

'ခင်စိန်ရယ်၊ ငါမှာတော့ နေ့ရှိသမျှ အလုပ်ကိုကျုံးရုန်းပြီး လုပ်လို့ မင်္ဂလာ ဆောင်ဖို့ အတွက် စုရဲ ဆောင်းရ ပါတယ်။ ဒါပေမယ့် အချိန် တန်တော့ နင်က တို့ မြို့သားဘက်ကို ပါသွားမယ် ဆိုရင် ငါတော့ ရင်ကျိုးရချည်ရဲ့'

'အို အစ်ကိုကျော်ရှိန်ကလဲ၊ ကျွန်မ အစ်ကိုကလွဲယင်အားလုံး ယောကျ်ားမှန်သမျှ ဖွဲ့နဲ့ဆန်ကွဲကြီးပါပဲတော်၊ တို့မြို့သားက အမေရဲ့ ရပ်ဆွေရပ်မျိုးမို့သာ မလွှဲသာတဲ့ ဆက်ဆံပြောဆိုနေရတာပါ'

'အေးလေ၊ မင်း ရဲ့ အမေကြောင့် စိတ် မချ နိုင်တာပါပဲကွာ၊ ခုတလော မင်းရဲ့အမေ ဒေါ်ခိုင်ဟာ မြို့သားကိုလှအေးကို သိပ်အလေးပေးတာ တွေ့ရတယ်ကွယ်၊ ဒါကြောင့် စိတ်မချလို့ ပြောရတာပါ'

'အမေက ဘာ ပဲ လုပ်လုပ် ကျွန်မကသာ အဓိကပါ အစ်ကိုရယ်၊ ကျွန်မသဘောပါ'

'အင်းလေ၊နောင်တော့သာ လူတင်ပါလို့နွားကျားကိုက်တာမျိုးမဖြစ်ပါစေနဲ့ကွယ်' ဟုမောင်ကျော်ရှိန်က စိုးရိမ်စွာ ပြောမိခြင်း ဖြစ်လေသည်။

သည်မှစ၍ နောက်ပိုင်းရက်များတွင် မခင်စိန်သည် အမေဖြစ်သူ ဒေါ်ခိုင်ကဦးဆောင်၍ မောင်လှအေး မြို့ပြန်သည့်အခါ အတူ လိုက် သွား ခြင်း၊ မုံရွာ သံဗုဒ္ဓေဘုရားဖူးသွားခြင်း၊ ဖိုး

ဝန်းတောင်သို့ ဘုရားဖူးသွား ကြခြင်း စသည်ဖြင့် တစ်ပတ်ခန့် ကြာသွားခဲ့၏။

ဤအတောအတွင်း ဝယ် မောင်ကျော်ရှိန်ကား နေမထိ ထိုင်မသာနှင့် မျောက်မီးခဲကိုင်မိ သလို ဖြစ်ရရှာလေတော့သည်။ သို့ဖြင့်ပင် မခင်စိန်တို့ ပြန်လာ ကြတော့လည်း မခင်စိန်က နေ မကောင်းဟုဆိုကာ ယာထဲသို့ ပင်မဆင်းချေ။ မောင်ကျော်ရှိန် မှာ ချစ်သူနှင့် လွတ်လွတ်လပ် လပ် ခါတိုင်းလိုမနေရဘဲ အိမ် မှာသာ ကလေးနှင့် တွေ့ရသဖြင့် ယာအလုပ်ပြီးသည့်တွင်နံနက်စာ စားချိန်မှာ မခင်စိန်တို့အိမ်သို့ လာခဲ့မိလေတော့သည်။

မောင်ကျော်ရှိန် ရောက်လာ ချိန်တွင် မခင် စိန် တို့ အိမ် တွင် အဖေနှင့်အမေတို့မှာအပြင်သွား နေကြချိန်ဖြစ်၍ အိမ်မှာ မခင်စိန် တစ်ယောက်တည်း တွေ့ရလေ သည်။

'ဟော အစ်ကို၊ ယာထဲက လာတာလား' ဟု မေးရာ-

'ဟုတ်တယ်၊ မင်းက ယာထဲ ကို မလာတော့လဲ ကိုယ်က လာ ရတာပေါ့ ခင်စိန်ရယ်'

'ကျွန်မ မအားလို့ပါ ကိုကျော်ရှိန်ရယ်၊ ညနေ ကျ ယင် ယာထဲကို လာမယ်လို့ပဲ၊ ပြီး တော့ ရှင့်အတွက် မုံရွာကဝယ် လာတဲ့ ရှပ်အင်္ကျီလဲ လက် ဆောင် ပေးမယ်လို့ပါ'

'တော်ပါပြီ ခင် စိန် ရယ်၊ နင်က မြို့သားနဲ့ မုံရွာမှာ ပျော်လို့ ဝကာမှ ငါ့အတွက် သံ ပရာတစ်ခြမ်းနဲ့ကြေအောင်လက် ဆောင် လာဘ်ထိုးမယ်လို့ပေါ့ လေ'

'ဒီလိုမထင်ပါနဲ့ရှင်၊ ကျွန်မ ရှင်းပြလို့မှ မကျေနပ်ယင်တော့ ရှင့်သဘောပဲ'ဟု မခင်စိန်က ခပ်ပြတ်ပြတ် ပြောလေ၏။

မောင်ကျော်ရှိန်မှာ ချစ်သူက တစ်ခါဖူးမျှ ခပ်မာမာ၊ ခပ်ဆတ် ဆတ် ပြောဆိုခြင်းကို မခံရဖူး သဖြင့် များစွာ စိတ်မကောင်း ဖြစ်မိတော့သည်။

'ကဲ ထမင်းစားပြီးပြီလား ဟင်'ဟု မခင်စိန်ကမေးလိုက်၏။

'ဘယ်စားရဦးမလဲ၊ ဒီက ပြန်မှ စားရမှာ'

'ဒါဖြင့် ဒီမှာစားသွားပေ တော့'

'မဟုတ်တာ၊ဦးလေးအိမ်မှာလဲ ချက်ပြီးသားပဲ'

'ဒီမနက်စာ အဖေနဲ့အမေတို့ မစားကြဘူးလေ၊ သူတို့လဲ ရွာက အလှူမှာ စားမှာ'

'ဟော....ဒါဖြင့်လဲ စားတာပေါ့'ဟု ပြောကာ မောင်ကျော်ရှိန် အင်္ကျီချွတ်လေသည်။

'အိုက် စပ်စပ် နေလိုက်တာ' ဟု ပြော၍ ယပ် တောင် တစ်ချောင်းယူ၍ခတ်၏။ အပြင်ဘက်တွင် မိုးသားတိမ်လိပ်များ တက်လာလေသည်။ အညာမိုးကား ရွာမည့်ပုံမပေါ်ချေ။ နယုန်မိုးသေး မြက်သဒ်းမွေး ပြီးသော်လည်း ယခုတိုင် ဟုတ်တိပတ်တိ ရွာခဲ့ခြင်းမရှိချေ။

'ဒီနှစ် မိုးခေါင်ယင်တော့ ဒုက္ခပဲ'ဟု မောင်ကျော်ရှိန်က ပြော၏။

'အမယ်လေးတော်၊ ကျုပ်တို့ အညာက တစ်သက်လုံး မိုးခေါင်နေတာ အဆန်းမှတ်လို့၊ ကဲထမင်းပြင်ပြီးပြီစားကြစို့'ဟု မခင်စိန်က ခေါ်သဖြင့် မောင်ကျော်ရှိန်လက်ဆေးပြီး စားပွဲလေးမှာ ဝင်ထိုင်လိုက်၏။

တစ်အိမ်လုံးမှာ သူတို့ နှစ်ယောက်တည်း ရှိလေရာ ထမင်းဝိုင်းမှာ မျက်နှာချင်းဆိုင် ထိုင်စားရခြင်းကား အရသာရှိလှပါဘိ။ မောင်ကျော် ရှိန် မှာ မခင်စိန်နှင့် သမီးရည်းစားထိသုံးနှစ်သုံးမိုး ကျော်ခဲ့သည့်တိုင် မခင်စိန်တို့အိမ်သို့ ဝင်ထွက်၍သာ နေသော်လည်း မည်သည့်အခါမျှ ထမင်းကျွေးလျှင် စားလေ့စားထ မရှိချေ။ အလွန်အားနာတတ်သူ ဖြစ်လေသည်။

ထို့ ကြောင့် ယ ခု အ ခါ ရှော ရှော ရှူ ရှူ နှင့် ထမင်းဝင်စားသဖြင့်မခင်စိန်မှာ တပြုံးပြုံး ဖြစ်နေလေတော့သည်။

'ဘာဟင်းချက်သလဲဟင်'ဟု ထမင်းစားပွဲမှာထိုင်၍ မောင်ကျော်ရှိန်က မေးလေသည်။

'ငါးခြေမဟင်း ဆီရေကျန်၊ ငါးပိရည်တို့စရာစုံနဲ့ ပဲဟင်းချို'

'မိုးဦးကျမှာဆိုယင် ဘူးညွန့်တို့၊ လယ်ပထူးတို့စရာတွေ ပေါ်မှာကွာ'ဟု ပြောကာ မောင်ကျော်ရှိန်က ထမင်းပန်းကန်ထဲသို့ ငါးပိရည် ဆမ်း သည် တွင် မခင်စိန်က ငါးခြေမတစ်ကောင် ခပ်ထည့်ပေး၏။

'စားနေဝ်၊ ဟင်းလက်ရာ တော့ ကောင်းမှာမဟုတ်ဘူး၊ ချွန်မကာ ဝတ်သရွေ့ မှတ်သရွေ့ ချက်ထားတာ'

'အမယ်လေးကွာ၊ ရည်းစား ချက်နှာလဲ ဟင်းတစ်ခွက်လို့ ဆို စကားတောင် ရှိသေး....ဟဲဟဲ'

'ဟင်နေဝ်၊ လူကြီးကိုက' ဟု ပြောကာ သူ မီး ရည်း စား တို့ သဘောဝ ချွေးမြူးနေကြ၍ စား သောက်ရသည်မှာ ပျော်စရာ ဖြစ်တော့၏။ သို့သော် မကြာမီ ကံကြမ္မာဆိုးကြီးတစ်ခုနှင့် ရင် ဆိုင် ကြ ရတော့မည်ကိုမူ သူတို့ နှစ်ဦးစလုံး သ တိ မမြူ မိ ကြပေါ့ချေ။

ထိုခဏမှာ မိုးကာ ခြိမ်းကာနဲ့ ထစ်ချုန်းရွာလိုက်ပြီးလျှင် ဆိုင်း မဆင့် တုံမဆင့်ဘဲနှင့် ဝေ ကာနဲ့ မိုးပြေးတစ်ချက် ရွာချလိုက်လေ ရာ ခေါင်မိုးပေါ်မှအမိုးကိုမျှား နှင့် ထုပ်ခိုးစင်ပေါ်မှ အမိုးက် များက ကြမ်းပြင်ပေါ်သို့ ကျ ၍ ထမင်း စားပွဲ သို့ လည်း ကျ လာ ကြ တော့ ၏။ ထမင်းစားပွဲသို့လည်း ကျလေရာ မခင်စိန်မှာ ကပျာကယာ သူ၏ ထမင်းပန်းကန်ကိုဆွဲယူပြီး မီးဖို ထဲသို့ ထပြေးလေသည်။ မောင် ကျော်ရှိန်က ပြတင်းပေါက် တံခါးကိုထ၍ပိတ်ပြီး အိမ်ရှေ့ မှာ လှန်းထားခဲ့သော သူ၏ ခေါင်းတွင် ပေါင်းလာသည့် တဘက် မျက်နှာ သုတ် ပဝါကို သွားရုပ်လေသည်။

မိုးက ချက်ချင်း ပြန်၍ တိတ် သွားသည်တွင်မခင်စိန်ကားမီးဖို ထဲတွင်ပင် စားလက်စ အပြီး သတ် လိုက် လေ သည်။ မောင် ကျော်ရှိန်မှာမူ စော စော က စားနေကြသော စားပွဲမှာပင် ပြန်၍ ထိုင်ကာ သူ့ ပန်းကန်ထဲမှ ထမင်းကို ဆက်၍စားလေသည်။

ထမင်းစားပြီး၍ရေဝအောင် သောက်ပြီးလျှင် မောင်ကျော် ရှိန်မှာ အိမ်ရှေ့ကပြင်၌ထိုင်ကာ ရေနွေးကြမ်း တစ်ခွက်ငှဲ့ထားပြီး နောက် ဆေးပေါ့လိပ်ကိုမီးညှိ၍ တစ်ဖွာနှစ်ဖွာမျှ ဖွာလိုက်စဉ်တွင် ဝေါကနဲ ထိုး၍အန်တော့၏။

'အစ်ကို ဘာဖြစ်တာလဲ' ဟု မခင်စိန်က မီးဖိုထဲတွင် ပန်းကန် များ ဆေးကြောနေရာက လှမ်း ၍ မေး၏။

'ရင် ထဲ က ပူပြီး မူး လာ တယ်၊ အဲ့....အင်း' ဟုဆို၏။

မောင်ကျော်ရှိန်မှာဖျာပေါ်တွင် ပက်လန်ကာ ပါးစပ်မှ အမြှုပ်များ တစီစီ ထွက်၍လာလေတော့သည်။ မခင်စိန်လည်း ရှတ်တ ရက် မြင် လိုက် ရ သည့် အဖြစ်ကြောင့် ပထမသော် အံ့အားသင့်နေပြီးမှ ပြေး၍ ပွေ့လိုက်ပြီး–

'အစ်ကို အစ်ကို၊ ဘာဖြစ်တ◌ာလဲ ဟင်' ဟု ပျာပျာသလဲမေး၏။

'ရင်ထဲက ပူလိုက်တာကွယ်၊ မျက်စိတွေလဲ ပြာတယ်'

'အစ်ကို၊ ယာထဲမှာ ဘာများ မတည့်တာစားခဲ့မိလဲ'

'မနက်က စား တော် ပဲနဲ့ ထမင်းကြမ်းပဲ စားခဲ့တာ၊ ကျွတ် ကျွတ်' ဟု ညည်းတွားပြီးလျှင် မောင်ကျော်ရှိန်မှာ ငြိမ်သက်၍ ချွေးစေးများ တစ်ကိုယ်လုံး ပြန်လာလေတော့သည်။

မခင်စိန်မှာ ဖြုန်းခနဲ သတိရကာ အိမ်ဘေးမှ လူများကို အော်၍ခေါ်သဖြင့် အိမ်နီးနားချင်းများရောက်ကြလေရာ ကြည့်ရှုကြပြီးလျှင် ရွာထဲက မြန်မာဆေးဆရာ ဦး သူ တော် အား သွားပင့်ကြရန် အကြံပေးသဖြင့် လူငယ်တစ်ယောက်က သွား၍ပင့်လေရာ ဆေးဆရာဦးသူတော်လည်း ရောက်လာတော့၏။

'အဆိပ်မိတာပဲ၊ ပထဝီခေါင်ဆုတ်နေပြီ၊ ဖြေဆေးတိုက်လို့မရတော့ဘူး၊ မြို့ဆေးရုံကို မြန်မြန်ပို့ကြပေတော့' ဟု ပြောသဖြင့် မခင်စိန်မှာ အဖေအမေ အိမ်မှာ မရှိခိုက် တစ်ယောက်တည်း ဗျာများရတော့သည်။ အိမ်ဘေးမှ လူများ၏ အကူအညီဖြင့် လှည်းတစ်စီးဆင်၍ဆေးရုံပို့ရန် လှည်းပေါ်သို့ ပိုင်းပွေ့ တင်ကြစဉ်မှာပင် မောင်ကျော်ရှိန်မှာ အသက်ထွက်သွားရှာလေတော့၏။

သူကြီးထံသွား၍ ပြောကြားလေရာ သူ ကြီး ကိုယ် တိုင် ပင် အလောင်းကိုယင်းမာပင်ဂါတ်တဲသို့ပို့ လေရာယင်းမာပင်ဂါတ်မှာ ထိုစဉ်က ကင်းဂါတ်အဆင့်သာ ရှိသဖြင့် မုံရွာမြို့သို့ တစ်ဆင့် ပို့ကြရလေတော့၏။ ထို့နောက် မုံရွာဆေးရုံကြီးသို့ ပို့ကာ မခင်စိန်အား ဖမ်းဆီးခဲ့ရခြင်း ဖြစ်လေတော့သည်။

## (၂)

မခင်စိန်ကို လောလောဆယ် အာမခံမပေးဘဲ ယမန်ကြီး တစ်ပတ် ချုပ်ထားစေ၏။ တရားခံလက်သည်ကားမပေါ်သေးချေ။ အလောင်းမှ အစာအိမ်ကို ယူ၍ ရန်ကုန်မြို့ရှိ ဓာတုဗေဒဆရာဝန်ထံသို့ စစ်ဆေးခံရန်ပေးပို့ ထားခဲ့ရာမှတ်ချက်နှင့် အကြောင်းပြန်ကြားစာက မလာသေးချေ။

ရွာထဲ၌မူ မခင်စိန်၏သတင်းကိုပင်ပြောဆိုနေကြလေ၏။မခင်စိန်က မြို့သားမောင်လှအေးကို သဘောကျသဖြင့် ငယ်ရည်းစားကျော်ရှိန်အား ထမင်း ထဲမှာ အဆိပ်ခတ်၍ သတ်လိုက်သည်ဟုပင် ဝိုင်း၍ စွပ်စွဲကြတော့သည်။

ဌာနာပိုင်ကြီး ဦးဘသာမှာလည်း မည်သို့မျှ စုံစမ်း ထောက်လှမ်း၍ မရချေ။ မခင်စိန်၏ပကတိ ရိုးသားသည့် အသွင်နှင့် မောင်ကျော်ရှိန်အား ချစ်ခင်စုံမက်ပုံကအစ အရာရာ စုံစမ်းသိရှိရပြန်ရာ သက်သေခံ မရှိဘဲနှင့်လည်း မခင်စိန်အားထပ်၍စွဲချက်တင်ရန် မဖြစ်နိုင်သေးချေ။ ထို့ကြောင့် အရာရာ အခက်ကြုံနေ၏။ မခင်စိန်အိမ်တွင်းရှိ ပုလင်းများ၊ဘူးများကို လှန်မှောက်ပြီး ရှာဖွေပါသော်လည်း အဆိပ်ဟူ၍ တစ်မြူမျှပင် မတွေ့ပေ။

(ရှေးခေတ်ကကျေးရွာများ၌ အဆိပ်အနေဖြင့် ပရဆေးဆိုင်မှ စိန်မှုန့်ဝယ်ပြီးသံပရာနှင့်သောက်၍ သေကြောင်းကြားကြလေသည်။ စကားချပ်။) မခင်စိန်၏အိမ်တွင်လည်း အဆိပ်ပါစိန်မှုန့်ကိုမတွေ့ရသဖြင့် စဉ်းစား ရခက်နေတော့၏။ရက်ပေါင်း နှစ်ဆယ်နီးပါး အကြာတွင် ရန်ကုန်မြို့ရှိ ဓာတုဗေဒဆရာဝန်ထံမှ မှတ်ချက်နှင့် စာပြန်လာလေသည်။ စာတွင် 'သေသူမောင်ကျော်ရှိန်၏အစာအိမ်တွင်း၌ အစာနှင့် ရောနေသော တောက်တဲ့ချေး တွေ့ရသည်။ ယင်း တောက်တဲ့ချေး၏ ပြင်းထန်သော အဆိပ်ကြောင့် ရုတ်တရက် သေဆုံးရခြင်း ဖြစ်သည်' ဟူ၍မှတ်ချက်ပြုထားလေသည်။

ဤသို့ဆိုလျှင် ဦးဘသာအဖို့ စဉ်းစားစရာကား မောင်ကျော်ရှိန်၏ ထမင်းဟင်းထဲတွင် မခင်စိန်က တောက်တဲ့ချေးထည့်ထားပြီးအဆိပ်ခတ်၍ မောင်ကျော်ရှိန်

သေရသည့်ဆိုပါစို့။ ထမင်းစားကြသည်မှာ မောင်ကျော်ရှိန် တစ်ယောက်တည်း မဟုတ်ဘဲ သူနှင့်အတူ နှစ်ယောက် စားကြသည်ဟု ထွက်ဆိုထားချက် ရှိနေသည်။ သို့ဖြစ်လျှင် မည်သည့်ဟင်းထဲမှာ တောက်တဲ့ချေးခတ်သနည်း။ အကယ်၍ မတော်တဆ တောက်တဲ့ချေးကကျသည်ပဲထားစေဦးတော့။ ဟင်းပန်းကန်တွင်းသို့ ကျလျှင် စားသူ နှစ်ယောက်စလုံးပင် အဆိပ်ဖြစ်၍ သေကြရမည်။ တစ်ယောက်သေပြီး ကျန်မခင်စိန်မသေသည့်တိုင် ဝေဒနာတော့ ခံရပေလိမ့်မည်။ ယခုတော့ မခင်စိန်မှာမူ ဘာမှ မဖြစ်ဘဲ မောင်ကျော်ရှိန် ကျမှ သေရသည့်အဖြစ်ကား ဦးဘသာအဖို့ အတွေးနက်စရာအကြောင်းဖြစ်လာရတော့၏။

ထို့ကြောင့် ဦးဘသာသည် ရာဇဝတ်မှုခင်းများတွင် လုပ်ရိုးလုပ်ခွင့်ထုံးစံရှိသည့်အတိုင်း မှုခင်းဖြစ်ပွားရာ နေရာသို့ ကွင်းဆင်းလေ့လာကြည့်ရှုစစ်ဆေးခြင်းလုပ်ရန် တရားသူကြီးအဖွဲ့သို့ လျှောက်ထား ခွင့်ပြုချက်ဘင်သွင်းလေတော့၏။

ထိုအခါ ကျွန်ုပ်နှင့် အဖွဲ့ဝင်များ၊ ပုလိပ်အင်စပက်တော်ကြီး ဦးသော် အပါအဝင် ဇွာနာအုပ် ဦးဘသာနှင့်အတူ မုံရွာမြို့မှ တစ်ဘက်ကမ်းရှိ ညောင်ပင်ကြီးဆိပ်သို့ ပလိပ်မော်တော်ဘုတ်ဖြင့် ကူးကြပြီးလျှင် ထိုမှတစ်ဆင့် ယင်းမာပင်သို့ မော်တော်ကားဖြင့် သွားကြကာ လက်တောင်း ရွာသို့ ရောက်လာကြလေတော့သည်။

မခင်စိန် ကိုလည်း အထူးရုံးထုတ်ခွင့်ဖြင့် အချုပ်မှ ထုတ်ယူ၍ ခေါ်ဆောင်လာကာ အခင်းဖြစ်နေရာကို ပြသစေပါတော့သည်။ မခင်စိန်၏ အိမ်သို့ ရောက်သည်တွင် ထမင်းဝိုင်းဖွဲ့ကြသည့်နေရာသို့ ရောက်လေသော် မခင်စိန်က ပြသရှင်းလင်း ပြောလေသည်မှာ—

မခင်စိန် – ‘ထမင်းစားပွဲကလေးက ဟောသည့်နေရာမှာပါရှင်၊ ကျွန်မက မီးဖိုကိုကျောပေးထိုင်ပြီး ထိုင်ပါတယ်၊ သူကအိမ်ရှေ့ကို ကျောပေးပြီး နှစ်ယောက်သား မျက်နှာချင်းဆိုင် စားကြပါတယ်’

ဦးဘသာ – 'အင်း ဘာဟင်းတွေနဲ့ စားကြသလဲကွယ်'

စိန် – 'ငါးပြေမ ဆီကျွန်ရေကျန်တစ်ခွက်၊ ငါးပိရည် တို့စရာနဲ့ ပဲဟင်းချိုပါ'

သာ – 'တို့စရာက ဘာတို့စရာတွေလဲ၊ (တစ်ချို့ တို့စရာ သီးနှံ့ အရွက်များမှာ တစ်မျိုးနှင့်တစ်မျိုး မတည့်တာ များလည်း ရှိပါသည်)။

စိန် – 'သခွားသီးစိမ်းပါ'

သာ – 'ဟင်းကိုအလယ်မှာပန်းကန်နဲ့ထည့်သလား၊ ပန်းကန် ထဲ ပုံစားသလား'

စိန် – 'ငါးပြေမဟင်းရယ်၊ ပဲဟင်းချိုရယ်၊ ငါးပိရည်ရယ် အားလုံး ပန်းကန်သပ်သပ်နဲ့ထည့်ပါတယ်၊ တို့စရာ သခွားသီးလဲ ဇလုံထဲ ထည့်ရေစိမ်ထားပါတယ်'

သာ – 'ကဲ ထမင်းစားနေတုန်း ထူးခြားတာက မိုးရွာလို့ ထမင်းဝိုင်းက ထကြတယ်သိ့ဆိုတယ်နော်၊ ဘယ်သူ က အယင်ထသလဲ'

စိန် – 'ကျွန်မက အယင်ထပြီး မီးဖိုထဲပြေးပါတယ်၊ ဆတ် သားခြောက်တွေ နေ့ဘက်ဖေးမှာလှန်းထားတာ ရေ စိုမှာစိုးလို့ ရုပ်ဖို့ပါ၊ သူက ထမင်းဝိုင်းကထပြီး မြတင်းပေါက်ပိတ်ပါတယ်၊ နောက်ပြီး အိမ်ရှေ့မှာ လှန်းထားတဲ့ သူ့ တဘက်ကလေး သွားရုပ်ပါတယ်၊ ကျွန်မလဲ ထမင်းဝိုင်းက ဟင်းပန်းကန်တွေယူပြီး မီးဖိုထဲဝိုင်းပြောင်းမယ်လုပ်တော့ မိုးတိတ်သွားတာ နဲ့ နှစ်ယောက် ဆက်စားကြတာပဲရှင်'

ဦးဘသာမှာ ခေါင်း ညိတ်လိုက်၏။ ယခု အတိုင်းဆိုလျှင် မခင်စိန်အပေါ် သံသယ ရှင်းစရာ ဖြစ်နေလေပြီ။ ထို့ကြောင့် သေသူ မောင်မကျော်ရှိန် ထိုင်၍ ထမင်းစားသည်ဆိုသည့် နေရာ၏ အပေါ်အမိုးကိုကြည့်လိုက်ရာ အိမ်ရှေ့ဆောင်နှင့် မီးဖိုဆောင်ကို

သက်ကယ်မိုးနှစ်ခုထပ်၍ အလည်မှာ ရေတံလျှောက်ခံထားသည့် နေရာဖြစ်လေရာ မောင်ကျော်ရှိန်၏ ပန်းကန်မှာ ရေတံလျှောက်နှင့် တည့်တည့်ကြီး ရှိနေသည့်နေရာဟု မှန်းဆ၍ရလေသည်။

ဦးဘသာက တပည့်ပုလိပ် မောင်သိန်းအား လှမ်းခေါ်လိုက်၍ ...

'ဟေ့ မောင်သိန်း၊ ဟောသည် ရေတံလျှောက်ပေါ် တက်ကြည့်စမ်းကွာ'ဟု ခိုင်းလိုက်ရာ ပုလိပ်မောင်သိန်းက အိမ်ဘေးပြတင်းဘောင်မှတွယ်၍ ခေါင်မိုးစပ်သို့ အရောက်မှာပင် ရေတံလျှောက်နားမှ ခေါင်မိုးထက်က မောင်သိန်း၏ အော်ပြောသံကို အောက်မှ ကြားကြရတော့၏။

သိန်း – 'ဌာနာပိုင်ကြီးခင်ဗျား၊ ရေတံလျှောက်ထဲမှာတောက်တဲ့ နှစ်ကောင်နဲ့ တောက်တဲ့ချေးတွေ တွေ့ပါတယ်'

သာ – 'ဝမ်းသာရွှင်လန်းသွားဟန်ဖြင့်)'အေး....အေးအဲဒါတွေ ကောက်ပြီးယူခဲ့ကွာ၊ လက်နဲ့မကိုင်နဲ့ဟေ့၊ တုတ်ချောင်းနဲ့ကောက်ယူပြီး စက္ကူထဲထည့်ခဲ့' ဟု ပြောလိုက်၏။

ခဏမှာပင် ပုလိပ် မောင်သိန်း ဆင်းလာပြီးလျှင် တောက်တဲ့ချေးများ ခုံညင်းခန့်ပမာဏ အတောင့်ပုံကို စက္ကူဖြင့်ထုပ်ယူရာမှ ဖွင့်ပြ၏။ တစ်ချို့ ဒွာ စိုနေပြီး တစ်ချို့မှာ ခြောက်သွေ့လျက်ရှိ၏။

ဦးဘသာ – (မခင်စိန်ကိုကြည့်လိုက်၍) ကလေးမတို့အိမ် ဒီခေါင်မိုးမှာ တောက်တဲ့အော်သံ ကြားရလား'

စိန် – 'အော်ပါတယ်၊ ခြံထောင့်ကသရက်ပင်ပေါ်မှာ တစ်ကောင်၊ ရေတံလျှောက်မှာတစ်ကောင်ရှိတာ အမြိုင်အော်ကြတာပါပဲရှင်'

ဦးဘသာ — (ချွင်တို့လူစုဘက်သို့လှည့်၍) ပြောသည်မှာ

'ကဲ....လူကြီးမင်းများအားလုံး မျက်မြင်ကိုယ်တွေ့ အတိုင်းပါပဲခင်ဗျား၊ သူတို့နှစ်ယောက် ထမင်းစားနေတုန်း မိန်းကလေးက မိုးရွာလို့ ထမင်းပန်းကန်ယူပြီး ထပြေးတယ်၊ သေသူကလည်း ထပြီးအဝတ်ရုပ်တယ်၊ ပြန်လာထိုင်စားကြတော့ ဒီဟင်းတွေပဲ မိန်းကလေးရော သေသူပါ စားကြတယ်၊ ဒါပေမယ့် အများမျက်မြင်အတိုင်းပါပဲ၊ ရေတံလျှောက်ထဲက တောက်တဲ့ချေးက သေသူရဲ့ပန်းကန်နဲ့ တည့်တည့်ကိုကျတာ သေသူက မသိဘဲ စားလိုက်မိပုံရတယ်၊ ဒါကြောင့် တရားခံ လူသတ်သမားလက်သည်ကတော့ ဒီမိန်းကလေးမဟုတ်ဘဲ တောက်တဲ့ပဲဖြစ်ပါတယ်ဆိုတာ အားလုံးရှင်းကြပါလိမ့်မယ်' ဟု ရှည်လျားစွာ ရှင်းလင်းပြောပြလိုက်တော့၏။

သည်တော့မှ အားလုံး ဟာကနဲ ဖြစ်သွားကြကာ ဦးဘသာ၏ စုံစမ်းထောက်လှမ်းမှု စေ့စပ်သေချာပုံ၊ အကင်းပါးပုံတို့ကို အံ့ဩ ချီးကျူးကြရတော့သည်။ မိန်းကလေး၏မျက်နှာမှာ ရွှင်ပျလာတော့၏၊

*

ဌာနာအုပ် ဦးဘသာက ၎င်း၏ စစ်ဆေး တွေ့ ရှိချက်များ ကို အသေးစိတ် အစီရင်ခံစာ ရေး သားကာ တောက်တဲ့ချေးများကိုပါ သက်သေခံအဖြစ်တင်သွင်း၍ ဤ အမှု ကို လူသေ မှု အ နေ ဖြင့် ပိတ်ပေးပါရန် လျှောက် ထားသဖြင့် တရားရုံးမှ အမှုပိတ် ခွင့် ပြုလိုက်ရတော့၏။

မခင်စိန်ကား 'လုံးဝ လွတ် မြောက်သွား လေပြီ။

သူ့ ခမျာ ထောင်တန်းကျ မည့်ဘေးမှ လွတ်မြောက်သွား ပါသော်ငြားလည်း သူ၏ချစ်သ သေဆုံးကာရင် ကွဲရရှာသဖြ ပျော်ရမည့်အစား ပူဆွေးခြ

မကျေနိုင်အောင် ယူကျုံးမရ ငိုရလေတော့၏။

အများ ထင် ထားသည့် မြို့ ကြီးသား မောင်လှ အေးမှာ လည်း ရွှေဘိုသို့ ပြောင်းရွှေ့ သွားကာ မိဘ ပေးစားသူနှင့် လက်ထပ်လိုက်လေတော့၏။

ထို့ ကြောင့် မိမိ အိမ်မှာ တောက်တဲ့သတ္တဝါ ရှိနေပါက များစွာသတိချပ်စရာအဖြစ် တင် ပြရင်း တောက်တဲ့သည် မိုးရွာ မည် မရွာမည်ကောန်မိုးကို ဟော ကိန်း ထုတ်မထုတ် မသေချာ သော်ငြားလည်း သေမင်းကို တော့ ပြောဆို ဆက်သွယ်နေ သည့် သတ္တဝါဟုသာလျှင် ယူ ဆမိပါတော့သည်။

အငြိမ်းစားတရားသူကြီးတစ်ဦး





အချုပ်ထဲက တရားခံအတွက်
လာပို့တဲ့ ခေါက်ဆွဲထုပ်ကို
စစ်ကြည့်တာ ဘိန်း တွေ့ရလို့
သတင်း လာပို့တာပါဆရာ။


ထန်လိုင်
ပြည်သူ့ရဲ့
မောင်ကျူရှင်



**မှတ်ပလားဟဲ့ မလေးယဉ်**

**ထန်လှိုင်**

ယခင်က စီပီအိုခေါ် ရုံးအမှုလိုက်အရာရှိကို ဆွဲချဟုခေါ်ကြသည်။ ဆွဲချ ဟူသောအမည်မှာ အလွန်ရုပ်ဆိုးပါသည်။ လူတစ်ဦးတစ်ယောက်အား ထောင်မကျကျအောင် အတင်းဆွဲချနေသူဟု အဓိပ္ပာယ်ပြန်ရတော့မလို ဖြစ်နေသည်။

ရုံးအမှုလိုက်ရဲအရာရှိဆိုသည် ပြည်သူ့ရဲတပ်ဖွဲ့က ရုံးတော်သို့ တရားစွဲတင်သည့် အမှုများကို အစိုးရကိုယ်စား ရုံးတော်သို့ အမှန်အတိုင်းတင်ပြနေသူဖြစ်ပါသည်။ အိုင်အိုခေါ် အမှုစစ်အရာရှိကအမှုတစ်ခုအား သက်ရှိ သက်မဲ့ အထောက်အထားခိုင်လုံစွာဖြင့် တရားစွဲတင်လိုက်သည်ကို တရားသူကြီးအား ရုံးရှေ့တွင် ရှင်းလင်းအောင် တင်ပြရသည့် အရာရှိပင် ဖြစ်ပါသည်။

ပြည်သူ့ရဲတပ်ဖွဲ့၏ အဓိကတာဝန်ဝတ္တရားများ ဖြစ်သော ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားသည့် ပြစ်မှုများကို စုံစမ်း ဖော်ထုတ်ခြင်း၊ စုံစမ်း ပေါ်ပေါက်လာသော ပြစ်မှု ကျူးလွန်သူများအား ထိုက်တန်သည့်အပြစ်ဒဏ်

ရရှိအောင် ဆောင်ရွက်ခြင်း ဟူသော တာဝန် သုံးရပ် အနက် တတိယတာဝန်ကို ထမ်းဆောင်ရသူဖြစ်ပါသည်။သို့သော်လည်း ယခင်က ဝတ္ထုများ၊ရုပ်ရှင်များတွင် ရုံးအမှုလိုက် ရဲအရာရှိကို အမြင်ကတ်စရာ ဆွဲချအဖြစ် ဖန်တီးထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

လွန်ခဲ့သည့်ငါးနှစ်ခန့်ကကျွန်တော် တရားရုံးတွင် ရုံးအမှုလိုက်အဖြစ် စတင် ဆောင်ရွက်သည့်နေ့ ဖြစ်ပါသည်။ အမှုမှာ ပြည်သူပိုင် ပစ္စည်း ကာကွယ်သည့် ဥပဒေပုဒ်မ၆(၁)အမှုဖြစ်သည်။ တရားခံ အာမခံရပြီးသား ဖြစ်သည်။ ရုံးရှေ့တွင် ပထမဦးဆုံး အကြိမ်အမှုလိုက်ရခြင်းဖြစ်သော်လည်း စိတ်မလှုပ်ရှားပါ။အလုပ်သင် ရှေ့နေအဖြစ် အမှုများကိုလိုက်ပါခဲ့ဖူးသော ကြောင့် ဖြစ်သည်။ ကျွန်တော်သည် သိပ္ပံမောင်ဝ ရေးသားသည့် 'မားပြမူ' ဝတ္ထု ဆောင်းပါး ထဲမှ ခေါင်းပေါင်းအနီ ပေါင်းထား ပြီး ကာကီရောင် ကုတ်အင်္ကျီနှင့် လုံချည်နီတို့ကို ဝတ်ထားသော အသားမည်းမည်း အရုပ်ပုပု ရုံး အမှုလိုက် ရာဇဝတ်အုပ်ကို သတိရမိသည်။ သို့သော် ကျွန်တော်သည် ခေါင်း ပေါင်း အနီ ကို မပေါင်းဘဲ ကက်ဦးထုပ် ကို ဆောင်းထားသည်။ကာကီရောင် ကုတ်အင်္ကျီနှင့်လုံချည်နီကို မဝတ်ဘဲ ကာကီရောင် ယူနီဖောင်းကို ဝတ်ထားပါသည်။

တရားခံမှာ အသက် (၆၀) ကျော်ခန့် ရှိပါသည်။ တရားသူကြီးနှင့် မျက်နှာချင်းဆိုင် ခုံဘွင်ခပ်ကုပ်ကုပ်လေး ထိုင်နေသည်။ ၎င်းအား ပြည်သူပိုင် ပစ္စည်း ကာကွယ်သည့်ဥပဒေပုဒ်မ၆(၁) ဖြင့် စွဲချက်တင်ထားပြီးသားဖြစ်သည်။ ၎င်းကိုယ်တိုင် ခံပြသက်သေအဖြစ် အစစ်ခံသည်။အခြားတရားခံပြသက်သေများ တင်ပြနိုင်ခြင်းမရှိပါ။၎င်းပင်တရားခံ၊ ၎င်းပင် သက်သေ ဖြစ်သည်။ အလွန် ညစ်ထေးပြီး အဖာရာ များ စေ့နေသော စွပ်ကျယ် အင်္ကျီကို ဝတ်ထားသည်။လုံချည်မှာလည်း အကွက်မပေါ်။ဖိနပ်လည်း မပါပါ။

'ဦးကြည်ထွန်းရေ၊ သူ့ကို စစ်ရန်အောင် သစ္စာဆိုခိုင်းပေးပါဗျာ'၊ တရားသူကြီးက ပြော

သည်။ ကျွန်တော့် အနေဖြင့် တရားလိုပြသက်သေများကိုသာ အဓိက စစ်မေးခွင့် ရှိပါသည်။ တရားခံနှင့် တရားခံပြသက်သေများကို မေးသည့် အခါတွင် အဓိက စစ်မေးခြင်းကို မပြုနိုင်ပါ။ သို့သော် ရှေ့နေမပါသည့် တရားခံများအတွက် သစ္စာဆိုလျှင် တိုင်ပေးရပါသည်။

'ကဲ—ဦးဖိုးမင်း၊မတ်တတ်ထပြီး ကျွန်တော်ဆိုသလို လိုက်ဆို' ဦးဖိုးမင်း မတ်တတ်ထသည်။

ကတိသစ္စာ ပြုပြီးသည့်အခါ ဦးဖိုးမင်းအားထိုင်ခိုင်းပါသည်။ ထို့နောက် ဦးဖိုးမင်းကို....

'ခင်ဗျား အသက် ဘယ်လောက်ရှိပြီလဲ' ဟု မေးသည်။

'ခင်ဗျား အသက် ဘယ်လောက်ရှိပြီလဲ' ဦးဖိုးမင်းက လိုက်ဆိုနေပြန်သည်။

ထို့ကြောင့် ကျွန်တော်က 'ခင်ဗျားလိုက်ဆိုဖို့ မလိုတော့ပါဘူး၊ ကျွန်တော် မေးတာကိုပဲ ခင်ဗျား ဖြေတော့' ဟု ပြောရသည်။ ဦးဖိုးမင်းက သဘောပေါက်သွားပုံရသည်။

'အသက် (၆၃)နှစ်'ဟု ဖြေသည်။

'အခု ခင်ဗျားက ဒီအမှုကို မကျူးလွန်ဘူးလို့ ငြင်းတယ် မဟုတ်လား၊အဲ့ဒီတော့ ခင်ဗျား အနေနဲ့ ဒီအမှုကို မကျူးလွန်ကြောင်း တရားရုံးကို ရှင်းပြပေတော့'

'အခု ကျွန်တော် အမှုဖြစ်တဲ့ တံတားက ခင်းထားတဲ့ ကြမ်းခင်းတွေ ပြုတ်နေပါတယ်၊အဲ့ဒီ သစ်သားပိုင်းတွေက ကားသွားတဲ့အခါမှာ ရေထဲပြုတ်ကျတတ်ပါတယ်၊ နှစ်တောင်သုံးတောင် လောက်ရှိတဲ့ သစ်သားတုံးတွေပါ။ အချို့တုံးတွေဆိုယင် ဆွေးနေပါပြီ၊ အဲဒီတုံးတွေ ချောင်းထဲကျပြီး မျောလာတဲ့အခါ လူတွေက ဆယ်ပြီး ထင်းဆိုက်ကြတာပဲ၊ အဲ့ဒီ အမှု ဖြစ်တဲ့နေ့က တစ်တောင့်တစ်ထွာလောက် ရှိတဲ့ သစ်သားတုံးလေး တစ်တုံး မျောလာပြီး ကျွန်တော့် အိမ်ဘေး ရောက်လာတာနဲ့ ကျွန်တော် ထင်းဆိုက်ဖို့ဆယ်နေတုန်း လမ်းအလုပ်သမား တစ်ယောက်က တွေ့သွားပြီး ရဲစခန်း တိုင်တာနဲ့ အခုလို ရုံးရောက်လာရတာပဲ'ဦးဖိုးမင်း အစစ်ခံပြီးလျှင် တရားသူကြီးက....

‘ကဲ၊ ဦးလှိုဆိုယင့် အမှုတွဲကို
အရာရှိရှေ့၊ တရားခံရှေ့ နောက်
ဆုံး လျှောက်လဲချက် တစ်ခါထဲ
ပေးဗျာ၊ ခဏစောင့်နေပြီး အမိန့်ချ
မယ်’ ဟု ပြောသည်။ ဦးဖိုးမင်း
က မိမိမသိလို့ ကျူးလွန်ခဲ့မိသည့်
အတွက် အပြစ်မရှိကြောင်း
လျှောက်လဲချက်ပေးသည်။ ကျွန်
တော်က…

‘မသိလို့ ပြုလုပ်မိတယ်ဆိုရုံမျှ
နဲ့ ဥပဒေက ခွင့်မလွှတ်နိုင်ပါ၊
သို့သော်လည်း ဖြစ်မှုကျူးလွန်ခဲ့
သည့် တန်ဖိုးမှာ ပြောပလောက်
အောင် မရှိပါ။ ထို့ကြောင့် ရုံး
တော်က ထိုက်သင့်တဲ့ ပြစ်ဒဏ်
တစ် ရပ် ရပ် ချမှတ် ပေး သင့်
ကြောင်း လျှောက်ထားပါတယ်’
ဟု လျှောက်လဲချက် ပေးလိုက်
သည်။ လျှောက်လဲချက်ပေးပြီး
ဆယ့် ငါး မိ နစ် ခန့် ကြာသည့်
အခါ တရားသူကြီးများ ပြန်
ထွက်လာပြီး အမိန့်ချပါသည်။

‘မောင်ဖိုးမင်းသည် ပြည်သူ
ပိုင် ပစ္စည်း ကာကွယ်သည့်ဥပဒေ
ပုဒ်မ ၆(၁)ကိုကျူးလွန်ကြောင်း
ထင်ရှားသော်လည်း သစ်သား
တုံး၏တန်ဖိုးမှာပြောပလောက်
အောင်မရှိ၍ ချုပ်ရက် (၁၄)
ရက်ကို ထောင်ဒဏ်အပြစ်ချမှတ်
လိုက်သည်’

ဦးဖိုးမင်းသည် အမိန့်ဆုံး
သည့်တိုင်အောင် မပြန်သေးဘဲ
ရုံးရှေ့တွင် ရပ်နေသည်။

‘ဦးဖိုးမင်း၊ ခင်ဗျား ဘာ
ပြောစရာရှိလို့ ရပ်နေတာလဲ၊
ချုပ်ရက်ကို ပြစ်ဒဏ်လို့ သတ်
မှတ်ပြီးပြီပဲ၊ ခင်ဗျား ပြန် လို့ ရပြီ
လေ’

‘တရားသူကြီးမင်း ခင်ဗျား၊
ကျွန်တော် အခု မနက်စာလဲ
မစားရသေးပါဘူး၊ အိမ်ပြန်ဖို့
လည်း လမ်းစရိတ်လဲမရှိပါဘူး၊ အဲ
ဒါကြောင့် ကျွန်တော့်ကို ရုံးက
စရိတ် ထုတ်ပေးပါခင်ဗျာ’

ရုံးစာ က ကြီး တရားကျဖို့
အလွန်ကောင်းသည်။ တရားသူ
ကြီးက ပေါ့ပေါ့ လျော့လျော့
အပြစ်ပေးသည့်ကိုပင် တရားခံက
လမ်းစရိတ်တောင်းနေပြန်သည်။
မနေသာတော့သဖြင့် ကျွန်တော်
က ဝင်၍….

‘ကဲ ဦးဖိုးမင်း၊ ခင်ဗျားကို
စရိတ်ပေးလိုက်မယ်၊ ဒီရုံးခန်းထဲ
က မြန်မြန်သာကြွပေတော့ဗျာ’
ဟု ပြောပြီး လမ်းစရိတ်သုံးကျပ်
ကို နိဗ္ဗာ န ပစ္စယော ဟောတု

လိုက်ရပါတော့သည်။ဦးဖိုးမင်း ထွက်သွားပြီး မရှေးမနှောင်းပင် အချုပ်ခန်းစောင့် ရဲဘော်လေး တစ်ဦး ရောက်လာသည်။

'ဆရာ အရေးကြီးလို့အချုပ်ခန်းကို ခဏလိုက်ပါ'

ကျွန်တော် လန့်သွားသည်။ ဘာများ အရေးကြီးလို့ပါလိမ့်။ အချုပ်တရားခံများ ထွက်ပြေးသွားပြီလား။ အချုပ်တရားခံ ထွက်ပြေးပြီဆိုလျှင် ပခုံးပေါ်က အပွင့်ကို ကိုယ့် ဘာသာ ကိုယ် ဖြုတ် ထား လိုက် ခြင်း သာ အကောင်းဆုံးဖြစ်သည်။ ကိုယ်မဖြုတ်သည်း အထက်ကဖြုတ်မည်မှာ သေချာသည်။ ရဲတပ်ဖွဲ့တွင် တရားခံပြေးခြင်းသည် ကြီးလေးသောတာဝန်ဝတ္တရားပျက်ကွက်မှုဖြစ်၏။ကင်း အလှည့် ကျ ရဲ ဘော်ကို တရားစွဲသည်။ ကင်းမှူးမှ အစ တာဝန်ရှိသော အထက်အရာရှိအားလုံးကိုရာထူးချသည်။ ဘာများဆင်ခြေပေး၍မရ။

ယခုလည်း အချုပ်ခန်းစောင့် ရဲဘော်က အရေးကြီးသည်ဟု လာခေါ်နေချေပြီ။ အချုပ်ခန်းကရဲဘော်လာခေါ်လျှင် အချုပ်ခန်းနှင့်သာ သက်ဆိုင်မည် ဖြစ်သည်။ကျွန်တော် ချက်ချင်းလိုက်သွားသည်။ တရားရုံးအချုပ်ခန်း တံခါးဝတွင် လူများအုံနေသည်။ ကျွန်တော်က လူအုပ်ကို ဖယ်ရှားပြီးအခန်းတံခါးဖွင့်ဝင်သည်။ အခန်းတွင်းတွင် အမျိုးသမီး တစ်ယောက် အသက် ၄၀ ခန့် ရှိသည်။ အသားမည်းမည်းနှင့် အရပ်ပုပု ဖြစ်သည်။

'ဦးညွန့်မောင်၊ ဘာဖြစ်တာလဲ'ဟု ကျွန်တော်က ကင်းမှူးဖြစ်သော တပ်ကြပ်ကြီး ဦးညွန့်မောင်ကို မေးသည်။

'မ သ ကာ မှုနဲ့ ဖမ်းထားတဲ့ တရားခံကို ဒီမိန်းမက ခေါက်ဆွဲထုပ် လာပေးတယ် ဆရာ၊ ကျွန်တော် ဖွင့်ကြည့်တော့ ပလတ်စတစ်နဲ့ထုပ်ထားတဲ့ မည်းမည်းကလေးနှစ်ထုပ် တွေ့ ရ တယ်၊ ဘိန်းထုပ်လို့ထင်ရတယ်'

ကျွန်တော်က ရဲဘော် တစ်ယောက် အား သက်သေ နှစ်ယောက်ခေါ်ခိုင်းသည်။လျှောက်လွှာစာရေး ဦးကျော်ညွန့်နှင့် ဦးလွန်းကို ပါလာသည်။ ထို သက်သေများရှေ့တွင် အထုပ်များကို ရှာဖွေပုံစံနှင့် သိမ်းဆည်းသည်။

ထိုအမျိုးသမီး၏သမည်မှာ မညွန့် ဖြစ်သည်။

'မညွန့်၊ ခင်ဗျား ဒီဘိန်းတွေကို ဘယ်ကဝယ်လာတာလဲ'

'မရမ်းကုန်း ၂ လမ်းကပါ၊ မလေးယဉ်ဆီက ဝယ်လာတာပါ'

ကျွန်တော်သည် မြို့နယ်မှူးအား ချက်ချင်းတင်ပြပါသည်။ ထို့နောက် စခန်းမှ နယ်ထိန်းနှစ်ယောက်ခေါ်ပြီး မရမ်းကုန်းသို့ ထွက်ခဲ့သည်။ မညွန့်ကို ရဲစခန်းတွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများ အက်ဥပဒေပုဒ်မ– ၆ (ခ) အရ အမှုဖွင့်ထားခဲ့သည်။

မလေးယဉ်၏အိမ်ကို ရှာဖွေရန်အတွက် အုန်းပင်စုရပ်ကွက် ကောင်စီဥက္ကဋ္ဌ ဦးသန်းဖေနှင့် ဈေး သစ်ရပ် ကွက် ကောင် စီအတွင်းရေးမှူး ဦးထွန်းဆင့်တို့ကို သက်သေလူကြီးအဖြစ် ခေါ်လာသည်။ မလေးယဉ် အိမ်သို့ ရောက်ရှိသည့်အခါ မလေးယဉ်နှင့် ၎င်း၏ယောကျ်ား ကျော်သန်းတို့ကိုအဆင်သင့်တွေ့သည်။ အကျိုး အကြောင်း ပြောပြီး သက်သေလူကြီးများနှင့် အတူ အိမ်ပေါ်သို့ တက်ရောက်ရှာဖွေသည်။ ခေါင်းအုံး၊ မွေ့ရာများ ပါမကျန် လှန်လှောရှာသည်။ ဘာမျှမတွေ့။ ကျွန်တော် တစ်ခုသတိထားမိသည်။ မလေးယဉ်မှာဖင်တစ်ကြွကြွဖြစ်နေပြီး ကျွန်တော့်ကို မျက်နေခြင်းဖြစ်သည်။ မူးယစ်ဆေးဝါး ရှိမည်မှာသေချာ၏။ အိမ်ပေါ်တွင်လည်း ရှာလို့နှံ့ပြီ။ မည်သည့်နေရာတွင် ထားသနည်း။ အစဉ်းစား ကျပ်လှသည်။ ထိုစဉ် ကျွန်တော့် ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။

'ကဲ မလေးယဉ်၊ ခင်ဗျားအိမ်မှာတော့ ဘာမှ ရှာလို့မတွေ့ဘူး၊ အဲဒီတော့ ခင်ဗျား ကျုပ်တို့ကိုယ်တွေကို စစ်ကြည့်၊ တော်ကြာခင်ဗျားအိမ်ကပစ္စည်းပျောက်တယ် ဘာတယ် ဖြစ်နေအုံးမယ်'

'မလိုပါဘူးဆရာရယ်၊ဆရာတို့ကိုယုံကြည်ပြီးသားပါ'

'ဒီလိုဆိုရင် ခင်းဗျား ဒီမှာ ခဏ ထိုင်နေ၊ ဦးထွန်းဆင့် က အမျိုးသမီး နှစ်ယောက်လောက် ခဏခေါ်ပေးဗျာ၊ မလေးယဉ်ကိုယ်ကိုရှာရအောင်'

ကောင်စီ အတွင်းရေးမှူး ဦးထွန်းဆင့် က သက် သေ အမျိုးသမီး နှစ်ယောက်ကိုခေါ် ရန်ထွက်သွားသည်။ မလေးယဉ် သည် ဘာမပြောညာမပြောနှင့် အိမ်ပေါ်မှ ဆင်းသွားသည်။

'မလေးယဉ်....ခင်ဗျားဘယ် မှမသွားနဲ့လေ၊ ခင်ဗျားကိုကျွပ် တို့ရှာမလို့'

မလေးယဉ်က ကျွန်တော် စကားကို နားမထောင်တော့ပဲ ၎င်း အိမ်ရှေ့ရှိ ကန်ဘောင် ပေါ်သို့ တက်ပြေးသွားသည်။

'မသွားနဲ့ဆို ပြောလို့ မရ ဘူးလား'

အုန်းပင်စု ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းဖေက ပြောပြော ဆိုဆိုပြေး လိုက်သွားပြီး မလေး ယဉ်လက်ကို ဆွဲထား သည်။ ဦးသန်းဖေမှာ အလွန် ဝသူဖြစ် သည်။ ၎င်း၏ ဗိုက်မှာအိုးစရည်း လောက်နီးနီး အိုင့် ကြီး သော ဗိုက် မဟုတ် စေကာမူ အချိန် တစ်ဆယ်ဝင်အိုး လောက်တော့ ရှိသည်၊ အရပ်ကလည်း ပုသေး သည်။ မျက်မှန် တပ်ထားသည်။ အသက်(၆၀)ခန့်ရှိပြီဖြစ်သည်။

မလေး ယဉ်မှာ အသက် (၄၀)ခန့်၊ လုံးကြီး ပေါက်လှ သန် သန် မာ မာ ဖြစ် သည်။ ထို့ ကြောင့်၊ မလေး ယဉ် က ဦးသန်းဖေကိုင်ထားသော လက် ကိုဆောင့်ဆွဲလိုက်ရာ ဥက္ကဋ္ဌကြီး ဦးသန်းဖေ ခမျာ ဒူးထောက် လျက် လဲကျသွား တော့သည်။ ကျွန်တော်နှင့် ရဲဘော် များက မလေးယဉ် ပြေးမည့် ဘက်မှ ဝိုင်း ပိတ် ထား လိုက်သည်။ မလေးယဉ်သည် ၎င်း၏ထဘီကို ချွတ်ချလိုက်သည်။ ပလတ်စတစ် အထုပ် ကြီး ငယ် များ ထဘီ တွင်းမှထွက်ကျလာသည်။

'ကျွန်တော် မိန်းမကို ရဲဘော် မတရားလုပ်နေပါတယ်ဗျို့'

မလေး ယဉ် ၏ ယောကျ်ား ကျော်သန်းက အော်ပြီး ထွက် ပြေးသည်။ ရပ်ကွက်ထဲမှလူများ ပြေးထွက်လာကြပြီး ကန်ဘောင် ပေါ်မှ တက်ကြည့် ကြသည်။ မလေးယဉ်မှာထဘီကျွတ် လျက် ကျွန် တော် လည်း ကြောင် သည်။ ကျွန်တော်နှင့် ရဲဘော် နှစ်ယောက်က ဖြန့်ပြီးဝိုင်းထာ ရံကာလွှဲ၍ ဝင်မဖမ်းရဲ၊ ဝိုင်း ကြ ပတ်ပတ် ကစားသကဲ့သို့ ဖြစ်နေ သည်။

ထို့စဉ် မလေးယဥ် သည် ဘိန်းထုပ် များကို ကောက်ပြီး ရေကန်ထဲသို့ ခုန်ချ လိုက်သည်။ ကန်ရေပြင်မှာ ကြည်လင်လျက် ရှိသည်။ ရေပေါ်၌ ပေါလောပေါ်နေ သော ဘိန်းထုပ်များကို ရေအောက်သို့ လိုက်နှစ်နေသည်။ ရေငုပ်လိုက် ကူးလိုက် လုပ်နေ သည်ကို ဝိုင်း ကြည့်နေကြသည့် ပရိသတ်ထဲမှ မျက်စိအရသာခံလိုသူများ သဘောကျလျက်ရှိသည်။ ကျွန်တော့်မှာကား ခေါင်းခဲလျက် ရှိတော့၏။

အတန် ကြာသော အခါ ရေကူးချန်ပီယံ မလေးယဥ်တစ်ယောက် အမောဖောက် လာသည်။ ရေပေါ်တွင် ဘိန်းထုပ်အချို့မှာ ပေါလောပေါ်လျက်ရှိသေးသည်။ မလေးယဥ်လည်း ဘိန်းထုပ်များကို စိတ်မှကောင်းခြင်းကြီးစွာဖြင့် တစ်ချက်ကြည့်လိုက်ပြီး ရေစပ်သို့ တက်ကာ ငုတ်တုတ် ထိုင်နေသည်။ ရဲတပ်သား လှကြိုင်က ကျွတ်ကျန်ခဲ့သော ထဘီကို ကောက် ပြီး မလေးယဥ်ထံ ပစ်၍ပေး လိုက်သည်။ ယခုမှ မလေး ယဥ် တစ်ယောက် ရှက်စိတ် ဝင်လာသည်တု ထင်ရသည်။ ထဘီကို ခေါင်းမှစွပ်၍ ဝတ်လိုက်သည်။

ကျွန်တော် သည် သက်သေကောင်စီ လူကြီးများ ရှေ့တွင် ရေကန်ထဲရှိ ဘိန်းထုပ် လေးများကို လိုက်ကောက် စေသည်။ ပြီးလျှင် ရှာဖွေပုံစံနှင့် သိမ်းဆည်းသည်။ မလေးယဥ် ဘေးတွင် ကောင်စီလူကြီး နှစ်ဦးကို လုံခြုံရေး ချထားသည်။ တော်ကြာ ရဲတွေ မတရားလုပ်သည်ဟုပြော ဦးမည်။ ထို့နောက် ကားတစ်စီး အကူအညီတောင်းပြီး ရဲစခန်းသို့ပို့ခိုင်းသည်။

ရဲစခန်းသို့ ရောက်လျှင် ကျွန်တော်က တရားလို ပြုလုပ်၍ မလေးယဥ်အား ဘေးဖြစ်စေတတ်သော မူး ယစ် ဆေး ဝါး များ အက်ဥပဒေ ပုဒ်မ ၆(ခ) ဖြင့်အမှုဖွင့်သည်။ ကောင်စီဥက္ကဋ္ဌ ဦးသန်းဖေ သည် မလေးယဥ်အားဖမ်းဆီးစဉ်ချော်လဲခဲ့ရာတွင် ဒူးပြဲ သွားသည်။ ထို့ကြောင့် သူကလည်းမလေးယဥ်ကိုတာဝန်ဝတ္တရား နှောင့်ယှက်မှု ဖြစ်မှုပုဒ်မ ၃၅၃ နှင့်အမှုထပ်ဖွင့်သည်။ မှတ်ပလာဒ်ဖြဲ ..... မလေးယဥ်။

ထန်းလှိုင်(မြည်သျှ.ရဲ)

## လက်ခံထားသည့်သူကို တရားစွဲဆိုမည်

အကျိုးဆောင်တစ်ဦး

သည်နေ့ မနက် ရုံးခန်းသို့ ကိုယ်က စော၍ရောက်နေသောကြောင့်လော့မသိ။ သန့်ရှင်းရေး အလုပ်သမား ကိုဆာမိ ရောက်လာတာပင် ကိုယ် ထက်နောက်ကျသည်ဟု ထင်မိ၏။

'ဟာ- ဆရာ အစောကြီး ရောက်တယ်' ဟု ကိုဆာမိက အံ့အားသင့်စွာ ဆိုလေသည်။

'ဟုတ်တယ်ဗျာ—သည်မနက် မြစ်ဝကျွန်းပေါ်က အမှုသည်တွေတိုင်းရုံးကိုလာကြဖို့ ရုံးချိန်းရှိတယ်လေ၊ သူတို့က မသွားတတ် မလာတတ်နဲ့မို့၊ ကျွန်တော့် ကိုယ်ပိုင် ရှေ့နေရုံးခန်းကိုချိန်းထားရတယ်၊ဒါကြောင့် စောစော လာစောင့်နေတာ' ဟုဖြေလိုက်ရ၏။

တပည့်ကျော် အလုပ် သင် ရှေ့နေလေး မောင်အေးမြင့်လည်း ရောက် မ လာ သေး။ အကျိုးဆောင် ဗဟို တရားရုံးရှေ့နေတစ်ဦးတည်းတွင်အလုပ်သင် ကျောင်းသား ရှေ့နေကလေးများကို ငါးယောက်အထိသင်ကြားလေ့လာခွင့်ပေးထား၏။ (ယခင်ကသုံးယောက်သာဖြစ်ရာ နောက်ထပ် တိုးမြှင့်


လက်စံထားသည့်သူကို....
တရားခွင်ဆိုမည်
အကျိုးဆောင်တစ်ဦး



ပေးခြင်း ဖြစ်သည်။) မောင်အေးမြင့်ကား အားလုံးထဲတွင် သွက်လက်ချက်ချာ၍ အသက်လည်း အငယ်ဆုံး ဖြစ်သောကြောင့် သူ့ကိုပင် ကလေးပီပီ ဟန်ချီချီလုပ်ကာ စိုင်း၍ခိုင်းကြ၏။ သူကလည်းအားလုံးအတွက် မညည်း မညူ လုပ်ပေးလေသည်။

မောင် အေး မြင့် မှာ ငါးယောက်သော အလုပ်သင်များထဲ၌သွက်လက်သူ၊ မြင်တတ်သူ၊ ပညာလိုလားသူ၊ တတ်ကျွမ်းရန် အတုခိုးတတ်သူလည်းဖြစ်လေရာမကြာမီ ရှေ့နေကောင်းတစ် ယောက် ဖြစ် လာ မည့် အသားအလာ ရှိသူဟုဆိုနိုင်ပေသည်၊ ကျန်လေးဦးမှာ ချိန်းဘား (ဆရာရှေ့နေနှင့် ကွင်းဆင်းလိုက်ပါ ပညာသင်ခြင်း) ပြီးလျှင် လမ်းခွဲသွားကြမည့်သူများ ဖြစ်သော်လည်း မောင်အေးမြင့် မှာမူ၊ အိမ် စောင့်ကလေး မထွေးအဖြစ် ကျန်နေရစ် လိမ့်မည် ဟု ထင်ကြလေသည်။

ထိုမောင်အေးမြင့်ကား ယခုတိုင် ရောက်မလာ သေး ချေ။ ခါတိုင်းဆိုလျှင် သူက ကိုဆာမိရောက်ပြီး သည်နှင့် ရုံးခန်းသို့ ရောက်လာကာအမှုတွဲများ စိစစ်ရွေးချယ်ခြင်း၊ သည်တစ်နေ့တာ ယူသွားရမည့် အမှုတွဲနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို သီးသန့်အိတ်တွင်ထည့်ခြင်း၊ တစ်နေ့တာ လုပ်ကိုင်ရမည့် အစီအစဉ် ရေးဆွဲပြီးသား စာရွက်နှင့်ဒိုင်ယာယီကို သူ့မှတ်တမ်းစာအုပ်တွင် ကပ်၍ တစ်ခုပြီးတစ်ခုဖတ်ပြခြင်းစသည်ဖြင့်ကိုယ်ရေး အတွင်းရေးမှူး တစ်ယောက်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေကျဖြစ်၏။

ယခု ဆယ်နှာရီမှင် ထိုးလေပြီ။ မောင်အေးမြင့် ရောက်မလာသေးချေ။ ရုံးချိန်က ဆယ်နာရီခွဲဆိုတော့ သူ့ကို မှာထားခဲ့ပြီး ကိုယ်ကရုံးခေါ်ချိန်မှာ အသင့်ရောက်နေမှ။ ဒါလည်း မဖြစ်သေးဘူး၊ အမှုတွဲတွေက သူ့ဆီမှာဆိုရတော့ ရုံးကိုသူပါမှ ဖြစ်မည်၊ ထို့ကြောင့် နာရီတကြည့်ကြည့်နှင့် လည်ပင်းကို ထော်ထော်ရှည်ရတော့၏။

မောင်အေးမြင့် စတင် ဝင်ရောက်သည့်နေ့တစပြီး သည်လိုတစ်ခါမှ အလာ နှောက်မကျစဖူးသေး။ မြစ်ဝကျွန်းပေါ်က လူတွေကလည်း ရောက်မလာကြသေး။ သူတို့သဘောမဆိုက်သေး၍ဖြစ်မည်။ အင်း-တိုင်းရုံးကခေါ်ချိန်မှာ သူတို့လည်းရှိနေဖို့ လိုပါသည်။ ဒါမှ တရားပြိုင်များလည်း လာကြသည့်တရားလိုလည်းလာသည်ဟူ၍မှတ်ချက်မှာပြည့်ပြည့်စုံစုံ ဖြစ်မည်မဟုတ်လား။

ရှေ့နေအလုပ်မှာ စိတ်မပူတတ်သူ၊ သဘောကအကြောင့်ကြမရှိတတ်သူသာ လုပ်ဖို့သင့်သည်ထင်မိ၏။ တရားခံ အာမခံရထားပြီး ရုံးကခေါ်တာမလာလျှင်အာမခံ ပြန်ရုပ်သိမ်းသွားလို့ကြားထဲက ပူပင်တတ်ခြင်း၊ အမှုသည်က အချိန်မီ မလာလျှင် စိုးရိမ်တတ်ခြင်း၊ သက်သေမစုံ၍ အမှု မစင်ဖြစ်ပဲ ရက်ချိန်း ထပ်တောင်းရလျှင် ရုံးမှာ မျက်နှာပူရပြီး အမှုမြန်မြန် မပြီးပြတ်မှာ စိုးခြင်းစသည်စိတ်များမှာ ရှေ့နေထံတွင်များများကြီးရှိနေပါကသည်ရှေ့နေမျိုးသည်မြန်မြန်ဆံပင် ဖြူတတ်သည်ဟု အနွေဝါသိကဆရာ ဆရာကြီးများက အမိန့်အဆိုရှိခဲ့ဖူးပါသည်။

သို့သော်ပူတတ်သည့် သူကတော့ ပူရမှ ကျေနပ်သည်ဟုပင်ဆိုချင်ဆိုပါတော့။ ယခု စိတ်ပူနေရသည်မှာတော့ အမှန်ပါ။

ထိုသို့ပူနေမိစဉ်မှာပင်ရုံးခန်းတံခါးကို ဆွဲဖွင့်၍ မောင်အေးမြင့်ဝင်လာ၏။ လာတော့လည်း သူတစ်ယောက်တည်း မဟုတ်ပါ။ နောက် လူတစ်ယောက်နှင့်အမျိုးသမီး တစ်ယောက်လည်း ပါလာလေသည်။

'မင်းနှယ်ကွာ နှောက်ကျလိုက်တာ' ဟုနာရီကို ကြည့်၍ ပြောမိ၏။

'ဟုတ်ပါတယ်ဆရာ-၊ဟော သည် ကျွန်တော့် မိတ်ဆွေတစ်ယောက်ရဲ့အရေးပေါ်ကိစ္စလေး ပေါ်လာလို့ပါ၊ ပြီးတော့ သူ့ကိစ္စက ကျွန်တော်လည်း မဆုံးဖြတ်တတ်တာနဲ့ ဆရာ့ဆီခေါ်ခဲ့ရပါတယ်၊ ဟိုမှာ နည်းနည်းကြာသွားလို့နောက်ကျသွားပါတယ်ဆရာ' ဟု ဖြေရှင်းပြ၏။

သူ့မိတ်ဆွေဆိုသူကို ကြည့်လိုက်တော့လည်း အသားဖြူဖြူတရုတ်မြန်မာကပြားရုပ်သွင်ဖြစ်ပြီး အတူပါလာသူ အမျိုးသမီး မှာလည်း အလားတူတရုတ်မြန်မာ ကပြား အမျိုးသမီးပင်ဖြစ်၍ဆံပင်တိုညှပ်ကာကောက် တွန့် ထားလေသည်။ ဝတ်စား ဆင်ယင် မှုမှာ နှစ်ယောက်စလုံး အကောင်းစား၊ အဖိုးစားများချည်း ဖြစ်ကြ၏။

'ကဲ အဲဒါ အသာထား၊ တိုင်းရုံးကကိစ္စကသွားကြမှ ဖြစ်မယ်၊ ကားတစ်စီးရှာကွာ' ဟု ပြောရာ မောင်အေးမြင့်နှင့်ပါလာသူက–

'ကျွန်တော်တို့မှာ ကားပါပါတယ်ဆရာ၊ လိုက်ပို့ပါမယ်၊ ကျွန်တော်တို့လည်း အချိန်ရှိပါတယ်' ဟုဆိုသဖြင့် အမှုတွဲများယူကာ ထွက်ခဲ့ကြတော့၏။ မောင်အေးမြင့် တိုးတိုးပြောသဖြင့် ၎င်းတို့ နှစ်ယောက်မှာ လင်မယားဟုသိရပြီးကက်ဆက်အရောင်းအဝယ် ဆိုင်ကြီး ဖွင့်လှစ်ကာ ဆင်ခြေဖုံး ဈေးကြီးတစ်ခုအတွင်း၌ စီးပွားဖြစ်ထွန်းနေကြသည့် ဈေးသည်ဟု သိရလေသည်။

တိုင်းရုံး ရောက်ပြီး ခဏမှာပင် မြစ်ဝ ကျွန်းပေါ်မှ အမှုသည်များလည်း အချိန်မီရောက်လာကြ၍ ၎င်းတို့ အမှုကိစ္စမှာနေ့လယ်မွန်းမတည့်မီပင်ပြီးစီး၍ တိုင်းရုံးမှ ပြန်ခဲ့ကြသည်တွင်....

'တစ်ခုခု စားယင်း စကားပြောကြ ရအောင် ဆရာ' ဟု မောင်အေးမြင့်က ပြောသဖြင့် သူနှင့်အတူမဲ့ သူ၏ ကားကလေးကို မြို့လယ်အစွန်ကျကျ နေရာ စားသောက်ဆိုင် ဟိုတယ် ငယ်တစ်ခုသို့ မောင်းလာ၍ ဝင်လာခဲ့ကြလေတော့၏။

စားသောက် ဖွယ် ရာများ မှာ၍ စားကြ ယင်းတာ... သည် တော့ မှသ ်မောင်အေးမြင့်က

ထိုသင်မယ်ဖော်နှင့် မိတ်ဆက်ပေးလေတော့၏။

'ဆရာ... သည် ညီအစ်ကို နာမည်က ကိုရကောက်တဲ့၊ ရသမျှပစ္စည်းဈေး ပေါ်ယင်အကုန် ကောက်စားသဲ၊ ဒါကြောင့် ယခု သူ ပစ္စည်းကောက်တဲ့ အမှု ဖြစ်နေတယ်ဆရာ' ဟု မောင်အေးမြင့်က ရယ်မောကာ မိတ်ဆက်ပေးလေသည်။ သူ့ ဇနီးက ပြုံး၍နေ၏။

'ကဲ... ဆွေးနွေးမယ်ဆိုတဲ့ ကိစ္စက ဘယ်လိုပါတဲ့လဲ' ဟု မေးလိုက် တော့မှ မောင်အေးမြင့်က ဝင်၍ 'ဟုတ်တယ်... ကိုရကောက်ရေ။ ဖြစ်ပုံပြောပြလိုက်ပါဦးဗျာ' ဟု ဆိုလိုက် သဖြင့် ကိုရကောက် က အောက်ပါအတိုင်း ပြောပြပါတော့သည်။

*

ကိုရကောက် ဟု ဆိုလျှင် ကြည့်မြင်တိုင် လေဟာပြင်ဈေးကြီး၊ စိန်ဂွန်ဈေး၊ ဗိုလ်ချုပ်ဈေးသစ်မှ ရွှေတောင်ဥက္ကလာပ ဆယ်ရပ်ကွက်ဈေးအထိ မသိသူဟူ၍ မရှိပြီ။

သူ့ ဖောက် သည် တွေကား ရေဒီယို ကက်ဆက်၊ လက်ပတ်နာရီကအစ နိုင်ငံခြား ပစ္စည်းများ အရောင်း အဝယ်သမားတွေ။ သူက ဈေးဆိုင် ရယ်လို့ အတည်တကျဖွင့်မထားပဲ သူနေသည့်အိမ် တိုက်ခန်းရှေ့ မျက်နှာစာမှတော့ ရှိုးကေ့စ်တစ်ခု ထောင်ကာ ယင်း ပစ္စည်းများ ထည့်ပြထား၏။ ဆိုင်အမည်နှင့် ဆိုင်းဘုတ် ဟူ၍ မယ်မယ် ရရ မရှိပဲ 'ဦးရကောက်ရ' ဟူသည့် နာမည်ကို ပလတ်စတစ် ထွင်းထားသည့် ဆိုင်းဘုတ် ရောင်စုံကလေး တစ်ခုတော့ ထရံမှာ ချိတ်ကပ်ထားပေသည်။

သူ့ အိမ်မှာ လာ ဝယ်လျှင် ရောင်းသလို သူကလည်း တစ်ခြားသို့သွား၍ဝယ်သည်။ မှောင်ခိုသွင်းလာ သည့် ယင်း ပစ္စည်းများကို ဝယ်ရောင်း လုပ်သလို ကြားပွဲစားလည်း လုပ်သည့်အခါ လုပ်သေး၏။ သည်ခေတ်မှာ ပွဲစားဆိုတာက လူတိုင်း ခရီးသွား ဟန်လွှဲဆိုသလို လုပ်လို့ ရနေသည့်အလုပ်ဖြစ်သည်။ သွားယင်း လာယင်း ဟိုမော်တော်ကားရောင်းမယ်တဲ့၊ သည်

အိမ် ငှားမယ်တဲ့ကအစ သတင်း ရလျှင်ရသလို ကြားတာ လုပ်ပေးလို့ဖြစ်၏။

သည်လိုအလုပ်ငုံလုပ်နေသည့် ကြားမှပင်၊ ကိုရကောက်က ရသမျှအကုန်ကောက်သည့် အထဲမှာ အလစ် သမားတို့ ထံမှ ပစ္စည်းလေး မျာ း လည်း အ ခါ အား လျော်စွာ ဆိုသလို ပါတတ်ပြန်လေသည်။

သည်လို ပစ္စည်းမျိုး (ဝါ) ခိုး ရာ ပါ ပစ္စည်း မျိုး က လည်း ဝယ်ရလျှင် အောက်ဈေး ဖြစ်၍ လုံးလုံးခဲခဲမြတ်သည်။ ဥပမာ— *တစ်ထောင်တန် ပစ္စည်းကို သူခိုး* သူဝှက်က လာရောင်းလျှင် သုံးလေးရာနှင့် ရောင်းသွား တတ်ကြ၏။ သူတို့မှာ ခိုးရာပါပစ္စည်းကို ကြာကြာထား၍မဖြစ်။ လာဖမ်းလျှင် မိသွားမှာ ကြောက်ရသလို တကယ်မြန်မြန် ငွေပေါ်ဖို့ကလည်း အဓိက။ သည့်ထက် သူတို့ထံမှ သည် ပစ္စည်း မျိုးကို တိုက်ရိုက် မည်သူ့ ကိုမှလည်း ထုတ်ရောင်း၍မဖြစ်။

ထို့ကြောင့် သူခိုး သူဝှက်၊ ဖောက်ထွင်း သမား၊ ခါးပိုက်နှိုက် စသူဒုစရိုက်သမားများမှာ သူခိုးလက်ခံ ရွှေဆိုင်မျိုး၊ တချို့ သူခိုးလက်ခံ ကက်ဆက်မျိုး၊ နာရီဆိုင်မျိုးကို ရှာဖွေ၍ပေါင်းသင်းထားရ လေသည်။ ထိုဆိုင်မျိုးတွေမှာလည်း တချို့ သောပန်း တိမ် ဖို တွေပင် ပါ တတ်သေး၏။

နာရီလို ပစ္စည်းမျိုးက လက်ဆင့် ပြောင်းရ ဖျောက်ဖျက်ရတာလွယ်သလို ရောင်းရ တာလည်းလွယ်သည်။ နာရီမှာ ကပ်ပြုထားသည့် ထူးခြားစွာ မှတ်မိမည့် အမှတ်အသား တစ်ခုခုကို ဖြုတ်လိုက်ပြီးလျှင်ပြီး၏။

ကက်ဆက်လိုဟာမျိုးကလည်း ကိုယ်ထည်မှာ နံပါတ်ရိုက်ထားတာ ပါပေမယ့် မည်သူကမျှ နံပါတ် ကို စစ် ဆေး နေ မည်မဟုတ်။ ဝယ်သွားပြီး အိမ်ထဲမှာ ဖွင့်ကြတာ မျာ း၏။ (မျာ း သောအားဖြင့် တောနယ် များသို့တဆင့် အဆက် အသွယ်နှင့် ပေးပို့ ရောင်းချကြလေ့ ရှိပေသည်။)

ရွှေထည်ပစ္စည်း...

သူတို့လက်ခံလေ့ရှိသည်မှာ ရွှေဆိုင်တိုင်းမဟုတ်ချေ။ ရွှေဆိုင်နှင့် နောက်ကွယ်မှာ တွဲလျက်

အလုပ်ရှိသော ပန်းတိမ်ဖိုရှိသည့် ရွှေဆိုင် တချို့သာ ဖြစ်လေသည်။ ရွှေထည်ပစ္စည်းက အားလုံးထဲမှာ ဖျောက်ဖျက်ရတာ အလွယ်ဆုံး။

လူဆိုးဆီက လာရောင်းတဲ့ ရွှေထည်ကို ဥပမာ– တစ်ကျပ်သား ငါးထောင်ဈေး ပေါက်သည့် အချိန်မှာ နှစ်ထောင်လောက်နှင့် ဝယ်ထားလိုက်။ ချက်ချင်းကျောက်,စိန်စသည်တို့ ထုတ်၍ ရွှေချည်းအရည်ကျို ပစ်လိုက်သည်တွင် အထည်ပုံပျက်ပြီး မမှတ်မိနိုင်တော့ချေ။ ထို့*ကြောင့် ခိုးသည့် ပစ္စည်းမျိုး* ဖြစ်ပါစေ ခိုးရာပါ ပစ္စည်း ဆိုလျှင် ပြန်၍ရှာရသည်မှာ မလွယ်လှသော်လည်း ရွှေကဲ့သို့သော အထည် ပစ္စည်းကား အချိန်မီ မလိုက်မိ၊ မအုပ်မိလျှင် ပျောက်ပျက်ပြီသာ မှတ်ပေရော့...။

နောက်တစ်ခု ကြုံလို့ ပြောချင်ပါသေးသည်။

မော်တော်ကားကဲ့သို့ ကိုယ်ထည် ထုထည်ကြီးမားလှသော ပစ္စည်းကြီးမျိုးပျောက်သွားလျှင် ရုတ်တရက် ဖျောက်ဖျက်ပစ်ဖို့ မလွယ်ဟု ထင်စရာ ရှိပါသည်။ မထင်ပါနှင့်။ ရှင်းပါရစေဦး။

တစ်ခါက မြေနီကုန်း ကြက်တန်း ကားပစ္စည်း ဈေးတန်း အတွင်းမှာ ဂျစ်ကားတစ်စီးရပ်ထားရင်း အခိုးခံရ၍ ပျောက်ဆုံးသွား၏။ ဆိုင်ရာသို့တိုင်တန်းပြီး နေ့ချင်း ပိုက်စိပ်တိုက်ရှာဖွေကြရာ ထိုနေရာနှင့် မနီးမဝေးမှာပင် ပျောက်ဆုံးသွားသော ကားကို ပြန်၍ တွေ့ကြသည်။ စတင်ပျောက်ဆုံးချိန်မှာ နံနက် (၈)နာရီ၊ ကားကိုပြန်တွေ့သည့် အချိန်မှာ ညနေ(၄)နာရီ။ စုစုပေါင်း (၈)နာရီ အတွင်းဝယ် *ဂျစ်ကားသည်* အောက်ခံသံဘောင်နှင့် ဘီးခွေလေးခုသာ ကျန်တော့၏။ စက်ကလီဇာများနှင့် အဖိုးတန်ပစ္စည်းများ မရှိတော့ပြီ၊ မည်မျှလက်မြန်ကြပါသနည်း။

ဒါတောင်မှ ဖမ်းတာ အုပ်မိပေလို့၊ သို့မဟုတ်လျှင် ဂျစ်ကား၏ အောက်ခံသံဖရိန်မှာ နံပါတ်ပြောင်းရိုက်၊ ဆေးပြင်သုတ်ပြီး ဘဝတစ်ပါးပြောင်းသွားပြီးဖြစ်ရော့မည်။ ပစ္စည်းတွေ့ရှိမှု တစ်စစီဖြုတ်ပြီးသား ပြန်ရောင်းလို့ရ၏။ ငါးသောင်း ခြောက်

အိမ်ငှားနေတယ်တဲ့ကအစ သတင်း ရှာရသလို ကြားတာ လုပ်ပေးလို့ဖြစ်၏။

သည်လိုအလုပ်ငုံလုပ်နေသည့် ကြားမှပင်၊ ကိုရကောက်က ရသမျှအကုန်ကောက်သည့် အထဲမှာ အလစ် သမားတို့ ထံမှ ပစ္စည်းလေး များ လည်း အ ခါ အား လျော်စွာ ဆိုသလို ပါတတ်ပြန်လေသည်။

သည်လို ပစ္စည်းမျိုး (ဝါ) ခိုး ရာ ပါ ပစ္စည်း မျိုး က လည်း ဝယ်ရလျှင် အောက်ဈေး ဖြစ်၍ လုံးလုံးခဲခဲမြတ်သည်။ ဥပမာ—တစ်ထောင်တန် ပစ္စည်းကို သူခိုးသူဝှက်က လာရောင်းလျှင် သုံးလေးရာနှင့် ရောင်းသွား တတ်ကြ၏။ သူတို့မှာ ခိုးရာပါပစ္စည်းကို ကြာကြာထား၍မဖြစ်။ ဖမ်းလျှင် မိသွားမှာ ကြောက်ရသလို တကယ်မြန်မြန် ငွေပေါ်ဖို့ကလည်း အဓိက။ သည့်ထက် သူတို့ထံမှ သည် ပစ္စည်း မျိုးကို တိုက်ရိုက် မည်သူ့ ကိုမှလည်း ထုတ်ရောင်း၍မဖြစ်။

ထို့ကြောင့် သူခိုး သူဝှက်၊ ဖောက်ထွင်း သမား၊ ခါးပိုက်နှိုက် စသူဒုစရိုက်သမားများမှာ သူခိုးလက်ခံ ရွှေဆိုင်မျိုး၊ တချို့ သူခိုးလက်ခံ ကက်ဆက်မျိုး။ နာရီဆိုင်မျိုးကို ရှာဖွေ၍ပေါင်းသင်းထားရ လေသည်။ ထိုဆိုင်မျိုးတွေမှာလည်း တချို့သော ပန်းတိမ် ဖို တွေပင် ပါ တတ်သေး၏။

နာရီလို ပစ္စည်းမျိုးက လက်ဆင့် ပြောင်းရ ဖျောက်ဖျက်ရ တာလွယ်သလို ရောင်းရ တာ လည်းလွယ်သည်။ နာရီမှာ ကပ်ပြုထားသည့် ထူးခြားစွာ မှတ်မိမည့် အမှတ်အသား တစ်ခုခုကို ဖြုတ်လိုက်ပြီးလျှင်ပြီး၏။

ကက်ဆက်လိုဟာမျိုးကလည်း ကိုယ်ထည်မှာ နံပါတ်ရိုက်ထားတာ ပါပေမယ့် မည်သူကမျှ နံပါတ် ကို စစ် ဆေး နေ မည် မဟုတ်။ ဝယ်သွားပြီး အိမ်ထဲမှာ ဖွင့်ကြတာ များ၏။ (များသောအားဖြင့် တောနယ် များသို့တဆင့် အဆက် အသွယ်နှင့် ပေးပို့ ရောင်းချကြလေ့ ရှိပေသည်။)

ရွှေထည်ပစ္စည်း.....

သူတို့လက်ခံလေ့ရှိသည်မှာ ရွှေဆိုင်တိုင်းမဟုတ်ချေ။ ရွှေဆိုင်နှင့် နောက်ကွယ်မှာ တွဲလျက်

အလုပ်ရှိသော ပန်းတိမ်ဖိုရှိသည့်
ရွှေဆိုင် တချို့သာ ဖြစ်လေ
သည်။ ရွှေထည် ပစ္စည်းက အား
လုံးထဲမှာ ဖျောက်ဖျက် ရတာ
အလွယ်ဆုံး။

လူဆိုးဆီက လာရောင်းတဲ့
ရွှေထည်ကို ဥပမာ- တစ်ကျပ်
သား ငါးထောင်ဈေး ပေါက်
သည့် အချိန်မှာ နှစ် ထောင်
လောက်နှင့် ဝယ် ထား လိုက်။
ချက်ချင်းကျောက်,စိန်စသည်တို့
ထုတ်၍ ရွှေချည်းအရည်ကျို ပစ်
လိုက်သည်တွင် အထည်ပုံပျက်ပြီး
မမှတ်မိ နိုင် တော့ ချေ။ ထို့
ကြောင့် မည်သည့် ပစ္စည်းမျိုး
ဖြစ်ပါစေ ခိုးရာပါ ပစ္စည်း ဆို
လျှင် ပြန်၍ရှာရသည်မှာ မလွယ်
လှသော်လည်း ရွှေကဲ့ သို့သော
အထည် ပစ္စည်းကား အချိန်မီ
မလိုက်မိ၊ မအုပ်မိလျှင် ပျောက်
ပျက်ပြီသာ မှတ်ပေရော့...။

နောက်တစ်ခု ကြုံလို့ ပြော
ချင်ပါသေးသည်။

မော်တော်ကားကဲ့သို့ ကိုယ်
ထည် ထုထည်ကြီးမားလှသော
ပစ္စည်းကြီးမျိုးပျောက်သွားလျှင်
ချက်ချင်းရက်... ဖျောက်ဖျက်ပစ်ဖို့
မလွယ်ဟု ထင်စရာ ရှိပါသည်။

မထင်ပါနှင့်။ ရှင်းပါရစေဦး။

တစ်ခါက မြေနီကုန်း ကြက်
တန်း ကားပစ္စည်း ဈေးတန်း
အတွင်းမှာ ဂျစ်ကားတစ်စီးရပ်
ထားရင်း အခိုးခံရ၍ ပျောက်
ဆုံးသွား၏။ ဆိုင်ရာသို့တိုင်တန်း
ပြီး နေ့ချင်း ပိုက်စိပ်တိုက်ရှာဖွေ
ကြရာ ထိုနေရာနှင့် မနီးမဝေး
မှာပင် ပျောက်ဆုံးသွားသော
ကားကို ပြန်၍ တွေ့ကြသည်။
စတင်ပျောက်ဆုံးချိန်မှာ နံနက်
(၈)နာရီ၊ ကားကိုပြန်တွေ့သည့်
အချိန်မှာ ညနေ(၄)နာရီ။ စုစု
ပေါင်း (၈)နာရီ အတွင်းဝယ်
ဂျစ် ကား သည် အောက် ခံ
သံဘောင်နှင့် ဘီးခွေလေးခုသာ
ကျန်တော့၏။ စက်ကလီဇာများ
နှင့် အဖိုးတန်ပစ္စည်းများ မရှိ
တော့ပြီ၊ မည်မျှ လက်မြန်ကြပါ
သနည်း။

ဒါတောင်မှ ဖမ်းတာ အုပ်မိ
ပေလို့၊ သို့မဟုတ်လျှင် ဂျစ်ကား
၏ အောက်ခံသံဖရိန်မှာ နံပါတ်
ပြောင်းရိုက်၊ ဆေးပြင်သုတ်ပြီး
ဘဝတစ်ပါးပြောင်းသွားပြီးဖြစ်
ရော့မည်။ ပစ္စည်းတွေ့မှု တစ်
စစီဖြုတ်ပြီးသား ပြန်ရောင်းလို့
ရ၏။ ငါးသောင်း ခြောက်

ဆောင်အနှံ့ ချစ်အားတစ်ဦး၊ အသားဘာရှုရှုဆော ခိုးသွား အညွှန့် အားသူခိုးနှင့် ဝိုင်းဖျက် ပေးသည့် သူခိုးမက္ကင်းနစ်တို့ကို ငွေတစ်သောင်းလောက် ပေးရ တာများ သူခိုးလက်ခံသူ အဖို့ လက်ဖက်ရည်ဖိုးလောက်ပဲရှိမည် ထင်ပါ။

ဒါကြောင့် သူခိုးသက်ခံ၊ ခိုးရာပါပစ္စည်းလက်ခံပြီး ပြန်၍ ရောင်းဝယ်သူက အစားသာ ဆုံးပါ။ ရိုးသားစွာ လုပ်စား သည့် ကုန်သည် ဈေးသည်များ ကဲ့သို့ ထိုက်ထိုက်တန်တန် ငွေ ရင်းငွေနှီးအပြည့်အစုံ ထုတ်စရာ မလိုပါ။

ယခု ကိုရကောက် လည်း ဤနည်းနှင်နှင်ပင်၊ ပထမတော့ ဆိုကိုနာရီ အကောင်းစားလေး တစ်လုံးနှစ်လုံးက စပြီးလုပ်ကြည့် ရာက နောက်တော့ ကက်ဆက် အဆင့်ရောက်လာ၏။ နာရီ ဆို တာက အသေအကြေမြတ်ပါမှ တစ်လုံး သုံးလေးရာပေါ့။ အဲ ကက်ဆက်ကတော့ အကောင် ကြီးသလို ဈေးလည်းကြီးသည်။ ခိုးရာပါတစ်လုံးပြန်ရောင်းလိုက် တိုင်း ကိုယ့်အတွက် သုံးလေး ထောင် မြိုးမြိုးမြက်မြက် ရပေ့ သည်။

သည်လိုနှင့် ကိုရကောက် စီးပွားဖြစ်လာ၏။ လက်ရဲဇက်ရဲ ရှိ၍လာလေသည်။ တစ်နေ့မှာ သူ့ထံသို့ တစ်ခါနှစ်ခါလောက် ပစ္စည်းလာသွင်းဖူးသူ ဖိုးမှိန်နှင့် ဆက်မိကြတော့၏။

ဖိုးမှိန်ကား အသက်နှစ်ဆယ် ကျော်လူငယ်ဖြစ်သည်။ ကျောင်း ပညာ လေးတန်းနှင့် ထွက်ပြီး ဟိုယောင်ယောင် သည်ယောင် လုပ်ရာက မိဘလုပ်စာထိုင်စား ပြီး အရွယ်ရောက်လာ၍ သုံးချင် စားချင်တော့လက်ယားလာ၏။ မိဘကလည်း သားသမီး ကိုး ယောက်နှင့် တိုးလို့တွဲလဲတွေနှင့် မို့ ထမင်းသာ ဝအောင် ကျွေး နိုင်မည်။ ဝတ်ကောင်းစားလှ မဆင်နိုင်။

ဖိုးမှန်ကအချိန်တန်လာတော့ သူများ လူငယ် ကချေသာတွေ နည်းတူ လက်ဖက်ရည်ဆိုင်ထိုင် ပြီး ကက်ဆက် နားထောင်ရင်း ဒူးယားခဲချင်လာ၏။ စပို့ရှပ် ဝတ်ပြီးဝက်ဝံလုံချည် ခြေမျက်စိ ဖုံးနှင့် လမ်းသလားချင်လာ၏။

သိည်မတော့ ငွေ လို ၏။ ငွေရ အောင် ဘယ် လို ရှာရမှါမ လဲ။

လက် ကြော မတောင်းချင်။ ကိုယ်မှုလုပ်မှုဖြင့်လုပ်၍ ငွေရှာ ရအောင်ကလည်း ဘာပညာမှ မသင်ထား။ ညည်တော့လွယ်ပါ သည်။ ခိုးရုံဝှက်ရုံပေါ့။ ပထမ တော့ အိမ် ခန်း နီး ချင်း ၏ အဝတ် အထည်ကို စပြီးခိုး၏။ မမိ။ မပေါ်တော့ လက်ရဲလာ သည်။ နောက်တော့ အပေါင်း အဖော်တွေ့ပြီး သူ့ကို သင် ပေးသည့်ဆရာကြောင့်ရပ်ကွက် ထဲကဘုရားအလှူခံဗူး ဖောက် လာသည်။ ဘာမှမဖြစ်။

နောက်ဆုံးတစ်ရပ်တည်းက တစ်လမ်းတည်းနေသည့် အိမ်ကို သူ့အဖော်နှင့် ဝင်ဖောက်ထွင်း ကြသည်။ သူက လမ်းပြ၍ သူ့ အဖော်ကဖောက်ထွင်း၏။

ကက်ဆက်အကြီးတစ်လုံးနှင့် ငွေ အနည်းငယ် ရခဲ့ကြသည်။ ငွေကိုတော့ ဝေမျှသုံးပစ်ကြပြီး ကက်ဆက်ကို တစ်ခါ နှစ်ခါ ပစ္စည်းရောင်းဖူးသူလက်ခံဖူးသူ ဖြစ်သူကိုရကောက်ထံ လာသွင်း လေသည်။

ကက်ဆက်ကခြောက်ထောင် ငါးရာကျော် တန်သည်။ ကိုရ ကောက်က နှစ်ထောင်ပဲပေး၏။ ဖိုးမှိန်တို့ နှစ်ယောက်အဖို့ ငွေ နှစ်ထောင် ဆိုတာ နည်းတာ မှတ်လို့။ အရောင်းအဝယ် ဖြစ် သွား၏။ ဖိုးမှိန်နှင့် အဖော် ငွေ တစ်ထောင်စီ ခွဲဝေယူကာ သုံး စား ပစ် လိုက် ကြ သည်။ ကိုရ ကောက်ကတော့ ကက်ဆက်ကို ပွတ်သပ်ပြီး ငါးထောင်နှင့် ပြန် ရောင်းရာ သုံးထောင်မြတ်လေ သည်။

ခါတိုင်း ကိုရကောက်ထံ သို့လာ၍ရောင်းကြသည့် အလစ် သမားများမှာ လုပ်သက်ရင့်ပြီး သူတွေ၊ ခါးပိုက်နှိုက်၊ ဖောက် ထွင်းသမား၊ နှင်ကြီးသမားတွေ မို့ အကယ်၍ မိသွားပြီ ဆိုလျှင် လည်း ပစ္စည်းကိုစွကြည့်ရှင်းကြ သည်။ သူတို့က ကိုရကောက် အား လက်ညှိုး မထိုးမပြကြ။ အတယ်ကြောင့် ဆိုသော် သူတို့ သည်ဤအလုပ်ဖြင့်သာ အသက် မွေးနေကြသူများ ဖြစ်ကြလေရာ နောက်တစ်ခါ ထောင်ကလွတ် ၍ ထပ်ပြီးခိုးသည့်အခါရရှိလာ သည့် ပစ္စည်း ထုခွဲရာ၌ ကိုရ

ကောက်ကလက်မခံမှာ စိုး၍ဖြစ်၏။

ယခု ဖိုးမှိန်ကတော့ သည်လိုမဟုတ်။

သည် ကောင် လေးက လူသစ်။ သည်အလုပ်မျိုး ခုမှ စ၍လုပ်သဖြင့် ပစ္စည်းသေးသေးကို လမ်းဘေး ပလက်ဖောင်းပေါ်လောက်မှာ ထုခွဲခဲ့သော်လည်း ကက်ဆက်လို ကြီးကြီးမားမား တန်ဖိုးကြီးတာကို တစ်ခါမှမရဖူး။ ခုမှသာတစ်ခါပဲရဖူးသေး၏။ ထို့ကြောင့် ကိုရကောက်တစ်ယောက်ထံမှာသာ သူသည် ၎င်းပစ္စည်းမျိုးကို ခုတစ်ကြိမ်သာ ထုခွဲဖူးသေးခြင်း ဖြစ်လေသည်။

အရိုး တွန်သည် လို့ပဲ ခေါ်မလား။ ရာဇဝတ်ဘေး ပြေးမလွတ်ဟုပဲ ဆိုရမည်လော မသိ။ တစ်ညသော သန်းခေါင်ယံမှာ ဖိုးမှိန်တို့ အချိန်မတော် မှောင်ရိပ် တစ်နေရာ၌ အမျိုးသမီးတစ်ဦးနှင့် ရှိနေစဉ် ရဲတပ်ဖွဲ့ ကင်းပုန်းနှင့် ကျွားသစ်အဖွဲ့က ဖမ်းလာသည်။ အလုပ်အကိုင် အခြေအနေ စစ်ပြီးရှာဖွေလိုက်တော့ သူ့ အိတ်ထဲမှာ ငွေတစ်ထောင်ကျော် တွေ့ရ၏။

ပျော်ပါးသည့် အမျိုးသမီး သီးခြားထားပြီး ဖိုးမှိန်ကို ဖိဖိစီးစီး စစ်ဆေးလိုက်တော့ သူ့ထံမှ လွယ်အိတ် တစ်လုံး ပါ၍ တစ်နေရာ၌ ဝှက်ထားခဲ့သည်ကို အမျိုးသမီးက အစစ်ခံလေသည်။ ရဲက နေရာပြခိုင်း၍ ရှာတော့ တွေ့၏။ လွယ်အိတ်ထဲမှာဖောက်ထွင်းပစ္စည်း ကိရိယာ တန်ဆာပလာများ။

သည်မှ ဆက်၍ စစ်ဆေးရာ ကက်ဆက် ဖောက်ထွင်းမှုပေါ်လာလေတော့သည်။ ရဲစခန်း၌လည်းကက်ဆက် ဖောက်ထွင်းခိုးခံရသည့်အမှုတိုင်ချက်ဖွင့်ထားပြီး ဖြစ်လေတော့ ပိုင်ရှင် အိမ်ရှင်ကို ခေါ်ရ၏။ ဖိုးမှိန်နှင့် တွေ့ပေးတော့အိမ်ရှင်လည်းအံ့အားသင့်သွားရတော့၏။

ဖိုးမှိန်က တောင်း ပန် ပြီး ကက်ဆက်ရောင်း ထား သည့် ကိုရကောက်ဘက်သို့ လက်ညှိုးညွှန်လိုက်ရာ ရဲက ကိုရကောက်ကို ဦးတည်လိုက်လေသည်။

+

'အဲသည်တော့ ကိုရကောက်က ဘယ်လို ပြော လိုက်သလဲ'

သူ့ ဇာတ်ကြောင်း ပြန်ဆုံး တော့မှ မေးရခြင်းဖြစ်၏။

'ကျွန်တော်က ခိုးရာပါ ပစ္စည်းမှန်း မသိလို့ ဝယ်မိပါတယ်။ ပြန်လျော်ပေးပါ့မယ်လို့ ပြောမိတယ်၊ သည်တော့ ပိုင်ရှင်က သဘောတူတယ်၊ လျော်ကြေးကတော့ ကျွန်တော် ဝယ်ဈေးနှစ်ထောင် ရောင်းဈေးငါးထောင်ပေးမယ်၊ အသားလွတ် အဆုံးမခံနိုင်လို့ ဝယ်ဈေး နှစ်ထောင်ပဲ လျော်မယ် ဆိုတော့ ဈေးဆစ်ကြရင်း နောက်တော့ သုံးထောင်နဲ့ အပေးအယူတည့်သွားပါတယ်'

'လျော်ပေးပြီးပြီလား'

'မလျော်ရသေးဘူး ဆရာ၊ လျော်ပေးပါ့မယ်လို့စာနဲ့ ကတိပြု ရေးပေးရတယ်၊ သက်သေလူကြီးတွေလဲ ပါပါတယ်၊ အဲဒါနောက်တော့မှ ကျွန်တော် မိန်းမကလာ နှစ်ထောင်ပဲ လျော်နိုင်မယ်ဆိုပြီး တရားရုံးကျမှ စကားပြောကြတာပေါ့လို့ ကက်ဆက်ပိုင်ရှင်ကို ပြောပြလိုက်လို့ သူတို့ဘက်က ရှေ့နေငှားတာနဲ့ အခုဆရာ့ဆီ လာတာပါပဲဗျာ' ဟု အဆုံးသတ်လိုက်၏။

'အင်း ခင်ဗျားက ပထမ တည်းက ကက်ဆက်ကို ဖိုးမှိန်ထံက ဝယ်မိပါတယ်၊ လျော်ပေးပါ့မယ်ဆိုတဲ့ ကတိစာချုပ်တာ ခင်ဗျားလည်းပင်၊ ခင်ဗျားကြိုးကွင်း တပ်တာပဲဗျို့၊ ရုံးကျမှ ငြင်းယင်လဲ ငြင်းတာ ပဲ ရှိတယ်'

'သည်လိုပါ ဆရာ၊ ဖိုးမှိန် အမေက လာပြောတယ်၊ သူ့သားအမှုမှာ ကက်ဆက်ကသက်သေခံ ပစ္စည်းဖြစ်လို့ ကက်ဆက်ကိစ္စကို ဖျောက်ထားလိုက်နိုင်ယင် အမှုက လွတ်မယ်တဲ့၊ ဒါကြောင့် ကက်ဆက် မဝယ်ရကြောင်း၊ လက်မခံရကြောင်း ပြန်ငြင်းဖို့ လာပြောတယ်၊ အဲဒါဆိုယင် သက်သေခံ ပစ္စည်း မပါတော့ဘူးတဲ့ ဆရာ'

'သည်မယ် ကိုရထောက်၊ ကက်ဆက်အလုံး လိုက် ပုံစံမပျက်ပဲ ပြန်ရလို့ တရားရုံးကို သက်သေခံပစ္စည်း တင်တာထက် ဖိုးမှိန်ရဲ့ ဖောက်ထွင်းမှုက ဖောက်ထွင်းမှု သက်သက်ပဲ၊ ကက်ဆက် မတင်ပြနိုင်လို့ အမှု ပေါ့သွားတယ် မထင်နဲ့နော်၊ ဖောက်ထွင်းတာကသပ်သပ်၊ ပစ္စည်းယူတာ

ကသည်ပ်သည်ပ်၊ ဒါနဲ့ ဖိုးမှိန်က တရားရုံးမှာ အစစ်ခံတော့ဘာယ် လိုထွက်ဆိုသလဲ’

သည်တွင် မောင်အေးမြင့်က ဝင်ပြောသည်။

‘ဖိုးမှိန်က တရားသူကြီးရှေ့မှာ ဖြောင့်ချက် ပေးပြီးပြီဆရာ’

‘ဟာ အဲဒါဆို မခင်ဗျားရဲ့ ကက်ဆက်က သပ်သပ်ဖိုးမှိန်ရဲ့ ဖောက်ထွင်းမှုကဖြောင့်ချက်တစ်ခုတည်းနဲ့ အဲဒါကိုး အထောက်အကူပြုတဲ့ သက်သေခံချက် မပါဘဲ အပြစ်ပေးလို့ ရနိုင်တယ်’

ဟု ပြောရာ တရားရုံးများသို့ လိုက်၍ နေသဖြင့် ဗဟုသုတရှိသော မောင်အေးမြင့်က ဝင်ပြောပြန်၏။

‘မှန်တယ်ဆရာ ဖိုးမှိန်နဲ့အတူ ပါလာတဲ့ ‘မရမ်းသီး’ ဆိုတဲ့ ကုလားကဖော်ကောင်လုပ်ထားပြီးပြီ၊ အဲဒါ ကိုရကောက်ကို ကျွန်တော်လဲ ပြောပြပါတယ်၊ သူက ဆရာနဲ့တွေ့မှ ပိုရှင်းမယ်ဆိုလို့ ခေါ်လာတာပါ’

သည်တော့မှ ကိုရကောက်အား ရှင်းပြ ရပြန်၏။

‘သည်မယ် ကိုရကောက်၊ ခင်ဗျားကျွန်တော့်ကို ခင်ဗျားအမှု အတွက် ငှား ယင်လဲ ကျွန်တော်ကတော့ ပိုက်ဆံ ရမှာပဲ၊ တစ်ခုတော့ရှိ တာ ပေါ့ဗျာ၊ တရားရုံးမှာ ခင်ဗျား ကက်ဆက် ဝယ်မိပါတယ်ဆိုတာ ထင်ရှားယင် ခင်ဗျားလဲ ခိုးရာပါ ပစ္စည်း လက်ခံမှုနဲ့ ခံရလိမ့်မယ်။ သည်တော့ ခင်ဗျားနည်း ခင်ဗျားဟာန်နဲ့ပဲ ကက်ဆက်ပိုင်ရှင်ကို ကြေအေးအောင် လုပ် ပေ တော့.... အမှုမှာ ခင်ဗျား သက် သေ သဘောမျိုးနဲ့ပဲ ပါအောင်လုပ်’

‘ဒါဖြင့် ဖိုးမှိန် အမှုကရော ဆရာ’

‘မဆိုင် ဘူး လေ ဗျာ၊ ကက်ဆက် မတင်ပြနိုင်ပေမယ့် ဖိုးမှိန် ဖောက်ထွင်းမှုက တစ်ခြားပဲ၊ ကဲ ဥပမာဗျာ ဓားနဲ့ခုတ်တဲ့အမှုဆိုပါတော့ ခုတ်တဲ့တရားခံက ခုတ်တဲ့ ဓားကို မြစ်ထဲ လွှင့်ပစ်လိုက်လို့ သက်သေခံဓား မတင်ပြနိုင်တာနဲ့ပဲ ဓားခုတ်မှုတရားခံလွတ်သတဲ့လား၊ ခုတ်တဲ့အကြောင်းခြင်းရာ ပေါ်လွင်ဖို့ အရေးကြီးတယ်’

‘နားလည်ပါပြီဆရာ’

‘သည် တော့ ခင် ဗျား ကက်ဆက်ပိုင်ရှင်နဲ့သာ ဦးစားပေးတွေ့ပြီးပြေလည်အောင်လုပ်

ပါ၊ သိပ် လိုမယ်ထင်ရင်တော့ ကျွန်တော် လိုက်ပေး မယ်'ဟု ပြောလိုက်ရ၏။ ကိုရကောက်လည်း သဘောပေါက်ပြီး ကျေးဇူးတင်စကား ပြောဆိုကာ လူချင်းခွဲလိုက်ကြတော့သည်။

(၂)

တစ်လလောက် ကြာသွားခဲ့၏။

တစ်နေ့မှာ မောင်အေးမြင့်က ရုံးသို့ ရောက်လျှင် ရောက်ချင်း သူ့ဒိုင်ယာရီကိုဖွင့်၍ နေ့ရက်အဟောင်းများကို ပြန်လှန်ရှာရာက–

'ဆရာ ကျွန်တော်ခေါ်လာတဲ့ ကိုရကောက် မှတ်မိလား' ဟု မေး၏။

'ဟာ ဘာကြောင့် မမှတ်မိရမှာလဲ၊ ကတ် ဆက် သမားမဟုတ်လား'ဟု ပြန်၍ပြောရ၏။ မောင်အေးမြင့်က ဒိုင်ယာရီ စာအုပ်ကို ဖွင့်ပြပြီး–

'အဲသည်တုန်းက သူ ကက်ဆက်ကိစ္စပြေလည်သွားလို့ အမှုထဲမှာ မပါပဲ လွတ်သွားတယ်ဆရာ၊ ရောင်းတဲ့ ဖောက်ထွင်းဖိုးမှိန်ကတော့ ထောင်ဘစ်နှစ်ခဲ့ကျသွားတယ်'

'အေးပေါ့လေ ဖောက်ထွင်းတာက သပ်သပ်ပဲလို့ ပြောပြီးပြီပဲ'

'ဒါ ပေ မယ့် အခု ကိုရကောယ် အချုပ်ထဲ ရောက်နေပြီဆရာ'

'ဟေး ဘယ်သို့ ဖြစ်လို့လဲ'

'သည်တစ်ခါတော့ သူဝယ်လိုက်တဲ့ ခိုးရာပါ ပစ္စည်းက ပုဂ္ဂလိကပိုင် မဟုတ်ပဲ အစိုးရပစ္စည်း ဖြစ်နေတယ်ဆရာ'

'ဘာပစ္စည်းလဲကွယ့်'

'ရုံး တစ်ရုံးက စားပွဲတင်ပန်ကာနဲ့ တိုင်ကပ်နာရီပဲ'

'အင်း သည်လူဟာ ရပ်တန်းကမရပ်ပဲ အတင့်ရဲတာကိုး။ လူသား စားဖူးတဲ့ ကျားဟာ လျှာရည် လည် ပြီး လူသားပဲ ခံတွင်းတွေ့တဲ့ သဘောပေါ့'

'ဟုတ်တယ်ဆရာရဲ့၊ သည်လိုလူ မျိုး က ကောင်း ရောင်းကောင်းဝယ်လုပ်မစားချင်တော့ဘူး၊ ကြာတော့လဲ လုပ် မ စား တတ် တော့ ဘူး ဆို ပါ တော့ဆရာ'

'ဒါ ပေါ့လေ ကွာ အမှန်တော့ ခါးပိုက်နှိုက်တို့၊ သူခိုးတို့၊ ဖောက်ထွင်းသမားတို့ ဆိုတာက သည် ကိုရကောက်တို့လို ပစ္စည်းလက်ခံမယ့် သူရှိလို့ လုပ်နေကြတာပဲ။ များသောအားဖြင့်တော့ အမှုကျရင် သူတို့က လွတ်ကျန်နေ ခဲ့ ကြ တာ များတယ်၊ ဒါကြောင့် ခါးပိုက်နှိုက် သူခိုးတွေကိုနှိမ်သလို သူတို့ကိုလဲနှိမ်ပေးဖို့ လိုပြီကွာ'

'မှန်ပါတယ်ဆရာ၊ အကိုင်းဖျားတွေချည့် ချိုင်နေလို့တော့ ပင်စည်က ပိုကြီးလာမှာပဲ၊ သည်တော့ ပင်စည်ကိုပါ ဖြိုနိုင်မှ သည် ဒုစရိုက်မှုတွေပပျောက်မှာပါ'

'မင်းလဲ သ ဘော ပေါက်သွားပဲကိုး၊ အေးပေါ့ကွာ၊ လက်ခံမိရင်တော့၊ တရားစွဲတာ ခံပေဦးပေါ့၊ မတရားလိုချင်တာကို'

အကျိုးဆောင်တစ်ဦး။



## တရားရုံးများ၏ အဓိကတာဝန်

အပြစ်ရှိသူကိုထိုက်သင့်သော အပြစ်ပေးရန်နှင့် အပြစ်မရှိသူကို ဥပဒေအရ ကာကွယ်ပေးရန်မှာ တရားရုံးများ၏ အဓိကတာ ဝန် ဖြစ် သည်။ ယင်းသို့ အကာအကွယ်ပေးရာတွင် ပြည်သူ့ ဝန်ထမ်းတစ်မျိုး၊ အခြားလုပ်သား ပြည်သူတို့က တဖုံ ကွဲပြား ခြားနားလျက် စဉ်းစားခြင်း မပြုနိုင်။ ညီတူမျှတူ အကျိုးခံစားခွင့် ပေးရမည် ဖြစ်သည်။ ထိုအတိုင်းပင်လည်း တရားရုံးချုပ် အမှူးရှိသည့် တရားရုံးများသည်လိုက်နာကျင့်သုံးလျက်ရှိသည်။

(မောင်ဘိုးခွေးနှင့် မြန်မာနိုင်ငံ၊ ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး)

ထပ်မံစွဲဆိုလိုသော အမှုသစ်
တရားစွဲထားပြီးသော
အကြောင်းအရာတစ်ခုတည်းပေါ်မှ ၁
နောက်တစ်မှု ထပ်စွဲလို့ ရ-မရ။







# မကျေနပ်သူ ○ ဖျာပုံစိုး

(၁)

ကျွန်တော့်ရုံးခန်းထဲသို့ ရောက်လာကြသူများမှာ မိတ်ဆွေများ သာမက သိသူနှင့်ပါလာတတ်သည့် အမှုသည်များနှင့် တစ်ခါတစ်ရံ မှ မတွေ့မမြင်ခဲ့ဖူးသော လူစိမ်းအမှုသည်များလည်း လာတတ်ကြရာ တစ်နေ့သောအခါတွင် ကျွန်တော်သည် ရန်ကုန်မြို့ (၃၅) လမ်းရှိ သီရိစန္ဒာရုပ်ရှင်ဖြန့်ချိရေး၌ ကိုတင်အေး၊ ကိုရင်မြင့်တို့နှင့် စကား ပြောနေခိုက် ရုံးခန်းမှစာရေးလေးက ဖုန်းဆက်သဖြင့် မိမိရုံးခန်းသို့ ပြန်လာခဲ့ပါသည်။

အခန်းထဲဝင်မိသည်နှင့် ကျွန်တော်၏ စားပွဲရှေ့ ကုလားထိုင်မှာ လူကြီးတစ်ယောက် ထိုင်နေသည်ကို တွေ့မြင်ရပါသည်။ ထိုသူသည် အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးခန့်ရှိပြီး တိုက်ပုံအင်္ကျီ အညိုရင့်ရင့်အရောင် ဝတ်ဆင်ထားပါသည်။

ဒုးယားကိုဖွာရှိုက်ရင်း စောင့်နေရှာသော ထိုသူအားမြင်တွေ့လိုက်သည်နှင့်ပင် မျက်နှာစိမ်းအမှုသည်တစ်ဦးပဲ ဖြစ်ရမည်ဟု ယူဆလိုက်မိပါသည်။

'ရောက်နေတာ အတော်ကြာပြီထင်ပါရဲ့၊ အားနာစရာကောင်းလိုက်တာခင်ဗျာ၊ ကျွန်တော်လဲ ရုပ်ရှင်ဖြန့်ချိရေးမှာ စကားလက်စကလေး မသတ်နိုင်တာနဲ့ ကြာသွားတယ်'

'ကိစ္စမရှိပါဘူး၊ ကျွန်တော်က စောင့်မှဖြစ်မှာမို့ စောင့်ရတာပဲ၊ ကြိုတင်ပြီး ချိန်းချက်ထားတာမှ မဟုတ်တာ'

လုပ်ကိုင်ဆောင်ရွက်စရာမရှိသောကြောင့်၊ စကားပြော အချိန်ဖြုန်းသည်ကို အလုပ်တစ်ခုလုပ်ကိုင်နေသလိုလို ထင်မိထင်ယောင်ဖြစ်စေရန် ကြိုတင်စိတ်မကူးထားသော်လည်း နှုတ်မှနှုတ်ဆက်ရင်း လွှတ်ကနဲ ပြောလိုက်မိပါသည်။

ဧည့်သည်လူကြီးကမူ အထင်သေးဟန်၊ အထင်ကြီးဟန် တစ်စုံတစ်ရာ မပြ၊ သူ့လာရင်းကိစ္စကိုသာ စိတ်ဝင်စားနေပုံရသည်။

ထို့ကြောင့်....

'ကျွန်တော် မောင်မောင်စိုးပါခင်ဗျ၊ ဦးမင်းရဲ့ကိစ္စကိုသာ အမိန့်ရှိပါ'

'အင်း- နာမည်အရတော့ အသက်ကြီးကြီးပဲ ထင်တာ၊ ဦးမောင်မောင်စိုးက လူငယ် တစ်ယောက်ပဲကိုး'

'ဟုတ်ကဲ့- သမားဆိုရင်အိုမှ၊ ရှေ့နေဆိုရင်ပျိုမှ ဆိုတဲ့ စကားရှိတယ် မဟုတ်လားခင်ဗျား'

'ဟာ- ဒီစကားတစ်လုံးနဲ့ပဲ ကြိုက်သွားပြီ။ ကျုပ်လာရင်းကိစ္စကတော့ အမှုတစ်ခုစွဲချင်လို့ တိုင်ပင်ချင်လို့ပါပဲ'

'တိုင်ပင် ဆွေးနွေးတဲ့အတွက်ကော ညာဏ်ပူဇော်ခ ယူပါသလား'

'အမှုပေါ်မှာ မူတည်တာပါပဲခင်ဗျာ့၊ ယူသင့် လွန်းမှသာ ယူတာပါ'

အမှုကိစ္စနှင့် ပတ်သက်ပြီး လာရောက် ဆွေးနွေးကြသော အခါတွင် ဆွေးနွေးခအဖြစ် ရယ်လို့ထားပြီးယူခြင်းမှာ ကျွန်တော်တို့ထက် အဆင့်သာလှသော ဆရာကြီးများသာ ဖြစ်ပါသည်။ ကျွန်တော့်အနေနှင့် ဆွေးနွေးခကို တောင်းယူခဲ့ခြင်း မရှိသေး၊ တချို့သော အလိုက်သိသူများက ပေးသွားမှသာ ရတတ်ပါသည်။

'ဘယ်လိုပေါ်မှ ယူပါသလဲ၊ အဲဒါလေး ပထမသိချင်ပါတယ်'

'ကဲပါဦးရယ်၊ ဦးဟာ–ကျွန်တော့်ညြှဲ့သည် ဖြစ်ပါတယ်၊ မယူပါဘူး၊ ကျွန်တော်နဲ့ ဆွေးနွေးပြီးတော့– ကျွန်တော့်ကိုပဲ ငှားငှား၊ တစ်ခြားသူပဲငှားငှား ကိုယ့်လမ်း ကိုယ်ပဲ လျှောက်လျှောက်၊ ဦးစိတ်ကြိုက်ဆောင်ရွက်ပါ'

'ဒါဖြင့်လဲ ပြောရမှာပေါ့လေ၊ ဦးအနေနဲ့ အမှုထပ်စွဲချင်လို့ပါ'

'ထပ်ပြီး စွဲချင်တယ်ဆိုတော့ ပထမစွဲထားတဲ့ အမှုက ရှိပြီပေါ့'

'ရှိပါတယ်၊ မပြည့်စုံဘူးထင်လို့ ထပ်ပြီး စွဲချင်တာပါ၊ ပထမအမှုက ရုံးရောက်နေပါပြီ'

'ဒီလိုဆိုရင်လဲ အမှုအကြောင်း ပြောပြပါဦးခင်ဗျာ'

'ဩော်– ကျုပ်နာမည်က ဦးသူတော်ပါ၊ ဖြစ်ပုံကဖြင့် ဒီလိုဗျ'

ဦးသူတော်က သူ့အကြောင်း ဆက်လက် ပြောပြပါသည်။

( ၂ )

ဦးသူတော်သည် မြောက်ဥက္ကလာတွင်နေသည်။ မီးရထားဘူတာရုံနှင့် နီးသည့် ပုရွက်ဆိတ်ကုန်း ဘူတာမှ ခြံဝင်းနှင့်

နေသော သူ့အိမ်ကို ခြေလှမ်းငါးရာလောက် လျှောက်လျှင်ပင် ရောက်နိုင်လေသည်။

ဦးသူတော်၏ လုပ်ငန်းမှာ မွေးမြူရေး အစာများရောင်းချခြင်း ဖြစ်ပြီး စီးပွားဖြစ်လှသည်။ ကြက်စာ ငှက်စာအတွက် ကုန်ကြမ်းဖြစ်သော ပုစွန်ခြောက်ဖွဲ့များ၊ ငါးလေးခြောက်များ၊ လူမစားသော ငါးစုံခြောက်များကို ဖျာပုံပင်လယ်နှင့် ဘိုကလေး ပင်လယ်ဘက်သို့ လူနှစ်ယောက်အား လွှတ်ပြီး ကောက်ယူစေခဲ့သည်။

သူ၏ အိမ်သည် ကုန်ကြမ်းလှောင်ရန်နှင့် ကုန်ချောထုတ်သော ကြိတ်စက်ထားနိုင်သည့်တိုင် ကျယ်ဝန်းပါသည်။ ပင်လယ်ထွက်ကုန်ကြမ်း ဖြစ်သော ပုစွန်ဖွဲ့၊ ငါးစုံခြောက်တို့အား အမှုန့်ကြိတ်ပြီးမှ ပြောင်းဖူး၊ ဖွဲနု၊ နှမ်းဖတ်စသော အခြားအမှုန့်များနှင့် စပ်ပြီးရောင်းချလေသည်၊ သူ့ပတ်ဝန်းကျင်မှာငုံးမွေးသူ၊ ကြက်မွေးသူများမှာ ဦးသူတော်ကို အားထားရလေသည်။

ထို့ပြင် သူ၏ မွေးမြူရေးအစာကို ဝယ်သူများထံက ကြက်ဥနှင့် ငုံးဥများကိုလည်း သူက ဝယ်ယူပြန်ရော၊ မွေးမြူရေးသမားများနှင့် ဦးသူတော်သည် လွန်စွာ အဆင်ပြေလှတော့သည်။

သူ၏ ကိုယ်စားလှယ် အဝယ်တော်နှစ်ဦးက ကုန်ကြမ်းများကို မော်တော်တစ်စီးစာရသောအခါ ရန်ကုန်သို့ တင်ဆောင်လာကြသည်။

တစ်နေ့-

ပင်လယ်ကုန်ကြမ်း ငါးခြောက်စုံအိတ်များ သယ်ဆောင်လာသော မော်တော်သည် လမ်းတွင် မှောက်သွားတော့သည်။ ကုန်များဆုံးရှုံးရုံသာမက သူ၏ အဝယ်တော်လည်း သေဆုံးခဲ့ရလေသည်။

ထိုအမှုကို သက်ဆိုင်ရာ မြို့နယ်မှ အရေးယူကာ ရုံးသို့ တရားစွဲတင်ပို့ခဲ့လေသည်။ တရားခံမှာ မော်တော် မောင်းသူ

ဖြစ်လေသည်။ မော်တော်ပေါ်တွင် ရေပက်၊ ကြိုးချည်သမား နှစ်ယောက်လည်း ပါသေးသည်။

ဦးသူတော်မှာ ထိုကိစ္စနှင့် ပတ်သက်ပြီး အတော်လေး ကုန်လိုက်ရသည်၊ ကုန်တွေဆုံးရှုံးရသည်သာမကဘဲ သေဆုံးသွားသော မိမိကိုယ်စားလှယ် အပယ်တော်အတွက်လည်း ကျန်ရစ်သူများအား ငွေကြေးပေးကမ်း ထောက်ပံ့ခဲ့ရလေသည်။

သို့အတွက် ဦးသူတော်မှာ မကျေနပ်မှု ဖြစ်ရလေတော့သည်။

( ၃ )

'ဒါဖြင့်– အမှုကိုတော့ မြို့နယ်တရားရုံးမှာ ပုဒ်မ- ၃၀၄ (က) အရနဲ့ စွဲတင်တာပေါ့နော်'

'ဟုတ်ပါတယ်၊ အဲဒီပုဒ်မနဲ့ပါ၊ အဲဒါကို ကျုပ်စိတ်ထဲမှာ မကျေနပ်နေဘူး၊ ဘာဆက်လုပ်ရမလဲ ဆိုတာပဲ တွေးနေမိတယ်'

'ဦးရဲ့ မကျေနပ်ချက်က ကုန်လဲဆုံး၊ လူလဲသေ၊ ငွေလဲကုန်၊ ပြီးတော့ ကုန်ဆုံးမှု အတွက် မရလို့ဘဲ ထင်ပါရဲ့၊ မော်တော်ရှင် ကော မတွေ့ဘူးလား'

'ဟုတ်ပါတယ်၊ မော်တော်ရှင်က ဦးဘအိုဆိုတဲ့လူပဲ၊ သူ့ အတွက် သူ့သား တင်မောင်စိန်က အားလုံးဦးစီးတယ်၊ ဒီတော့.... ဦးရဲ့ကုန်တွေအတွက် စကားမကြည့်တော့ ဘာမှ လေသံမဟာဘူး လေ၊ သူတို့လဲ မော်တော်မှောက်လို့ အတော်လေးထိခိုက်ပါတယ် ဆိုတာပဲ ပြောနေတာပဲ'

'ဒီတော့.... ဦးက ဘာများဆက်လုပ်ဖို့ ဆန္ဒရှိ နေသလဲ ခင်ဗျာ'

'မော်တော်မောင်းတဲ့ သောင်းဟန်ကိုတော့ တရားစွဲတယ်၊ သူတို့ မပါဘူး၊ ဒီတော့ ဦးကလဲ ဦးဘအိုနဲ့ တင်မောင်စိန်ကိုပါ ပုဒ်မ-၃၀၄(က)နဲ့ ထပ်ပြီး တရားစွဲချင်ပါတယ်'

ဦးသူတော်သည် သူ၏ လုပ်ငန်း၊ သူ၏စီးပွားရေးမှာသာ အကွက်မြင် အမြင်ကျယ်ကောင်းကျယ်မည်ဖြစ်သော်လည်း ဥပဒေရေးရာနှင့်ပတ်သက်၍တော့ ခပ်ရိုးရိုးပဲဖြစ်သည်ကို ရိပ်စားမိလိုက်ပါသည်။

မသိသူအား ထိုက်သင့်သောအချိန်တွင်သိအောင် ရှင်းလင်းပြောပြရပါမူ ဥပဒေကို လေးစားယုံကြည်မှု ရှိလာလိမ့်မည်ဟုလည်း မြင်မိပါသည်။

ဦးသူတော်အနေနှင့် လူနှင့်ပစ္စည်းပါ ဆုံးရှုံးခဲ့ရပြီး၊ ဝရားစွဲဆိုတင်ပို့သောအခါ မော်တော်မောင်းသူ တစ်ဦးတည်းကိုသာ ဘရားခံအဖြစ် စွဲတင်ခဲ့သည်ကို မကျေနပ်တဲ့ ဖြစ်ပေလိမ့်မည်။

'ဦးရဲ့အမှုမှာ တရားခံအဖြစ် တာဝန်ရှိတဲ့ မော်တော်မောင်းသူကို တရားစွဲတင်ထိုက်လို့ တင်ခဲ့ပြီး ဖြစ်ပါတယ်၊ ဒီတော့ ဒီကိစ္စမှာ ပုဒ်မ-၃၀၄ (က) တရားစွဲထားပြီး ခြင်း ဖြစ်သော အကြောင်းအရာတစ်ခုတည်းအပေါ် အမှုသစ် ထပ်မံပြီး မစွဲနိုင်ဘူးခင်ဗျား'

'ဟုတ်လား....ဒီလိုတရားစွဲထားပြီးခြင်းဖြစ်တဲ့ အကြောင်းအရာတစ်ခုတည်းအပေါ်မှာ အမှုသစ်ထပ်ပြီး စွဲခဲ့ဖူးတာမျိုးကော ရှိပါသလား'

'ရှိခဲ့တာပေါ့ ဦးရယ်၊ ဒါကြောင့် ထပ်ပြီးစွဲရင် အလုပ်ပိုနေမှာမို့ ပြောပြရတာပေါ့ခင်ဗျာ'

'အဲဒါ....ထပ်ပြီးသိချင်ပါသေးတယ်'

ဦးသူတော်က ထပ်ပြီးသိချင်သေးသည်၊ကျွန်တော် မှာလည်း အချိန်ရနေသဖြင့် သူ့အား ရှင်းရှင်းလင်းလင်း သိစေလိုသော စေတနာလည်း ရှိနေပါသည်။

ကျွန်တော့်ထံ ရောက်လာသော အမှုသည်တိုင်းအား၊ ကျွန်တော့်ကို ငှားသည် ဖြစ်စေ၊ မငှားသည် ဖြစ်စေ သူတို့သိလိုသော အကြောင်းခြင်းရာကိုတော့သတောပေါက်နားလည်သည်အထိပြောပြလိုသည့် စေတနာမှာ ကျွန်တော့်တွင် ပြည့်ဝစွာရှိနေခဲ့ပါသည်။

'စီရင်ထုံးတစ်ခု ပြောပြပါမယ်၊ လေ့လာစရာပေါ့ခင်ဗျား၊ ဦးပြောသွားတဲ့ ကိစ္စနဲ့တော့ဆိုင်ပါတယ်'

အဲဒီစီရင်ထုံးကတော့(ဦးရန်ကြီးအောင်နှင့် ပြည်ထောင်စု၊ ၁၉၇၄၊ ဗဟိုတရားရုံးပြင်ဆင်မှု အမှတ်-၈၂(ခ) စီရင်ထုံးပါ) **တရားစွဲထားပြီးခြင်းဖြစ်သော အကြောင်းအရာတစ်ခုတည်းအပေါ် အမှုသစ်ထပ်မံမစွဲနိုင်ခြင်း-ပါ။**

တွံတေးမြို့မှရန်ကုန်မြို့သို့ ခုတ်မောင်းလာတဲ့ ရတနာရှင် မော်တော် နစ်မြုပ်သွားသဖြင့် လမ်းမတော်မြို့နယ် သမဝါယမအသင်းပိုင် ဆန်အိတ် (၂၈၀) ဆုံးရှုံးပြီးတော့ ဆန်အဝယ်တော် ဦးစိန်ကိုး ရေနစ်သေဆုံးခဲ့သည်။ မော်တော်တက်မကိုင် မောင်လှဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၄(က)အရ ဆိုင်ရာမှ တရားစွဲဆိုသည်။

ထိုအမှုစစ်ဆေးနေစဉ် လမ်းမတော်မြို့နယ် သမဝါယမအတွင်းရေးမှူး ဦးရန်ကြီးအောင်က မောင်လှဝင်းကိုသာမက မော်တော်ပိုင်ရှင် ဒေါ်ခင်မြင့်နှင့် မော်တော် ကိုယ်စားလှယ် ကိုမြရွှေတို့ကိုပါ ပုဒ်မ-၃၀၄(က)အရ အမှုသစ်တစ်ခု စွဲဆိုသည်။

မြို့နယ်က ယင်းအမှုသစ်ကို ကျင့်ထုံး ဥပဒေ ပုဒ်မ-၂၀၃ အရ ပလပ်၍ ဦးရန်ကြီးအောင်က တိုင်းရုံးမှတစ်ဆင့် ဗဟိုတရားရုံးသို့ လျှောက်ထားခဲ့သည်။

ဗဟိုတရားရုံးက မော်တော်နစ်မြုပ်၍လူသေဆုံးရခြင်းအတွက် ရဲအဖွဲ့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၄ (က) အရ တရားစွဲဆိုထားပြီးဖြစ်ခြင်းကြောင့်၊ ထိုအချင်းဖြစ်အကြောင်းအရာပေါ်တွင် ထိုဥပဒေပုဒ်မဖြင့်ပင် နောက်ထပ် စွဲဆိုသော ဦးရန်ကြီးအောင်၏ အမှုကို မြို့နယ်နှင့်တိုင်းတရားရုံးတို့က ခွင့်မပြုဘဲ ပလပ်လိုက်သည်မှာ ဥပဒေအရ မှန်ကန်ပေသည်ဟု စီရင်ဆုံးဖြတ်ထားပါတယ်ခင်ဗျာ'

စကားဆုံးလျှင် ဦးသူတော်သည် ဦးခေါင်းညိတ်ကာ....

'အင်း.... ရှင်းပါပေရဲ့ဗျာ၊ ကျေးဇူးလဲတင်ပါတယ်' ဟု ပြောလေသည်။

နောက် ပုဒ်မ ၃၀၄(က)အရ ကော ဘယ်လို အပြစ်ပေးနိုင်သလဲဟု ဆက်မေးပြန်သည်။

'ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ (က) ကတော့၊ လူသတ်မှု မမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု အ တွက် ပြစ်ဒဏ်ပြဋ္ဌာန်းချက်ပါ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင်၊ ငွေဒဏ်လဲချမှတ်နိုင်သည်၊ ထောင်ဒဏ်ချရင် ဆယ်နှစ်ထိသာ အများဆုံးချမှတ်နိုင်ဘယ်လို့ ပြဋ္ဌာန်းထားပါတယ်'

'ဟာ....ဒီလိုဆိုရင် ကျုပ်ရဲ့ဆုံးရှုံးမှုအတွက် ဘာမှ မရနိုင်ပါဘူးပေါ့'

'ဟုတ်ပါတယ်၊ ဒီအမှုကတော့ ဦးဆုံးရှုံးမှုအတွက် မရနိုင်ပါဘူး'

'ဒါဖြင့်....ဘာမှ ဆက်မလုပ်နိုင်တော့ဘူးပေါ့လေ'

'သို့သော်လဲ ဦးတို့က မော်တော်ကို ဘယ်လို ငှားရမ်းခဲ့သလဲ၊ သယ်ယူပို့ဆောင်ခပေးရမှုနဲ့ ပိုင်ရှင်က ဘယ်လို တာဝန်ယူသလဲဆိုတာ စိစစ်ပြီးတော့ နစ်နာမှုအတွက် ၂လျော်ကြေးရလို ကြောင်းတော့ ဖြစ်နိုင်ပါလိမ့်မယ်၊ ဒါက ဦးထပ်ပြီးစွဲချင်တဲ့ ပုဒ်မ ၃၀၄(က)အရ အမှုသစ်ထပ်မံစွဲချင်တာနဲ့ မတူပါဘူး'

ဤတွင် ဦးသူတော်သည် သူသိချင်သည့်ကိစ္စကို သိရပြီးဖြစ်သောကြောင့် ကျေးဇူးတင်ပါကြောင်း ပြောပြီး ၎င်း ဆွေးနွေးခ အဖြစ်(သို့မဟုတ်) ဥာဏ်ပူဇော်ခအဖြစ် ငွေ ၂၀ိ/–ပေး၍ ပြန်သွားပါသည်။

ဤတွင် တယ်လီဖုန်းမြည်လာသဖြင့် ကောက်ကိုင်လိုက်ရပါသည်။

'အမိန့်ရှိပါခင်ဗျာ'

'ကျွန်တော် ရင်မြင့်ပါဗျာ'

‘ဘာကိစ္စ’

‘ဘာများထူးသလဲလို့ပါ’

‘ဉာဏ်ပူဇော်ခ ရလိုက်တယ်လေ၊ ဟုတ်တယ် ဒါပဲပေါ့’

‘ဝမ်းသာပါတယ်ဗျာ’

‘လိုက်မယ်မဟုတ်လား၊ တစ်ခုခုသွားစားကြရအောင်လေ’

‘မငြင်းပါဘူး၊ စောင့်နေမယ်လေ’

‘ကျေးဇူးတင်လိုက်တာဗျာ၊ ဒေါ်သီရိစန္ဒာ၊ ကိုတင်အေးလဲ ပြောပြလိုက်ပါ၊ သူ့ပါခေါ်ရမယ်နော်-ဟုတ်လား၊ တော်ကြာ လူပျိုကြီးက စိတ်ဆိုးနေဦးမယ်ဗျာ’

ဖျာပုံစိုး



### ဇွဲကောင်းသူ

စာပေဝါသနာရှင် တစ်ဦးသည်လူသူ၏ပထမဦးဆုံးဝတ္ထုကို ထုတ်ဝေရန်အတွက် စာပေတိုက်များသို့ ကမ်းလှမ်း ဆက်သွယ်ခဲ့ရာ စာပေတိုက်များကထိုဝတ္ထုထုတ်ဝေရန်အတွက် ၇၄၃ ကြိမ်တိတိ အပယ်ခံ ခဲ့ရလေ သည်။ သို့ရာတွင်ဇွဲမလျှော့အားမလျှော့ပဲ ဆက်လက် ကြိုးပမ်း ရေးသားခဲ့ရာ မှုခင်းစုံထောက်ဝတ္ထုပေါင်း ၅၄၉ အုပ်ကို ကလောင်အမည် ၁၅ မျိုးဖြင့် ရေးသားထုတ်ဝေနိုင်ခဲ့သည်အထိ အောင်မြင်မှုရခဲ့လေသည်။

ထိုမျှဇွဲကောင်းသော ပုဂ္ဂိုလ်ကြီးမှာ အခြားသူ မဟုတ်ပါ၊ စာရေးဆရာကြီး 'ဂျွန်ရေးဇီး' ပဲဖြစ်ပါသတည်း။

**Pipley ၏ Believe it or Not.**

ဒုစရိုက်ကောင်တွေဟာ ဘယ်လောက်
ပဲ အကြံကြီးပါစေ၊ ဥပဒေ ဘက်
တော်သားတွေနဲ့တွေ့ရင် လက်မြှောက်
ဒူးထောက်ခဲ့ရတာပါဘဲ။


ချစ်သိန်း



# ဖြစ်ရပ်မှန်

## တောချောက်၍ အဖမ်းခံရသော ခြင်္သေ့

အပိုင်း ( ၁ )

(တစ်)

(နောင်....နောင်....နောင် ဗေနောင်)

ပူပြင်းသောနွေကာလ၏ သဲ၊ ဖုန်မှုန့်တို့နှင့်အတူ ပျံ့လွင့်လာသော ရွာဦးကျောင်းမှ ရှမ်းသိုင်း အိုးစည်နှင့် ကြေးမောင်းသံများအကြားတွင် ငှက်ကြီးတောင် တစ်လက်နှင့် ဓားသိုင်းကနေသော မောင်တူး၏ အမူအရာ ဟန်ပန်မှာ စည်းဝါးချက်ကျသည်နှင့်အညီ လေပေါ်တွင် ပျံဝဲနေသောငှက်ငယ်တစ်ကောင်အလား လွန်စွာကြည့်၍ကောင်းသောကြောင့် ပျင်းရိစွာ ငေးမောကြည့်နေကြသည့် လူပျိုကြီး ဦးဖိုးကိုပင် မြူးကြွမှုကို ဖြစ်စေပါသည်။

ကဝမြို့နယ် ဘဏ္ဍာကျေးရွာ
ရွာဦးကျောင်း၌ ပြုလုပ်သော
ပေါင်းရှင်ပြုပွဲမှာ စည်ကား
လှသည်။ ကျေးရွာ အနေ
နှင့် စိုက်ပျိုးရေးကို အဓိကထား
စီးပွား ဖြစ်ထွန်းနေသော
ကြောင့် တစ်ဦးချင်း ရှင်ပြုနိုင်
သော်လည်း ရွာ၏ စည်းလုံး
ညီညွတ်မှုကို အခြေခံ၍ စုပေါင်း
ပြုပွဲ ပြုလုပ်ရန် ပြည်သူ့
ကောင်စီဥက္ကဋ္ဌ၏ အကြံပေးချက်
အရ သိုက်မြိုက် စည်ကား စွာ
ပနေခြင်းဖြစ်ပါသည်။

ရှမ်းရိုးရာမားသိုင်းကပွဲဘေး
တွင် မားသိုင်း ကနေသူ
မောင်တူးကို ကြည့်၍ ကောင်စီ
ဥက္ကဋ္ဌ ဦးမဲ စဉ်းစားနေသည်က
မောင်တူး အကြောင်း၊ လွန်ခဲ့
သော သုံးနှစ်ခန့်မှစ၍ ရွာသို့
ပြောင်းရွှေ့ရောက်လာပြီး ကျေး
ရွာ၏ သာမှု၊ နာမှု၊ လူမှုရေး
လုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ
တက်ကြွစွာ ဦးဆောင် လုပ်
ကိုင်ခဲ့သူ၊ အိမ်ထောင်မရှိ ဘဲ
ကျေးရွာအတွင်း အဆင့်အတန်း
ရွေး ကူညီတတ်မှုကြောင့် လူ
လူခင် ပေါ များ ရခြင်း
ကြောင်း၊ ထို့ပြင် ရွာတောင်
ဘက်၌ တဲနှင့်နေသော ဦးထွန်း
မောင်၏သမီး ညိုချောကလေး
မခင်လှကို ချစ်ကြိုက်နေ၍ ၎င်း
တွင် ငွေကြေးပြည့်စုံသောအခါ
မိဘအနေဖြင့် တောင်းရမ်းပေး
ရန် မိမိအား တိုက်တဆိတ် ခွင့်
ပန်ထားပုံတို့ကိုပါ စဉ်းစား
ကောင်းနေစဉ် ရှမ်းမားသိုင်း
ဝိုင်းမှ ကာလသားများ၏ ဟား
တိုက် ရယ်မောသံများကြောင့်
အတွေးစများပြတ်၍ အာရုံစိုက်
လိုက်မိသည်။ ရွာထဲမှ နောက်
ပြောင်တတ်သော မောင်ခင်က
ရှမ်းမားသိုင်းကနေသော မောင်
တူးမှာ တော်ကြောင်း၊ သို့သော်
လည်း မားဦးမှာ ကျိုးနေသဖြင့်
အသက် (၃၅) နှစ်တိုင်အောင်
မိန်းမ မရကြောင်း နောက်
ပြောင် ရယ်မော နေကြ ခိုက်
မောင်ရင်လောင်းများ ဆံချရာ
တွင် ကြီးကြပ်ပေးရန် လာခေါ်
၍ ရှမ်းမားသိုင်းဝိုင်းကို ကျော
ခိုင်းကာ ဆရာတော်နှင့် မိဘ
လူကြီးများ၊ မောင်ရင်လောင်း
များရှိရာသို့ ထွက်လာခဲ့သည်။
မောင်ရင်လောင်းများဘေးတွင်
မောင်ဖြစ်သူကို ဆံချရာတွင်ကူညီ
ပေးနေသော ဦးထွန်းမောင်၏

သမီး ရွာ၏ ကွမ်းထောင်ကိုင် မခင်လှကို မြင်တွေ့ရပြန်သဖြင့် မြို့နှင့် အလှမ်း ကွာဝေးသော လည်းမြို့သူရှုံးအောင် လှသည့် မခင်လှကို မျက်စိကျနေသည်ဆိုသော မောင်တူးကို အမှတ်ရ၍ ပြုံးမိပြန်ပါသည်။

'ဩော်....မောင်တူး....မောင်တူး တို့တ...ရှိဦးမယ် လူငယ်တစ်ယောက်ပါလား'

(နှစ်)

ကာလ အားဖြင့် တစ်နှစ်ခန့် ကြာမြင့်ခဲ့ပေပြီ။ မောင်တူး တစ်ယောက် သူနေထိုင်သော ဝါးအိမ် လေး ရှေ့တွင် ရေထမ်း တံပိုးတစ်ခုကိုပြုလုပ်နေခိုက်....

'ကိုတူးရေ...ဟော့ ကိုတူး'

'ဩော်....မခင်လှ–လာလေ၊ ဆို....ဘာကိစ္စများလဲ'

'ဟိုလေ–မခင်လှတို့မြင်းသေချောင်းရွာကိုပွဲ သွားကြည့်မလို့ အမေရယ်.... မောင်လေးရယ် ပါတယ်၊ ကိုတူးလဲလိုက်ခဲ့ဖို့လာခေါ်တာပါ'

'မလိုက်ချင်ပါဘူး မခင်လှရယ်.... ဦးလေး ထွန်း မောင် မလိုက်ဘူးလားခေါ်သွားပေါ့'

'မဖြစ်ပါဘူး ကိုတူးကလဲ အမေလိုက်ရင် အိမ်ကို ဘယ်သူစောင့်မလဲ၊ ပြီးတော့ ကွင်းထဲမှာဆိုတော့ လူမရှိရင် နွားတွေသူများခိုးကုန်မှာပေါ့၊ အမေက ဝါသနာလဲမပါဘူးလေ'

မခင်လှ ပြောနေ သည်ကို တိုမောင်တူးတစ်ယောက် ကြားမည်မဆင်၊ (အိပ်ချ်) ပုံသဏ္ဍာ... ဖော့ကတ်သီး တပ်ထားသော ဘတ်ကြိုးအသည်းပုံ လက်စွ... ကလေးကို ဖြူသွယ်သော လက်သူကြွယ်တွင်ဝတ်လျက် ချစ်စ... နဲ့လျစွာပြောနေသော မခင်... ကိုစိုက်ကြည့်နေမိသည်။

'မဩော်.... မြန်မာ ဆန်ဆ... ဆံတောက် ကလေးနဲ့ ဇာ... နားကပ်ကလေး ပန်ထားတော့ ကြည့်လို့ ကောင်း လိုက် တာကွယ်'

'ဟော့.....ကိုတူး မလိုက်ဘူးလား၊ လူကိုပဲစိုက်ကြည့်နေတာ ဘာသဘောလဲ ခင်လှ ရှက်လာပြီနော်'

'အေး.... အေး.... မလိုက်တော့ဘူးခင်လှရေ၊ ရွာလယ်... တံကား ပျက်နေတာ ပြင်...

အတွက် အစည်း အဝေးလဲရှိသေးတယ်၊ ပြန်လာရင်သာ မုန့်ဝယ်ခဲ့၊ မုန့်မပါရင်တော့ လာမယ့် သကြ်န်မှာ ပွင့်မယ့် ပိတောက်ပန်းကို အရင်ဆုံးခူးမပေးတော့ဘူးနော်'

'ဝယ်ခဲ့မယ်.... ဝယ်ခဲ့မယ်၊ စိတ်ချ သွားတော့မယ်နော်....'

'ဇက်ပုရှဲ့ လျှာကလေး တစ်လစ် ထုတ်ပြသွားသော ခင်လှကိုငေးမောကြည့် နေမိသည့်မှာမျက်စိအောက်က ပျောက်သွားမှပင် သက်ပြင်းရှည်ကြီးချလျက် တစ်စုံတစ်ခုကိုဆေးနက်စွာတွေးတောနေလေသည်။

## အပိုင်း (၂)

## (သုံး)

မိုးဦးကာလ ည (၂) နာရီခွဲခန့်အဖိတ်နေ့။

'ဥက္ကဋ္ဌ... ဥက္ကဋ္ဌကြီး ထပါအုံး အရေးကြီးလို့ပါ'

အိမ်ရှေ့မှလူအများ၏အော်သံကြောင့် ကောင်စီဥက္ကဋ္ဌဦးမဲ အိပ်ရာမှနိုးလာကာ....

'အေး.... လာပြီ လာပြီ၊ ဘယ်သူတွေလဲ၊ ဘာဖြစ်ကြတာလဲ့ အချိန်မတော်ကြီးကွာ၊ ဘာကိစ္စလဲဟေ့၊ ဟာ.... သွေးတွေနဲ့ပါလား၊ အဲဒါ ဘယ်သူလဲ၊ ငိုနေတာ မကျော့ မဟုတ်လား၊ ငါ့ကို အကျိုးအကြောင်းပြောပြစမ်းပါဦး'

'ကယ်ပါ ဥက္ကဋ္ဌကြီးရယ်.... တို့ကို လူတစ်ယောက် လာပြီးပစ္စည်းတွေ လုသွားတယ်၊ ပြန်အဆင်းမှာ ကိုထွန်းမောင် က ဝင် နပန်း လုံးလို့ ဟို ကဓား နဲ့ ခုတ်သွားတာ ကိုထွန်းမောင် လည်ပင်းမှာ ဓားထိသွားတယ်ရှင်'

'ကဲ.... တော်ပြီ တော်ပြီ မရှင်းတာ နောက်မှ မေးမယ်၊ ရဲစခန်းကို သွားကြစို့၊ ထွန်းမောင် အနားမှာငါနဲ့ မကျော့၊ နောက်ပြီး ကျန်းမာရေး လုပ်သား မောင်ဝင်း တို့က အနီးကပ် လိုက် မယ်၊ ကျန်တဲ့လူ တစ်ချို့က ထွန်းမောင်တဲကို ဝိုင်းပြီးစောင့်ရှောက်ထား၊ မခင်လှတို့မောင်နှမကို ငါ့မိန်းမနဲ့ထားခဲ့၊ လာပို့တဲ့ မောင်ခင်တို့ လူစုက ငါ့အိမ် လှည်းနဲ့ ပြင်ပြီး လိုက်

ခဲ့ကြ၊ မြန်မြန်လုပ် လူနာ သွေးရှူးသွားမယ်၊ ကဲ.... လှည်းကိုရဲ့စခန်းသာအမြန်ဆုံးမောင်းကြပေတော့၊ ရဲစခန်းက (၅)မိုင်လောက်ဝေးတယ်ကွ’

ရဲစခန်းသို့ အသွား လှည်းပေါ်တွင် လည်ပင်း ညာဘက်စောင်း၌ သွေး များ မပြတ်ယိုစိမ့် ထွက် နေသော အရှည် (၄) လက်မခန့်ရှိ ဓားဒဏ်ရာနှင့် ဦးထွန်း မောင်မှာ သတိကောင်းစွာ ရနေ သေး သော်လည်း အလွန် မောဟိုက် နေပုံရလေသည်။

‘ကဲ....ကဲ ထွန်းမောင် မင်းစကားကောင်းကောင်းပြောနိုင်သေးသားပဲ၊ အဖြစ် အပျက်ကို ငါ့ကိုပြောပြစမ်းပ ဦးကွာ’

‘အဖြစ်အပျက်ကတော့ ဒီလိုပါ ဥက္ကဋ္ဌကြီး၊ (၁၂) နာရီလောက်က အိပ်ပျော် နေတုန်း လည်ပင်းမှာ အေးကနဲဖြစ်တာနဲ့ လန့်နိုးလို့ကြည့်လိုက်တော့ နွားမီးထည့် ထားတဲ့ မီးရောင်လေးကြောင့် မြင်ရတာက မျက်နှာကို အဝတ်စည်း ထားတဲ့ လူတစ်ယောက် ကျွန်တော့် ဘေးနားမှာထိုင်နေပြီး ‘မငအော်နဲ့–ငြိမ်ငြိမ်နေ၊ ခုခံရင် လည်ပင်းကို လှီးလိုက် မယ်’ လို့ ပြောတာ နဲ့ ယောင်ပြီး လည်ပင်းကိုဖိထားတဲ့အရာကို စမ်းလိုက်တာ ဓားတစ်ချောင်းရဲ့ အဖျားကို စမ်းမိပါ တယ်၊ ဓား ဟာ ၄က်ကြီးတောင်ဓားဖြစ်ပြီး အဖျားကျိုးနေတယ်’

ဦးထွန်းမောင်မှာ စကားသံပြတ်သွားပြီး ငါးမိနစ်ခန့် မှိန်းနေပြန်သည်၊ ကျန်းမာရေး လုပ်သား မောင်ဝင်းကို သွေးများမထွက်အောင် လုပ်ပေးရန်ပြောသော်လည်း ခေါင်းခါပြသည်မှာ ပင်ဦးထွန်းမောင်သတိပြန်ရလာကာ ဆက်ပြောပြန်သည်။

‘ကျွန် တော့် ကို ပက်လက်အနေအထားအတိုင်း လည်ပင်းကို ဓားနဲ့ဖိထားပြီး ကျွန်တော်မိန်းမကို နှိုးခိုင်းပြီးတော့ ပင်ထောင်ထုတ်ထားတဲ့ ငွေတွေနဲ့ မခင်လှ ဝတ် တဲ့ ပစ္စည်းတွေ တောင်းလို့ မတတ်သာဘဲ ပေးလိုက်ရပါတယ်။ အနီးအနားမှာ အကူအညီတောင်းစရာ တဲကလေး၊ ကြီး ကြီး မား မား ယောက်ျားသားလဲမရှိလေတော့ အခြေအနေအရမခုခံနိုင်ဘူးဗျာ၊

နောက်ပစ္စည်းတွေလဲ ရရော ဖြန်
လှည့်အထွက်မှာကျွန်တော် အရဲ
စွန့်ပြီးသူ့ ဓားကိုင်လက်ကို ဖမ်း
ဆွဲတာ–မိပေမယ့် အဲဒီ လူဟာ
သိုင်းတတ်တယ် ထင်ပါရဲ့ဗျာ၊
ကျင်ကျင်လည်လည်ပဲ လက်ကို
ဖြုတ်ပြီးဓားနဲ့ နောက်ပြန်တွက်
လိုက်လို့ လည်ပင်းကို ထိ–ထိ'

စကားများမဆုံးပါ။ ဦးထွန်း
မောင်ဇက်လည်ကျသွားခဲ့ပါပြီ။
ဥက္ကဋ္ဌက ထွန်းမောင်ထွန်းမောင်
ဟု နှစ်ခွန်းသာ ခေါ်လိုက်ရ
သည်။ မကျော့၏ ဝမ်းနည်းစွာ
အော်ဟစ်၍ ငိုလိုက်သော အသံ
ကျယ်ကြီးမှာ ညည့်ယံကို ထိုး
ဖောက်၍ စိတ်မချမ်းမြေ့ဖွယ်
ရာ ပေါ်ထွက်လာခဲ့ပါသည်။

## (လေး)

'ကဲ– တိုင်ချက်တော့ ဖွင့်ပြီး
ပြီ၊အမှုနဲ့ပတ်သက်တဲ့အထောက်
အထားရရှိဖို့နဲ့ အခင်းဖြစ်ရပ်
စစ်ဆေးဖို့ ကျွန်တော်လိုက်သွား
မယ်၊တာဝန်မှူးကအလောင်းကို
ဆေးစာနဲ့ဆေးရုံပို့ဖို့စီစဉ်ပါ၊
စခန်းကိုလဲ လွှဲခဲ့မယ်'

'ဟုတ်ကဲ့– စခန်းမှူး'

'ကဲ– သွားကြစို့'

အခင်းဖြစ်ရပ် စစ်ဆေးရန်
အသွား....လမ်း၌–

'ကဲ–ဥက္ကဋ္ဌရေ ထွန်းမောင်
မသေခင်က ဥက္ကဋ္ဌကြီးကို ပြော
ခဲ့တဲ့ စကားတွေမှာ ဂယောင်
ချောက်ချား ဖြစ်နေတဲ့ ပုံစံမျိုး
တွေ၊ စကား အသွားအလာ
မှားတာမျိုးတွေရော ရှိသလား၊
သတိ ကောင်းမကောင်းပေါ့'

'ဟုတ်ကဲ့– သူပြောပြနေတဲ့
အချိန်မှာဘော့ဂယောင်ချောက်
ချားပြောနေတဲ့ပုံစံမျိုး မဟုတ်
ဘူးလို့ထင်ပါတယ်၊အစီအစဉ်လဲ
ကျကျနန ပြောနိုင်တာပဲ၊တော်
ရုံတန်ရုံကိစ္စဆိုယင်မှုတာ မဟုတ်
ဘူး၊ အခုဟာလဲ မတတ်သာလို့
ခံရတာ ဖြစ်လိမ့်မယ်'

'မောပဲခင်နဲ့ အခြား သက်
သေတွေကတော့ ဓားဦးကျိုး
ကိုင်တာ မောင်တူးတစ်ယောက်
ပဲရှိတယ်ဆိုပြီး ထွက်ထားတာ
ဥက္ကဋ္ဌ အသိပဲ၊ ဦးထွန်းမောင်
ဥက္ကဋ္ဌကို ပြောခဲ့တဲ့ ဓားဦးကျိုး
နဲ့ ဆက်စပ် နေလိမ့်မယ်ကော
ထင်သလားဗျာ။ ဥက္ကဋ္ဌအနေနဲ့
ထင်မြင်ချက်လေးလဲ ပေးပါဦး'

'ကျုပ်လဲ မပြောတတ် အောင်ပဲဗျာ၊ မောင်တူးနဲ့ ပတ်သက်ပြီး ယုံကြည်စိတ်ချရမယ်လို့ ထင်တာပဲ၊ ဒါက ကျွန်တော်တစ်ဦးတည်းရဲ့အထင်ကို ပြောတာမဟုတ်ဘူးနော်၊ တစ်ရွာလုံးမှာရှိနေမယ့် သဘောထားကို ခန့်မှန်းပြတာပါ'

'ဥက္ကဋ္ဌကြီးရဲ့ ပြောစကားဘွေအားလုံးကို ကျွန်တော်တို့ ရှော၊ တရားရုံးကပါဂုဏ်သရေရှိလူကြီးလူကောင်း တစ်ယောက်ရဲ့စကားများအဖြစ် အကြွင်းမဲ့ယုံကြည်မှုရှိကြပါတယ်ဗျာ။ ဒါပေမယ့် ဦးထွန်းမောင်လက်နဲ့ စမ်းမိတဲ့ဓားဦးကျိုးနေတာဟာ အလွန်တန်ဖိုးရှိတဲ့ သဲလွန်စဆိုတော့ မောင်တူးရဲ့ အိမ်ကိုရှာချင်တယ်၊ မောင်တူးကိုလဲ စစ်ဆေးချင်ပါကယ်၊ ကူညီပါ'

'အမှန်တရားဘက်က ကျွန်တော်အမြဲရှိနေပါတယ် စခန်းမှူးကြီး၊ အမှုကိုအစအဆုံးကူညီမှာပါ'

'ကျေးဇူးတင်ပါတယ်ဗျာ'

(ငါး)

'ကဲ-မောင်တူး၊ မင်းဝန်ခံမယ်လို့ထင်တယ်ကွာ၊ မင်းအိမ်ပေါ်က ငါတို့ သွေးစွန်းပြီးဦးကျိုးနေတဲ့ ငှက်ကြီးတောင်တစ်ချောင်းနဲ့ တိုင်တန်းချက်မှာပါတဲ့ (အိပ်ချ်)စာလုံးပါလော့ကတ်သီးနဲ့ဘတ်ကြိုး၊ အသည်းပုံလက်စွပ်၊ ဇာရံနားကပ်တွေပါ ရှာဖွေတွေ့လို့ သိမ်းဆည်းပြီးပြီ၊ ငွေတွေပဲမတွေ့တာ၊ အဲဒီငွေတွေကိုထုတ်ပေးပြီး ယောကျ်ားပီပီ ဖွင့်ပြောစမ်းပါ တပည့်ရာ၊ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကတည်းက မင်းဟာ စုပေါင်းရှင်ပြုပွဲမှာ ဓားဦးကျိုးနေတဲ့ ငှက်ကြီးတောင်နဲ့ ဓားသိုင်းကခဲ့တယ်ဆိုတာ သက်သေတွေက အခိုင်အမာထွက်ထားတယ်နော်'

စခန်းမှူးကြီးတို့ ထင်တာမှားနေပြီ၊ ကျွန်တော်ပိုင်ငှက်ကြီးတောင်ဓားဦးကျိုးရှိတာ မှန်ပါတယ်၊ ဒါပေမယ့် သွေးစွန်းနေတာက ဒီနေ့ ဥပုသ်နေ့မှာ ကျောင်းသွားဖို့ ကြက်ကိုကိုင်ပြီး ရေမဆေးမိတာပါ။ ရွှေထည်ပစ္စည်း ဆိုတာလဲ မခင်လှကို

နှစ်သက်မြတ်နိုးလွန်းလို့ သူ့ကို တင် မ တောင်း နိုင် သေး တဲ့ အတွက် ပုံစံတူ အတုပြုလုပ်ပြီး အလွမ်းပြေကြည့်ရအောင် လုပ်ထားတာပါ။ ကျွန်တော့် မျက်စိအောက်မှာ မခင်လှ ထာဝရရှိနေတဲ့ သဘောပါဆရာ၊ အင်းလေ–အမှုမှန် ဆိုတာ တစ်နေ့ပေါ်မှာပါ’

‘ကောင်းပြီလေ ငါတို့–သည် အမှုပေါ်အောင် ဆောင်ရွက်ရမှာပဲ၊ ကဲ နယ်ထိန်း ဆရာခင်အောင်၊ သူ့ကို အချုပ်ခန်းထဲ ပြန်ထည့်လိုက်ပါ၊ ပြီးယင် မောင်တူးနေခဲ့တဲ့ တောင်ကြီးရဲ့စခန်းပိုင်ကို ပြစ်မှုနဲ့ အလိုရှိ–မရှိ (၇၁) ပုံစံမေးဗျာ။ မနက်ကျယင် ရမန်ယူမယ်၊ တပ်ကြပ်ကြီး စာရေးက ဓားကို ဓာတုဗေဒ ဆရာဝန်ဆီ ထင်မြင်ချက်တောင်းခံဖို့အတွက် ရဲသား တစ်ယောက် နာမည်နဲ့ ခရီးသွားမိန့် တောင်းပါ’

(ခြောက်)

‘ဆရာ၊ ဘာတွေစဉ်းစားနေတာလဲ’

‘ဩော်.... ဆရာအောင်ခင်လာဗျာ ရေနွေးသောက်ပါဦး၊ ကျွန်တော်က မောင်တူးကိစ္စစဉ်းစားနေတာပါ။ မနက်ဖြန်ဆိုယင် မောင်တူး ရမန် ကုန်ပြီလေဗျာ၊ ဘာဆက်လုပ်ရမလဲလို့ပါ၊ အမှုကြီး အထူး အစီရင်ခံစာကိုလဲ တိုင်း–မြို့နယ်က စိတ်ဝင်စားလွန်းလို့အသေးစိတ်အစီရင်ခံစာ တောင်းတယ်ဗျာ’

‘ကျွန်တော်လဲ အမှုကို ဘယ်လို နားလည်ရမှန်းမသိဘူးဆရာ၊ ကျွန်တော်ရဲ့ အတွေ့အကြုံအရ ဆိုယင်တော့ အင်မတန်လိမ်မာတဲ့ အမှုတစ်ခုပဲလို့ ပြောရမယ်ထင်တယ်’

‘အင်း....ခိုင်လုံတဲ့ သက်သေတွေရဲ့ထွက်ဆိုချက်အရ ငှက်ကြီးတောင်ကို သိမ်းဆည်းပြီး ဓာတုဗေဒ ဆရာဝန်ဆီပို့တယ်၊ ဓားမှာ လူသွေးမတွေ့ဘဲ ကြက်သွေးတွေသာ တွေ့တယ်တဲ့၊ သက်သေခံ ရွှေထည်ပစ္စည်းတွေကို စီတန်းပြတုန်းကလဲ တရားလိုဘက်က သူတို့ပစ္စည်းနဲ့အလွန်တူတဲ့ပစ္စည်းတွေပါတဲ့၊ သူတို့ပစ္စည်း မဟုတ်ကြောင်း ငြင်းသွားခဲ့တယ်’

'ဒါဆိုယင်ဒီတရားခံကို ကျွန်တော်တို့ လွှတ်ရတော့မှာပေါ့နော်၊ အင်း မောင်တူးကတော့ ဥပဒေရဲ့ထိုးနှက်ချက်ကို သူဘတ်ထားတဲ့ သိုင်းပညာနဲ့ အကွက်ကြည့်ပြီး ရှောင်နေပြီနဲ့တူဘယ်'

'အင်း....သိုင်းပညာ.... သိုင်းပညာ'

(ခုနစ်)

လွန်ခဲ့သော (၁၀) ရက်ခန့်က အချုပ်မှတရားစွဲတင်နိုင်ခြင်းမရှိသဖြင့် ကျင့်ထုံးပုဒ်မ ၁၆၉ အရ လွှတ်ခဲ့သော မောင်တူးကို စခန်းမှူးက ပြန်ခေါ်ခိုင်းသဖြင့် ဆရာခင်အောင် စဉ်းစားမရခဲ့။ ထူးခြားမှု တစ်စုံတစ်ရာရှိမည်ဟု တော့ထင်မိသည်။ ယခင် ၄ ရက်နေ့ခန့်ကလည်း မောင်တူး အိမ်နောက်ဖေးလမ်းတွင် နေသော ကြွက်ထောင်သည့် မောင်သိန်းဇံကို တိတ်တဆိတ်ခေါ်ယူစစ်ဆေးခဲ့ကြောင်း သိရသည်။ စခန်းမှူးမှာ ၎င်းစားပွဲရှေ့၌ မောင်တူးထိုင်မိသည်နှင့်....

'ဆရာခင်အောင်၊ တရားခံကတော့မေါ်သွားပြီဗျာ၊ မောင်တူးကိုလက်ထိတ်ခတ်လိုက်တော့'

'ဆရာ၊ ကျွန်တော့်ကို ဘာကြောင့် အခုလို ပြန်ဖမ်း....'

'နေပါဦးလေ၊ ရှင်းပြမှာပေါ့၊ ဒါပေမယ့် မင်းဘက်က အရေးကြီးတယ်နော်၊ မင်းကိုယ်တိုင် ဝန်ခံပြီး အပ်ပေးယင် ပိုအဆင်ပြေဘာပေါ့ကွာ၊ ကဲ–ဆိုစမ်းပါဦး၊ မင်း တောင်ကြီးတုန်းက သိုင်းကတဲ့ ခါးရှည် (၂) လက်ထဲက ဦးကျိုးထားတဲ့ တစ်လက် ဘယ်မှာလဲ၊ ဦးထွန်းမောင်အိမ်ကလုသွားတဲ့ ရွှေတွေငွေတွေ ဘယ်မှာထားတယ်ဆိုတာ။ အိုကွာ....မင်းအိမ်ရဲ့ ဘယ်ဝါး လုံး ထဲ မှာ ရှိတယ်ဆိုတာ ပြောပေတော့၊ ညာနေလို့ အပိုပဲ၊ တို့က အထောက်အထားမခိုင်လုံပဲနဲ့တော့ ပြန်မဖမ်းဘူး၊ ရှင်းပြီလား'

အံ့ဩ ထိတ်လန့်ခြင်းနှင့်အတူ ကြွေမဆည်နိုင်လောက်အောင် မျက်နှာပျက်သွားသော မောင်တူးကို ဆရာခင်အောင် အနီးကပ် တွေ့လိုက်ရပါတော့သည်။ သွေးဆုတ် ဖြူရော်နေသော မျက်နှာနှင့် အထစ်ထစ် အငေါ့ငေါ့ ထွက်လာသောစကားများ

ကို ကြည့်ခြင်းအားဖြင့် လိုအပ် နေသော အမှုကွင်းဆက်မှန်ကို ထိရောက်စွာ ချုပ်ကိုင်မိပြီဖြစ် ကြောင်းကိုသိသိုက်ရစဉ်မှာပင်–

'မှန်....မှန်ပါတယ်ဆရာ၊ကျွန် တော် ဝန်ခံပါတော့မယ်၊ ကျွန် တော် ရဲ့အိမ်အောက် ဝါးဘိုး ဝါးထဲမှာ မားနဲ့ရွှေငွေအားလုံး ရှိနေကြပါတယ်၊ ကျွန်တော် ကိုယ်တိုင် အပ်ပါတော့မယ်'

'ဒါနဲ့ နေပါဦး၊ မင်းက ဒီ ပစ္စည်းတွေကို တစ်ခြားမှာထား လို့ရရက်သားနဲ့ ဘာပြုလို့ တို့ ရှာမယ့်အိမ်မှာပဲ ထားရတာ လဲ'

'ဒီလိုပါဆရာ၊ ဆရာတို့ ပထမ သိမ်းတဲ့ ပစ္စည်း တွေကို အလွယ်တကူတွေ့ပြီးယင် နောက် ထပ် ဒီနေရာမှာ ပြန်မရှာနိုင် အောင်တစ်ခြားကိုအာရုံပြောင်း ပေးတဲ့ သဘောပါပဲ'

'ကဲ ဆရာခင်အောင် သူ့ကို ခေါ်ပြီး အချိန်ရှိတုန်း သက်သေ ပစ္စည်းတွေ သွားသိမ်းရအောင်'

(ရှစ်)

'ဆရာ၊ ကျွန်တော်လဲ ခွင့် သွားနေတာနဲ့ မောင်တူးကို တရားစွဲတင်၊ အပြစ်ဒဏ်ချပြီးမှပဲ မေးဖြစ်တော့တယ်၊ မောင်တူး အိမ် အောက်မှာ သက်သေခံ ပစ္စည်းတွေ ရှိမှန်း ဘယ်လိုလုပ် သိသလဲဆရာ၊ ရှင်းပြပါဦး'

'ဒီလိုလေ.... ကျွန် တော် လဲ ခန့်မှန်း ခြေနဲ့ စွန့်စား ရတာ၊ မောင်တူးရဲ့ ကြိုးဝင် ကြံဆမှုနဲ့ ကျွန်တော်ရဲ့ တွေးခေါ် မှုဟာ တစ်ထပ်တည်းဖြစ်နေတာ အံ့သြ ဖို့ကောင်းတယ်၊ ကျွန်တော်က မောင်တူး နေရာမှာ ဝင်ပြီး ငါသာလုသက်ခဲ့လို့ရှိယင်ဥပဒေ ကို ဘယ်လို လှည့်စား မလဲလို့ စဉ်းစားကြည့်မိတာ၊ ကြွက်ဖမ်း တဲ့ မောင် သိန်း ဇ ကို တိဘ် ဘဆိတ် ခေါ်စစ်တာ ခင်ဗျား သိမှာပေါ့၊အဲဒီ မောင်သိန်းဇ ဟာ တစ်နေ့မှာ ကြွက်ဖမ်း သွား တုန်း ရေနံဆီ ကုန်လို့ သန်း ခေါင် ကျော်လောက် မီးခွက် မှုတ်ပြီးအိမ်ကိုအပြန် မောင်တူး အိမ်ဘက်က တခေါက်ခေါက်နဲ့ အသံကြားလို့ စိတ်ဝင်စားပြီး ချောင်းကြည့် မိတယ်။ ချောင်း ကြည့်တော့အိမ်အောက်က လှုပ် လှုပ်ရှားရှား ဟာ လူဖြစ်မှာပဲဆို ပြီး ငုံ့ကြည့်တယ်၊ အိမ်ကနိမ့်နေ တော့ ပက်လက် အနေအထ ားနဲ့

လူ တစ်ယောက်ကို တွေ့ရတယ် ဗျာ’

‘နေပါအုံးဆရာ–မှောင်ကြီး ထဲမှာ ပက်လက်မှောက်ခုံ ဘယ် လိုခွဲသလဲ ပြောပါဦး’

‘အဖြင့်ဘက် စာရင် အိမ် အောက်က ပိုမှောင်တယ် ခင်ဗျ၊ အဖြင့်ဘက်က ကြယ်ရောင်ရှိနေ တာကြောင့် မြင်ရပြီး လက်နှစ် ဘက်အပေါ်ကို ထောင်နေတာ တွေ့လို့ ပက်လက်လို့ ယူဆတာ ပဲ၊ အဲဒါနဲ့ သိန်း၈ က မသင်္ကာ လို့ ကိုမောင်တူးကို မောင်တူး လို့ ခေါ်ကြည့်တော့ လှုပ်ရှားမှု ရပ် သွား တယ်၊ တစ်အောင့် ကြာမှ လေးဘက်ထောက် ထွက် လာပြီး၊ ဟော.... ဘာလဲကွလို့ ထူးတယ်။ ဘာလုပ်နေတာလဲလို့ သိန်း၈ က မေးတော့.... အလ ကားပါကွာ၊ကြမ်းပိုးတွေ ကိုက် လို့ ခေါက် နေ တာလို့ ပြော တယ်လေ၊ အဲဒီမှာ မသင်္ကာစရာ အချက် တစ်ချက်ပဲ၊ အဲဒါက အခင်းမဖြစ်မီ (၅)ရက်လောက် ဖြစ်တယ်။ မောင်တူးဟာ ပစ္စည်း တွေဝှက်ဖို့ နေရာလုပ်နေတာဖြစ် မယ်လို့ ယူဆမိပြန်တယ်။နောက် သိုင်းကတဲ့ ငှက်ကြီးတောင်ဟာ

အဆောင် မဟုတ်ဘူးလို့ အလှ မား ဖြစ်လို့.... နောက် တစ် ချောင်း ရှိနိုင် တယ်လို့ ယူဆ တယ်၊ အဲဒီအပို တစ်ချောင်းကို ဒီရွာ ရောက်ကတည်းက ဘယ် သူမှမမြင် အောင် ဝှက်ထားလိမ့် မယ်၊ မားနှစ်လက်ဟာ သိုင်း မားဆိုတော့ အစစအရာရာ ပုံစံ တူဖြစ်လို့ ခွဲခြားလို့ မရနိုင်ဘူး။ ကြိုတင်စီမံ ထားသလို လုမယ့် ညမှာ မားကိုကြက်လှီးပြီး ရေ မဆေးဘဲထားတာ.... ရွှေထည် တွေကတော့ အသေအချာအနီး ကပ်လေ့လာပြီး ပုံစံထုလုပ်ထား တာဘဲ၊ အဲဒါကြောင့် မားကို တွေ့ တော့ လဲ ကျွန် တော် တို့ အခြားကို အာရုံ မ ရောက် ဘဲ သိမ်း ခဲ့တယ်။ ရွှေ တွေ ကျပြန် တော့လဲ တရားလိုတိုင်တန်းချက် မှာ အမှတ် အသား က ထင်ရှား နေတော့ တွေ့လိုက်တယ် ဆိုယင် ဘဲ ဒီပစ္စည်း တွေဘဲလို့ ယုံမှား သံသယမရှိဘဲ သိမ်းခဲ့ ကြတယ် လေ။ကျွန်တော်လဲ မသင်္ကာစရာ အချက်တွေကို ဖြစ်နိုင်တာတွေနဲ့ ပူးပေါင်း ပြီး ခပ် တည်တည် မှင် သေသေနဲ့ လှမ်းလိုက်တာ၊ တရား နတ်စောင့်တယ် ဆိုတဲ့

စကား အတိုင်းဘဲ အရှိုက်ကို တိုက်ရိုက် ထိမှန်ပြီး ရဲကတော့ အကုန်သိနေတာ ထင်ပြီးတော့ ဝန်ခံအပ်ပေးတော့တာဘဲလေ။ ဘာဘဲ ဖြစ်ဖြစ်ပေါ့ဗျာ၊ အမှုစစ်နည်းမျိုးစုံထဲက တရားခံကို လက်ထိတ်ဖမ်းခတ်ပြီးလှည့်ကွက်သုံးလိုက်တာလဲ အမှုမှန် ကျိန်းသေပေါ်လို့ ဖမ်းတာလို့ ထင်သွား အောင် ပြုလုပ် လိုက်တာဘဲ။ နောက် ဆုံး တော့ သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ဇွဲရှိခြင်းတို့ရဲ့ အကျိုးကျေးဇူးပေါ့။ ဘကယ် လို့ မောင်တူး သာ ဒီဉာဏ်တွေကို ငြင်းပြည်အတွက် ပို့အပ်တဲ့ နေရာက အုတ်တစ်ချပ်၊ သဲတစ်ပွင့် အဖြစ် အသုံးချမယ်ဆိုယင် ဘယ်လောက် တန်ဖိုး ရှိလိုက် မလဲ။ အခု တော့ ချောက်ပြီး အဖမ်းခံရတဲ့ ခြသေ့ တစ်ကောင်လို ဖြစ်မှာ မဟုတ်ဘူး....ဆရာခင်အောင်'

ဆရာခင်အောင်၏ရင်ထဲတွင် မောင်တူးအပေါ်၌ အပြစ်ဒဏ်များ ကျခံ ပြီး သော ကာလ၌ အရည် အချင်း ပြည့် ဝ သော လူငယ်တစ်ယောက်ဖြစ်၍ တိုင်းပြည်ကို အကျိုးပြု နိုင်သူ တစ်ယောက်ဖြစ်ပါစေဟုဆုတောင်းကောင်း ဆု တောင်း နေမည် ထင်ပါကြောင်း။

ချစ်သန်း(ပ/ရ)





# ဖြစ်ရပ်မှန်

ဒုက္ခရောက်လျှင် ကယ်တင်ရှင်ကို မျှော်မိမည်မှာ ဓမ္မတာ၊ သို့သော်.... အားကိုးမှားလျှင် ဒုက္ခများ တတ် သည်ကိုလည်း မမေ့သင့်။



* ကျွန်ုပ် ဒုက္ခရောက်ခဲ့စဉ်က
သင် ဘာ ကူညီခဲ့သနည်း။

သည်စာတန်းကလေးကို ဖတ်မိစဉ်က မတင်ညို ခမျာ နမော်နမဲ့ နိုင်စွာ ရှိခဲ့ပါသေးသည်။ ဘာမှလည်းခံစားမှုမရှိရှာခဲ့ပေ။

ယခုတော့ သိချေပြီ။

တင်ညို ရုံးမှာ လုပ်သည်မှာ လုပ်သက်ပင် ဆယ်နှစ်ကျော်ပြီ။ နေ့စဉ် တွေ့နေကျ၊ မြင်နေကျမို့ လားတော့မသိ။ ရုံးသူရုံးသားများသည် မိမိအပေါ် လိုလားစွာ ဤမျှ ဘောင်းကြလိမ့်မည်ဟု မထင်ခဲ့။ ယခုတော့ ဤလိုမဟုတ်ပါလားဟု တွေးရတော့သည်။

မိတ်ကောင်းဆွေကောင်းဆိုတာ အရေးအရာပါမှ သိရချေသည် မဟုတ်လားလို့။

တစ်နေ့လုံး လူမောစိတ်မောနေရခြင်းကြောင့် စိတ်၏ သက်သာရာ သက်သာကြောင်း မတွေ့ရှိခဲ့။

သူ့ရုံးမှ ရုံးသူရုံးသားများနှင့် မိမိရုံးမှရုံးသူရုံးသားများစွာတို့က လာရောက် သတင်းမေးကြ၊ အားပေးကြသော အခါ တင်ညိုမှာ အမှန်ပဲ သူ့အမှုအတွက် အား တက် မိပါလေ



သည်။ ပြီးတော့ မေတ္တာပေးလို့ သူ့မေတ္တာလာတာပဲ ဟုလည်း လူတွေအပေါ် မေတ္တာစိတ်နှင့် ကြည့်မြင်မိပြန်ပါသည်။

ခုတော့ ဒါင်းတို့နှင့်ခွဲကြရပြီ။

ခင်မင် တွယ်တာမှု တလေး များနှင့် စိတ်ကြည်သန့်မှုကလေး များကိုပင် တင်ညိုမှာ အားရ အောင် မခံစားခဲ့ရ၊ ဆုံးရှုံး စွန့်လွှတ်ဖို့ ခွဲခွာရခြင်း ကြောင့် နှမြောတောင် နှမြော မိသေးသည်။

သည်အပေါင်းအသင်းတို့နှင့် မခွဲ၍တော့မဖြစ်။

နေညိုနေနှင့်ပြီ။

တစ်နေ့တာ အလင်းအားတို့ ဆုတ်ယုတ်ချေပြီပဲ။

သည်နေ့ တစ်နေ့တာကုန်ဆုံး သည့်တိုင်အောင် အမှုက မစစ် ဖြစ်ခဲ့။ ရမန်ကြီး တစ်ပတ် ချိန်း လိုက်ကတည်းက တင်ညိုရင်မှာ နှင့်ကနဲခံစားခဲ့ရပြီ။မနက် ဦးလှ လာစဉ် တုန်းကတော့ မောင် လှသော်တို့ ညီအစ်ကို အာမခံ လိုက်ပေးလျှင် လွတ်မှာပဲ၊သူနှင့် အတူ အိမ်ကိုပြန်ရမှာပဲဟု ထင် ခဲ့ပေသေးသည်။

ယခုတော့ မိမိအထင် နှင့် အမြင် တို့မှာ ပါ စင် အောင် လွဲပါပြီကော၊ သူ့အမှု အတွက် အာမခံ မပေးရဲ မတ သူနှင့် အ ပေါင်း ပါ နှစ် ယောက်၊ စုစုပေါင်း သူနှင့် သုံးယောက် စလုံး ကိုပင် အင်းစိန် ထောင် ကြီးသို့ပို့ရန် အချုပ်ကား ပြာ ကြီးကအသင့်။

သည်အချုပ်ကားပြာပြာကြီး သည် ကျွဲညိုညိုကြီးတစ်ကောင် ပမာ မြို့နယ်တရားရုံးရှေ့တွင် မိန့်မိန့်ကြီး လာ ရပ်ကတည်းက တင်ညိုရင်အုံတွေ တုန်ခါခဲ့ရ ပါပြီ။

'ဘုရား ဘုရား၊ သူ့ကိုခေါ် မသွားပါစေနဲ့ ဘုရား'ဟု ကျိတ် ၍ ဆုတောင်းခဲ့ပေမယ့် အရာ မထင်တော့ပြီ။

စင်စစ်တော့ ဖြစ်မှုတို့ကို ဆု တောင်းပေး၍ဖြင့် အမှုမှလွတ်ရိုး ထုံးစံ မရှိခဲ့ခြင်းကိုပင် တင့်ညို မတွေးမိခဲ့ပါကလား။

'တဲ့ တင်ညို၊ ညည်းလင်ကို ထမင်းထုပ်ပေးလိုက်လေ'

အဖော်ဘစ်ယောက်က မိမိ ခါးကိုတို့ကာ ပြောလာမှပင် တင်ညို သည် သူ့ အတွက် ကုလားဆိုင်က ဝယ်ထားသော

ထမင်းထုပ်ကလေးကိုပေးဖို့သတိ တရ ရှိလာသည်။

'တင်ညို၊ ကလေးတွေကိုဂရုစိုက်နော်၊ သမီးကိုလဲ စာကျက်ခိုင်း'

သူက အချုပ်ကားပေါ်တက်ခါနီးမှ ပြောသည်။ သူ့အသံမှာ အားပျော့နေပြီထင်သည်။ အစတုန်းက ကျားကျားလျားလျားနှင့် ယောက်ျားပီသခဲ့သလောက် ယခုအခါ အသံတို့ပင် နွမ်းလျလျနှင့် တုန်ခါနေပြီထင်သည်။

'အိမ်အတွက် စိတ်ချပါရှင်' ဟုတင်ညို ပြောဖို့ အားတင်းပြီးလျက်နှင့် မပြောဖြစ်ပြန်။ သူ့မျက်နှာကို တဖြည်းဖြည်းကြည့်မိလျက်မို့ 'ဩော် ခွဲနေရဦးမှာပဲနော်' ဟူသောအသိကဒက်ကနဲခေါင်းထဲ ဝင်လာပြန်ပြီ။ သည်အခါ မျက်ရည်တို့ပင် စိမ့်အန်လာနှင့်ပြီ။

ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်တော့ မျက်ရည်တို့ကို မျက်တောင်တို့ကထိန်းမထားနိုင်ရှာပါ။ ပါးပြင်ပေါ်သို့ စီးအန်ကျနေပေပြီပဲ။

စင်စစ်တော့ သူနှင့် အိမ်ထောင်သက် ပင် တစ်ဆယ့်ခြောက်နှစ်တင်းတင်း စေ့ခဲ့ပြီ။ တစ်သက်နှင့် တစ်ကိုယ် ဤလိုခွဲခွာခဲ့ရခြင်းမျိုးကြုံဖို့ အိပ်မက်ပင် မမက်ဖူးခဲ့ပါလျက်နှင့် ခုတော့ ကြုံရချေပြီ။

မျက်ရည်တို့ ကျရချေပြီ။

နှလုံးသားတို့ နွမ်းလျချေပြီ။

တင်ညိုသည် 'အင့်' ခနဲရှိုက်သက်ချိန်၌ပင် ကားကြီးမှာ ဝူးကနဲ မောင်း ထွက် သွားပါလေပြီ။ ကားစက်သံသည် တင်ညို ရင်ကို ဒက်ကနဲ ဆောင့်ကန်လိုက်သလို ခံစားရပြီး ဒီဇယ်ငွေ့ ကာဗွန်မှိုင်း မည်းမည်းတွေက တစ်လုံး တစ်ထွေးကြီး တင်ညို တစ် ကိုယ် လုံး ကို ဖုံးလွှမ်းပစ်လိုက်ပါသေးသည်။

'အာယ်လေး ကိုစိန်သောင်းရယ်'

တင်ညိုသည် အဝေးရောက်နှင့်ပြီဖြစ်သော အချုပ်ကားကြီးကို တစ် ချက် ကြည့် ပြီး သူ့ယောက်ျားကို တမ်းတလျက် ငိုပြန်ပါသည်။ အချုပ်ကားကြီးကတော့ တင်ညိုအဖြစ်ကို ဘယ်လိုများ သိနိုင်ပါမည်နည်း။

'လာပါအစ်မရယ်၊ ပြန်ကြပါစို့'

မိမိအတွက် အာမခံ လိုက်ပေးမည့် မောင်လှသော်ကပြော လာသည်။ ထိုအချိန်မှာ တရားရုံးဝင်း အ တွင်း တွင် လူအတော်ရှင်းနေလေပြီ။

လူတစ်ယောက်။

ရေညှိရောင် ခပ်ဖျော့ဖျော့ စပို့ရှပ်နှင့် ဒိုင်ယာရီစာအုပ်ပြာ က လေး ကိုင် လျက် သူတို့ထံ လျှောက်လာသည်။

'ဩော်'

တင်ညီ၏နှုတ်မှ သံစဉ်ကလေး နှင့်အတူ အံ့ဩစွာဖြစ်ရ၏။

တင်ညို ဝမ်းသာသွား၏။ သူ့ကို တင်ညိုတွေ့ချင်နေသည်မှာ ကြာပြီပဲ၊ သူသည် တင်ညို ယော ကျ်ား အ မှု အ တွက် အရေးပါလေသူ။

တင်ညို အား ကိုး တ ကြီး ယုံကြည်နေမိသူ။

ပြီးတော့....

'စိတ်ချပါ ညီမရယ်၊ ညီမ ယောကျ်ားအတွက် အစ်ကိုတတ်နိုင်တဲ့ဘက်က လုံးဝ တာဝန်ယူ ကူညီနိုင်ပါတယ်၊ လောလော ဆယ်အာမခံမရပေမယ့် အပြစ် လုံးဝမလွတ်တောင် အမှုပေါ့ အောင် အစ်ကိုတာဝန်ယူနိုင်ပါ တယ်၊ အမှုတွဲဆာင်ပြတဲ့ အရာရှိ က အစ်ကို့ လူပဲ'

ဦး ခင် ညွန့် နှင့် တွေ့ စဉ်က အထက်ပါစကားများကို ပြောခဲ့ ကြပြီး ဖြစ်သည်။ ပြီး ဦးခင်ညွန့် က သူ့ တာဝန် ဝန့်ထမ်းကတ် ကလေးကိုပင်ထုတ်ပြတော့ တင် ညို အား မ ကိုး ဘဲ ရှိပါ မည် လား။

'ဒီခန့ ရုံးထုတ်မယ်လို့မှ ဟို တစ်နေ့က မပြောလိုက်တော့.... အခုမှ သိသိချင်းလာရတာ မမီ တော့ဘူး'

သူက စကား စတင်ဆိုသည်။

ဟုတ်တော့လည်းဟုတ်သည်။ ရုံးထုတ်မည့်နေ့ကို သူ့ကိုမှတင် ညို မပြောလိုက်တာဘဲ။

'လာ ဆ ရာ၊ ဒီမှာ စကား ပြောလို့ မကောင်းဘူး'

တင်ညိုသည်သူ့ ယောကျ်ား လွတ်ရေးအတွက် သူစိမ်းတစ်ဦး ကိုပင် ဆရာရင်းချာပမာ အား ကိုး မိချေပြီ။ ဦးခင်ညွန့်နှင့် စတင်ရင်းနှီးစဉ်က သောက်ခဲ့ဖူး သော တရားရုံးအနီးရှိ တရုတ် လက်ဖက်ရည်ဆိုင် ကလေးဆီသို့ ခေါ်မိခဲ့၏။

လက်ဖက်ရည်ဆိုင်ကလေးမှာ ရုံးဆင်းချိန်မို့ လူရှင်းနေ၏။ ဆိုင်ရောက်တော့ တင်ညိုသည် အမှုနှင့်ပတ်သက်သမျှ အားလုံးလိုလို ပြောပြရ၏။ ဦးခင်ညွန့်က သူ၏ အပြာရောင် ဒိုင်ယာရီစာအုပ်ကလေးတွင် တင်ညို ပြောသမျှကို ရေးမှတ်နေသည်။ ပြီး လျှော့ကျလုလု မျက်မှန်ကိုင်းကို ပြန့်မတ်လိုက်၏။

'ရုံးချိန်က နောက်လဆန်း (၁၅) ရက် ဟုတ်လား မတင်ညို'

'ဟုတ်ပါတယ်၊ အဲဒီနေ့ကျယင် ဆက်ဆက်ကူညီပါနော် ဆရာ၊ ဒီခန္ဓလို နောက်တျနေလို့ မဖြစ်ဘူးနဲ့တူတယ်'

တင်ညိုက သူ့မျက်နှာကို ကြည့်လျက်အားကိုးတကြီးပြော၏။

'စိတ်ချပါညီမရယ်၊ အဲဒီရုံးချိန်း ရက်မတိုင်မီ အလုပ်တွေ အများကြီး လုပ်ရဦးမှာ၊ အဲဒီနေ့ကျမှ ဖြုန်းစားကြီး လုပ်လို့ မဖြစ်ဘူးလေ၊ ပြီးတော့ ညီမနဲ့က'

တင်ညို တွေသွားသည်။

'ဟုတ်သားပဲ၊ တင်ညိုဖြင့် မေ့လို့ဆရာ၊ ဒါဖြင့်ဘယ်နှယ်လုပ်မလဲဟင်'

ဦးခင်ညွန့်သည် တင်ညိုကို မကြည့်ဘဲ စဉ်းစားသလိုနှင့် တရုတ်ဆိုင်မှ ပြက္ခဒိန်ဆီသို့ လှမ်းကြည့်နေ၏။

အတန်ကြာမှစကားပြန်ဆက်သည်။

'ဒါတွေ အားလုံး အဘွက် အချိန်ယူရဦးမယ် ညီမ၊ အကြောင်းအရာတွေကို စေ့စေ့လေလာပြီး အခြေအနေကို တင်ပြနိုင်မှ အသားအလာကို သိနိုင်မှာ၊ အဲဒီလိုဖြစ်ဖို့က ညီမနဲ့ အချိန်မရွေး တွေ့နိုင်မှ ဖြစ်မှာပါ'

တင်ညိုမျက်နှာ ဝင်းလက်သွားသည်။

တင်ညို ခုမှသဘောပေါက်၏။

'ဒီလိုလုပ်လေ၊ ကိစ္စရှိယင် တင်ညိုရုံးကိုဖုန်းဆက်၊တင်ညို ဖုန်းနံပါတ် ပေးထားမယ်'

ဦးခင်ညွန့်သည် မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး ခေါင်းကို လေးတွဲ့စွာယမ်းကာ သက်ပြင်းကို ပင်ပန်းကြီးစွာမှုတ်ထုတ်လိုက်၏။

'ဟင့်အင်း၊ ဒီ ကိစ္စ တွေ ကို ဖုန်းဆက်ပြော ဖို့မကောင်းဘူး'

'ဩော် ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဆရာ၊ တင်ညို့ဖြင့်မသိလို့'

မတင်ညိုသည် ဦးခင်ညွန့်၏ မျက် နှာ ပျက် သွား မှန်း သိ ၍ တ လေး တ စား ပြန်ပြောရှာ သည်။

'ဒီလိုလုပ် မတင်ညို၊ ကြား ရက်တွေမှာ အစ်ကိုမအားဘူး၊ စနေနေ့ဆို အားတယ်၊ ဒါမှ မဟုတ်ရင် သောကြာနေ့ညနေ (၆) နာရီခွဲလောက် လာပါ လား၊ သောကြာနေ့ဆို အား တယ်'

'ဒါဖြင့် ဘယ်ကို လာရမလဲ ဟင်'

ဦးခင်ညွန့်သည် ပြက္ခဒိန်ကို ကြည့်လိုက်၊ ရက်တွက်လိုက် လုပ် နေပြီးမှ သူ့ ဗိုင်ယာရီ စာအုပ် ကြားမှ ကတ်ပြားလေးတစ်ခုကို ထုတ်ပေးလာ၏။

'ဆရာသိန်းဇံ' (ဗေဒ၊ အင် ဝိဇ္ဇာ၊ လ က္ခ ဏာ ပ ညာရှင်)၊ အမှတ်( )....လမ်း....မြို့'

ဗေဒင်ဆရာတစ်ဦး၏ နေရပ် လိပ်စာ ကတ်ပြားကလေးတစ်ခု ဖြစ်နေ၍ တင်ညို ဘယ်လိုမှ ဆက်စပ်နားမလည်နိုင်တော့။

'ဆ ရာ က ဗေ ဒင် လဲ တွက် တယ် ဟုတ်လား'

ဦးခင်ညွန့်သည် မတင်ညိုကို နှစ်ခြိုက်စွာကြည့်လျက် ပြုံး၏။

'မဟုတ်ဘူး ညီမရယ်၊ အစ်ကို့ သူငယ်ချင်း ဗေဒင်ဆရာအိမ်ပါ၊ သူက လူမျိုးလူလွတ်၊ ပြီး တော့ အမှုအတွက် စကားပြော ရတာ လွတ်လပ်အောင်လို့ပါ၊ ညနေ (၆) နာရီလောက်မှ သူ က ပြန်လာတာမို့ပါ'

တင်ညို ဝမ်းသာသွားသည်။

တင်ညိုသည် နဂိုတည်းကိုက ဗေဒင်ပါသနာပါသူပဲ၊ လက္ခ ဏာယုံစားသူပဲ၊ ယခုလို အရေး ကြုံတုန်း မေးရလျှင် အကုသိုလ် ဂြိုဟ်ဆိုးတွေကို ယတြာနှင့်ရှင်း နိုင်ပေမည်ထင်သည်။

ဦးခင်ညွန့်သည် ဗေဒင်ပညာ ကို တီးခေါက်လေ့လာသူဖြစ်၍ တင်ညို၏စိတ်လှုပ်ရှားပုံကို မျက် နှာပေါ်တွင်မြင်အောင်ကြည့်နိုင် ရှာ၏။

'လူဆိုတာ ကံ ဇာ တာ နဲ့ ရပ်တည်နေရတယ် မဟုတ်လား ညီမရယ်၊ မကောင်းမှုတွေကို အချိန်မီသိယင် ယတြာနှင့် ဖယ်

ရှား ကာကွယ်နိုင်မှာပါ။ အစ်ကို့ သူငယ်ချင်းကလဲဒီဘက်ပညာမှာယတြာပေးမှုကျွမ်းကျင်တော့ ညီမဘဝမှာ ဘာတွေဖြစ်နေပြီး ဘာတွေဖြစ်ဦးမယ် ဆိုတာ စေတနာနဲ့ ကြည့်ပေး ခိုင်း ချင်လို့ပါ'

'မိမိဒုက္ခရောက်နေစဉ် သူ ကူညီဖို့ လာတာပဲ' ဟု တင်ညို တွေးမိပြန်၏။

'ကဲ စိတ်ချနော်၊ တင်ညို သောကြာနေ့ဆို ဆရာပြောတဲ့ အချိန်အတိုင်း လာခဲ့မယ်'

*

တန် ဆောင်မုန်း လဆန်း (၁၄) ရက်မို့ လပြည့်ဝန်းတစိုင်းဝိုင်းကြီး တိမ်စင်ကင်းကာ သာလျက်နေပြီ၊

နက်ဖြန်ညဆိုလျှင် ဤလပြည့်ဝန်းကြီးမှာ ပို၍ပြည့်ဝပေတော့မည်။ သို့တိုင် တင်ညိုဘဝ၌ တင်ညို ဆန္ဒများကတော့ ဘယ်အခါများမှ ပြည့်ဝလာပေမည်နည်း။

ဆောင်းဦးည လေပြည်သည့် လတ်ဆတ်လျက်နှင်းတို့ဖြင့် မွှေးမြဘိသို့ရှိလေသည့်တိုင် တင်ညို ခန္ဓာတစ်ကိုယ်လုံးမှာ နွမ်းနယ်၍ နေဆဲပါလေ။ လာစဉ်တုန်းက တော့ မိမိအလိုဆန္ဒပြည့်ဝဖို့လာရသည်မို့ စိတ်မှာ ကြည်သန့်သလောက် ယခုတော့ထိုင်းမှိုင်းလေးလံလျက်မသယ်ချင်လော[illegible] အောင် ဖြစ်နေပါပြီ။

တင်ညို သည် ရှုခင်း သာ လမ်းမကြီး ပေါ် တွင် တစ်ဦး တည်းလျှောက်လှမ်းလာရင်းပင် ကောင်း ကင်မှ ပြည့်ဝန်းတော့ မည့် ဖြစ်သည့် လမင်း ကြီး [illegible] မော့ကြည့်ကာ ဝမ်း နည်း ချ[illegible] လာ၏။ 'ဪ— သူ့ ဘဝမှာ ပြည့်ဝ သလောက် သာယာပ[illegible] ပေကောလား၊ ငါ့မှာတော့ဖြင့်' တွေးကာ ငိုချင်နေပြန်၏။ တွေး ရင်းတွေးရင်း မျက်ရည် တို့ပ[illegible] စို့ သီလာရပါပြီ။

မိမိလာစဉ်တုန်းက(၆)နာရီ တိတိ။

မိမိ ကတိ တည် ခဲ့ ပြီ။ မိမိ ယောကျ်ား လွတ်ရေး မလွတ် ရေးတော့ ဘယ်လို ကံ ကြမ္မာ အလှည့် အပြောင်းနှင့် ကြုံ[illegible] ဦးမည်မသိ။ သူတို့ နှစ်ဦး[illegible]

ကြုံဦး တော့မည့် က ံကြမ္မာကို ဝါးကွက်အားထားရပြီ။
'ဒေါင်-ဒေါင်-ဒေါင်-'
မီး သတ် မျှော် စင် ဆီ မှ သံချောင်းခေါက်သံကြားသည်။
ကိုးချက်တိတိ။
'ဩော်.... ကိုးနာရီတောင် ရှိပြီပေါ့'ဟု တွေးလျက်ခပ်သွက် သွက်လျှောက်ခဲ့ရပြီ၊ဗိုက်မှာနွမ်း ဟာလျက် ဆာ လောင် လှိုန်း နေပြီ။ အင်အား တွေပင် ကုန် ချင်နေ၏။
လရောင်အောက်တွင် ရွှန်းမြ မြလျက် စိမ်းညို့ညို့ အရိပ် မည်းမည်း ကျနေသော အုန်း လက် အုန်းခက်တို့ကို မြင်တိုင်း စိတ်ထဲမှာတစ်မျိုးကြီး ဖြစ်ရပြီ။ အုန်းပင်အုန်းလက်တို့ဖြင့် ကိုင်း ညွှတ် ယှက်မိုးနေသည့် အိမ်ကြီး တစ်အိမ်နှင့် ခြံကြီး တစ်ခြံကိုပင် လျှင် ခြံကြီးတစ်ခြံ အိမ်ကြီးတစ် အိမ်အဖြစ် မမြင်တော့။ တော အုပ် ညိုညို ကျွန်း ညိုညိုလို ခံစားမိ၏။
ပြီးတော့....
'ချော့သံလိုလိုမြူသံလိုလို.... က ့ခုန်သံလိုလို.... နားမှာချိုချို အလိုလိုက်မိပါရဲ့.... ကန်ကြီး တစ်ကန်ရဲ့ တောအုပ် အောက် ဝယ်.... သန်းခေါင်ထက်ညဉ့် နက်ပါတယ်.... ဘဝအစန္ဓောင် ထဲကကွယ်.... အညာလွယ်သူ.... အမိုက် အမဲ.... အမိုက် အမဲ'
'အဲ့မာလေးတဲ့ နော်၊ ဘယ် က ဘယ်လို သည်သီချင်း ကလဲ ငါ့နားထဲ ဝင်လာရ ပြန်သလဲ့ မသိဘူးနော်'

တင်ညိုသည် တွေး လျက် တစ်ချက်ညည်းပြလိုက်၏။စင်စစ် တော့ သည်သီချင်းကို တင်ညို ကြားဖူး သည်မှာ ငယ် စဉ် က ကြည့်ခဲ့ ရသော ရုပ်ရှင် ကား တစ်ခုထဲ၌သာဖြစ်ပါသည်။ ယခု အခါ နားထဲ၌ စွဲထင် နေပြီ၊ ဩော်....မိမိဘဝကိုပင် ချောက် ချားစေပါကောလားဟုခံစားမိ ပြန်မိ၏။
ပြီးတော့....
'မတင်ညိုရဲ့ လက္ခဏာ ကို ကြည့်ပြီး ဆရာ အမှန်အတိုင်း ပြောမယ်နော်၊ သောကြာ ဂြိုဟ် ခုံမှာ မဲ့စက် ထင်နေတာ တွေ့ လား၊ အဲဒါ မကောင်းဘူး။ ချစ်သူ ဒါမှမဟုတ် လင်ရှိယင် လင်ကွဲကိန်းကြုံတယ်၊ ထာစရ

မဟုတ် တောင် ခဏ ဖြစ်ဖြစ် ကွဲလိမ့်မယ်’

‘အို....ဘုရား....ဘုရား၊ မှန် လိုက်တာဆရာရယ်’

တင်ညို့သည် ဆရာဦး သိန်း ဇ ကြည့်ပေးစဉ်က မိမိညာလက် ဖြစ် သော လက်ဖဝါး၏ လက်မ အနီး လက္ခဏာ လမ်းကြောင်း တစ်ခု ပေါ်တွင် မဲ့နက် သေး သေးကလေး ကလည်း တွေ့ခဲ့ရ သည်ဖြစ်၍ ‘ဘုရား တ,မိအောင် ပင် ‘အမှန်တွေ ပါလား’ ဟု ဗေဒင် ဆရာကိုပင် အထင်ကြီး ခဲ့ပေသေးသည်။

‘ဟုတ်သားပဲ၊ ယခု တောင် ငါ့ယောကျ်ားနဲ့ ခွဲအိပ် နေရ တာပဲ၊ ဒါ လင်မယား ခဏ ဖြစ်ဖြစ် သူပြော သလို ကွဲနေ တာပဲပေါ့’ ဟုလည်း ဗေဒင် ဆရာဘက်မှပင် ရှေ့နေ လိုက်မိ ပြန်ပါသေးသည်။

‘အဲဒီတော့....ဘုရားကိုသွား ပါ၊ သောကြာထောင့်မှာ ဆန် သုံးဆုပ်၊ သကြားသုံးဆုပ်၊ ကြွ သုံးချောင်းလှူပြီး ပန်းနဲ့ရေကပ် ပါ၊ ဒါမှမဟုတ်ယင် သောကြာ သားကို တစ်ခုခုကျွေးလိုက်ပါ’

တင်ညို့ရင်ကလေး ဖိုခဲ့ရပြီ။ မျက် လုံး ကလေး တွေ.... ထိတ်လန့်သည့် ယုန်ငယ်ကလေး တို့ပမာ ပြူးခဲ့ရပါသည်။ ပြီး တော့.... သောကြာ သားဟု ထင်ရသော ဒေဗင်ဆရာကို မရဲ မဝံ့ ခိုးကြည့်ပြီး သက်ပြင်းပင် မချနိုင်တော့။

ရင်ကတင်းနေ၏။

ဒါပေမယ့် ဆရာဦးသိန်းဇ မှာ ဉာဏ်နက်ပါးနှင့်ပြီ။တင်ညို့ ၏ရုပ်လက္ခဏာကြည့်ပြီး စိတ်ထဲ မှာဘာတွေ ဖြစ်နေသလဲဟု ခန့် မှန်းနိုင်သည့်သူပဲ။

တင်ညို့မှာတော့ ဆရာသိန်း ဇ မိမိကို ကြည့်နေသဖြင့် မျက် နှာတွေ ရှိန်းမြမြ ပူထူနေရပြန် ပါပြီလား။

‘မှန်း.... ပြစမ်း မတင်ညို့ ဆရာဘယ်လက်ကိုကြည့်ဦးမယ်’

တင်ညို့ရင်တွေ၊ တင်ညို့ စိတ်တွေ လှုပ်ရှားနေဆဲ၌ ဗေဒင် ဆရာသည် တင်ညို့၏ဘယ်လက် ကို တောင်းကြည့်ခဲ့ပြန်၏။

‘ဟာ...အစစ်ပဲ၊ ဆရာ စော စော က ပြော တာ တွေ မှန် ကြောင်း ဟောဒီဘယ်လက်ဝါး ပေါ်မှာလဲထင်းနေတာပဲ၊ဟော ဒီမှာကြည့်မတင်ညို့၊တနင်းလာ

လမ်းကြောင်း ပေါ်မှာလဲ မွဲ့စက် ကျနေပြန်တယ်။ အဲ.... အဲ.... ဒီတော့ တနင်းလာသား ကိုပါ ခုန ဆရာပြောတဲ့နည်းနဲ့ ယတြာ ချေလိုက်ပါနော်....'

တင်ညို သက်ပြင်းတွေ တစ်လမ်းလုံး ချခဲ့ရ၏။ တန်ဆောင်မုန်းအဖိတ်နေ့ည လေပြည်သည် ဖြစ်ခဲ့ကြုံခဲ့ကြားခဲ့ရသည့် ဖြစ်ရပ်တွေကို တမင်ပင် သယ်ဆောင်လာလေသလားပင် မသိ။ အကြားအာရုံ၌ ကြားနေဆဲ။

အမြင်အာရုံ၌ သူတို့ပုံတွေကို မြင်နေမိဆဲ။

ဉာဏ်တော်(၁၀၈)တောင် စေတီအနီး ရောက်တော့ မတင်ညို ခမျာမှာ ခြေတို့ပင် အတော်ညောင်းညာနေပြီ။ဘာပဲဖြစ်ဖြစ် ဤ(၁၀၈)တောင် စေတီတော် မြတ်၌ပင် ယတြာ ပြုရပေဦးမည်။ ပြီးတော့ သူတို့ထံလည်း မိမိယောကျာ်းမလွတ်သမျှကာလ ပတ်လုံး သွားရဦးမည်။ ဦးခင်ညွန့်က 'ငွေနှစ်ထောင်လောက်တော့ လိုရမယ်ရရှာထားနော်' ဟုပြောတာကိုလည်းအမှတ်တရ ဖြစ်လာပြန်သေးသည်။

ဘာပဲဖြစ်ဖြစ် တင်ညို အဖို့တော့ သန်းခေါင် ထက် ညဥ့်မနက်နိုင်တော့ပြီ။ အဓိက မှာ မိမိယောကျာ်းလာမည့် (၁၅) ရက်ရုံးချိန်းတွင်ကျိန်းသေစစ်ပြီး လွတ်နိုင်ရေးပဲမဟုတ်လား။

တင်ညိုသည်စီးအိုင်နေသည့် ပူနွေးသော မျက်ရည်စ တို့ကို သုတ်ယင်း ရှခင်းသာလမ်းမကြီး ပေါ်မှ (၁၀၈) တောင်စေတီ တော်ကို အားကိုးတကြီးဖူးမျှော် လိုက်ပြန်၏။

တန်ခိုးတော်အစုံဉာဏ်တော် အစုံနှင့် ကယ်တင်ရှင်ကြီးဖြစ်ပါလျက် တင်ညိုအာရုံနှင့် ဝေးနေ ရှာပေသေးသည်။ မြောက်ပြန်လေသည် နှင်းလက်တို့ဖြင့် တင်ညို ဆံစများ၊ တင်ညိုမျက်နှာပြင်ကို ဖျန်းပက်လိုက်သည့်တိုင် တင်ညို ရင်ထဲမှာတော့ နွေးမြနေလျက်ရှိနေ၏။

တင်ညိုသည် ဓမ္မာရုံ လမ်းဘက် ဖြတ်ကူးလိုက်သည်။

'ဟဲဟဲ့ ဟာဟာ'

စက်ဘီးနှင့်လူသည် အတော်ပင်ဒေါပွသွား၏။ရင့်ရင့်သီးသီး ပြောမလိုလုပ်ပြီးမှမျက်နှာရှင်ကို သူမှတ်မိလိုက်ပြီ။

'ဒါဘယ်လိုဖြစ်လာတာလဲ တင်ညို၊ နင် ဘယ်က လာပြီး ဘယ်ကိုသွားမှာလဲ'

'ဩော်....ကိုလွင်ဦး'

တင်ညို သည် ရဲ တာ ဝန် ဝတ်စုံဖြင့် ကင်းလှည့်လာသည့် ထို ရဲ ကြပ် ကြီး ကို ကြည့်ကာ အတော်လေးပင် အံ့ဩသွားပေသည်။ သူနှင့် ကိုလွင်ဦး တို့မှာ ငယ်သူငယ်ချင်းတွေပဲ မ ဟုတ်လား။

'ကိုလွင်ဦး က အရင်လိုပဲ နေ၁်'

'ဘာအရင်လိုလဲ၊ တင်ညို ပြောပါဦး'

'ဩော်.... လူတွေ့ရင် စေ့စေ့ ကြည့်တာ ပုလိပ်စစ်စစ်တာပေါ့'

'ဟားဟားဟား....ဒါကငါ့ အကျင့်ပဲ့လေ၊ ဒါကြောင့် ငါ ရဲဘက်မှာဝင်လုပ်တာပေါ့ဟ'

'ဒါနဲ့ ကိုလွင်ဦး အလျင်က သန်လျင်မှာဆို'

'အေး.... ငါ သည်စခန်းရောက်တာနှစ်လကျော်ပဲရှိသေးတာ၊ နင်တို့လဲ ကမာရွတ်မှာပဲ နေတာအောက်မေ့နေတာ၊ ဒါနဲ့ ဘကြီးကော နေကောင်းရဲ့လား'

'ဟင့်အင်း–ဘကြီးဖြင့် ဆုံးသွားတာ တစ်နှစ်ပဲ ပြည့်တော့မှာ'

'ဩော်....ဟုတ်လား၊ ငါဖြင့် မသိလို့ဟာ'

'နက်ဖြန်ကျယင် ကိုလွင်ဦး စခန်းမှာ ရှိမှာလား၊ တင်ညို လာခဲ့မယ်လေ၊ အရေးကြီးလို့'

'ဟေ....'

ထို ရဲ ကြပ် ကြီးမှာ တင်ညို ကိုကြည့်ကာ အံ့ဩနေပြန်၏ ဘာပဲဖြစ်ဖြစ် တင်ညိုနှင့်သူတို့မှာ မောင်နှမရင်းပမာ ရင်းနှီးခဲ့ကြသည်ပဲမဟုတ်လား။

'အေး.... လာခဲ့နော်၊ ငါ စောင့်နေမယ်'

'ကဲ.... တင်ညို သွားမယ်နော်'

တဒင်္ဂပင် တင်ညိုစိတ်တို့မှာ လန်းဆန်းသွားပြန်၏။ မနက်ဖြန် သူ့ အစ်ကိုပမာရင်းခဲ့သော ရဲ ကြပ် ကြီး ကို တော့ ဖြင့် ဖြစ်ကြောင်းကုန်စင်အောင် ပြောရပေတော့မည်။

*

တင်ညိုသည်သူ့ ယောက်ျား အမှုကိစ္စကိုဖြစ်သည်မှအစအဆုံး အထိ ပြောသင့်သည်ကို ပြောပြ ခဲ့မိပြီ။ ဒါပေမယ့် ဦးခင်ညွှန့် တို့နှင့်ဆက်ဆံရသည့်အကြောင်း ကိုတော့ တင်ညိုသည် လိုအပ် တာထက်ပို၍ပြောခဲ့။ ဒါတောင် ကိုလွင်ဦးမှာ မျက်နှာကြောကြီး များတင်းနေအောင် တရှုံးရှုံး တရှုံ့ရှုံ့ဖြစ်နေပြီ။ အကယ်၍သာ တင်ညို ကိစ္စအားလုံး သိလျှင် တော့ဖြင့်....

တင်ညို မတွေးဝံ့တော့ချေ။

'မဖြစ်ဘူး တင်ညို၊နင်ပြော တဲ့လူတွေက လူလိမ်တွေများဖြစ် နေမလားဟာ၊ ငါ နင့်ကို စိတ် မချဘူး'

တင်ညို မျက်နှာပျက်သွား ၏။

'အို.... ကိုလွင်ဦးရယ်၊ လူ တစ်ယောက် ကို အရမ်းကြီး အထင်မသေးပါနဲ့၊ အဲ့ဒီလူက ............ငှာနကလေ၊တင်ညို ကို ကတ်တောင် ထုတ်ပြတာ၊ ဝန်ထမ်းကတ် က သူ့ ဓာတ်ပုံ အစစ်နဲ့မဲ'

'ဟားဟားဟား၊နင်ဒီခေတ် ကြီးမှာမနူ စမ်းနဲ့တင်ညိုအဲဒီလို လူတွေဟာမျက်နှာဖုံးစွပ်ပြီးအား နည်းတဲ့ ဘက် ဝင်ကိုင်ဖို့ သား ကောင်ရှာနေကြတာ၊ သူတို့ဆီ မှာအတုလုပ်တဲ့စက်တွေနဲ့၊ဟော ဒီနေရာမှာ ဟောဒီလို၊ ဟောဟို နေရာမှာ ဟောဟိုလိုနေတာ နင် မသိလို့'

တင်ညို သက်ပြင်းချ၏။

ခေါင်းကို လေးတွဲ့စွာယမ်း သည်။

'ကံသေကမ္မမပြောနဲ့ ကိုလွင် ဦး၊ အတုတွေရှိသလို အစစ်တွေ လဲ ရှိတာပဲ မဟုတ်လား၊ ဘာပဲ ဖြစ်ဖြစ်တင်ညိုအနေနဲ့တော့ သူ တို့ပြောသလို ငွေရှာပြီး အချိန် ကိုစောင့်ကြည့်တာပေါ့'

လွင်ဦးသဘောပေါက်သွား သည်။

'အေး--ဒါလဲကောင်းတယ်၊ ဒါပေမယ့် နင်-ဘာပဲ လုပ်လုပ် ငါ့ကိုတော့ တိုင်ပင် အသိပေးရ မယ်'

တင်ညို ခေါင်းညိတ်မိ၏။

*

တင်ညို ယောက်ျား အမှုမှာ ရာဇဝတ်မှု မဟုတ်၊ ရုံးလုပ်ငန်း

နှင့်ဆိုင်သော အမှုမို့ ရုံးနှင့်ဆိုင်သောမြို့နယ်က အမှုဖွင့် တင်ပို့ခြင်းဖြစ်၍ ထိုမြို့နယ်၌ အမှုစစ်သည်။

အစိုးရနှင့်ဆိုင်သော အမှုမို့ အာမခံလည်း မရပေ။

တင်ညိုသည် အမှုစစ်မည့်နေ့မို့ မနက်(၆) နာရီကတည်းက မောင်လှသော်တို့ညီအစ်ကိုကို ခေါ်ကာ မြို့ထဲသို့ လာခဲ့ရ၏။ ရုံးထုတ်ခါနီးတွင်သူ့ရုံးမှ ရုံးသူရုံးသားများနှင့် မိမိရုံးမှ ရုံးသူရုံးသားများ လာကြ၍ တင်ညို ဝမ်းသာသည်။

ဗေဒင်ဆရာ ဦးသိန်းဇံ နှင့် ဦးခင်ညွန့်တို့ကိုတော့ တရားရုံးတွင်မတွေ့၊ ဒါပေမယ့် သူတို့ဘယ်မှာရှိသည်ကို တင်ညိုသိပါသည်။

ဘာပဲဖြစ်ဖြစ် သူတို့အားလုံးမှာ 'မိမိဒုက္ခရောက်နေစဉ်သူတို့က ကူညီဖို့လာကြတာ ဖြစ်မှာ' ဟု တင်ညို အကောင်းမြင်စွာ တွေးထားပြီးလည်း ဖြစ်သည်။

ဟုတ်သည်၊ လူဆိုသည်မှာ ဒုက္ခရောက်စဉ် ကူညီတတ်သည့် အလေ့ရှိသည်ပဲ မဟုတ်လားလို့။

(၁၀) နာရီ ထိုးသည်နှင့် တရားရုံးရှေ့တွင် မိန့်မိန့်ကြီး လာရပ်ပြန်၏။

တင်ညိုသည် ဝိုင်းအုံကြည့်နေသည့် လူအုပ်ကြားမှ အချုပ်ကားကြီး အနီးသို့ ကပ်သွား၏။

ရဲသား နှစ်ဦး အစောင့်ဖြင့် အချုပ် ကားကြီး၏ တံခါးပေါက်မှာ ပွင့်လာ၏။

သူ့ကို တွေ့လိုက်ပြီ။

'ဟင်'

တင်ညို ရင်ထဲတွင် ကျဉ်ခနဲ မျက်ခနဲ ဖြစ်သွား၏။

ကိုစိန်သောင်းမှာ မျက်တွင်းများ ဟောက်ပက်လျက်၊ ပါးချောင်ရိုးများ ကျနေပြီ။

'သူ အတော် ပိန်သွားပါလား၊ တစ်လလောက်ပဲ အချုပ်ခံရတာနဲ့နော်' ဟု တိုးတိုးကလေး ပြောလျက် တင်ညိုမှာ သနားမိနေ၏။

'နေ ကောင်း လား ဟင်၊ ကိုစိန်သောင်း'

သူ့ယောက်ျားက ဝမ်းသာစွာ ပြုံး ပြ၏။ ဒါ ပေမယ့် တင်ညို အဖို့ တော့ သူ့ အပြုံးမှာအကြောရှုံ့ ပြ လိုက်သလို သနားစရာ ဖြစ်နေ၏။

'ရှင်သိပ်အားမငယ်နဲ့နော်၊ ဒီနေ့ကျိန်းသေလွတ်မှာ'

တင်ညိုသည် သူ စိမ်ထား ချက်ကို မပြောဘဲ လိုရင်းကိုသာ ပြော၏၊ သူ့ယောက်ျား ကိုစိန် သောင်းကတော့ တင်ညိုကို ကယ်တင်ရှင်ကြီး တစ်ဦး ပမာ တွေ တွေ ကြီး အားကိုးလျက် ကြည့်နေ၏။ပြီးမှ'ဟုတ်လား'ဟု အေးတိအေးစက်နှင့် ပြောရှာ သည်။

'ရှင်ခဏနေဦးနော်၊ ရှင့်ဖို့ လက်ဖက်ရည် သွားဝယ်ဦးမယ်'

တင်ညိုသည်သူ့ယောက်ျား ကို နှုတ်ဆက်ကာ တရားရုံးနှင့် ခပ်လှမ်းလှမ်း၌ ရှိသော တရုတ် လက်ဖက်ရည်ဆိုင် ကလေးဆီ ကသီကရီ လျှောက်ခဲ့လေသည်။

သည်မှာ သူတို့ စောင့်နေ ကြမည်ကိုသိသည်။

တင်ညိုသည် ဆိုင်ထဲသို့ တစ် ချက်ငေ့ကြည့်၏။

ဆိုင်ထဲတွင်တော့ဗေဒင်ဆရာ နှင့် ဦးခင်ညွန့်တို့မှာ မှောင်ရိပ် သမ်းနေသည့် ချောင်ကျကျစား ပွဲတစ်လုံးတွင် ထိုင်နေပြီး သူတို့ နှင့်ခပ်လှမ်းလှမ်းစားပွဲမှာတော့ လူနှစ်ယောက်ပဲရှိသည်။

တစ်ဦးကဦးထုပ်ဆောင်းထား လျက် လွယ်အိတ်အနီနှင့်၊ တစ်ဦး ကသားသားနားနား ဝတ်စား လျက် မိမိတို့ဘက်ကို ကျောပေး ကာ စကားပြောနေကြ၏။

တင်ညိုသည်ဦးခင်ညွန့်အနီး ရှိကုလားထိုင် တစ်လုံးတွင်ဝင် ထိုင်၏။

'အဆင်ပြောရဲ့လား ညီမ'

တင်ညိုသည် ပတ် ဝန်းကျင် ကိုတစ်ချက်အကဲခတ်ပြီး အသံ နှိမ့်လျက်နှင့် မရဲတရဲ ပြော၏။

'ငွေကတော့- တစ်ထောင့် လေးရာငါးဆယ်ပဲ ပါ တယ် ဆရာ၊ အဲဒါနဲ့ ဖြစ်ပါ့မလား'

ဦးခင်ညွန့်သည့်နဖူးကြောကြီး များ တင်း တက် လာလောက် အောင်အလိုမကျစွာ မျက်နှာကို ကျုံ့လိုက်ပြီး ဗေဒင်ဆရာဘက် လှည့်ကြည့်၏။

ဗေဒင် ဆရာထံမှ လျှို့ဝှက် သောသိနားလည်ချက် တစ်ခုကို ရဟန်ရှိ၏။

'ဖြစ်အောင် လုပ်ပေးရတာ ပေါ့ညီမရယ်၊ ဒါပေမယ့် ညီမ ဘက်က အား နည်း ချက် နဲ့ ဆိုတော့'

သူတို့ ဈေးကိုင်ပြီထင်သည်။

တင်ညိုသည် မိမိအားနည်းချက်ကို သိသည်ဖြစ်၍—

'ကိုစိန်သောင်း သာ ဒီနေ့လွှတ်မယ်ဆိုရင် တင်ညို ဆရာတို့ဆီကို လာခဲ့မယ်လေ'

ဦးခင်ညွှန့်မျက်နှာသည် ချက်ချင်းကြီး ထိပေါက်သူပမာ ဝင်းထိန်သွား၏။

'ဟားဟားဟား—မပူနဲ့ညီမ၊ မပူနဲ့ အစ်ကိုတို့ပိုင်တဲ့ ကိစ္စပဲ၊ အားလုံး ချည်ပြီးတုပ်ပြီးသား၊ ဟောဒီမှာကြည့်'

ဦးခင်ညွှန့်သည် သူ၏ အရာရှိကိုင် အတာချီကေ့စ်သေတ္တာကို ဖွင့်ကာစာရွက်စာတမ်းတစ်ချို့ကို ထုတ်ပေးလာ၏။

တင်ညိုသည် သူတို့ကို ငွေပေးရတော့မည်ဖြစ်၍ စာရွက်စာတမ်းများကိုသေချာစွာကြည့်ရ၏။ တင်ညိုအဖို့ ဘာမှသံသယမဖြစ်မိ၊ သူ့ယောကျ်ားကိုအမှုစွဲတင်သည့် နေ့ရက်တွေ၊ ပုဒ်မတွေ၊ ရည်ရွယ်ချက်တွေ၊အရာရှိလက်မှတ်၊ရုံးတံဆိပ်တွေနှင့်အတိအကျဖြစ်နေပြီပဲ။

'ဒါနဲ့ ပြီးမယ် ဟုတ်လား ဆရာ'

တင်ညိုသည် အားတက်သရော မေး၏။ ဒါတွေရသဖြင့် တင်ညိုရင်ထဲမှာ ဝမ်းသာလွန်းသည်မှာ ပြောဖွယ်မရှိတော့'

'လွှတ်တော့ လွှတ်မယ် လေ၊ ဒါပေမယ့် ဝန်ခံချက်နဲ့ လွှတ်လိုက်မှာ'

'အို....ဘာပဲဖြစ်ဖြစ်ရှင်'

'ဒါနဲ့ မတင်ညို၊ သည်နေ့လွှတ်ယင်လွှတ်ချင်း ဘုန်းကြီးဝတ်ခိုင်းထားနော်၊ ပြီးတော့ ယတြာချေဖို့လဲမမေ့နဲ့'

ဗေဒင်ဆရာက ဝမ်းသာနေသည့် မတင်ညို၏စိတ်ကို ဖမ်းယူလျက် ဝင်ပြော၏။

'ကဲ.... စိတ်ချ.... စိတ်ချ၊ ခါတိုင်းအချိန်ပဲ တင်ညို ရုံးကပြန်ယင် ဝင်ခဲ့ပါ့မယ် နော်၊ ခုတော့ သွားလိုက်ဦးမယ်'

တင်ညို ဆိုင်ထဲမှ စထွက်သည်။

ဒါပေမယ့် တင်ညို ဆိုင်အပြင် မရောက်ခင်ပင် ရဲသားနှစ်ဦး ဆိုင်ထဲသို့ ဝင်လာသည်။ ပြီးတော့ စောစောက လက်ဖက်ရည် ထိုင်သောက်နေသည့် လူနှစ်ဦးကလည်း ဦးခင်ညွှန့်နှင့် ဗေဒင်ဆရာကို ဝိုင်းထားပြီ။

စောစောက ဦးထုပ်ဆောင်းကာ တစ်ဘက် လှည့်နေ၍သာ တင်ညို မမှတ်မိပေမယ့်၊ ယခုတော့ သူ၏အစ်ကို ကိုလွင်ဦး ဖြစ်နေမှန်း တင်ညို အံ့သြစွာ သိလိုက်လေပြီ။

ကိုလွင်ဦး သည် တာဝန်ကို ကျေပွန်သူတို့ပမာ တစ်ချက်ပြုံးလိုက်၏။

'ကဲ.... သက်ဆိုင်ရာလက်မှတ်အတု၊ တံဆိပ်အတု၊ ဝန်ထမ်းကတ်အတုတွေနဲ့ သုံးမည်ရ ခင်ညွန့်(ခ)ကိုဖုန်းနဲ့ ဗေဒင်ဆရာ စခန်းကို တဆိတ်ကြွပါ။

ရဲသား နှစ်ဦးက သူတို့ကို လက်ထိပ်ခတ်လိုက်ကြလေသည်။

'ကဲ.... ငါ့ညီမ မှတ်ထား၊ ဟော့ဒါ ........... ဌာနက အစ်ကို့ သူငယ်ချင်း ကိုစိုးဝင်းမောင်တဲ့၊ သူတို့ဝန်ထမ်းအစစ်ဟုတ်မဟုတ် သူကူညီခဲ့လို့ သိရတာ။ အစ်ကိုကလဲ ဖြစ်မှု မှတ်တမ်းမှာ ခင်ညွန့်ရာဇဝင်ကိုရှာမိတယ်လေ၊ ဒီတော့မှ နည်းအမျိုးမျိုးနဲ့ လိုက်လိမ်ညာစားနေတဲ့ ဖိုးတွမ်တီးမှန်းသိရတာ'

ယခုတော့ မတင်ညိုခမျာမှာ မျက်လုံးကလေး ကလည်ကလည်ဖြစ်ပြီး ခေါင်းငုံ့ နေရလေ၏။

သူတို့ကိုပင် မကြည့်ရဲတော့။

ဘယ်သူ့မှပင်မကြည့်ရဲတော့။

သူတို့သည် 'မိမိ ဒုက္ခရောက်နေစဉ် ကယ်တင်ဖို့ လာခြင်းမဟုတ်ပြီ' ဟုသိလိုက်၏။ တကယ်ဆိုလျှင် တင်ညို အဖြစ်မှာ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း ခံရခြင်း ပမာပင်တည်း။

**မောင်ဆွေမွန်**





## မန်ခွက်ကွဲလေး တစ်လုံးပမာ

မောင်ညိုသစ်
(တောင်တွင်းကြီး)

သို့သော် ဆရာသည် အလုပ် တာဝန် ထမ်းဆောင်ရာတွင် သွက်လက်ဖျတ်လတ်ဆဲ၊ ထက်မြက်ဆဲ။

တစ်နေ့ ဆရာ့အလုပ်စားပွဲတွင် ဆရာနှင့်အတူ ဒုရဲအုပ်ဦးအောင်မြင့်၊ ရဲတပ်ကြပ်ကြီး စာရေး ဦးတင်မောင်၊ ရဲအရာခံ ဦးတင်ယုနှင့်ကျွန်တော်တို့ မိုးမခရွာ လူသတ်မှုကိစ္စနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးရင်း အပြီးသတ် ဆောင်ရွက်ကြစဉ် မျက်ရည် စို့ရွဲ ရင်ထုငိုပွဲဆင်လာသည့် အမျိုးသမီး တစ်ဦး မိုးကျရွှေကိုယ်ပမာ ရောက်လာသည်။

ကင်းအဖွဲ့မှ ကင်းမှူး ဒုတပ်ကြပ် ထွန်းညိုက နေရာထိုင်ခင်းပေးကာ–

'အစ်မကြီး ရယ်၊ ငိုနေလို့ မပြီးသေးဘူးခင်ဗျာ၊ အစ်မကြီးရဲ့ဖြစ်ပုံပျက်ပုံကို ဟောဟို ဆရာကြီးကို ပြောပြပါ၊ အဲဒါ ကျွန်တော်တို့ရဲစခန်းက စခန်းမှူးကြီးပါပဲ'

ထိုအခါ အမျိုးသမီးနောက်မှ လိုက်လာသည့် ယောကျ်ား တစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦးတို့



နီလေးမောင်



မောင်ညိုသစ်
တောင်တွင်းကြီး

**ခေန်းမျှး ဦးထွန်း**မောင်မှာ ကျွန်တော်တို့၏ အထက်အရာရှိ တစ်ဦးဖြစ်သလို ကျွန်တော်တို့လို လုပ်သက်မရင့်သေးသော အရာရှိ၊အရာခံ၊ အကြပ်တပ်သားများကိုဖြည့်သူ့ရဲတပ်ဖွဲ့ဆိုင်ရာ ပညာများကို ထပ်မံ သင်ကြားပေးနေသည့် ဆရာတစ်ဆူလည်း ဖြစ်ပါသည်။

ဆရာကြီး၏လုပ်သက်မှာ နှစ်ပေါင်း လေးဆယ်နီးပါးရှိသလို နယ်မျိုးစုံ၊ အမှုအခင်းမျိုးစုံကို မည်မျှပင်ခက်ခဲပါစေ ကျေပွန်အောင် ထမ်းဆောင်နိုင်သူ ဖြစ်သဖြင့် ဆရာ့ပညာအတွေ့အကြုံ အတွေးအခေါ် အယူအဆများကို အားလုံးက လက်ခံကြသည်။

ဆရာ့၏အသက်မှာ ၇၉ နှစ်ရှိသဖြင့် ဝန် ထမ်း စည်း မျဉ်း စည်းကမ်းအရ အသက် ၆၀ ပြည့်လျှင် သက်ပြည့်ပင်စင် ယူရတော့မည်။ ခံစားခွင့် ၄ လ နုတ်လိုက်လျှင် ဆရာ့၏တာဝန်ချိန်မှာ ၈ လ ခန့်သာ လိုတော့မည်။

**ဖန်ခွက်ကွဲလေးတစ်လုံးပမာ**

မောင်ညိုသစ်

အမောတကော ရောက်လာပါ သည်။

အမျိုးသမီးမှာ အငိုထက် အရှိုက်များနေပုံရသည်။ တစ်စုံ တစ်ခုသော ဖြစ်ရပ်ကြောင့် ရင် နှင့်အောင် ခံ စား ထား ရပုံ ရ သည်။ ကြီးမားသော ပြဿနာ တစ်ရပ် (ဝါ) မှုခင်းကြီးတစ်ခု တော့ ဖြစ်ပွားခဲ့ပြီဟု ကျွန်တော် က ဆားပုလင်းပီပီ ယူဆမိပါ သည်။

'ဒီလိုပါဆရာ၊ ဒီကလေးမ ရဲ့ ငါးနှစ်သားအရွယ်သားလေး အသက်မရှိတော့လို့ပါ ခင်ဗျာ၊ သူက သူမရဲ့ အချစ်ဆုံး ကလေး ဖြစ်နေတော့....'

( ၂ )

အ ဖော် ယော ကျ်ား ကြီး၏ လမ်းခင်းစကားကြောင့် စခန်း မှူး ဦးထွန်းမောင် မနေသာ တော့။ ချွတ်ထားသည့် ပါဝါ မျက်မှန်ကြီးကို ကပျာ ကယာ ကောက်တပ်လိုက်သည်။

စခန်းမှူး ဦး ထွန်း မောင် နည်းတူ ကျွန် သော ရဲ့ အရာရှိ များ အဖြစ်မှန်ကိုခရေစေ့တွင်း ကျ သိလိုဟန် အမူအရာများ အထင်းသား ပေါ်လာကြသည် ကို ကျွန်တော် အကဲခတ်မိပါ သည်။

'ကဲ တူမကြီးတို့ ကိစ္စတစ်ခု ဖြစ်လာယင် ငိုကြွေးနေလို့ မပြီး ဘူးကွယ်၊ ဒီလိုအဖြစ်ဆိုး၊ ပြဿ နာဆိုးကို ဘယ်သူတွေမှ ဖြစ်လို့ ကြတာမှ မဟုတ်ဘဲကွယ်၊ အဲဒီ တော့ ဖြစ်ပြီးသား ပြဿနာကို ပြောကြ၊ ကဲ တူမကြီးတို့ပြော ချင်တာတွေ လွတ်လွတ်လပ်လပ် ပြောစမ်း ဆိုစမ်း၊ ဘယ်သူ့ ကိုမှ အားနာစရာ မလိုဘူး၊ ပြော ပြော'

( ၃ )

စင်စစ် ကို ကျော် ဝင်း နှင့် မစမ်းတင်တို့မှာ ငယ်လင် ငယ် မယား။ ငယ် စဉ် က တည်း က တစ်မြို့တည်းတစ်ရပ်ကွက်တည်း သားတွေ။ တစ် ရွာ သား ကို ရည်စား မထား လိုသော ကို ကျော်ဝင်းနှင့် မစမ်းတင်တို့မှာ အတွင်းသိ အစင်းသိချင်း ချစ် ကြိုးသွယ်ကာ ပုဆိုးတန်းတင် အကြင်လင်မယား ဖြစ်ခဲ့သည်။

ကျော်ဝင့်ကို မစမ်းတင်က အစကချစ်ခြင်းမေတ္တာမထားမိ၊ ကျော်ဝင့်ကို သနားစရာအဖြစ် အသည်းနုတတ်သောမိန်းမသား ပီပီ ကရုဏာသက်မိခြင်းသာ။

ကျော်ဝင့်တို့ မိသားစုတွင် ညီအစ်ကို သုံးယောက်ရှိသည်။ ညီမငယ်တစ်ဦး ရှိသည်။

သို့သော် မိသားစုဘဝကြမ္မာ မကောင်း ရှာကြ။ ကျော်ဝင့် အစ်ကိုတစ်ဦးမှာ လူစဉ်မမီသော စိတ်မနှံ့ သူတစ်ဦးဖြစ်သလို ညီမငယ် လေး မှာ လည်း မသိစိတ် ထာဝရ လွှမ်းမိုး ထား သော သနားစဖွယ်ဘဝ ဖြစ်နေသည်မှာ လူတိုင်းအဖို့ သနားစရာ အကြင်အနာများ ဖြစ်ခဲ့သည်။

ကျော် ဝင့်က လည်း လူရိုး ကလေး။ ဘဝကို အရှုံးမပေး စတမ်း ယောက်ျားတို့၏ ဇွဲသတ္တိ ဝီရိယများကို ရှေ့တန်းတင်ကာ အလုပ်လုပ်သည်။ ရသမျှဝင်ငွေ များကို မိသားစုအတွက် ဖြစ်စေ သည်။သားလိမ္မာလေးဟု အရပ် က ချီးကျူးသည်။

ကျော်ဝင့်၏ ရိုးသားမှု၊ ကြိုး စားမှုကြောင့် သက်ဆိုင်ရာတို့က ကျော် ဝင့် အား သမဝါယမ သစ်ခွဲစက်တွင် စာရေးဝန်ထမ်း တစ်နေရာပေးခဲ့သည်။

မစမ်းတင်ကလည်းကျော်ဝင့် ကို နကိုကတည်းက သနားကြင် နာစိတ်ရှိခဲ့ရာကျော်ဝင့်ကတရား ဝင် ချစ်ရေးဆိုသောအခါ ချစ် ခြင်းမေတ္တာ တုံ့ပြန်ခဲ့သည်။

အိမ်ထောင်သက် တစ်နှစ်ခန့် ရှိသောအခါ ကျော်ဝင့်ဖောက် လာသည်။အလုပ်မှပြန်လာတိုင်း ယစ်ရွှေရည် ကလေး မှိုဝဲလာ သည်။

မစမ်းတင်အံ့သြခြင်းနှင့်အတူ ဝမ်းနည်းမိပါသည်။အရက်သေ စာ သောက်စားခြင်းကို မစမ်း တင်ရွံရှာမုန်းတီးသည်။အရက် သမား ကို လင် လုပ် ရ တာ လောက် ကံခြေ မဲ့ သည့် မှာ လောကတွင် မရှိဟု မစမ်းတင် ခံယူသည်။

သို့သော် ကိုကျော်ဝင့် က မလျှော့၊ ပို၍ပို၍ သောက်တတ် စားတတ်လာသည်။ အချိန်ပိုင်း အရက်သမားဘဝမှ အချိန်ပြည့် အရက်သမားကြီး တစ်ယောက် ဖြစ်လာခဲ့ပြီ။

မစမ်းတင် ဖျောင်းဖျ သည် ကိုကျော်ဝင့် တစက် ကလေးမျှ

မလိုက်လျှောခဲ့။ လုံးလုံး လျား လျားကြီး အရက်၏ ကျေးကျွန် ဖြစ်လာခဲ့သည်။

နောက်ဆုံး သားသမီး သုံး ယောက်ရခါမှ ကံကုန်၍ ကွဲကြ လေသဖြင့်း ဘဝသို့ ရောက် သွားခဲ့သည်။

(၄)

မစမ်းတင်မှာလည်း ကလေး သုံး ယောက်နှင့်စားဝတ်နေရေး ကျပ် တည်း သဖြင့် မတတ်သာ သည့်အဆုံး သက်ဆိုင်ရာ တရား ရုံးတော်သို့တက်၍ကလေးစရိတ် လျှောက်သည်။

မစမ်းတင်၏ လျှောက် ထား ချက်မှာ ဥပဒေ စည်းမျဉ်း စည်း ကမ်းများ နှင့် ညီညွတ် သဖြင့် ကိုကျော်ဝင့်က ဇနီး ဟောင်း မစမ်းတင်အား ကလေး စရိတ် မည်မျှကို လစဉ်မဆိုင်း ပေးရန် အမိန့်ချမှတ်လိုက်သည်။

ပြဿနာ သည်က စသည်ဟု မစမ်းတင်ကဆိုပါသည်။

(၅)

ကိုကျော်ဝင့် တစ် ယောက် အစပထမတွင် တရားရုံး အမိန့် အတိုင်း က လေး စ ရိတ် ကို လစဉ် ပေးသွင်းသည်။ နောက် တော့ ဘာကြောင့်ရယ်မသိ ပေး သွင်း ခြင်း မရှိပဲ ပျက် ကွက် ခဲ့ သည်။

တစ်လစ၊လေ မဟုတ်တော့။ လပေါင်း များစွာဖြစ်လာသော အခါ မစမ်းတင် သည်းမခံ နိုင် တော့၊ သက်ဆိုင်ရာ တရားရုံးသို့ ဦးတိုက်လျှောက်ရပြန်သည်။

သက်ဆိုင်ရာ တရား ရုံးတော် က မောင်ကျော်ဝင့်နှင့် မစမ်း တင်တို့နှစ်ဦးစလုံးကိုရုံးတော်သို့ လာ ရောက် ရန် ဆင့်ဆို လိုက် သည်။

(၆)

'မေမေ....သားသားလဲလိုက် မယ်နော်၊ ဖေဖေကြီးကိုတွေ့ချင် တယ်'

သားကြီးက လိုက် မည် ဟု ဆိုသည့်အပြင် ဖေဖေကြီး နှင့် တွေ့မည်ဟု ဆိုလာခြင်းကြောင့် မစမ်းတင် ရင်နင့်အောင် ခံစား ရပါသည်။ တရားရုံးသို့ တစ် ယောက်တည်း သွားမည်ဟုပြီးမှ ရင်ထဲဝယ် မရေရာသော ဝေဒ

နာ တစ်မျိုး ခံစား လာ သဖြင့် မျက်ရည်များ လည်ကာ အရုပ် ကြိုးပြတ်သလို ပုံကျသွားသည်။

ခဏအကြာ စိတ်ပြေ သွားမှ စိတ်ကူး တစ်မျိုး ရ လာ သည်။ တရားရုံးတော်သို့ ကလေးအား လုံး ခေါ် သွားမည်။ တရား သူကြီးများသည် ကလေးများကို မြင်လျှင် သနားကရုဏာ ပိုသက် မည်။ ကလေး စရိတ် လစဉ် မှန်မှန်မပေးသော ကိုကျော်ဝင့် လည်း ကလေး များကို မြင်မှ ကလေးစရိတ် မှန်မှန် ပေးချင် လာမည်။

သို့အပြင်သူမ၏ရင်သွေးငယ် ဖတဆိုးများ သူတို့၏ ချစ်သော ဖေဖေကြီးနှင့် တွေ့ခွင့် ရမည်။

'ကဲ....ကဲ၊ နင်တို့ပထွေးဆီ သွားမယ်၊ အားလုံး လိုက်ခဲ့ကြ'

(၇)

တရား ရုံးတော် ရှေ့ဝယ် ကိုကျော်ဝင့်ထိုင်နေသည်ကိုတွေ့ ရသော်လည်း တရားသူကြီးများ မလာသေး။ က လေး များ က လည်းသူတို့အဖေဆီသို့ သွားကြ သည်။

ကို ကျော် ဝင့် မှာ ထုံး စံ အတိုင်းမူးနေလေပြီ။ သို့သော် သူ၏သားကြီးကို ပွေ့ ဖက်ကာ ထားသည်။ ထို့ နောက်ဘာစိတ် ကူးရသည်မသိ....

'မိစမ်းတင်၊ သား ကြီး ကို ငါခေါ် သွားဦးမယ်... ကြား လား'

မစမ်းတင် မသိ ချင် ယောင် ဆောင်နေလိုက်သည်။ ကိုကျော် ဝင့်ကသားကြီးကိုပွေ့ကာ ဈေး ဘက်သို့ ထွက်ခွာ သွားသည်ကို မစမ်းတင် မျက်စိဘဆုံး ကြည့် နေဖြစ်မိသည်။

ထိုနေ့က မစမ်းတင်တို့အမှု မစစ်ဖြစ်။ ရုံးချိန်ကုန်သည့်တိုင် ကို ကျော် ဝင့် နှင့် ကလေး ပြန် မလာသဖြင့် မစမ်းတင် ပြန်လာ ခဲ့သည်။

ညနေ (၄) နာရီခန့်ကြာ သောအခါ ကိုကျော်ဝင့်သည် ကလေးကို လက်နှစ် ဘက် ဖြင့် ပက်လက်နေအထား ပွေ့ချီကာ ကာ မစမ်းတင် အိမ်ရောက်လာ သည်။

'ရော့ဟေ့၊ နင့်ကလေး သေယင် ငါတာဝန် မဟုတ်ဘူး၊ သွားမယ်'

ပထမတော့ မစမ်းတင် ငိုင်မိသည်။ ကျော်ဝင့် ခြံအပြင်ထွက်သွားမှ ကလေးကို သွားကြည့်သောအခါ ငယ်ထိပ်တည့်တည့်တွင်မြွေပေါက်သလိုခံစားရကာ ရှူးမတတ် ဖြစ်သွားသည်။

ကလေး မှာ အသက် မရှိတော့။

အိမ်နီးချင်းများ စိုင်းလာကြည့်ကြသည်။

( ၈ )

စခန်းမှူးဦးထွန်းမောင် အမှုသဘောကို နားလည်သွားကာ ထိုင်နေရာမှဖြုန်းခနဲ ထရပ်လိုက်သည်။ ထို့နောက် တပ်ကြပ်ကြီး စာရေး ဦး တင် မောင် အား မစမ်းတင်တိုင်တန်းချက်ကို တိုင်ချက် ရေးဖွင့် ပုဒ်မတပ်ရန် ညွှန်ကြားလိုက်သည်။ တိုင်ချက်ကို စခန်းမှူးကြီး ဦး ထွန်း မောင် ကိုယ်တိုင် ကြီးကြပ်ရေးဖွင့်လိုက်သည်။

ဘာရားလို = မစမ်းတင် (မိခင်)

ဘာရားခံ = မောင်ကျော်ဝင့် (ဖခင်)

သေဆုံးရသူ = မောင်တင်ဝင့်ခိုင် (သားကြီး) (၅) နှစ်

ဖြစ်မှု = ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (လူသတ်မှု)

အမှုစစ်အရာရှိအမည် = ဦးထွန်းမောင် (စခန်းမှူး)

အကူအမှုစစ်အရာရှိများ := ဒုရဲအုပ်ဦးအောင်မြင့်
ရဲအရာခံ ဦးတင်ယူ

နယ်ထိန်းတာဝန် = ရဲတပ်ကြပ်သန်းဌေး (စာရေးသူ)

"ကိုအောင်မြင့်တို့၊ ဆရာအန်းဒွေးတို့ရေ၊ ဇာတ်လမ်းကတော့ ခပ်ဆန်းဆန်းပဲဗျ၊ ပုစ္ဆာတစ်ပုဒ်လို အဖြေထုတ်ခိုင်းပြီး အဖြေကိုပါ ပေးထားတယ်။ သချာ်ဆရာရဲ့ ဆိုလိုရင်းက မောင်ကျောင်းသားတွေ တွက်တဲ့နည်းစနစ်ဟာ မှန်မမှန်လိုချင်တဲ့ သဘောပဲကွ။ လိမ္မာဖို့လိုတယ်နော်"

ထို့နောက် အမှုစစ် ပြည်သူ့ရဲဝန်ထမ်းတို့၏ လုပ်ထုံး လုပ်နည်းအတိုင်း အခင်းဖြစ်ရပ်သို့ အမြန်ဆုံး သွားစစ်ဆေးသည်။

၎င်းအမှုမှာ ဇယားဝင်အမှုကြီးဖြစ်သည့် အပြင် လုပ်သားပြည်သူများ စိတ်ဝင်စားသော အမှုဖြစ်သဖြင့် စခန်းမှူးဦး ထွန်းမောင်အဖို့ လုပ်ထုံးလုပ်နည်း မှန်ဖို့ နှင့် လုပ်သား ပြည်သူများ အမြင်မမှားစေဖို့ သတိပြုဆောင်ရွက်ရသည်။

ပြည်သူ့ကောင်စီ ဝင်များကလည်းပြည်သူ့ရဲများနှင့်အတူ အမှုမှန်ရေး အတွက် တစ်တပ်တစ်အား ဆောင်ရွက် ခြင်း ဖြင့်ကူညီသည်။

တွေ့ပါပြီကလေးအလောင်း။ ညီမည်းသော ဒဏ်ရာ ဒဏ်ချက် (၄) ချက် ခန့်က အထင်းသား။

ပြည်သူ့ ဆေးရုံ သို့ အမြန်ပို့မှ ဒဏ်ရာအခြေအနေအမှန်ကို သိနိုင်မည် ဖြစ်ကြောင်း စခန်းမှူး ဦးထွန်းမောင် နား လည်သည်။

သို့ကြောင့် ဖြစ်မှုဆေး စာတွင် ဒဏ်ရာဒဏ်ချက် အပြည့်အစုံရေးသွင်းကာ စာပ်ကြပ်ကြီးကိုယ်တိုင် တာဝန် ယူ စေ လျက် မြို့နယ် ပြည်သူ့ ဆေးရုံသို့ ပို့လိုက်သည်။

အမှုစစ် အရာရှိ ဦးထွန်းမောင်၊ ဒုရဲအုပ် ဦးအောင်မြင့်၊ ရဲအရာခံ တင်ယုတို့က ဆက်စပ်သက်သေ များကို စနစ် တကျစစ်ဆေးကာ မှတ်တမ်း တင်ပါသည်။

နယ်ထိန်းတာဝန်ခံဖြစ်သော ကျွန်တော်နှင့်နယ်ထိန်းတပ်သားမောင်စန်းဦးက ကျော်ဝင့်၏ ခြေရာကို ရှာဖွေကောက်ယူကာ သတင်း စုဆောင်း ရပါသည်။

ကျော်ဝင့်နှင့် တွဲ၍ အရက်သောက်သူ ဖာင် ထွေး။ သူကလည်း ကျော်ဝင့်လို ၂၄ နာရီ

အသောက်သမား။ သူကလည်း အမူး မြေ သည့်တိုင် ကျော်ဝင့်နှင့်သားဖြစ်သူတို့၏ ဇာတ်လမ်းကို ကိုယ်တွေ့ မျက်မြင် ဖြစ်ပါလျက် ဂဃနဏ မပြောနိုင်။ သို့သော် စပ်ဆိုင်ခြင်း အချင်းအရာသဘောအရ ကျော်ဝင့်က သူ၏ သားငယ်ကို ထုရိုက်ခြင်းကိုပြောနိုင်သည်။

အချုပ်ခန်းအတွင်းသို့ကျော်ဝင့် တစ်ယောက် ဝင်ရလေပြီ။ အမူး မြေ နေပြီ ဖြစ် သဖြင့်.... သူ့ အဖြစ်ကို သူ စဉ်း စား ကာ မျက်ရည် ဝေရပြီ။ အ ရက် က သူ့ ဘဝကို ဝါးမျို ဖျက်ဆီးခဲ့ပြီ ဖြစ်ကြောင်း နားလည် လာပြီ။

အဖြစ်က ဆုပ်လည်းစူး စားလည်းရူး။

မိမိရင်သွေး ကို မိမိကိုယ်တိုင် သတ်ဖြတ်မှုဖြင့် အချုပ်ထဲ ဝင်ရသည့်အဖြစ်ဆိုး။

'အရပ်ရပ် နေပြည် တော်ကြားလို့မှ မတော်။ ငါကိုယ်တော် ဘယ်လိုလုပ်ရပါ့။အိုကွယ် ရူးရချည်ရဲ့' ဆိုသော ဇာတ်စကားကို ပြန်လည်ကြားယောင်မိလေပြီ။

ကျော်ဝင့်တစ်ယောက်ကိုယ် အပြစ်နှင့်ကိုယ် ခွင့်လွှတ်နိုင်စွမ်း မရှိ၊ ဖြေသိမ့်နိုင်စွမ်း မရှိတော့။

(၉)

စခန်းမှူး ဦးထွန်းမောင်တို့ အဖွဲ့ကအမှုပေါ်ပေါက်မှုသဘာဝကိုမှီ၍ ယုတ္တိဗေဒနည်း၊ ရာဇဝတ်ဗေဒနည်းတို့ကို သုံးစွဲကာ အမှုနှင့် ဆီလျော်သော အချက်များကို တစ်ချက်ချင်း ဆုံးစတိုင်မွှေနှောက်စစ်ဆေးခဲ့သည်။

မောင်ကျော်ဝင့်ကသူမသတ်ရကြောင်း ငြင်းဆိုသည်မှာ အမှုဆုံးခန်းတိုင်ထိ။သို့သော် ဖြောင့်တန်းသော အမှုလမ်းကြောင်းအတိုင်း အမှုစစ်အရာရှိနှင့် နယ်ထိန်းအဖွဲ့မှ စစ်ဆေးမေးမြန်းရာတွင် မှန်ကန်စွာ မဖြေနိုင်။

တရားခံက မည်သို့ပင် ငြင်းစေ၊ သိပ္ပံဆိုင်ရာ ဆေးအစစ်ချက်၌ ကလေးသေဆုံးရခြင်းမှာ ရောဂါဝေဒနာ တစ်ခုခုကြောင့် လုံးဝမဟုတ်။ ပြင်းထန်သော ရိုက်နှက်ချက်၊ လည်မျိုညှစ်ချက်ကြောင့်ရုတ်ခြည်းသေဆုံးရခြင်းဖြစ်သည် တဲ့။

'ဆိုကြပါစို့ကွာ၊ မောင်ကျော်ဝင့် ဆရာ့ဆီက ဖန်ခွက်တစ်လုံးကိုငှားသွားပြီးဆရာ့ဆီကို ပြန်ပေးတဲ့အခါ ဖန်ခွက်ကကွဲနေပါပြီတဲ့။ ဘယ်သူ့ မှာ တာဝန်ရှိသလဲ'

မောင်ကျော်ဝင့် မဖြေတတ်တော့။

(၁၁)

မောင်ကျော်ဝင့်ကို စခန်းမှူး ဦးထွန်းမောင် အထပ်ထပ်စစ်တာလူသတ်မှုကို ကျူးလွန်ကြောင်း၊ အထောက် အထားခိုင်လုံကြောင်း တွေ့ ရှိ သဖြင့် လူသတ်မှုပုဒ်မတပ်ကာ ရုံးတင်တရားစွဲသည်။

သေဒဏ်တစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့် သော၊ ပြစ်မှုကျူးလွန်သောတရားခံ မှန်သမျှရှေ့နေဖြင့် ကာကွယ် အစစ်ခံရမည်ဟုကန့်သတ်ဥပဒေ ရှိသည်။ သို့သော်ကျော်ဝင့်ရှေ့နေမငှားနိုင်သဖြင့် ဥပဒေအရ မြို့နယ်ပြည်သူ့ကောင်စီက ရှေ့နေငှားပေးသည်။ လေးစားဖွယ်ကောင်းသော နိုင်ငံတော်၏စေတနာစကောင်းတစ်ရပ်ပါပင်။

ကျော်ဝင့်၏ တရားခံရှေ့နေကြီးလည်း ကြိုးစားပမ်းစားလျှောက်လဲသည်။ ကာကွယ်ထုချေသည်။

သို့သော် အကြောင်းတရားမညီညွတ်။တရားခံဘက်မှပြစရာသက်သေမရှိ။နောက်ဆုံးသေသူကလေးငယ် မကျန်းမာစဉ်ကကုသပေးခဲ့သောပြင်ပဆေးခန်းဆရာဝန်တစ်ဦးကို သက်သေပြလိုက်သည်။

'သေဆုံးသွားသည့် ကလေးမှာယခင်ရောဂါဟောင်းနှင့်ပင်ကွယ်လွန်နိုင်ပါသလား'

'သာမန် အဖျားပါ၊တစ်ခါတစ်လေ သန်ထလို့လာပြီးဆေးထိုးပါတယ်၊ဒါလဲသာမန်ပါပဲ။လုံးဝ သေစရာ အကြောင်းမရှိပါဘူး'

ပြင်ပဆေးခန်း ဆရာဝန်၏ထွက် ဆို ချက် မှာ ကျော်ဝင့်အတွက် လုံးဝမျော်လင့်ချက်မရှိသည့်အပြင်တရားခံပြ သက်သေကိုယ်တိုင်က တရားလို ဘက်မှထောက်ခံထွက်ဆို သွားခဲ့သဖြင့်အမှုစီတ်ဝင်စားသူများပင်အဖြူအမည်း ခွဲခြားလို့ရခဲ့သည်။

အမိန့်။

တ ရား ခံ ကျော်ဝင့်သည် တရားလို မစမ်းတင် စွပ်စွဲချက် အတိုင်းပြစ်မှုကျူးလွန်ကြောင်း ထင်ရှားခဲ့ပြီ၊ ထို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(လူသတ်မှု)အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၆)နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ကျော်ဝင့်ရော မစမ်းတင်ပါ ငိုပွဲဆင်ရသည်။

ကျော်ဝင့်အရက်ကို လုံးလုံး ကြီးစိတ်နာမိသည့်။

ဤသည်မှာ ကျော်ဝင့် ရခဲ့သော နောင်တ။

သို့သော်–စခန်းမှူး ဦးထွန်းမောင် ပုံပမာတင်ပြောခဲ့သော ဖန်ခွက်ကွဲလေးပမာ။

(၁၉၈၆ခုနှစ်တွင်ဖြစ်ပွားခဲ့သော(ပ)၁၆/၈၆ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အမှုအား အမည်များလွှဲ၍ရေးသားတင်ပြခြင်းဖြစ်ပါသည်)။ စာရေးသူ။



မောင်ညီသစ်
(တောင်တွင်းကြီး)

ဩစတြေးလျ နိုင်ငံ ဆစ်ဒနီမြို့မှ ရဲမင်းကြီးဟောင်း တစ်ဦး၏ ကိုယ်တိုင်စစ်ဆေးခဲ့သော ထူးထူး ဆန်း ဆန်း ဇာတ်လမ်း တစ်ပုဒ်ကို တင်ပြလိုက်ပါသည်။




လူသားလက်အိတ်
ပန်းချီ




## လူသားလက်အိတ် ● မဟာဇော်

ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ကြီးမှာ တောကြို့အုံကြားမှနေ၍ လူဦးရေ (၂) သန်းနေထိုင်သော အခြေအနေသို့ ရောက်လာခြင်းမှာပိုကောင်းလာခြင်းမဟုတ်၊ ပိုဆိုးလာခြင်းသာ-ဟု ခေတ်ဟောင်း၏ တရားဥပဒေဘက်တော်သားတစ်ဦးအနေဖြင့် ဤသို့ဤနှယ်သာ ကျွန်တော်မြင်ထားပါသည်။

ကျွန်တော်မှာ နယူးဆောက်ဝေးပြည်နယ်၏ ရဲမင်းကြီးဘဝသို့ ဆူးခင်းသောလမ်း၊ ခရောင်းလမ်းမှ ဖြတ်ကျော်လာခဲ့ရ၏။ အနည်းဆုံး (၄၃) နှစ်မျှသောလုပ်သက်ဝယ် အသေးအမွှားမှသည် အကြီးမားဆုံး ဥပဒေချိုးဖောက်သူများ အားလုံးလောက်ကို သိထားသည်ဟုထင်မြင်ပါသည်။

လက်ရှိရဲမင်းကြီးဘဝမတိုင်မီ တစ်ချိန်ကဆိုလျှင် ကျွန်တော် မှာ ဆစ်ဒနီမြို့ရှိ ပြည်သူ့ရဲတပ်ဖွဲ့ လူပျောက်ဌာနမှ ရဲကြပ်ကြီးတစ်ဦး ဖြစ်၏။ ထိုအချိန်ဝယ် လက်ဗွေစနစ်ကို စတင်ကျင့်သုံးခါ စဖြစ်သည်။ ဤရာဇဝတ်မှုထောက်လှမ်းရာဝယ် သိပ္ပံနည်းကျသော ဤစနစ်ကို ဩစတြေးလျ တစ်နိုင်ငံလုံး၌ ကျွန်တော်တို့ဌာနမှ စတင်အသုံးပြုခဲ့ပါသည်။

လက်ဗွေစနစ်ကို ကျွန်တော် တရှိုက်မက်မက် ဖြစ်လာခဲ့၏။ ဗွေရာအမျိုးမျိုးကို လေ့လာမိသည်။ နယူးဆောက်ဝေးပြည်နယ်ရှိ အချုပ်ခန်းများမှ တရားခံ (၈၀၀၀) ၏ လက်ဗွေရာကိုယူကာ မှတ်တမ်းပြုစုထားလိုက်ကြသည်။

ထိုအချိန်က ကျွန်တော်တို့ဌာနဝယ် တပ်ဖွဲ့ဝင် (၅) ဦးထက် မပိုပါ။ ယခုအခါမူ ယောကျ်ား-မိန်းမပေါင်း (၁၀၀) မျှ ရှိနေပြီး လက်ဗွေရာမှတ်တမ်းကလည်း ဩစတြေးလျ တစ်နိုင်ငံလုံးသာမက နယူးဇီလန်နှင့် ပစိဖိတ်ဒေသဆိုင်ရာများမှ လူဆိုးသူခိုးအပေါင်း၏ လက်ဗွေရာ တစ်သန်းမျှ ရှိနေပြီဖြစ်ပါသည်။

နယူးဆောက်ဝေး လက်ဗွေဌာနမှာ ပစိဖိတ်ဒေသတစ်ခွင်၏ ဌာနချုပ်ဖြစ်ခဲ့ရ၏။ ကျွန်တော်၏ အမှုထမ်းဘဝစောစောပိုင်းဝယ် ဤလက်ဗွေရာ အထူးလေ့လာထားခြင်းက 'လူသားလက်အိတ်' အမှုကို ဖြေရှင်းနိုင်စေခဲ့ပါသည်။

ကျွန်တော် ရဲမင်းကြီးဖြစ်၍ နှစ်အတန်ကြာပြီး ၁၉၃၃ ခုနှစ်၊ ခရစ္စမတ်နေ့တွင် ဖြစ်သည်။ မာရန်သာစ်ဂီးမြစ်ဝယ် အနားယူ အပန်းဖြေရင်း ငါးမျှားနေသူတစ်ဦးက အလောင်းတစ်လောင်းကို တွေ့လိုက်ကြရ၏။

အချင်းဖြစ်ပွားရာနေရာမှာ နိုင်ငံ၏အနောက်တောင်ဘက်အဓိက စိုက်ပျိုးရေးဒေသဖြစ်သည့် ဝဂ္ဂါမှ (၃) မိုင်ခန့်ကွာဝေး၏။

သေသည့်လူက သေခဲ့ရလေပြီ။ အလောင်းမှာ မြစ်ကမ်းဘေးမှ လဲကျနေသည့် သစ်ပင်ကြီးတစ်ပင်၏ သစ်ကိုင်းသစ်ခက်များအောက်ဝယ် ရှိနေပြီး ရုပ်လက္ခဏာဟူ၍ မပိပြင်တော့ချေ။

လက်ရှိအခြေအနေအရ သေသူမှာလည်း မည်သူမည်ဝါဖြစ်ကြောင်း သိနိုင်ရေးက လက်ဗွေရှာဖွေရေးပင် ဖြစ်၏။ သို့သော် ဤအခွင့်အရေးမှာလည်း ထင်သလောက်မလွယ်။ ၎င်း၏ ဘဝတစ်လျှောက်ဝယ် တရားဥပဒေကို ရိုသေလေးစားသူဖြစ်နိုင်သည်။ သို့အတွက် ရာဇဝတ်မှုမှတ်တမ်းဆိုင်ရာ လက်ဗွေရာဟူ၍ မရှိနိုင်ပြီ။

နယူးဆောက်ဝေးပြည်နယ်ရှိ ပြည်သူလူထုမှာ ရာဇဝတ်မှုတစ်ခုခု ကျူးလွန်ကာမှ လက်ဗွေယူထားရိုးထုံးစံရှိသည်။

ရဲထောက်လှမ်းရေးသမားတို့သည် အချင်းဖြစ်ပွားရာသို့မသွားမီ ရဲအုပ်ကြီး ပရိုင်ယာအား ကျွန်တော်ကမှာလိုက်သည်။

'ခင်ဗျားလူတွေ ဘာပဲလုပ်လုပ်၊ လက်ဗွေရာတစ်ခု ယူလာဖို့တော့ မမေ့စေနဲ့ဗျို့၊ သေသူ ဘယ်သူလဲဆိုတာသိဖို့ ဒီတစ်နည်းပဲရှိနိုင်လိမ့်မယ်'

ပရိုင်ယာနှင့်အတူ ရဲထောက်လှမ်းရေးသမားများဖြစ်ကြသော ဖက်ရေး၊ ခရေ့(စ)ဘီ၊ ရေးမတ်တို့က ကားတစ်စီးဖြင့် ဝပ္ပါသို့ ထွက်ခွာသွားကြ၏။

ဆစ်ဒနီမှ သွားကြည့်သော ရဲထောက်လှမ်းရေးသမားများနှင့် ဝပ္ပါရဲတပ်ဖွဲ့ဝင်တို့မှာအလောင်းတွေ့ရာ မြစ်ကမ်းတစ်လျှောက်တွင် ရှာဖွေကြည့်ကြ၏။မည်သည့်နေရာတွင် အသတ်ခံရမှန်းကို မည်သူမျှ မသိကြ။အလောင်းအား ရေထဲသို့ပစ်ချထားသည်မှာ ရက်သတ္တပတ်ပေါင်းများစွာ ကြာနိုင်သည့်နည်းတူ ရေစီးဖြင့် မိုင်မည်မျှစီးမျောပါလာသည်ကိုလည်း မသိနိုင်။

အလောင်းကို အနီးကပ်စစ်ဆေးသည့်အခါဝယ် သေသူတွင် ညာဘက်လက်တစ်ဘက် မရှိတော့။ လက်ဗွေရာရှာမည်ဟူသော ရည်မှန်းချက်မှာလည်း သဲထဲရေသွန်သကဲ့သို့နှယ်။

သို့သော် ရဲတပ်ဖွဲ့ဝင်တို့က ဇွဲမလျှော့။ မြစ်ကမ်းနဖူးပေါ်ဝယ် ရှာကြည့်ပြန်သည်၊ ခပ်ပြားပြား အညိုရောင် အိတ်ကလေးနှင့်တူသည့် အရာတစ်ခုကို ရဲထောက်လှမ်းရေးသမားတစ်ယောက်က ရှာတွေ့တော့သည်။

သဲလွန်စတစ်ခု ရှာရပြီဟု မှတ်တမ်းတင်ရင်း ထိုအရာကို တူးကောက်မည်ပြု၏။ မည်သည့်အရာမှန်း သိလိုက်သောအခိုက်ဝယ် အလွန်တုန်လှုပ်ချောက်ချားသွားမိသည်။

သူရှာတွေ့သည်မှာ အညိုရောင် အိတ်တလုံးမဟုတ်။ ညာဘက်လက်မ တွဲလောင်းနှင့် အရေပြားအပိုင်းအစသာ ဖြစ်တော့သည်။

၎င်းပစ္စည်းအား ဂရုတစိုက်ထုပ်ပိုးပြီး ဝဂ္ဂါတပ်ဖွဲ့မှတစ်ဆင့် ကျွန်တော်တို့ လက်မှုဌာနသို့ ရောက်လာသည်။ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်က ဤအရာမှာ လူ၏ ညာဘက်လက်မှ အရေပြားဖြစ်ကြောင်း ဖော်ထုတ်ပြသည်။

ဝဂ္ဂါရဲတပ်ဖွဲ့မှ ဆရာဝန်ကလည်း လက်ကောက်ဝတ်မှနေ၍ ငါး များစား၍ ဖြစ်ရကြောင်း အစီရင်ခံထား၏။

အလောင်းမှာ ရေစီးနှင့်မျောလာစဉ် တစ်နေရာ၌ ငြိခဲ့ဟန်ရှိ၏။ ရေပေါ်သို့ လက်က ထိုးထွက်နေသည်။ ထိုစဉ် လက်မှ မိရာ အသားများကို ငါးတို့က စားကြသည်။ သို့ဖြစ်၍ အရေပြားသာ ကျန်ရစ်ခဲ့ခြင်း ဖြစ်ပေမည်။

အလောင်းက ဆက်မျောပြီး ကမ်းသို့တင်စဉ် ထိုအရေပြားတဲတဲ နေရာမှ ပြုတ်ထွက်သွားသည်။ ဤသည်ကိုမျက်စိလျင်သောရဲထောက် လှမ်းရေးသမားက တွေ့ခဲ့၏။ အမှန်တော့ ဤအရာမှာ 'လူသား လက်အိတ်' တစ်ခုပင်ဖြစ်တော့၏။

ကျွန်တော်တို့အတွက် လုပ်စရာရှိသည်ကို လုပ်ရန်သာလိုတော့သည်။ ရဲတပ်ဖွဲ့၏မှတ်ခွဲခန်းမှာ ထိုကာလက ကျွန်တော် တစ်သက်ဝယ် မမေ့နိုင်တော့ချေ။

အချိန်ကမူ ၁၉၃၄ ခုနှစ်၊ နှစ်ဦးကာလ။ မှုခင်းဘက်ဆိုင်ရာ ဆရာဝန်က ၎င်းအရေပြားကို ရေဘင်စိမ်ကာ ပျော့ပျောင်းစေ၏။

လူသတ်သမားကို ဖော်ထုတ်နိုင်မည့်ကာလရောက်ရန်အတွက်မူ အချိန်များစွာ လိုပေသေး၏။

ဝဂ္ဂါရဲတပ်ဖွဲ့၏ ရေခဲတိုက်မှ အလောင်း၏ ဘယ်ဘက်လက်မှ အရေပြားကို ယူကြ၏။ နှိုင်းယှဉ်ကြည့်ရန်ဖြစ်သည်။ ဆရာဝန်ကား

စိတ်ခန်းဝတ်စုံဝတ်ထားသည်။ ရဲထောက်လှမ်းရေးသမားသုံးဦးက အကူအညီပေးရသည်။

ခွဲစိတ်ခန်းသုံးလက်အိတ်ကို ရဲထောက်လှမ်းရေးသမားတစ်ဦးကို ဆရာဝန်က စွပ်စေသည်။ ဆရာဝန်က လူသေလက်မှ အရေပြား ကို ဆွဲဆန့်ပေး၏။ ရဲထောက်လှမ်းရေးသမားက ၎င်းလက်အိတ် လက်စွပ်ကို အထဲသို့ထိုးသွင်းလိုက်၏။

အံကိုက်ပင်ဖြစ်သည်။ ထိုလက်ဖြင့် လက်မကို မင်ဆွတ်သည်။ ထို့နောက် လက်မမှ လက်ဗွေရာကို ယူလိုက်တော့၏။ 'လူသား လက်အိတ်'မှ လက်ဗွေရာကိုယူပြီးဖြစ်တော့သည်။ အလားတူ ဘယ် ဘက် လက်ဗွေရာကိုလည်း ယူလိုက်ကြ၏။

ဤကိစ္စပြီးသည့်နောက်ငယ် ကျွန်တော်တို့မှာ (၅) သိန်းခန့်မျှ သော လက်ဗွေရာများမှ သေသူ၏လက်ဗွေရာများနှင့်တူရာကို ရှာ ဖွေရန်ပင် ဖြစ်သည်။

ကြိုးပမ်းချက်က ရှည်ကြာလှ၏။ သို့သော် အပြန်ပြန်အလှန်လှန် ရှာဖွေပြီးသည့်အခါ၌ 'လူသားလက်အိတ်'မှ လက်ဗွေရာနှင့်တူ သည့် လက်ဗွေရာတစ်ခုကို တွေ့ကြရ၏။ ရဲအုပ် ပရိုင်ယာက သေသူ ၏ ပုံပန်းသဏ္ဌာန်ကို ထုတ်ဖော်ရလာသည်။

အသက် (၄၀) မှ (၅၀) အကြားတွင်ရှိ၏။ အရပ် (၅) ပေ (၇) လက်မ၊ ကိုယ်သုံးကိုယ်ထည် မကြီးမငယ်။ မုတ်ဆိတ်ကျင်စွယ် ကို သေသပ်စွာ ရိတ်ပယ်ထားသည်။ မျက်နှာပေါက်ခပ်ပြည့်ပြည့်၊ ကိုယ်အလေးချိန် (၁၀) စတုံ (၇) ပေါင်ခန့်။ အပေါ်နှင့်အောက် အံသွားမရှိ။ အမည်းရောင် ကျူးနစ်ဝတ်စုံကို ဝတ်ထားသည်။ မီးခိုးရောင် ဖလန်နယ်ရှပ်အင်္ကျီနှင့် အပြာရောင်ဘောင်းဘီရှည် ဝတ် ထားသည်။ နံပါတ် (၈) ဘွတ်ဖိနပ်အရှည်ကို ခြေအိတ်မပါဘဲ စီး ထားသည်။

သေသူ၏အမည်မှာ ပါစီစမစ်ဖြစ်၏။ သို့သော် သတင်းစာများ သို့ ကျွန်တော်တို့က ဖွင့်မပြော။ လူသတ်သမားမသိစေဘဲ ၎င်း၏ လှုပ်ရှားခဲ့ပုံ၊ ကျွန်တော်တို့ ခြေရာခံလို၍ပင်ဖြစ်၏။

စမစ်မှာ လွန်ခဲ့သော (၄)နှစ်ခန့်က အရက်မူးရမ်းသဖြင့် အဖမ်းခံခဲ့ရဖူးသည်။ ကံအားလျော်စွာပင် ကျွန်တော်တို့မှာ စမစ်အား ခြေရာခံ လိုက်နိုင်ခဲ့၏။ လူကောင်းမဟုတ်လေ၍ သူ့အား လူအများက မှတ်မိကြသည်။

စမစ်မှာ မကြာခဏဆိုသလိုပင် မြို့ပြင်သို့ မြင်းရထားတစ်စီးဖြင့် ထွက်လေ့ရှိကြောင်း ကျွန်တော်တို့သိလာရ၏။ သူ၏ ထူးခြားသော အလုပ်ကိုမူ မသိရ။

စီးပွားရေးမကောင်းသည့် ကာလဖြစ်သည့်အလျောက် အလုပ်လက်မဲ့များက ပေါလှ၏။ ထို့အတူ စမစ်သည်လည်း အလုပ်တစ်ခါလုပ်လျှင် ရက်ပိုင်းမျှကြာ၏။ အလုပ်ရှိရာသို့ တစ်နေရာပြီးတစ်နေရာ စမစ်က သွားလာနေတတ်၏။

ကြာရှည်စွာ စုံစမ်းထောက်လှမ်းပြီးနောက်ဝယ် အောက်တိုဘာလမှ ဒီဇင်ဘာလလယ်အတွင်းရှိ စမစ်၏လှုပ်ရှားမှုကို သိလာခဲ့ရ၏။ ဒီဇင်ဘာလ (၁၇)ရက်နေ့ဝယ် စမစ်နှင့်အတူ မိုရေးဆိုသူ အဖော်တစ်ယောက် ရှိခဲ့သည်။

စမစ်၏အလောင်းတွေ့ရှိရာနှင့် မိုင်အနည်းငယ် ကွာဝေးသော နေရာဝယ် ဒီဇင်ဘာလ (၁၇) ရက်နေ့က စမစ်၏မြင်းရထားက ရှိနေခဲ့၏။ ဒီဇင်ဘာလ(၁၉)ရက်နေ့တွင် မြင်းရထားထဲ၌ စမစ်ကို မြင်တွေ့လိုက်ရသူများ ရှိသည်။

နောက်တစ်နေ့ညနေတွင်မူ ၎င်းတို့စခန်းချရာတဲ၌ မိုရေး တစ်ယောက်သာရှိကြောင်း ပတ်ဝန်းကျင်မှ အလုပ်သမားများက တွေ့ခဲ့ကြ၏။ ၎င်းတို့၏ ယာယီတဲဝယ် သွေးများစွန်းထင်နေသည်ကိုလည်း သတိပြုမိကြပြန်သည်။

မိုရေးက မြင်းကိုရောင်းသည်။ စမစ်၏ပစ္စည်းများဟုနောက်ပိုင်းတွင်သိရသည်။ကိုယ်ပိုင်အသုံးအဆောင်များကိုလည်း ရောင်းသည်။

မိုရေးအား စစ်ဆေးမေးမြန်းရန်အတွက်ရှာဖွေစေရသည်။ ခရစ္စမတ်အပြီး မကြာမီပင် မိုရေးကိုတွေ့ရှိကာ ရမန်ကြီးတစ်ပတ်ယူကာ ချုပ်ထားလိုက်သည်။

ထိုအချိန်မှာပင် ဂေါ့ရှိ မြင်းလှည်းရုံစောင့်တစ်ဦးဖြစ်သူ ဂျိမ်း အင်းကာ ဒီဇင်ဘာ (၁၆)ရက်နေ့နှင့် နောက် (၄) ရက်အကြာတွင် တွေ့ခဲ့ရကြောင်း သတင်းရလာဖြင့်၏။ နောက်ဆုံးတွေ့ရှိသည့်နေ့ ဝယ် မိုရေးအား မြင်းလှည်းဖြင့်ရောက်ရှိလာပြီး မြင်းလှည်းကို ပြင် စေရန် ပြင်ခအတွက် ငွေထုတ်ပေး၏။

မိုရေးကမူ သူသည် ဝက္ကါမြို့အနီးတွင် ဤမြင်းလှည်းအား အို ဒေါ်င်းဆိုသူတစ်ဦးထံမှ ဝယ်ခဲ့ကြောင်း အချုပ်ခန်းတွင် အစစ်ခံ ၏။ ၎င်း၏ပြောစကားမှာ အခြား သက်သေများ၏ စကားနှင့် ကွဲပြားခြားနားလျက်ရှိ၏။ သို့ဖြင့် မိုရေးအား စစ်သတ်မှုဖြင့် ဖမ်းဆီးလိုက်တော့သည်။

အမှုစတင်ကြားနာရာ ၁၉၃၄ခုနှစ် မေလ(၈)ရက်နေ့ ၌ ဝက္ကါတရားရုံးလေးတွင် ပရိသတ်ပြည့်နှက်လျက်ရှိ၏။ အများပြည်သူ ကြားနာနိုင်သည့်အတွက် အမျိုးသမီးထုများလည်း မနည်းလှချေ။

အမှုစတင်စစ်ဆေးချိန်ဝယ် မိုရေးမှာ ဂနာမငြိမ်။ တရားခံ၏ ရပိုင်ခွင့်များအပေါ်တွင် ခြေကုပ်ယူ၍ ဂျူရီလူကြီး (၁၂)ဦးအား အန်တုလိုက်၏။

ဂျူရီအဖွဲ့ ကျမ်းသစ္စာကျိန်ဆိုမီအတွင်းဝယ် တရားသူကြီးက ပရိသတ်အား မကြာခဏ ငြိမ်စေရ၏။ သို့သော် တရားခံအား ဆန့်ကျင်ထွက်ဆိုမည့်သက်သေ တစ်ဦးပြီးတစ်ဦး ထွက်ချက်ပေးနေ စဉ်၌မူ တရားခွင်ခန်းမမှာ တိတ်ဆိတ်လှ၏။

ပထဦးဆုံးထွက်ဆိုသည့်သက်သေများထဲဝယ် မိုရေးတစ်ယောက် သွေးစွန်းသောယာယီတဲကို ဖျက်သိမ်းနေစဉ်သူ့အားတွေ့သူတစ်ဦး ပါဝင်၏။ မည်သည့်အတွက်ကြောင့် သွေးများစွန်းထင်နေကြောင်း ကို ထိုသူက မိုရေးအား မေးမိခဲ့၏။ ပါးစပ်ပိတ်၍ ကိုယ့်ကိစ္စ ကိုယ် လုပ်ရန်သာ အပြောခံခဲ့ရ၏။

မြင်းလှည်းပြင် သမားကလည်း ယခင်က ထွက်ဆိုချက်အပြင် မြင်းလှည်း၏ ပတ္တူစအမိုး၏ လက်ကိုင်တွင် သွေးစွန်းနေဟန်ရှိ

သော ဓားတစ်ချောင်း ထိုးထားသည်ကို တွေ့ရကြောင်း ထပ်မံဖြည့်စွက်ထွက်ချက်ပေးပါသည်။

မိုရေးထံမှ အက်(စ) ဟူ၍ အတိုကောက် ရေးထိုးထားသော ရွှေနာရီတစ်လုံး၊ အလယ်အလတ်တန်းစားအရွယ်ရှိ အပေါ်အင်္ကျီတစ်ထည် (စမစ်နှင့် ထိုအင်္ကျီမှာ အတော်ပင်ဖြစ်၏။) နှင့် အခြားအသုံးအဆောင် ပစ္စည်းများကို ဝယ်သူထံမှ ပြန်လည်သိမ်းယူပြီး သက်သေခံပစ္စည်းအဖြစ် တင်သွင်းထားပါသည်။

အဓိကသက်သေမှာ ဂျုန်းဆိုသူဖြစ်၏။ မိုရေးနှင့် စမစ်တို့ အကြီးအကျယ် စကားများခဲ့ကြောင်း၊ မိုရေးက စမစ်အား သတ်မည်ဟု ခြိမ်းခြောက်ကြောင်းတို့ကို ဂျုန်းက ရဲတပ်ဖွဲ့တွင် အစစ်ခံခဲ့၏။

သက်သေခံရန်အတွက် ဂျုန်းအားခေါ်ယူရာ ဂျုန်းမှာ ထွက်မလာခဲ့ချေ။ သို့ဖြစ်၍ သက်သေကိုရှာရပြန်၏။ တရားခွင်ကို ရပ်နားလိုက်သည်။

နောက်တစ်နေ့ အမှုပြန်စ၍ ဂျုန်းအား ခေါ်သည့်အခါဝယ် ဂျုန်းအစား ရဲအရာရှိတစ်ဦးက ရောက်လာသည်။

'တရားသူကြီးမင်းနှင့် ဂျူရီအဖွဲ့ခင်ဗျား၊ အစိုးရသက်သေ မစ္စတာဂျုန်းဟာ သေသွားပါပြီ။ ခေါင်းနောက်မှာ သေနတ်ဒဏ်ရာနဲ့ သေဆုံးနေတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်'

ဂျုန်း၏ဇနီးသည်မှာ မိုရေးနှင့် ဆက်နွယ်နေဟန်ရှိ၏။ သို့ဖြစ်၍ သူမအား ခင်ပွန်းသတ်မှုဖြင့် ဖမ်းဆီးလိုက်ကြသည်။ သို့သော် မတော်တဆ သေနတ်မှန်သွားကြောင်း သိလာရပါသည်။

မိုရေးအမှု ကြားနာခြင်းမှာအနှောင့်အယှက်မရှိ၊ ဆက်လက်စစ်ဆေးနိုင်ခဲ့၏။ လက်ဗွေပါရဂူ၏ အစစ်ခံချက်အား ဂျူရီအဖွဲ့က အတော်ပင် စိတ်ဝင်စားစွာ နားထောင်ကြသည်။ 'လူသား လက်အိတ်' လက်ဗွေရာကို မည်သို့ယူ၍ သေသူမှာ မည်သူမည်ဝါ ဖြစ်ကြောင်း တင်ပြပုံကိုပင် ဖြစ်သည်။

မိုရေးကမူ အပြစ်မရှိကြောင်း ငြင်းဆိုသည်။ ပေးအပ်လာသည့် အခြေအနေပေါင်းစုံအရသာ မိုရေးသည် လူသတ်သမားဖြစ်ရ

ကြောင်းအစိုးရအကျိုးဆောင်က သဘောတူ၏။ သို့သော် ထို အချက်များသည်ပင် မိုရေးသည် လူသတ်သမားဖြစ်ကြောင်း ညွှန်း ဆိုနေပြန်၏။

မိုရေးအား သေစားသေစေရန် ဂျူရီအဖွဲ့မှ အပြစ်ချလိုက်စဉ် မိုရေးမှာ လည်ပင်းမှလည်စည်းကို ဆုပ်ကိုင်လိုက်မိသည်။ နောက် ပိုင်းတွင်မိုရေးအား ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲသတ်မှတ် ပေးလိုက်၏။ ထောင်အတွင်း အနှစ်(၂၀)ကြာပြီးနောက် ၁၉၅၃ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် အဆုတ်ရောဂါဖြင့် ကွယ်လွန် သွားခဲ့ရပါသည်။

မဟာဇော်

ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့မှ ရဲမင်းကြီးဟောင်း **Walter Henry childs** ၏ **Case of the Human Glove.**

(ဝ)

## အာမခံပေးခြင်း၏ ရည်ရွယ်ချက်

၁။ ဆိုရှယ်လစ်တရားစီရင်ရေးသည် လုပ်သားပြည်သူတို့ကို လုံခြုံမှုပေးခြင်းဖြစ်၍ တည်ဆဲဥပဒေအရ အာမခံ မပေးမနေရဟု ပြဋ္ဌာန်းထားသော အမှုများတွင် တရားခံအား အာမခံပေး၍ အလွတ်ထုံးချုခွင့်ပြုရမည် ဖြစ်ပေသည်။

၂။ စွပ်စွဲခံရသူ(တရားခံ)အား အမှုတွင် ပြည့်ပြည့်စုံစုံနှင့် လွတ်လွတ်လပ်လပ် ခုခံ ရင်ဆိုင်နိုင်စေရန် အာမခံပေးခြင်းဖြစ်ပါသည်။

၃။ တရားခံနှင့် ၎င်း၏မိသားစု စားဝတ်နေရေးနှင့် အလုပ်အကိုင် မပျက်ရလေအောင် ရည်ရွယ်၍ အာမခံပေးခြင်း ဖြစ်လေသည်။



# ဖြစ်ရပ်မှန်

## အိမ်စဘော် အရှာထွက်ရာမှ ......

'အငယ်လေး....မင်းသွားဝယ် ကွာ၊ နီးနီးနားနား စခန်းသာ ကပဲ ရရှုမုန့်ဝယ်ခဲ့'

'ဟာ.... လုပ်ပြီ မမကလဲ၊ ဒီမှာ မောင်လေး က အခုမှ ရေချိုးရမှာ ထမင်းလဲဆာလှပြီ၊ မမက ပြင်ဆင်ပြီးသား မမပဲ သွားဝယ် လိုက်ပါ၊ တော်ကြာ မမပဲ ချေးများဦးမှာ၊ မမစိတ်ကြိုက် မမသွားဝယ် လိုက်ပါ နော်....ပို့ ယင်မောင်လေး သွားပို့ မယ်လေ'

'ဒါဆို မင်း ရုပ်ရှင်မှလိုက်ဘူးပေါ့'

'အဲ....အစကတော့လိုက်မလို့လေ၊ အဖိုးက မနက်သဘော်နဲ့



နီလေးမောင်



ရှပ်ရှင်ချိန်နီးနေမှ အလှပြင်နေထင်၊ မိတ်ကပ်အသားမတက်မှာစိုး၍ (၈) နာရီပွဲကြည့်ဖို့ရန် (၅း၃၀) မှာ ကြိုကြိုတင်တင် အလှပြင်ထားသော ကျွန်မအဖို့ စာဖတ်ရင်းအချိန် စောင့်မယ်လို့ ကြံဖန်ဇိမ်ခံ မယ်လို့– ဆင်းရဲသား စိတ်ကူးလေးကို ဖျက်ဆီးလိုက်သူကတော့မောင်လေးပေါ့။ကျွန်မရှိရာထပ်ခိုးလေးသို့ မောင်လေးတက်လာသည်။

'မမ အဖိုးပြန်တော့မယ်'

'ဟင် ဟုတ်လား'

စာအုပ် စိတ်ဝင်စားနေ၍ မောင်လေး ခေါ် သည် ကို ဂရုမစိုက်အားဘဲ အသံပြုရုံပြုလျက် ကျွန်မက အဖိုးပြန်တော့မယ်ဆို တော့မှ မောင်လေးကို စိတ်ဝင်စားစွာ နား ထောင် မိ တော့တယ်။

'ဘယ်တော့ပြန်မှာတဲ့လဲ'

'မနက် ဖျာပုံသင်္ဘောနဲ့တဲ့'

'ဟင် ဟယ် လုပ်ပြီ၊ အဖိုးကလဲ ဘာစိတ်ကူးပေါက်ပြန်ပြီလဲ မသိဘူး၊ စောစောကတော့ ကြိုမပြောဘူး၊ ခုမှ ဘာဝယ်ရမှန်းလဲ မသိဘူးကွာ'

အဖိုးကိုကန်တော့ရန် တစ်

# အိမ်စဘော်

ခုခုငယ်ဖို့ ကျွန်မ အပြေးအလွှား စဉ်းစားမိတော့ ကိုတ်ခြောက်ကို အဖိုးကြိုက်သည်၊ နာနတ်ယိုကြိုက်သည်၊ စပျစ်သီး ကြိုက်သည်။ ယိုစုံငယ်ဖို့ရာ ဒီအချိန် သိမ်ကြီးဈေး ပိတ်ပြီပဲ။ အဖိုးအကြိုက်ဆုံးမှာ ကိတ်ခြောက်နဲ့ အခြားတစ်မျိုးမျိုး ဝယ်မှပဲလို့ စိတ်ကူးရတာနဲ့....'

ပြန်မှာဆိုတော့ မုန့်ပို့ဖို့ လူမှ မရှိဘဲ၊ မောင်လေး မလိုက်တော့ ဘူး’

စကား ပြောရင်း မောင်လေးက....မောင်လေးကနဲ့ ထည့်ပြောတတ်သော ကျွန်မ မောင်လေးပြောသည်က တရားမျှတမှု ရှိနေသည်မို့ ဆင်းရဲသားစည်းစိမ်လေး ယစ်မူးဖို့ ကကြမ္မာက မျက်နှာသာ မပေး လေသည့် ကျွန်မအဖို့ ကိုယ်တိုင် မုန့်ဝယ် ထွက်ရတော့ မှာပေါ့၊ ကျွန်မ မုန့်ဝယ်ပြီးအပြန်၌ ရပ်ရှင်ကြည့် ရန် အိမ် က (၇း၁၅) နာရီ လောက်တော့ ထွက်ဖြစ်မှာပေါ့၊ အဖိုးတည်းတဲ့ ကြီးကြီးတို့ အိမ် ရှိရာ တောင် ဥက္ကလာ ကို မောင်လေး ကို မုန့်ပို့ ခိုင်းဖို့ ကျွန်မ တရားပါ့မလား၊ အင်းလေ... မောင် လေးက ကျေနပ်ပြီဘဲ၊ သူငယ်ချင်းတွေ ဝင်ခေါ်တော့ လိုက်သွား ရုံပေါ့။ လူပို ခိုင်းစရာ ကလည်း လူမရှိ၊ အဖော် ခေါ်စရာကလည်း မရှိ၊ မှောင်လဲ မမှောင်လှသေးတာနဲ့ စခန်းသာဆိုတာ ကျွန်မအိမ်နဲ့ ဘာဝေးတာမှတ်လို့၊ လေညင်းခံရင်း လမ်းလျှောက် သွားမယ်ပေါ့၊ အလှပြင်ထားတဲ့ မျက်နှာနဲ့လိုက်ဖက်မည့် အဝတ်အစားကို ရွေမချိုး ခင်တည်းက ရွေးထားပြီးသား၊ အေးသည့်ရာသီမို့ ဂျပန်ချည်နှင့်ထိုးထားသော ရင်ဘတ်နှင့်လက်ဘွင် အသည်းပုံ ဖော်ထားသည့် စပို့ရှပ်ပုံ လည်ဟိုက်လက်ရှည် အင်္ကျီနှင့် လိုက်ဖက်သည့် ပြောင်ထဘီပန်းရင့်ရောင်ကို အကျအနဝတ်ပြီး ရှုံ့အပြည့်နှင့် မုန့်ဝယ်ဖို့ စခန်းသာ ဘက်တွင် အောင် ဆန်း ကွပ်း နားရောက်တော့ သုံးဘီးကား တစ်စီးက ရှေ့ကတြို့ရပ်ပြီး ‘မမ ဘယ်လဲ’

‘ဟယ်.... ကိုမျိုး နင် ဘယ်သွားမှာလဲ’ မေးမိမေးရာ မေးလိုက်တဲ့ ကျွန်မကို ကိုမျိုးက သုံးဘီးကားမောင်းတာလေတဲ့။

ဩော်....ဟုတ်ပါရဲ့၊ ကျွန်မ အမေးက ပုံမကျလိုက်တာနော်၊ သုံးဘီးကား မောင်းတဲ့ သူကို ဘယ်လဲတဲ့၊ ကိုမျိုးဆိုတာ ကျွန်မ မောင်လေးရဲ့ သူ ငယ် ချင်း၊ ကျွန်မကို သိပ်ခင်ပါတယ် ဆိုတဲ့ သူစိမ်း ယောကျ်ား လေး တွေ ထဲက တစ်ယောက်ပေါ့။ ‘မမ ဘယ်သွားမှာလဲ’

မိုးဖွားလေးတွေ ကျလာပြီ ခုမှသတိပြုမိ တော့တယ်၊ သူ့ အမေးကို ကျွန်မမှမဖြေရသေးပဲ 'စခန်းသာမှာ မုန့်ဝယ်မလို့ပါ'

'လာလေ.... ကျွန်တော်လိုက် ပို့ပေးမယ်'

'ရပါတယ်၊ နီးနီး လေးပဲ လမ်းလျှောက်သွားမယ်'

'ကျေးဇူး တင်ရမှာ စိုးလို့ လား'

'ဟာ....မဟုတ်တာကွ'

'မဟုတ်ယင် တက်၊ ထီးလဲ မပါဘဲနဲ့များ မိုးရွာ နေတာကို အိုက်တင်ခံနေသေးတယ်'

'မရွာ သေး ပါဘူးဟယ်၊ မိုးဖွားကျရုံလေးပါ' ကျွန်မက အားနာ စကား ဆို ပေ မယ့် ကိုရွှေမိုးက အငြိုးကြီးစွာ ရှာ တော့မယ့် ဟန်အပြည့်၊ အုံ့မှိုင်း နေလေရဲ့၊ ကျွန်မ စဉ်းစားချိန် မရနိုင်အားတော့ပါ၊ ကိုမျိုးဖွင့် ပေးတဲ့ သုံးဘီးကား ရှေ့ခန်း မှာ စိတ်မရဲတရဲနှင့် အားနာစွာ ဝင်ထိုင် လိုက်ရ တယ်၊ စခန်း သာရောက်တော့ လိုချင်တဲ့ မုန့် မျိုးမရ၊ ကိတ်စိုနှင့် အဆော့ တက်ကိတ်ဘဲရှိတော့ 'ကိုမျိုး.... မုန့်မကြိုက် ဘူးကွာ၊ ဖရေဇာ ဘက်ပို့ဖို့ အချိန်ရမလား'

'သိပ်ရတာပေါ့ မမရယ်.... တက်'

ဒီတစ်ခါလဲ ရှေ့ခန်း ကဘဲ ထိုင်ရပြန်ရော၊ နောက်က ထိုင် ယင် ကိုရွှေမျိုး က ကျွန်မကို စကားမပြောရမှာစိုးလို့ ရှေ့က ထိုင်ခိုင်း တာကိုက က ဆိုးဖို့ရာ အကူ အညီ ပေး သ လို ပါဘဲ၊ သုံးဘီး ကားလေးဟာ စခန်း သာရှေ့က သမ္မတရုံ ရှေ့က လမ်းအတိုင်း ဆူးလေ ဘုရား လမ်းဘက် မောင်းလာပါသည်။ ဂုဏ်ရုံရှေ့ကနေ ဖရေဇာဘက် ကွေ့ဖို့ အ တွင်း လမ်း ကနေ နေရာယူကာ ဖရေဇာလမ်းဘက် ကွေ့ပြီး 'ရှုဘီမှာဝယ်မလားမမ၊ တားက ဒီဘက်မှာ ရပ်ခဲ့ရမှာ.... မုန့်ဆိုင်က ဟိုဘက်မှာ'

'ကိတ်စွမရှိပါဘူးကွ၊ လေဟာ ပြင်ထောင့်ဆိုင်က ဖွင့်မလား မသိဘူး၊ မဖွင့်လဲ လသာဘက် ဆက်သွားတာပေါ့ကွာ' လေ ဟာပြင်ထောင့်ဆိုင်လဲ မရောက် လသာလဲ မရောက်လိုက်ပါဘူး။ ဖရေဇာလမ်းနဲ့ ရွှေဘုံ သာ လမ်းမီးပွိုင့်မှာ ကျွန်မစီးလာ တဲ့သုံးဘီးကားကရှေ့မှာ ရပ်

လိုက်တာပါပဲ။ မီးနီနေပြီကိုး၊ ပိတောက်ပင်အောက်မှာရပ်နေတဲ့ လူတစ်ယောက်က ကျွန်မကို လဲမြင်ရော ကားနားရောက်လာပါလေရော၊ ကျွန်မက လမ်းဖြတ်ကူးတယ်ပဲထင်တာပါပဲ၊ ကိုမျိုးနဲ့စကားမပျက် ပြောလျက်ပေါ့။

ဟယ်....ရင်အတ်ပေါ် လက်တင်ပြီး၊ ဟယ်....လိုက်ချိန်မှာတော့ ကျွန်မ ရင်ညွှန့်ပေါ်က အသည်းပုံ စိန်ခြယ်လော့ကက်သီးလေးနဲ့ဘတ်ဝက်ရွှေဆွဲကြိုးလေးဟာ သခင့်ထံမှာ အခစားပျက်သွားပြီလေ၊ သတိဝင်လာပြီး ကျွန်မထိုသူပြေးရာ အပြေးလေးလိုက်တော့ (၂၉) လမ်းအထက်ဘလောက်ဘက်ပြေးပါလေရော၊ ကျွန်မပြေးလိုက်တာကို တွေ့ကြတဲ့ ပတ်ဝန်းကျင်ကဝိုင်းအုံ ကြည့်နေကြတယ်ရှင်၊ ပြေးမလိုက်ပေးကြဘူး၊ ကျွန်မက 'ဆွဲကြိုး ဖြတ်သွားလို့ပါ ဆွဲကြိုးဖြတ်သွားလို့ပါ' အော်တော့မှ ဝိုင်းလိုက်ကြလေရော၊ ကျွန်မကိုဝိုင်းကြည့်နေတဲ့ ပတ်ဝန်းကျင်ကိုရှက်တာနဲ့ ရပ်ထားတဲ့နေရာက မရွေ့တဲ့ သုံးဘီးကားပေါ် ခပ်ရှက်ရှက်နဲ့ တက်ထိုင်နေလိုက်ရတယ်။ ဘယ်နှစ်မိနစ်လောက် ကြာမလဲ မမှတ်မိတော့ပါဘူး။ ကိုမျိုး အပါအဝင် လူ(၄-၅)ယောက်နဲ့ခြံရံပြီး ကြွချီလာတဲ့ ရွှေကိုယ်တော်ရဲ့ မျက်နှာတစ်ပြင်လုံးမှာ အနီရောင်ဆေးခြယ်ထားသလို ရဲရဲတောက်လို့ ဝိုင်းနေ်းမိတ်ဆက်နေကြတဲ့ ယောကျ်ားသားပတ်ဝန်းကျင်ကို ရွှေ ကိုယ် တော်အတွက် မကြည့်ရက်တာနဲ့—

'ကဲ ကဲ—တော်ကြပါတော့၊ တော်ကြပါတော့၊ ရဲစခန်း ပို့တာပေါ့'လို့ကျွန်မကမနည်းကြီးတောင်းပန်ရသေးတယ်။

'ကဲ.... ကိုမျိုး၊ ပန်းဘဲတန်းရဲစခန်းမောင်းကွာ' ရဲစခန်းရောက်တော့ ရွှေကိုယ်တော်ထံမှပြန်ရတဲ့ နှစ်ပိုင်းပြတ်ကြိုးလေးကသက်သေခံပေါ့၊ လော့ကက်သီးမရလို့ အမျိုးမျိုး စစ်တော့ဘယ်လိုမှ မပေါ်ဘူးလေ။ ကျွန်တော် မယူပါဘူးဗျာ— ကျွန်တော် ဆီမှာ မရှိပါဘူးဗျာနဲ့ အတန်တန် ငြင်းနေတဲ့ ရွှေကိုယ်တော် မျက်ဝန်းများက ကျွန်မထံမှ မခွာ။ မိတ်ဆက်ကြတဲ့လက်သွက်သွက်ပုဂ္ဂိုလ်တွေ လက်ထဲက

ရဲစခန်းထိ အသက် ပါလာ
အောင် ကယ်ဆယ်ပေးတဲ့ကျွန်မ
ရဲ့အကြင်နာတရားကို ယုံကြည်
စွာနဲ့ အသနားခံတဲ့ မျက်ဝန်း
အစုံနဲ့အားကိုးယုံကြည်စွာကြည့်
နေခြင်းပါ။

ခက်ပြီ။ တစ်ကယ်တမ်းပြော
ရမယ် ဆိုပါလျှင် ဆွဲကြိုးနဲ့
လော့ကက်တန်ဖိုးချင်း မတူပါ။
စိန်လော့ကက်ဆို၍သည်း ဆန္ဒ
စော၍ အထင် မကြီး စေ လို
ပါ၊ ဆွဲကြိုး က ဘတ်ဝက်
ငါးမူးသား မပြည့်တတ်၊ လော့
ကက်သီးက ရွှေချိန်ကိုကသုံး
မတ်သား၊ စိန်အတုက သုံးရာ
ကျော် ဆိုတော့ ဆွဲကြိုးထက်ပို
တန်သည်။ ကျွန်မပစ္စည်းနှစ်ခုထဲမှ
တန်ဖိုးကြီးတဲ့ အမြတ် နိုးဆုံး
လော့ကက် မရတော့ ရင်တုန်
တာက မရပ်မနား သေး တော့
ရွှေကိုယ်တော်ကို အပြည့် အဝ
မသနားနိုင်သေးဘူးလေ၊ ကိုယ့်
လည်တိုင်က အလှ ဆင်မြန်းရာ
မြတ်နိုးရာ ပစ္စည်းကို ရက်ရက်
စက်စက် မက်မက် မောမော
လုယက်မှု ကျူးလွန်ရဲတဲ့ လူကို
ကျွန်မ သနားဝံ့တာ မိုက်မိုက်
မဲမဲ မှားမှာပေါ့နော်၊ ဒါပေ
မယ့် ရှင်-လူသား တစ်ဦး ကို
လူသား လေး ငါး ယောက်က
နှာခေါင်းထဲကသွေးမရပ်မနား
ကျလာ အောင်၊ နှုတ် ခမ်း ကွဲ
အောင် ထိုးကြိတ် မိတ်ဆက်နေ
တာကိုမှ ကျွန်မ မကြည့်ရက်ဘဲ၊
ကဲ.... သူ့ဆီမှာ တစ်ကယ်မရှိ
ဘူးလား၊ မရှိပါဘူး မမရယ်၊
ကျွန်တော် လော့ကက် ပါ မှန်း
လဲမသိပါဘူး၊ ဖြစ်နိုင် လောက်
ပါတယ်လေ၊ ရဲစခန်း ရောက်
လာတဲ့ခါးပိုက်နှိုက်ဘစ်ယောက်
အနေနဲ့ တကယ်သူ့ ဆီမှာ ရှိရိုး
မှန်ယင် ပြင်းလို့ ရနိုင် လို့လား၊
သူ့ဆီမှာလဲရှာမတွေ့ဘူး၊ လက်
ပြောင်းလက်လွှဲ လုပ်သလား စစ်
လို့လဲမရဘူး။

အဲဒီတော့ အဖြတ် ခံရတဲ့နေ
ရာ ပြန်ရှာ ကြည့်ပါဦးလားလို့
အကြံပေးတဲ့အမှုစစ် ဦးစိုးပိုင်ရဲ့
အကြံပေးချက်ကို ကိုမျိုးကို အကူ
အညီတောင်းရတာပေါ့။

'ကိုမျိုးပြန်ရှာကွာ.... မမပါ
လိုက်ခဲ့မယ်'

'ဟာ.... ဘယ် လိုက် လို့ ရ
မလဲ၊ ဒီမှာ အစ်မရှိနေ မှဖြေ၊
ကျွန်တော်တို့ကို တိုင်ချက် ရေး
ပေးမှ ကျွန်တော်တို့က ဆောင်

ရွက်လို့ ရမှာပေါ့’ လို့ တာဝန်ရှိပုဂ္ဂိုလ်ရဲ့စကားကြောင့်ကျွန်မပန်းဘဲတုန်း ရဲစခန်းထဲမှာ ကျန်နေခဲ့တာ ပေါ့။ ‘လော့ ကက်ပြန်ရှာတဲ့ ကိုမျိုးရဲ့ သုံးဘီးကားထွက်သွားတော့မှရွှေကိုယ်တော်ကအဲဒီအစ်မနဲ့ စကားပြောပါရစေလို့ အချုပ်ခန်း ထဲကနေတာဝန်ကျ ရဲသားကို အကူ အညီတောင်းတယ်။ အလှမ်း မကွာတော့ ကျွန်မလဲကြားတာပေါ့၊ စကားပြောခွင့်ရှိလျှင် ပြောပါရစေဆိုတဲ့ စကားလုံးနဲ့ ရဲအရာရှိထံ ခွင့်ပန် တော့ ရွှေ ကိုယ်တော်နဲ့ စကားပြောခွင့် ရတယ်လေ၊ စကားပြောခွင့် ရတယ်ဆိုပေမယ့် သူပြောတဲ့ စကားကိုနား ထောင်ရုံ သက်သက်ပါ။ ကျွန်မမှာ သူ့ကိုပြောစရာစကားမရှိပါဘူး။ တဲပြော.... ကျွန်မတေးမှာလဲအစောင့် ရဲသားနဲ့မို့တော်တော်နဲ့ မ ပြောဘူး လေ။ ရဲအရာရှိက လှမ်းဟောက်တော့မှ အစ်မရယ်.... ကျွန် တော့် ကိုကူညီပါ၊ ကျွန်တော့် အိမ်ကိုပြောပေးပါ။ ကျွန်တော်အလုပ်ကိစ္စနဲ့ခရီး ထွက် သွားတယ်လို့ ဆက်ဆက် ပြောပေးပါ အစ်မရယ်၊ ကျွန်တော့် လိပ်စာက....သူပြောသော လိပ်စာကို ကျွန်မ ရေးမှတ်တော့ ရဲအရာရှိက ခင်ဗျားသွားပြောမလို့ လားတဲ့။

‘ကျွန်မက.... ဆရာတို့ပေးတဲ့လိပ်စာနဲ့ တူမတူ သိရအောင်တမင်ယူလိုက်တာပါ။ ကျွန်မရဲ့စကားလုံးက ချောမွေ့ နေလေရဲ့၊ အမှန်တကယ်တော့ ကျွန်မသွားပြောပေးမယ်လို့ စိတ်ထဲကဆုံးဖြတ်ပြီးသားပါ၊ ဒါမှလဲသူ့ အတွက် လုပ်ရှားနိုင်ကြမှာပေါ့၊ အဲဒီလို ကူညီချင် နေတာသနားတာတွေဟာ သူ့ အပေါ်မှာ ကျွန်မရဲ့မသိစိတ်က ယုံကြည်နေ သလို မ ဖြစ် နိုင် လောက်ပါဘူး။ လူမှားမိသလားနဲ့ သံသယစိတ်ရှိနေလို့ ပါပဲရှင်၊ ကြည့်ပါဦးရှင်၊ လူပုံကလဲ သားသားနားနား သနားကမား၊ အနူပညာပုံ၊ သူ့ ကို အကဲ ခတ်ရသလောက် ဟန်ယင်ချောက်ချားနေလိုက်တာ၊ ယောကျ်ား တစ်ယောက်မဟုတ်သလိုပဲ။ ခါးပိုက်နှိုက်မှ ဟုတ်ပါ လေရဲ့ လားလို့တွေးမှား မိအောင်ပါပဲ။ သိပ်မကြာပါဘူး၊ ကိုမျိုးပြန်ရောက်လတယ်။ ကျွန်မရဲ့ အသည်းပုံ

လောကကက် သီးလေးဟာ ကား ကြိတ် ခံထား ရလို့ ပြား ပြီး ကျောက် (၂၄) လုံး အနက်က (၂)လုံး ထွက်ပြီး ပြန်ရခဲ့တယ်။ ရဲ့ အ ရာ ရှိ က အံ့သြ နေ တယ်။ ခါးပိုက် နှိုက် ခံရတဲ့ပစ္စည်း ဟာ အပြည့်အစုံ ပြန်ရခဲ့တယ် မဟုတ် လား၊ ခုတော့ တစ်နာရီနီးပါး ကြာပြီးမှ ပြန်ရလာခဲ့တဲ့ ပစ္စည်း ဆိုတော့ တော်တော် ဥစ္စာရင်း မှန်လို့ ပဲပေါ့။ တိုင်ချက်ဖွင့်သက် သေခံပစ္စည်းပါ ထားခဲ့ပြီး ပြန် ခါနီးမှာတော့ ရွှေကိုယ်တော်ကို အမိအရ ဖမ်းပေးခဲ့တဲ့ (၄/၅) ယောက် ထဲ က သက် သေ သုံး ယောက်ရဲ့လက်မှတ်ထိုးအပြီးမှာ တော့....

'ကျွန်တော်တို့ကရှုပ်ရှင်ရိုက် နေတယ် ထင်လို့၊ ဒီ အစ်မကြီး ပြေး လာ တာ မြင် ရဲ့ သား နဲ့ မလိုက်တာ၊ဆွဲကြိုးဖြုတ်တယ်လို့ အော်မှလိုက်ရလို့ မဟုတ်ယင် ဒီလူဗိုလ်ချုပ်လမ်းအထိတောင် မရောက်ဘူး၊ (၂၉) လမ်းထိပ် မှာထဲကမိတယ်' လို့ မြန်မာ စကားမပီသတဲ့ရာဂျူးရဲ့ စကား ကြောင့် ငိုအားထက်ရယ်အား သန်ဖြစ်ရသေး၊ရှုပ်ရှင်ရိုက်တယ် ထင်လို့တဲ့၊ ဩော်.... သူ့လိုပဲ ထင်ကြတယ်နဲ့တူပါတယ်။ကျွန်မ ပြေးလိုက်တာကိုဝိုင်းကြည့်နေတဲ့ ပရိသတ်က လိုက်မပေးကြတာ ကိုး။

'အင်း— ဒီတစ်ခါ မျှား အဖြုတ်ခံယင် ပိုက်ဆံအိတ် ခါး ပိုက်နှိုက်ခံခဲ့ရယင်စောစောစီးစီး ကျယ်ကျယ်လေး အော်မဖို့သတိ ထားရဦးမှာပေါ့'

တောင်ဥက္ကလာပမြို့၏မိုးရာ သီရေလျှံသည့်လမ်းကြမ်းကြမ်း တွေကိုဖြတ်ကျော်ပြီး ရောက်ခဲ့ တဲ့ ရွှေကိုယ်တော်ပေးတဲ့ လိပ် စာနဲ့ရောက်ခဲ့တဲ့ အိမ်ကရွှေကိုယ် တော်အိမ်မှမဟုတ်ဘဲ၊ ရွှေကိုယ် တော်ရဲ့ အဒေါ် အိမ်....ဖြစ် ကြောင်းကုန်စင် ပြောပြလိုက် တော့ ငိုလိုက်ကြတာ နာရေး ကိစ္စအတိုင်းပါပဲ။ ဒါပေမယ့် အသံတိတ်ပါ၊ ရှက်လွန်းလို့ ပေါ့၊ရွှေကိုယ်တော်ကို ကျွန်မ ကင်ပွန်းတပ်တဲ့ သူ့နာမည်က 'ဇော်ဇော်'အသက်(၂ဂ)နှစ်၊ ပညာအရည်အချင်းက ဘီအေ၊ အထုမ်အကိုင်မရှိ။ ဝါသနာက ပန်းချီပညာ၊ အိမ်ထောင်ရေး အခြေအနေကလေးအစ်ယောက်

ဖခင်၊ သူ့ မှာမိဘ မရှိတော့ဘူး၊ သူ ဆယ်တန်း မအောင်ခင်က အမေဆုံးသွားတယ်၊ အဖေက နောက် အိမ်ထောင် ထူတယ်။ မိထွေးရဲ့ မကြည်ဖြူတဲ့ ငွေနဲ့တွဲ့ ရခဲ့တယ်၊ အဖေကိုယ်တိုင်ကလဲ ဝင်ငွေမရှိတော့တဲ့အချိန်သူစိတ် ညစ်တယ်၊ ဟိုဒီ အလုပ်လျှောက် တယ်၊ အလုပ်မရခင် အယင်ရ တာကတော့ မိန်းမ၊ သူမိထွေး အိမ်မှာ မနေချင်လို့ သူ့ အိမ် သူ့ ယာနဲ့နေဖို့ ကြိုးစားတယ်၊ သူ့ မှာ ငွေမရှိပေါ့ပဲနဲ့ သူမိန်းမ ခိုးတော့အဒေါ်အိမ်ကို၊ အဒေါ် ကလဲ အတတ်နိုင်ဆုံး ဖေးမ တယ်၊ ကူတယ်၊ သူကလည်း ဝါသ နာပါတဲ့ ပန်းချီပညာနဲ့ ကြိုး စားတယ်၊ မအောင်မြင်သေး ပေမယ့် သူ့ ကို ပန်းချီဆရာလို့ အသိအမှတ်ပြုကြသည်ပေါ့၊ ငွေ ကတော့ နှစ်ယောက်စာ မရနိုင် သေး၊ ဒီအချိန်မှာ ရလာတာက ရတနာ သားသမီး ရတနာ။ သုံးယောက် ဖြစ်လာပြီ ဆိုတော့ အ ဒေါ် ကလဲ သား သမီး တွေနဲ့ စက်ရုံတစ်ရုံမှ အလုပ်သမ၊ အ ဒေါ့် ယောကျ်ား ကလဲ အောက်တန်း စာရေး၊ ဆယ်တန်း ကျောင်းသား၊ ရှစ်တန်း ကျောင်းသား၊ ငါးတန်းအငယ် ဆုံးဖြစ်တဲ့ အဒေါ် ရဲ့သားတွေရဲ့ အခြေအနေကရလည်း မျက်မြင်၊ ဒီကြားထဲ ဆိုးသည်က အဒေါ့် သား သမီး တွေနဲ့ သူ့ မိန်းမက ဘယ်လိုမှ အဆင်မပြေ၊ အိမ်ငှား နေကြ ရအောင် မောင်ရယ်လို့ ပြောလာတဲ့သူ့ ဇနီးသည်စကား က နေ့စဥ်ထာဝရ နာရီမလပ် စကြန့်မခြား သူ စိတ်ညစ်သည်၊ သိပ်ကို စိတ်ညစ်သည်။ မဖြစ်ဖြစ် အောင်တော့ အိမ် ၈ ပေါ် ရှာ ဖော့သည်။ အဒေါ့် ရဲ့ဖြိုဖြင်ဆဲ အ ဒေါ့် သား သမီး တွေရဲ့ ဆောင့် အောင့် ဆန္ဒပြသံ၊ ဇနီး သည်နှင့် အဒေါ် သားသမီး တွေ တစ်လှည့်စီရန်ဖြစ်သံ၊ ဇနီး သည်ရဲ့အိမ်ငှား နေကြရအောင် မောင်ရယ်လို့ ပြော ပေ မယ့် ဇနီးသည် ဘာက်ကလဲ သဘော မတူလို့ ဝေးဝေးက ရှောင်ဆို တော့ သူဘယ်လို ရှာမလဲ၊ သူ အိမ် စ ဘော် ရှာ နည်း က တော့ဖြင့်....

*

ကျွန်မကို တရားလို အကျိုးဆောင်(အစိုးရရှေ့နေ) ဦးခင်မောင်ဦး၊ တရားခံ ရှေ့နေ ဦးညဏ်ဝင်းတို့ရဲ့ မေးမြန်းချက်၊ အခင်းဖြစ်ပွားပုံ နေ့ကအဖြစ် အပျက် မေးကြတယ်။ တရားခံရှေ့နေက ကျွန်မအဖြေကိုကြိုက်နှစ်သက်ပေမယ့် တရားလို အကျိုးဆောင်ကတော့ ကြိုက်ပုံမရပါဘူး၊ ကိုယ့်အမှုကိုယ့်ပြန် ပတ်မယ်လို့ မကြားတစ်ကြား ပြောကြတဲ့ ပတ်ဝန်းကျင်လဲ ရှိပါလေရဲ့။ သူ့ရဲ့ အခြေအနေအရပ်ရပ်ကို ကျွန်မသိထားပြီးသည်ကတစ်ကြောင်း၊ ကျွန်မပစ္စည်းပြန်ရသည်က တစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကို ထောက် ထား ပြီး ကျွန်မသက်ညှာစွာ ထွက်ဆိုနိုင်ခဲ့ပေမယ့်....အမိန့်ချတဲ့နေ့မှာတော့ ကျွန်မ နားထောင်နိုင်စွမ်း မရှိခဲ့ပါဘူး။ လုယက်မှု မြောက်လို့ ချမှတ်လိုက်တဲ့ ပြစ်ဒဏ်ကို ဇော်ဇော်မှ လွဲပြီး သူ့ဇနီး မယားလည်း ဝင်ခံလို့ မရနိုင်ပါဘူး။ ကျွန်မကော ဘယ်အထိ ကူညီနိုင်မှာမှတ်လို့၊ အပြစ်ကျူးလွန်သူကို တရားဥပဒေကအပြစ်နှင့်ဒဏ်ခတ် အပြစ် ပေးခြင်း ကို ကျွန်မ သနားသင့် ပါသလား။

လူသားတိုင်း အခက် အခဲတို့သည် တွေ့ကြုံရစမြဲပါ။ အခက်အခဲနှင့် တွေ့ကြုံရတိုင်း စိတ်ဓာတ်မကျဖို့၊ လမ်းမှား မလိုက်မိစေဖို့၊ ကိုယ့်မရှိတာနှင့် သူတစ်ပါးပစ္စည်းကို မတရား ရယူလိုစိတ် မွေးခြင်းသည် လောကီလော ကုတ္တရာ နှစ်ဖြာစလုံး အကျိုးမရှိခြင်းကို သတိတရားပွားများ နိုင်ကြ ပါ စေ လို့ ဆုတောင်းယင်း....

ကိုဇော်ဇော်ရဲ့ နှာခေါင်းထဲမှ သွေးအဆက်မပြတ်ထွက်ပုံ၊ လူသားများစွာရဲ့ ထိုးနှက်ရိုက်ပုတ်ချက်တွေ၊ ယောက်ျားချင်း ခြေဖြင့် အကန်ခံရပုံတွေ ကိုဖြင့် ကျွန်မမျက်ဝန်းအိမ်မှဖယ်ရှား၍ မရသေးပါ။

ချမ်းမြမြင့်မိုး(ကျိုက်လတ်)

**ဒုစရိုက်မှုမျိုးစုံ**
**ဖမ်းဆီးအရေးယူ**

မော်လမြိုင်မြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်မှု၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် အတွင်း ဒုစရိုက်မှုခင်း ကျဆင်းရေး စီမံချက်အရ မုပ္ပန်နယ်မြေ ပြည်သူ့ရဲစခန်းမှ စခန်းမှူးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များသည် ဒေသခံရပ်ကွက်၊ ကျေးရွာ ပြည်သူ့ကောင်စီများနှင့် ပူးပေါင်း၍ ဒုစရိုက်မှုများကို အရေးယူ ဖမ်းဆီး လျက်ရှိရာ ၁၉၈၆ ခုမှ ၁၉၈၇ ခု အတွင်း ယစ်မျိုး ၁၁၇ မှု၊ ချဲထီ ၂၈ မှု၊ လောင်းကစား ၃၁မှု၊ ပြည့်တန်ဆာ၁၄မှု၊ အရေးကြီး ကုန်ပစ္စည်း သယ်ဆောင်မှု ၁၅မှု၊ မှောင်ခို နွားကောင်ရေ ၅၂ ကောင်တို့ ဖမ်းဆီး အရေးယူခဲ့သည်။



ချင့်ချိန်ဉာဏ်ကို လောဘ
တရားက ဖုံးလွှမ်းသည့်နှင့်
အလိမ်ခံရတော့မည်ကို သတိ
မမူပါလေတော့။

ကြက်တန်း

# ဈေးနဲ့ သူ့ဗွက်တစ်ခု

တရားရေးဝန် ထမ်းတစ်ဦး



ကျွန်တော်၏မိတ်ဆွေကြီး ဦးကြာဆန်သည် မတွေ့တာကြာပြီ ဖြစ်၍ ယနေ့ ရွှေတိဂုံဘုရားပေါ်၌ သူနှင့် အမှတ်မထင်တွေ့ရလေရာ—

'ဟာ ဆရာသမား၊ ဝလို့လှလို့ပါလား၊ မတွေ့ကြရတာ အတော်ကြာပြီနော်' ဟု သူက စတင်၍ နှုတ်ဆက်စကား ပြောလေသည်။

'အလုပ်တွေက များလို့ပါ ဦးကြာဆန်ရယ်၊ ပြီးတော့ ကျွန်တော်ကလဲ နယ်က အမှုတွေများနေတော့ နယ်မှာသွားပြီး အမှုတွေ လိုက်ရလို့ ရန်ကုန်ကို တစ်လ တစ်ခေါက်တောင် မှန်မှန် မရောက်နိုင်လို့ပါ' ဟု ကိုယ့်အလုပ်အကြောင်း ပြောမိ၏။

'ဒါနဲ့ ခင်ဗျားတော့ ကြက်သေသေ ဖြစ်နေရောပေါ့နော်၊ ခုနေ ခါမှာ မော်တော်ကား ပစ္စည်းတွေကလဲ ရှားပါးပြီး ဈေးတွေက တက်နေတာ'



‘အင်း.... အများ အမြင်မှာ တော့ သည်လိုပဲထင်ကြမှာပေါ့ လေ.... ဈေးတက်ထယ် ဆိုတာ ကလဲ့ဟိုအကြောင်းဒီအကြောင်း တွေကြောင့် ဆိုပါစို့၊ ဈေးတက် ယင် ကျန်တဲ့ ဟာတွေ ကလဲ ဈေးတက်ရတဲ့ အကြောင်းရင်းနဲ့ ဆိုင်တာ မဆိုင်တာ အပထား၊ အကုန် ရောပြီး တက်လိုက်ကြ တာပဲ၊ အကျင့်တွေ မကောင်း တော့ဘူးဗျာ’

‘ဒါနဲ့ ကျွန်တော်တို့ နယ်မှာ နေတဲ့ လူတွေ ကြားရ တာက တော့ ကုန် ဈေး နှုန်း ဆို တာ ဈေးသည်ရဲ့ပါးစပ်ထဲကထွက်တဲ့ နှုန်းပဲ့သို့ ဆိုကြတယ်၊ သူတို့က သည်ဈေး ပဲလို့ ပြောပြီးယင် ပြန်မပြင်တော့ဘူးဆိုပဲ’

‘အင်း....ဈေးသည် ဆိုတာ ကတော့ လောဘသား ပဲကိုး။ ဒါပေမယ့် အဲသည့် လောဘ သား ဈေး သည်သာ ခံရယင် ရေရေလည်လည် အီသွားတာ တွေရှိသေးတယ် အကျိုးဆောင် ကြီးရယ်’

‘ဟုတ်လား.... ဘယ်လိုပါ လိမ့်ဗျာ’

‘ကြက်တန်းဆိုင်ရှင်သေဌေး ကလေးတွေဟာ— အထိမ်းခံကြရ တာလေ’

‘ရဲတိုင်ပြီး အမှုဖွင့်ကြဘူး လား’

‘ဟဲဟဲ.... အမှုဖွင့် ပြန်တော့ လဲ ကိုယ့်အမြီးက ကိုယ့်ပတ် တဲ့ အဖြစ် မျိုးတို့၊ တစ်ချို့လဲ ရှက်ပြီး ငြိမ်နေ ကြတာတို့ပေါ့ ဗျာ’

‘ဆိုစမ်းပါဦး၊ ဦးကြာဆန် ရယ်.... ဗဟုသုတလေး ရတာ ပေါ့’ဟု ပြောလိုက်မှ ဦးကြာ ဆန်က အောက်ပါအတိုင်းပြော ပြပါတော့၏။

*

ရန်ကုန်မြို့ ဆင်ခြေဖုံး ရပ် ရပ်ကွက် ဖြစ်သော မြေနီကုန်း တွင် ကားပစ္စည်းများ ရောင်းချ သည့် ကြက်တန်း ဈေးကြီးကား နာမည်နှင့် လိုက်ဖက်အောင်ပင် ကြက်ပျံမကျ စည် ကား လှပေ သည်။

မူလက ဤနေရာသည် ကြက် တန်းမဟုတ်ချေ။ ကြက်တန်းကြီး ကား ရန်ကုန်၊ ဗိုလ်တထောင် မြို့နယ်၊ ရာမာကရစ်ရှနာ ခန်းမ

ဆောင်နှင့် ပုဇွန်တောင်လမ်းမ ကြီးကြားတွင်ရှေးအထက်ကပင် ကြက်တန်း ဟူ၍ တည်ရှိခဲ့လေ သည်။ မြန်မာဘုရင်များ လက် ထက် က လော၊ အင်္ဂလိပ် က အောက်မြန်မာပြည်ကို သိမ်းပြီး ကတည်းကလော မသိပါ၊ ကြက် ရောင်းသည့်ဈေးတန်းမို့ ကြက် တန်းဟု တွင်ခဲ့ခြင်းဖြစ်၏။

ရှေးခေတ်ကတော့ ရန်ကုန် မြို့၏ ရေိယာမှာ ကျဉ်းမြောင်း သဖြင့် ထိုနေရာမှာမြို့စွန်းအဖြစ် သံထည်ပစ္စည်းများစုပြုံထားရာ မှ သံပစ္စည်းဈေးကြီး ဖြစ်လာ၏။ ထိုကြက်တန်းနာမည်မှာ ကြက် တန်းဟုဆိုလိုက်သည်နှင့်ပင် စား စရာ ဟင်းလျာကြက်ဟု မည်သူ ကမျှမမှတ်ယူဘဲ မော်တော်ကား ပစ္စည်းနှင့် သံတိုသံစရောင်းဝယ် သည့် ဈေးတန်းဟု အလို အလျောက် နားလည် သဘော ပေါက်ပြီး ဖြစ်ကြ၏။

ထို ကြက်တန်း ဟောင်းကြီး မှာ နေရာက ကျဉ်းမြောင်း၍ ဆိုင်တွေက များပြားလာခြင်း၊ မြို့ပြင်မြို့သစ်များမှ လာရသည် မှာ ဝေးလံခြင်းတို့ကြောင့် မြေနီ ကုန်းရှိ ကုလားတစ်ချို့က စမ်း သပ်၍ မြေနီကုန်း အရက်ဆိုင် ကြီးရှေ့မှ ရပ်ကွက်တွင် သံတို သံစနှင့် မော်တော်ကားပစ္စည်း များ စတင် ရောင်းချခဲ့ရာက နောင်သော် အလွန် စည်ကား သည့် ကြက်တန်းရပ်ကွက်ကြီး ဖြစ်လာရတော့၏။

ရှစ်ပေပတ်လည် ၁င်တစ်နေ ရာစာ ဆိုင်ခန်း တစ်ခန်းကို အပျောက် ငါးရာမှ ယခု ငါး သောင်းအထိဈေးခေါ်နိုင်သည့် အခြေသို့ ရောက်လာကာ မြေနီ ကုန်း ကြက်တန်းကိုမြန်မာပြည် ၏ အမေရိကန်နိုင်ငံက မော် တော်ကား မြို့တော် 'ဒက်ထ ရွိုက်'ဟုပင် တင်စားကြလေ သည်အထိပါ။

ဥပမာပြရလျှင် မော်တော် ကား အ သစ် ဆင် လို သူ သည် ကြက်တန်းအဝင်ပေါက်မှ ဝင် သွားပါကပြန်အထွက်တွင် ကား တစ်စီးမောင်းထွက်လာနိုင်သကဲ့ သို့ မော် တော် ကား တစ်စီးကို ခိုးယူပါကလည်း ကြက်တန်းထဲ သို့ ဝင်သွားပြီးလျှင် နှစ်ဆယ် လေးနာရီအကြာမှာ ထိုကား သည် တစ်စစီ ဖြစ်နေလိမ့်မည်ဟု ၍စကားတင်စားပြောကြရသည့်

အထိ ကြက်တန်းမှာ နာမည်ကြီး လှပေသည်။

ဘယ်မော်တော်ကား မျိုးအ ပစ္စည်းမျိုးကို လိုချင်သနည်း၊ ရမည်။ ဈေးကတော့ ပါးစပ်က ပြောတာ ဈေးပဲ။ တစ်ရာတန် ပစ္စည်းကို လေးရာကစ၍ ပြော မည်။ သေကြေအောင် လက်ကုန် ဆစ်ပါမှ တစ်ရာ့ ငါးဆယ်၊ လေးရာပြောတဲ့ဟာကို သုံးရာနဲ့ ရလို့ သက်သာ တယ်ထင် ပြီး မဝယ်လေနဲ့၊ ခံသွားရမယ်မှတ်။

ပြီး ကြက်တန်း မှာ ပျံကျ သမားတွေ ရှိသည်။ ပြဿနာ ခဏခဏ ပေါ်သည်၊ ထစ်ခနဲ ဆို လူအုပ်နှင့် ဝိုင်းထားတတ် ၏။ ညစ်သည့်သဘောလည်း ရှိ ပေသည်။

ယခု ပြဿနာကို စတင်သူ ကား ပျံကျသမားတွေကစလိုက် ခြင်း ဖြစ်လေသည်။ သူတို့ကား ဆိုင်ခန်းမရှိ၊ ငွေ ရင်း နှီး မလို။ ပါးစပ်နှင့် အလုပ်လုပ်ကြသူများ ဖြစ်၏။

သူတို့က ကြက်တန်းတွင်းမှာ မသိသူဟူ၍ မရှိသလို ဘယ်ဆိုင် မှာ ဘာပစ္စည်း ရှိသည်ဟူ၍က အစ အကုန်နေကြ၏။ သူတို့ စုရပ် နေရာကား မြေနီကုန်း လေဟာပြင်ဈေးနှင့်မျက်နှာချင်း ဆိုင် (၄၂) ကားမှတ်တိုင်အေး မှ ပလက်ဖောင်းမှာ ဖြစ်သည်။ တစ်ခါတစ်ခါစုပေါင်း စကားချပ် သမ၏ ရှေ့ကအုတ်ခုံပေါ်မှာ —

သူတို့အနေဖြင့် ကြက်တန်း ထဲသို့ ဝင်လာသူအား ဖမ်း၍ အခြေအနေကြည့်ပြီး ‘ဘာပစ္စည်း လိုချင်သလဲ’ ဟု မေး၏။ လိုချင် သည့်ပစ္စည်းရမည်၊ ခဏနေပါမှာ ဆို၍ ထိုပစ္စည်းကို အသိဆိုင်မှာ သွားယူလာပြသည်။ ဒါမှမဟုတ် သူတို့နှင့်ချိတ်ဆက်ရှိသော ဆိုင် သို့ ခေါ်သွား၏။

ပစ္စည်းမှာ ပြန်ပြုပြင်ထား သည့်ပစ္စည်းဖြစ်နိုင်သလို တကယ့် အော်ရီဂျင်နယ်အစစ် အသစ် လည်း ဖြစ်နိုင်သေး၏။ သူတို့မှာ ပစ္စည်းအဟောင်းကို အသစ်ဖြစ် အောင် လုပ်သည့်နည်းတွေက တစ်ပြုံကြီး။ သံစားကော်ပတ်၊ အရောင်တင် ကော်ပတ်၊ သုတ် ဆေး၊ မှုတ်ဆေး၊ လိမ်းဆေး စသည့်အပြင် နဂိုပစ္စည်းထည့် သည့် ဘူးဟောင်းတွေကလည်း ရှိသေး၏။ အဲသလို လက်ပူတိုက် လိုက်တော့ အဟောင်းပစ္စည်း

တစ်ချောင်း သို့မဟုတ် လွှင့်ပစ်ရ တော့အသည် ငါးရာတန်ပစ္စည်း ဖြစ် သွားတတ်ပေသည်။

ကြက်တန်း ပလက်ဖောင်းပျံကျဈေးသည်တစ်စုနှင့်ကြက်တန်း အပြင်ဘက် ပလက်ဖောင်းပျံကျ ပွဲကြိုတို့ ပေါင်းမိ၍ အမည်းကောင် တွေ့ပြီဆိုပါက မသက်သာတော့ပေ။ ဒါကတော့ သူ့နည်း သူ့ဟန်နှင့် သူတို့လုပ်ကြတာကိုး။ သာမန် ရိုးရိုးသားသား ဈေးဝယ်သူက မသိ၍ ခံရသည်ပဲတာ။ ရှိစေတော့....

အခု ဦးကြာဆန်ခံရပုံက တစ်မျိုး။

ဥပမာ–ပလက်ဖောင်း ပျံကျ ပွဲကြိုက သည်ပစ္စည်းရမည်၊ ငွေပေးပါဟု ပြော၍ ပစ္စည်းလက်ထဲ ထည့်ထားခဲ့ပြီး ငွေယူ လစ်သွားတာက တစ်မျိုး။

ပ ထ မ ပြ သည့် ပစ္စည်း ကို ကြိုက်ပြီဟု စရန်ပေးလိုက်ပြီး ကိုယ့်ဆီက ငွေချေဖို့ လိုက်သွားကာမှ ပစ္စည်းချင်းရော၍ မျက်လှည့်ပြလိုက်သဖြင့် ခံရသည်က တစ်မျိုး။

ခိုးရာပါပစ္စည်း လာရောင်းသဖြင့် အောက်ဈေးပေါပေါနှင့် ဝယ်မိ၍ ရဲက လာရှာတော့မှ တောင်မကိုင်မိ မြောက်မကိုင်မိ ဖြစ်ရသဖြင့် မြက်မြက်ကလေး စား ရ တာ နှင့် မကာမိအောင် ခပ်စပ်စပ်ကလေး ခံရသည်က တစ်မျိုး။

သို့ကလို အ ထက် ပါ နည်း အပြင် နည်းပေါင်းစုံနှင့် လိမ်နေကာကောင်းရောင်းကောင်းဝယ် တကယ်လုပ်ကိုင်စားသောက်နေကြသည့် ကြက် တန်း ဈေး သည် များ၏ နာ မည် ကို ဖျက် နေကြသည့် လူတစ်စု၏ လိမ်ပုံနည်းကား....

ထိုနေ့က ဦးကြာဆန်သည် ဆိုင် ဖွင့်ပြီး သည် နှင့် ရေနွေးကြမ်း ဓာတ်ဘူးကိုင်၍ ရေနွေးသောက်နေရင်း ယနေ့မှာသားသည့် အော်ဒါပစ္စည်းများ စာရင်းကိုပြန်၍ကြည့်နေလေသည်။

သူ့ဆိုင်မှာ နိုင်ငံခြားဖြစ်ကားပစ္စည်းဟူ၍ ဘာမှ တင်၍ မရောင်း၊ သူ့ဆိုင်ကမြန်မာပြည်တွင်းဖြစ် ပစ္စည်းချည်း သက်သက် ရောင်းသည့် ဘားမားဆိုင်။ သို့ဖြစ်၍ ကြက် တန်း မှာ နိုင်ငံခြားပစ္စည်းတွေက ဘယ်က လာသနည်း။ အစိုးရက အင်ပို့

လိုင်စင်ချပေးလို့လား။ သဘော်ာသားတွေပြန်တော့ ဖယ်လာလို့လား။ တရားဝင်အကောက်ခွန်ကောက်ပြီးခွင့်ပြုထားလို့လား။

ဒါတော့မသိပါ။နောက်ဆုံးပေါ်ကားပစ္စည်းတွေကို လက်ညှိုးထိုးမလွဲတော့ တွေ့နေရပါသည်။ အဲသလို ဆိုင်ဖွေထဲမှာမှ ဦးကြာဆန်ဆိုင်၏ဘားမားဆိုင်ကငေါ်င်စင်းစင်း။သူကပင်ရင်းထုတ်လုပ်သည့်မြန်မာစက်ရုံများထံမှ တော်မရှင်စား ရောင်းနေခြင်းဖြစ်၏။တကယ်တော့ ကြက်တန်းရပ်ကွက်သည်မူလ အခြေခံကိုကပင် အိန္ဒိယ လူမျိုးများနေထိုင်ရာ ရပ်ကွက်ဖြစ်ပြီး၊ သံတိုသံစနှင့်မော်တော်ကား ပစ္စည်းလုပ်ငန်းဆိုသည်မှာလည်းသူတို့လူမျိုး၏ရိုးရာလုပ်ငန်းလိုဖြစ်နေရကား ကြက်တန်းမှာ သန်းခေါင်စာရင်း ကောက် ကြည့်လျှင် အိန္ဒိယလူမျိုး ဆယ်ဆိုင်မှာမြန်မာကနှစ်ဆိုင်လောက်ပဲ ရှိအံ့ထင်၏။

ဦးကြာဆန်က ရိုးရိုးသားသား၊ ဘားမားပစ္စည်း ဆိုင်ဖွင့်ရောင်းနေခြင်းမှာ နိုင်ငံခြားပစ္စည်း များနှင့် မကြာ ခဏ ပြသနာတက်မခံချင်၍ ဖြစ်၏။

သည်နေ့ ရေ နွေး ကြမ်းသောက်ပြီးစာရင်း ကြည့်နေစဉ်သူနှင့် ခင်မင်ပြီး ဝင်ထွက်ခိုင်းစေနေသူ ကုလားလေးယာကွတ်ဝင်လာ၏။

'အဘ–ဟောသည် ပစ္စည်းတွေ လိုချင်တဲ့ ကျွန်တော် မိတ်ဆွေရှိတယ်၊အဲဒါ အဘဆီကျွန်တော်ခေါ်ခဲ့တယ်' ဟု ဆိုကာ စာရွက်တစ်ရွက်ပြ၏။ စာရွက်ထဲမှ ပစ္စည်း စာရင်းကား ဦးကြာဆန် ဆိုင်မှာ အကုန်ရှိသည့် ပစ္စည်းတွေဖြစ်လေသည်။

'များလှချည့်လား– သူကဘာပြုလို့ ပင် ရင်း ဘော်ဝ်ဥက္ကလာကို သွားမဝယ်တာလဲကွ' ဟု ဦးကြာဆန်က မေး၏။

'အချိန်မရဘူးလေ အဘရဲ့၊ သူက နယ်ကလာတာ၊ ပြီးတော့ ပင်ရင်းကိုလဲ မသိဘူး၊ အချဉ်ပေါ့အဘရဲ့' ဟု ယာကွတ်က ပြော၏။ အ ချဉ် ဆိုသည်ကား အမဲကောင်၊ အ တတနုံ တုံတုံလူဟုဆိုလိုခြင်းပင်။

'ဧြော်– သူက နယ်မှာမော်တော်ကား ပစ္စည်းဆိုင်ဖွင့်တာထင်ပါရဲ့'

'ဟုတ်တယ် အဘ၊ အဲဒါ ကျွန်တော်ဆွယ်လာတယ်၊ အဘ ကျွန်တော့် အဘွက် ပွဲခနော်'

'ပေးမှာပေါ့ကွာ မင်းကလဲ တခြားလူမှတ်လို့'

'ဒါဖြင့် ဆယ်နာရီ ခေါ်လာမယ် ချိန်းထားတယ်' ဟု ပြောပြီးယာကွတ်ထွက်သွား၏။ ဦးကြာဆန်မှာ ဆိုင်ရှိ ပစ္စည်းများထဲမှ ယာကွတ် ပေးသွားသော ပစ္စည်းတို့ကိုယူ၍တစ်နေရာစုပုံပြီး စာရင်းပြုရ တွက်ရချက်ရတော့၏။

ပစ္စည်းအမည်က ဆယ်မျိုးမှာ ကျသင့်ငွေက နှစ်ထောင်ကျော်၊ သည့်အပေါ်မှာမြတ်ငွေက နှစ်ရာကျော်၊ ပွဲကြို ပွဲစားယာကွတ်ကို ပေးလိုက်လျှင် ငွေငါးဆယ်နုတ်၊ ကိုယ့်အတွက် နှစ်ရာတော့ ကျန်မည်။ အာပဲပြောပြော နံနက်လင်းလျှင်လင်းချင်း၊ ဈေးဦးပေါက်လည်းဖြစ်၊ ငွေနှစ်ရာလည်း မြတ်မည် ဆိုတော့ သည့်အလုပ်မှာလုပ်ထိုက်သည့်အလုပ်ဟု သဘောထားကာ ရွှင်ပျသွား၏။

ဆယ်နာရီမှာချိန်းထားသည့်အတိုင်း ယာကွတ်နှင့် လူတစ်ယောက်ရောက်လာကြ၏။ ယာကွတ်က မိတ်ဆက်ပေးသည်။

'သည်အစ်ကိုက မိတ္ထီလာကပါ အဘ၊ သူက ဂျစ်ကားပစ္စည်းစပယ်ရှယ် ရောင်းတာ၊ အဲဒါ အဘဆီကနောက်ကိုအမြဲတမ်းပဲ ဖောက်သည် လုပ်မှာပဲ'

'အေးဗျာ– ပေါင်း ကြည့်ပေါ့၊ကျုပ်ကတော့ အမြတ်ထပ်တင်မရောင်းပါဘူး၊ကော်မရှင်စားပါပဲ' ဟု ဦးကြာဆန်က ပြော၏။

'ဟုတ်ပါတယ်– ကျွန်တော်ကလဲ မန္တလေးမှာ ဝယ်ယင်ပင်ရင်းဆိုပြီး မတရား အမြတ်တင်ကြလွန်းလို့ ရန်ကုန် ဆင်းဝယ်တာပါ၊ မိတ္ထီလာမှာ ကျွန်တော် ဆိုင်ဆိုယင်လူတိုင်းသိပါတယ်' ဟု ပြောကာ ၎င်း၏ဆွဲအိတ်ထဲမှ ကုန်သွယ် ကတ်ပြားလေးထုတ်ပေး၏။ ဖတ်ကြည့်လိုက်တော့.... သူ၏အမည်နှင့်ကားပစ္စည်းဆိုင်အမည်၊ နေရပ်တို့ တွေ့ရလေသည်။

'ဟုတ်ကဲ့– ညီမောင် နောင်လဲ စိတ်ချ လက်ချသာ ယူပါ၊ ကျုပ်နဲ့ မတွေ့ယင်လဲသည် ယာကွတ်ကိုမှာခဲ့ပေါ့' ဟု ပြော၍

ပစ္စည်းပေးပြီးငွေချေသည်။ ထို သူပြန်သွားတော့ ယာကွတ်ကို ပွဲခေါ်းဆယ်ပေးလိုက်ပြီးအမြတ် ကော်မရှင်နှစ်ရာ အိတ်ထဲထည့် လိုက်တော့၏။

ဤသို့ဖြင့် မိတ္ထီလာမှ လူမှာ နောက်ထပ်၍ နှစ်ကြိမ်တိုင်တိုင် ဦးကြာဆန်၏ ဆိုင်ဆီပင်လာ၍ ဝယ်လေသည်။ ယာကွတ်ကို ခေါ်လာပြီး အခေါက် တိုင်း ဝယ်သဖြင့်ဦးကြာဆန်ယာကွတ် နှင့်ထိုသူ (သူ့အမည် ကိုမဲ ဟု ထားပါစို့) ကိုမဲတို့မှာ ခင်မင် ရင်းနှီးသွားကြ၏။

ထို့ကြောင့် တစ်နှစ်လုံး စာ ရင်းပိတ်လိုက်သော် ကိုမဲရန်ကုန် ဆင်း လာ ပြီး ဝယ်သည်မှာ ဦးကြာဆန်ဆိုင်၌ချည်း ငွေတစ် သောင်းကျော်ဖိုးရှိခဲ့လေပြီ ဖြစ် ရာ ထိုဖောက်သည်မျိုးကို ရေ ရှည်လက်မလွှတ်အောင်ပေါင်း ထားရမည်ဟု စျေးသည်ပီပီ ဦးကြာဆန်က သဘောထား လေသည်။

ထို့ကြောင့် ဦးကြာဆန်က ကိုမဲ ရောက်လာ၍ ပစ္စည်းဝယ် တိုင်း နံနက်စာစားချိန် ဆိုလျှင် ထမင်းကျွေးခြင်း၊ နေ့လယ်ဆို လျှင် လက်ဖက်ရည် တိုက်ခြင်း စသည်ဖြင့်ပြုစုသည်။

အလားတူပင် ယာကွတ်ကို လည်းကိုမဲက ညနေပိုင်း၌ ခေါ် သွားပြီး အရက်ပင်တိုက်၍ သူ ကိုယ်တိုင်လဲ သောက်လေသည်။ ကိုမဲနှင့် ယာကွတ်ကား ပေါင်း သင်း ရင်းနှီးသွားကြလေပြီ။

(၂)

သည် တစ် ခေါက် ကိုမဲ ရန်ကုန် ဆင်းလာတော့ ပစ္စည်း စာရင်း အသစ် ပါ လာ ၏။ ခါတိုင်း ဝယ်နေကျ ဘားမား ပစ္စည်းများမဟုတ်တော့။ ဟီးနိုး ကားပစ္စည်းများ ဖြစ်လေသည်။

'မိတ္ထီလာမှာ အခု ဟီးနိုး ပစ္စည်းဈေး သွက်နေတယ် ဦး လေးရဲ့၊ဒါ့ကြောင့် ကျွန်တော် ဆိုင်မှာ နိုင်ငံခြားဖြစ်ပါရောပြီး တင်ချင်လို့'ဟု ပြောသဖြင့် ယာ ကွတ်နှင့် ဦးကြာဆန်တို့၊ ကြက် တန်းထဲမှာဟီးနိုးပစ္စည်းအဆက် ရှာရတော့၏။ယာကွတ်က လျှင် သဖြင့် သိပ်မကြာလိုက်ပဲ ဟီးနိုး ပစ္စည်းစာရင်းပါအတိုင်း ရလေ သည်။ တန်ဖိုး တွက် လိုက်တော့

ငွေပေါင်း ငါးသောင်း ကျော် ကုန်၏။ ဦးဘဆိုင်နှင့်ယာကွတ်တို့ နှစ်ယောက်မျှယူကြရမည့်အမြတ် ဖြစ်ရာ တစ်ယောက် ကို သုံး ထောင်စီ နှစ်ယောက် ပေါင်း ခြောက်ထောင်မြတ်သည်။

ဦးဘဆိုင်ရော ယာကွတ်ပါ ပျော်နေကြ၏။

'ပစ္စည်းတွေ သည်မှာပဲထား ခဲ့မယ်၊ ခုလောလောဆယ် ကျွန် တော် မှာ ပါတဲ့ ငွေ တစ် သောင်း ပေးခဲ့မယ် ဦးလေး၊ မြို့ထဲသွားပြီး မီးရထား လက် မှတ်ယူယင်း ငွေထပ်ဆွဲခဲ့မယ်' ဟု ပြောကာ ငွေတစ်သောင်း ပေး ခဲ့ပြီးလျှင် ကိုမဲ့ထွက်သွား လေ သည်။ ဦး ကြာ ဆန် တတော့ လော လော ဆယ် အရက်ဖိုး ယာကွတ်ကို ငွေတစ်ရာပင် စိုက် ပေးလိုက်သေး၏။

ညနေ ဆိုင် သိမ်း ခါ နီးမှာ ကိုမဲ တက္ကစီကားနှင့် ပြန်ရောက် လာသည်။

'ခက်တာပါပဲ ဦးလေးရယ်၊ မြို့ထဲမှာ ချိန်းထားတဲ့လူ မိတ္ထီ လာပြန်သွားတယ်၊ ပစ္စည်းဖိုးငွေ ချေဖို့ အကြပ်တွေ့နေပြီ၊ အဲသည့် ပစ္စည်းရှင်ကို ခဏဆိုင်းထားပြီး သုံးရက် လောက် ခွင့်ထားလို့ မရဘူး လားဗျာ၊ ရလို့ရှိယင် ပစ္စည်းတွေ ယူပြီး ယာကွတ်ပါ မိတ္ထီလာကို ကျွန်တော် ခေါ် သွားပါမယ်၊ ဟို ကျယင် ပစ္စည်း ဖိုးကျန်ငွေ လေးသောင်းနဲ့ ပေး လိုက်ပါမယ်။ အဆင် ပြေယင်လဲ ကျွန်တော်ပါ ပြန်လိုက် လာမှာ ပေါ့' ဟု ဆိုလေ၏။

ဦးကြာ ဆန်က တွက် လိုက် သည်။ ယာကွတ်လဲ ပါသွားမည် ဆိုတော့ စိတ်မချစရာမရှိ။ ဟိုးနိုး ပစ္စည်း ရှင် က လည်း မိမိနှင့် မနိုင်ရင်ကာ ခင်မင် ယုံကြည် စိတ်ချသူ။ ပြီးတော့ ကိုမဲ ကလည်း ထာဝရ ဖောက်သည်ပင် ဖြစ်နေ ပြီမို့ လက်လွှတ်မခံချင်....

'တာ....ရပါတယ် ကိုမဲရယ်၊ ယူသာ သွားပါ၊ ယာကွတ်ကို မခေါ်ယင်တောင် ဖြစ်ပါတယ်' ဟု အားနာစွာပြော၏။

'ဘယ်ဟုတ်ပါ့မလဲ ဦးလေး ရယ်။ ယာကွတ် ပါတော့ ပိုပြီး စိတ်ချရတာပေါ့၊ ယာကွတ်ကလဲ မိတ္ထီလာမှာ သူ့ အမျိုး ရှိလို့ လိုက်ချင်တာ'

'ဟုတ်တယ်အဘ၊ မိတ္ထီလာ မှာ ကျွန်တော့် အဖေ ဘက် က

အမျိုး တွေ ရှိတယ်၊ ပျော်ဘွယ် မှာလဲ တပြုံကြီးပဲ'ဟု ယာကွတ်က ဝင်ပြော၏။

'သည်လို ဆိုယင် ယာကွတ် အတွက်ပါ ကျွန်တော်လက်မှတ် ယူရမယ်၊ ကဲ....ယာကွတ် မင်း မနက်ဖြန်မနက် ခြောက်နာရီမှာ သာ ရန်ကုန်ဘူတာကြီးကို ဆင်း ခဲ့ပေတော့၊ သည်ပစ္စည်း တွေလဲ သည်မှာပဲ ထားခဲ့မယ်၊ ဟိုကျမှ တန်ဆာလုပ်တာပေါ့'ဟုပြော၍ ထင်းရှူးပုံးတစ်ခုဝယ်ပြီးပစ္စည်း တွေထည့်၍ ပိတ်လေသည်။

ပစ္စည်းတွေလဲ ထားခဲ့သည်။ ငွေတစ်သောင်းလည်း စရံပေး ပြီးပြီ၊ ယာကွတ်လည်း လိုက်ပါ ဦးမည်ဆိုတော့ ဦးကြာဆန် စိတ် ချလက်ချရှိ၏။

နောက်တနေ့နံက်....

ငါးနာရီမှာ ရန်ကုန်ဘူတာ ကြီးသို့ယာကွတ် ရောက်သွား၏။ အဆင်သင့်ပင် စောင့် ကြို နေ သော ကိုမဲနှင့် တွေ့ကြသည်။ သေတ္တာကို တန်ဆာယုပ်၍ သူတို့ နှစ်ယောက်တွဲပေါ် တက်ကြ၏။ မီးရထား ထွက်လာတော့ ကိုမဲ ဒူးယား တစ်ဗူးကို ယာကွတ် လမ်းမှာ သောက်ရန် သပ်သပ် ပေး၏။ ပဲခူးဘူတာမှာ ထက် ဖက်ရည် မုန့် စုံအောင် ကျွေး သည်။ တောင်ငူ ရောက်တော့ ရန်ကုန်ဘူတာက ဝယ်လာသည့် ဒံပေါက်ထုပ် ဖြေ၍ စားကြ သည်။

ယာကွတ်ကား ပျော်နေ၏။ အမြတ်ငွေ သုံး ထောင် လည်း ရဦးမည်။ မိတ္ထီလာက ဆွေမျိုး တွေနှင့်လဲ တွေ့ရ ဦးမည်။ ဖြီး တော့ ယခု တော့ သူ့ ကိုခေါ် လာသည့် စ ရိတ် အ ပြော် အပြန် စရိတ် ပါ ကိုမဲက တာ ဝန် ယူ ထားသည်မဟုတ်လော။

ညနေ လေးနာရီ ကျော်မှာ အမြန်ရထားကြီးသည် သာစည် ဘူတာသို့ ဆိုက်ရောက် လေ၏။ ကိုမဲနှင့်ယာကွတ်တို့ ဆင်းကြပြီး လျှင် ကိုမဲက တန် ဆာ မှာ သေတ္တာ ရွေးသည်။ မိတ္ထီလာ သွားမည့် ကားဂိတ်သို့ လာခဲ့ကြ ကာ၊ ကားပေါ် တက် ကြပြီး ခဏအကြာ၌ ကား ငယ် လေး မောင်းထွက် ခဲ့လေသည်။ သာ စည်မှ မိတ္ထီလာသို့ သိပ် ကြာ ကြာ မမောင်းရပဲ ရောက်လာ လေသည်။

မိတ္ထီလာ သာစည် ယာဉ်ငယ် ဂိတ်ဆုံးမှာ ရပ် တော့ သူတို့ဆင်းကြ၏၊ ထောင့်နားက လက်ဖက်ရည်ဆိုင်သို့ ဝင်ထိုင်ပြီးလျှင်နွားနို့နှစ်ခွက်မှာလိုက်၍ ကိုမဲ့က....

'မင်း....ငါ့အိမ်အထိလိုက်ခဲ့မလား၊ ဆွေမျိုးတွေဆီ အထိသွားမလား' ဟု မေး၏။

'အစ်ကိုကြည့်စီစဉ်လေ'

'ဒါဖြင့် ဒီလိုလုပ်ကွာ။ငါလဲ သေတ္တာကြီးနဲ့ရှုပ်တယ်၊ သေတ္တာကို ငါ့အိမ် အပို့ခိုင်း လိုက် ပြီး မင်းဆွေမျိုးတွေဆီ ငါလိုက်ပို့မယ်၊ ပြီးမှ ငါ့အိမ် သွားကြတာပေါ့' ဟုလည်း ဆိုသဖြင့် ယာကွတ်လည်း ခေါင်း ညိတ် လိုက်လိုက်ရ၏။

'ဟေ့ မြင်းလှည်း' ဟု ကိုမဲ့က လှမ်းခေါ်သဖြင့် လမ်းပေါ်မှာ မောင်းသွား သော မြင်းလှည်းက ရပ်ပေးရာ ကိုမဲ့ပြေးသွားပြီး စကားပြော၏။ ယာကွတ်မှာ ဆိုင် ထဲ တွင် နွားနို့သောက်ကျန်ခဲ့သည်။

မြင်း လှည်း က လက်ဖက်ရည်ဆိုင်သို့ ဖင်ထိုး ပေး သဖြင့် ယာကွတ်နှင့် မြင်းလှည်းဆရာတို့ သယ်မကြပြီး မြင်း လှည်း ပေါ်တင်ပေး လိုက်ရာ မြင်းလှည်းက မောင်း ထွက်သွားလေ တော့၏။

'မိတ္ထီ လာ မှာ တစ်ပတ်လောက် နေပါလား ယာကွတ်၊ ဒါမှ မင်းကို ပျော်ဘွယ်ကဆွေမျိုးတွေဆီ ပို့ပေးမယ်' ဟု ကိုမဲ့က ပြော၏။

'မနေနိုင်ဘူး အစ်ကို၊ ရန်ကုန်မှာ အလုပ်တွေ ရှိ သေး တာ၊ ကျွန် တော် က တစ်နေ့ လုပ်မှတစ်နေ့စားရတာပါ'

'ဟေး.... ဟုတ် သား ပဲ၊ ဒါဖြင့် တစ်ရက် နှစ်ရက် နေပြီးတော့ ပြန်ပေါ့၊ ရထား လက်မှတ်လဲ သာစည်ကို ဆင်း ဝယ်ခိုင်းပေးမယ်' ဟု ပြော၍ ကိုမဲ့က စီးကရက်ညှိသောက်ရာက....

'ဗိုက်နာ တယ် ကွ၊ တစ်လမ်းလုံး အစားတွေ စုံတာပဲ' ဟုပြော၍ လက်ဖက် ရည်ဆိုင်နောက် ဘက်သို့ ထသွား လေတော့၏။ ယာကွတ်ကားမရောက်တာကြာပြီဖြစ်သော မိတ္ထီလာမြို့ကြီး၏ သာယာလှသည့်ရှုခင်းကို ကြည့်ကာ ဆွေမျိုး တွေနှင့်တွေ့ရတော့မည်ဟု ဝမ်းအသာကြီးသာကာ ကိုမဲ့ ပေးထားခဲ့

သော စီးကရက်ဗူးထဲမှ လက်ကျန် ဒူးယား ကို တစ်လိပ်ပြီး တလိပ်ခဲလျက်ရှိတော့သည်။

တစ်နာရီခန့် ကြာ သွား၏။ ညနေ စောင်း၍ မိတ္ထီလာကန်ကြီး တစ် လျှောက် မှာ လမ်းလျှောက် ထွက် လာသူ တွေပင် လာ ကြ လေပြီ၊ နောက် ဖေး ဝင်သွား သောကိုမဲ့ကား ပေါ်မလာသေး၊ ယာကွတ်ကဆိုင်ရှင်အား နောက်ဖေးဘက်သို့ သွားခွင့်တောင်းပြီး နောက်ဖေးဘက်သို့ဝင်ခဲ့၏။ အိမ်သာကားဆိုင်၏ ဝင်း ခြံ ထောင့် ခပ်ဝေးဝေး၌ ရှိကာတံခါးမှာ ပွင့်လျက် ရှိလေသည်။

'ကိုမဲ တစ်ယောက် နောက်ဖေးသွားတာ ဘယ်ရောက်သွားလဲ' ဟု ယာကွတ်က မီးဖိုထဲမှာ ရေနွေးတည် နေသူကို မေး၏။

'ဘယ်က ကိုမဲလဲဗျ'

'ကျွန်တော်နဲ့ အတူ လာတဲ့ လူလေ၊ စပို့ရှပ်အပြာနဲ့–နေကာမျက်မှန် တပ်ထားတဲ့လူ'

'ဪ... ဟောသည် ဝင်းထရံ ပေါက် ကနေ ဟိုဘက်ထွက်သွားတာ တွေ့လိုက်တယ်'

ကိုမဲ ကိစ္စရှိ၍ သွားသည်ထင်ကာ ယာကွတ်ပြန်လာပြီး ဆိုင်ရှေ့မှာထိုင်၍စောင့်၏။ နောက်ထပ် တစ်နာရီ ကြာသွားသည်။ ဆိုင်မှာ ညအတွက် မီးများပင် ထွန်းလေပြီ။ မိတ္ထီလာမြို့ကြီး၏ လမ်းမီးများလည်း ထွန်းလေပြီ။

'ဆ ရာ လေး ဘယ် သူ့ ကို စောင့်နေတာလဲဗျာ'

ညနေငါးနာရီမှ ညဦးဖို့ ရှစ်နာရီ အထိ ထိုင် စောင့် နေသောယာကွတ်အား ဆိုင်ရှင်က မေးလာတော့၏။

'ကျွန်တော်နဲ့အတူပါလာတဲ့ လူကို စောင့်တာပါ'ဟု ပြော၍ ဆိုင်ရှင်အားအကျိုးအကြောင်း ပြောပြ၏။

'အဲသည့်လူတော့ မိတ္ထီလာမှာ သိပ်မမြင် ဖူးဘူးဗျ၊ ကျွန်တော်တို့ ဆိုင်မှာ မိတ္ထီလာအမော်တော် ကား လိုင်စင် ရှင်တွေ၊ ကုန်သည်တွေလာကြတာ များပါတယ်၊ သူပေးတဲ့လိပ်စာ အတိုင်း လိုက် သွား ကြည့် ပေါ့ ကွာ'ဟု ဆို၏။ နွားနို့ ဖိုးပင် ယာကွတ်ကပေးရ၏။

ထိုနောက်ကိုမဲပေးထားသည့် ကတ် ပြား လေးကို ထုတ်၍ သူ့လိပ်စာ အတိုင်း လိုက်ရှာ

ရတော့၏၊ ဟိုမေးသည်မေးနှင့် တစ်ဖြည်းဖြည်း လျှောက် လာခဲ့လေရာ နောက် ဆုံး ၌ လိပ်စာနေရာသို့ ရောက်လာတော့သည်။

သေသေ ချာချာ ကြည့် လိုက်တော့ယာကွတ် မောကြောဆိုက်သွား၏။ ကိုမဲ့၏လိပ်စာကတ်ပြားပါပုံနှိပ်ထားသည့် လိပ်စာနေရာမှာအစိုးရ အဆောက်အအုံကြီးတစ်ခု၏ နံပါတ်နှင့်နေရာဖြစ်ပြီး မျက်နှာချင်း ဆိုင်မှာ မည်သည့်အိမ်မှမရှိပဲမိတ္ထီလာ ကန်ကြီးကိုမျက်နှာမူထား၍ ဖြစ်လေသည်။

လိပ်စာ လိမ်မှန်း ယာ ကွတ်ရိပ်မိလိုက်၏။ သို့ဆိုလျှင် ပစ္စည်းသေတ္တာနှင့်ကိုမဲ့ပါလစ်သွားချေပြီဟု တွက်ရ၏။ သေတ္တာ တင်မေး လိုက်သော မြင်း လှည်းနံပါတ် ဘာညာဟု ယာ ကွတ်မှတ်မထားမိလိုက်။

ရဲတိုင် လို့လဲ မဖြစ် သေး။ လောလောဆယ် မိမိ၏ဆွေမျိုးတွေ ထံ သွား ပြီး အ ကျိုးအကြောင်း ပြောပြ အကူအညီတောင်း မည်ဟု အကြံရ၍ ရပ်ကွက်သို့လာခဲ့ရတော့၏။ဆွေမျိုးတွေက မရောက်တာ ကြာပြီဖြစ်သော ယာကွတ်အားဆီးကြိုကြိုလေသည်။

ယာကွတ်မှာ ဆွေမျိုး တွေ့သော်လည်း မပျော် နိုင်ပဲ သူ့ပြဿနာကို တင်ပြလေတော့၏။

'အင်း....မင်းဟာက လူလိမ်နဲ့တွေ့ပြီကိုး၊ မိတ္ထီလာကမြို့ကြီးကွ၊ လူတစ်ယောက် ပျောက်နေယင်ရှာလို့ မလွယ်ဘူး၊ ပြီးတော့သည်လူက မိတ္ထီလာက လို့သာပြောပေမယ့် မိတ္ထီလာ လမ်းဆုံ တာ ဆို.... ကျောက် ပန်းတောင်း၊ မန္တလေး၊ သာစည်၊ တောင်ကြီး၊ရန်ကုန် သွားချင်ရာသွားလို့ရတဲ့ လမ်းခွဲ လမ်းခွကွ၊ သည်တော့ မင်းငနဲက တစ်ခြားမြို့ လစ်ရောပေါ့၊ ဆုံးပါပြီကွာ ရဲတိုင်ချင်လဲတိုင်ပေါ့' ဟု သူ့ဦးလေးကပြော၏။

လောလောဆယ် ယာကွတ်ဘာလုပ် ရမည် မသိ သေး ၍ ရန်ကုန် မှ ဦးကြာ ဆန် ထံသို့ ညတွင်းချင်းပင်ဖုန်းဆက်ရတော့၏။ ဦးကြာ ဆန်၏ အိမ် ရှေ့မှ ဈေးဆိုင်မှာတယ်လီဖုန်းရှိသဖြင့် ခေါ်ပေးသောကြောင့် ပြောရတော့၏။ ဤသို့မှ သတင်းမပို့လျှင် ယာကွတ်ပါရောလိမ်သည်ဟု ထင်မှာ စိုးရသည်။ ဦးကြာ

ဆန်က သူကိုယ်တိုင် လိုက်လာမည်၊ မပြန်ပဲ စောင့်နေတု ပြောလေသည်။

နောက်တစ်နေ့ ညမှာ သာစည်ဘူတာသို့ယာကွတ်ဆင်းကြိုလေရာ ဦးကြာဆန် ပါလာ၍ မိတ္ထီလာက ဆေးမျိုး တွေ ဆီခေါ်ခဲ့ပြီး အကျိုး အကြောင်း ရှင်းပြရတော့၏။ ကိုမဲနှင့် အတူ နွားနို့ သောက်ကြသည့် လက်ဖက်ရည်ဆိုင်သို့လည်း ယာကွတ်ကဦးကြာဆန်အား ခေါ်လာပြီး ဆိုင်ရှင်ကိုသက်သေထား၍ပြောပြရာ ဆိုင်ရှင်လဲ ထောက်ခံ၍ ပြောဆိုလေ သဖြင့် ဦးကြာဆန်မှာ ယာကွတ်အပေါ်လည်းရှင်းသွားကာ မိမိတို့ ပြဿနာကို အမှန်သိသွား လေတော့ သည်။

'တို့တော့ ခံလိုက်ရတာပေါ့ကွာ....တစ်သောင်းပေးပြီးလေးသောင်းလိမ်သွားတာမှတ် လိုက်ပေါ့၊ သူပြန် ရောင်း တတ် ယင်နယ်မှာ ငါးသောင်းကျော်ရလို့ တို့ကိုပေးခဲ့တဲ့ ငွေ တစ်သောင်း တောင် ပြန်ပေါ်မယ်၊ ကဲ.... ပြန်ကြ မယ်ကွာ၊ မျှော် နေ လို့ အပိုပဲ၊ ငွေလေးသောင်းတော့ ဝါစိုက်ပြီး ဟီးနိုးဗစ္စည်းသမားကို ပေးရတော့မှာပေါ့၊နာမည်တော့ အဖျက်မခံနိုင်ဘူးလေ'ဟု ဦးကြာဆန်က ပြောတော့မှ ယာကွတ်မှာ ခေါင်းပေါ်သွားလေ၏။

သူတို့နှစ်ယောက် ပြန်လာကြလေသည်။

*

'ကဲ....အဖြစ်ကတော့ အဲဒါပဲဗျို့၊ မြက်မြက်စားရဗလားလို့ ပွဲထဲ လိုက်ပါတယ်၊ နွဲကြီးတက်နင်းမိပြီး လျော်ရတယ် ဆိုတာမျိုးကျနေပြီ'ဟုပြောကာဦးကြာဆန်က သူ့စကားကို အဆုံးသတ်လိုက်ပါတော့သည်။

'အင်း.... ဒါလဲ လိမ်နည်းတစ်မျိုးပေါ့နော်၊ ပထမ အယုံသွင်းပြီး ဆတ်ဆံတယ်၊ နောက်တော့ လူချင်း ရင်းလာ တော့မှ ပစ္စည်းကြီး တက် ကိုင် ပြီး ယုံလောက်မှ မှိုပိုရိုရို လိမ်သွားတာပဲကိုး'

'ဒါပေါ့ဗျာ.... ကျုပ်က လဲ အည် လေ့စက် တော့ ယုံမိတာပေါ့၊ ငွေတစ် သောင်း လုံးလုံး မေးထားပြီပဲတာ....'

'ဒါနဲ့ရဲကို မိတ္ထီလာ တုန်းက မတိုင်ခဲ့ဘူး●ား ဦးကြာဆန်'

'●တိုင်●ူးဗျာ၊သည်အတိုင်း ပြန်လာခဲ့တယ်'

'ဟင်....ကိုယ့်ပစ္စည်း အမှန်အတိုင်း ပါသွားတာကို မတိုင်ပဲထားတော့ ဟိုတစ်တက်ကဟီးနိုး ပစ္စည်းရှင်က ယုံပါ့မလား၊ ●ော်ကြာ ခင်ဗျားကိုပါ တစ်မျိုးထင်နေမှဖြင့်' ဟု ပြောမိ၏။

ဦးကြာ ဆန် က ခေါင်း ခါ ယမ်း.....

ဟီးနိုးပစ္စည်းကလဲ ဆိုင်လိုက်ယင်ပြဿနာကအထွေထွေလေ၊ သည်တော့ ကိုယ့် မိုက်ပြစ် နဲ့ပဲ ငွေလေး ထေးသောင်း ကျော် လျော်လိုက် ရတာပေါ့၊ အကျိုးဆောင် ကြီးရယ်၊ တော်ကြာ ကိုယ့် အမြီး ကိုယ့် ပြန်ပတ်မှာ စိုးလို့....'

ဦးကြာဆန်က စိတ်ပျက်လက်ပျက်ပြောသည်။ လည်လိမ်ထားသည့် ကြက်ကြီး လို မရှုနိုင် မကယ်နိုင်ဖြစ်နေရလေတော့၏။

ဤနေရာ၌ ဆိုတွင် သည်မှာ....

ကြက်ကိုလူကသာ လည်လိမ်ချိုးသည်လို့ ကြားဖူး ပါသည်။ ယခုတော့ ကြက်တန်းက လူကို လည့် လိမ် ချိုး သွား ခြင်း ပါလား....။

**တာရားရေးဝန်ထမ်းတစ်ဦး**



## မိသားစုသုံးဦးသတ်မှု
## ထောင်တစ်သက်တစ်ကျွန်း

မြိတ်အရှေ့မြို့နယ်၊ရှမ်းချောင်းကျေးရွာနေဥယျာဉ်ခြံစောင့်အလုပ်သမား မောင်စက်ဝင်း (၂၅) နှစ်အား ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှားသဖြင့် အလုပ်ဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံစေရန် မြိတ်အရှေ့မြို့နယ် တရားစီရင်ရေးအဖွဲ့ အမှတ် (၂)က အမိန့်ချမှတ်လိုက်သည်။

အမှုမှာလွန်ခဲ့သော ၁၀-၇-၈၄ ရက်က ရှမ်း ချောင်း ကျေး ရွာနေ ဥယျာဉ်ခြံစောင့် အလုပ်သမား ဦးစတီဗင်နှင့် ဇနီးဖြစ်သူ ဒေါ်ကြည်ငယ်၊ သားဖြစ်သူမောင်ကျော်သန်း ဆိုသူတို့ မိသားစုသုံးဦးအား မောင်စက်ဝင်းနှင့် မောင်လှရွှေတို့နှစ်ဦးက ရက် စက် စွာသတ် ဖြတ်ခဲ့သော အမှုဖြစ်ပြီး မြိတ်မြို့၊ မြို့မပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ စုံ စမ်း ဖော် ထုတ် တရားစွဲတင်ပို့ခဲ့သောအမှုဖြစ်သည်။ တ ရား ခံ လှ ရွှေ မှာ အမှုအတွင်း အချုပ်အတွင်း၌ ရောဂါဖြင့်သေဆုံးသွားခဲ့သည်။



## ဖြစ်ရပ်မှန်

ဒါဖြင့် တရားရုံးများမှာ မိမိတွေ့ ကြုံ ခဲ့ရသည့် အမှုတွေ အကြောင်းချည်း ရေးမှာလား။ သည် အမှုတွေကရော ဘယ်လောက် စိတ်ဝင်စားစရာ ကောင်းပြီး ဘယ်လောက်များ စာဖတ်ပရိသတ်ကို သုတရသ ပေးနိုင်စွမ်းပါသလဲ။ စဉ်းစားစရာဖြစ်လာ၏။

## ပတ်ဝန်းကျင်လော – မိဇလော

တစ်ချို့ အမှုအခင်းတွေက တကယ့် ဖြစ်ရပ်မှန်တွေဆိုသည့်တိုင် သိပ် ထူး ထူး ခြားခြား အကြောင်းကမပါ။ သင်ခန်းစာ ပေးစရာမပါ။ ရန်ဖြစ်သည်၊ ထိုးသည်၊ ခုတ်သည်၊ ရိုက်သည်၊ သမားရိုးကျ ဖြစ်ရိုးဖြစ်စဉ်တွေ ချည်း။

ဒါဖြင့်ဘယ်လိုမှုခင်းမျိုးတွေ ရေးမလဲ။ ဖြစ် တောင့် ဖြစ်ခဲ ဆန်းဆန်းပြားပြား မှုခင်းတွေ ရေးရမည်။ လူ့ ဘဝမှာ မထင်ဘဲနှင့် ဖြစ်ရသည့် အမှုတွေ၊ ဖြစ်တောင့်ဖြစ်ခဲ အမှုတွေ၊သည်


ကောက်ကျိုး
ပတ်ဝန်းကျင်လော.....
မိဘလော

အသက်အရွယ် ရလာတာမှ ရှေ့နေအလုပ်ဖြင့် အသက်မွေးတော့မည်ဟု ဆုံးဖြတ်ခဲ့မိသော်လည်း တကယ်တမ်းကျတော့ ရှေ့နေအလုပ်သည် မလွယ်ပါချေ။ ကိုယ်က ခုမှ စလုံးရေစပြီး လိုက်ရလေတော့ ကိုယ့်ရှေ့က သွားနှင့် ပြေးနှင့်သလဲ ရှေ့နေ အကျော်အမော်တို့၏ ဖုန့် ဟစ်ထောင်းထောင်း ထနေသော နောက်ကလိုက်ပြီး ဖုန်ရှူရတာသာ အဖတ်တင်သလို ရှိနေလေသည်။

ကိုယ်က အသက်ကြီးမှပြီ။ အာပေါက်အောင် ပြောနိုင်ပါမှ၊ စစ်စစ်ပေါက်ပေါက်လိုက်နိုင်ပါမှ အမှုတစ်ခုကို ပီပီပြင်ပြင် ဆုပ်ကိုင်မိမည်ဖြစ်၏။ ရှေ့စကားတောင်မှရှိလေရဲ့။ 'သမားအိုမှ၊ ရှေ့နေပျိုမှ' တဲ့။ ခုတော့ ကိုယ်က အိုလေပြီ၊ မပျိုလွင်တော့။ သည်တော့ ရှေ့နေအလုပ်နှင့် ကိုယ်နှင့် မဟန်တော့ပြီ ဟု သိသဖြင့် ကိုယ့်နေရာကိုယ်ပြန်လာရသည်။

ကိုယ့်နေရာကား စာရေးသလို စာရေးဆရာနေရာဖြစ်၏။ စာရေးခြင်းဖြင့် နှစ်ပေါင်း ၃၀ နီးပါး ကျင်လည်ခဲ့ရသောကြောင့် စာပေနယ်မှာ ရှေ့နေနယ်ထက် ပိုကျွမ်းသလို ပို၍ပိုင်နိုင်လေသည်။

ဒါပေမယ့် ဘာစာရေးမလဲ ဆိုတာက ပြဿနာ။

ငယ်ငယ်ကတော့ အချစ်တွေ ပလူပျံအောင် ရေးခဲ့ပြီးပြီ။ ချစ်လည်း ချစ်ခဲ့ဖူးပြီ။ ကိုယ်ချစ်တာကို စာဖတ်ပရိသတ်ပါ ရောပြီး ချစ်လာအောင် လုပ်ခဲ့ဖူးပြီ၊ ကဲ အခု ဘာတွေရေးမလဲ။

ခု ကိုယ်တွေ့တွေ ရေးချင်သည်။ ဒါဖြင့် ဘယ်ပိုကိုယ်တွေ့တွေရေးမလဲ။ မှုခင်းဘွေ၊ ရုံးတွေမှာ တွေ့ကြုံခဲ့တဲ့ အမှုသည်တွေရဲ့ ဖြစ်ရပ်မှန် အမှုတွေ။

လောဘ၊ ဒေါသ၊ မောဟတို့ကြောင့် ဖြစ်ပွားပေါ်ပေါက်ရသည့် အမှုတွေကို စာဖြင့် ရေးချယ်ကာ စာဖတ်ပရိသတ်သို့ သုဘနှင့် ရသ ပေးလိုသည်။

အမှုတွေထဲမှ သင်ခန်းစာ ထုတ်နုတ်ရေးရမည်။

ထို့ကြောင့်ရေးချလိုက်မိ၏။ စာအုပ်ထဲမှာ ပါလာတော့သက်ဆိုင်ရာ ကာယကံရှင် တစ်ချို့က မကျေနပ်။သူတို့ကလည်းမဟုတ်တာလုပ်သေးရဲ့။ သူတို့ သိက္ခာကျပါသည်ဟုစကားဖြင့် ဆိုလာ၏။တစ်ချို့ကမူလူကိုပင် ရန်ရှာတော့မယောင်ဖြင့် ကြိမ်းလားမောင်းလားလုပ်လာသည့်အထိ ဖြစ်ကြသည်။

တကယ်တော့သူတို့ ကောင်းကောင်း နေကြပါလျှင် သူတို့အကြောင်းရေးကွက်မဝင်၊ရေးစရာလည်း မလို။ သူတို့လည်း တရားရုံးမှာ အမှုတွေ ဖြစ်စရာမလိုပါ။ သည်တော့ မကျေနပ်ယင် ကြိုက်ရာက ပြောပါ၊ ခင်ဗျားတို့၏ အမှုတွဲမှ ထုတ်နုတ်ရေးသားခြင်းဖြစ်သည်ဟု တိတိကျကျ ပြောလိုက်မှ ငြိမ်သွားသည်လည်းရှိပေသည်။

ဤနေရာမှာ စဉ်းစားမိပါသည်။

ကိုယ်က မဟုတ်တာလုပ်ပြီး ကိုယ့်ကို လူကောင်း မဟုတ်ဟု ပြောတာရေးတာမျိုး ကျတော့ တယ်–နာတတ်ကြသည်။ ဤသို့ဆိုလျှင်အစကကော်င်းကောင်း နေပါလားဟုဆိုချင်၏။

သို့သော် ဤအဆိုနှင့် ဆန့်ကျင်ဘက်တစ်ယောက် တွေ့လာရပြန်၏။ သူကတော့ အမှုအမြဲဖြစ်နေသည့် သူ တစ် ယောက်။ သူသည် ရာဇဝတ်မှု (ဖြစ်မှုဆိုင်ရာ)လည်းဖြစ်ဖူးပြီ။ တရားမမှုလည်း မြောက်မြားစွာ ဖြစ်ဖူးခဲ့ပြီ၊ ယခုလည်းဖြစ်နေဆဲ။

သူနှင့် စာရေးသူတို့ အစက မသိကျွမ်းခဲ့ပါ။ သူက တမင်တကာ စာရေးသူအား လာ၍ မိတ် ဖွဲ့ ပြီး သူ့ဘဝ ဇာတ်ကြောင်းကို ဖွင့်အန် ပြောပြသူသာ ဖြစ်ပါသည်။ သူ့ဘဝအကြောင်းဖြစ်စဉ် အားလုံးကို ပြောပြပါမည်၊ သူ့လိုမဖြစ်ကြစေဖို့ စာဖတ်သူများအား သင်ခန်း စာ ပေး သည့် အ နေဖြင့် ရေးစေလိုပါသည်ဟု တောင့်တောင့်တတဆိုလာ၏။

သူ၏ အသက်အရွယ်ကား စာ ရေး သူ နှင့် မတိမ် မယိမ်း ခြောက်ဆယ်ဝန်းကျင်မှာ ရှိနေပုံရလေသည်။

'ဆရာကတော့ ကျွန်တော့်ကို သိမှာမဟုတ်ပါဘူး၊ ကျွန်တော်ကတော့ ဆရာ့စာကို ဖတ်ဖူး သလို လူကိုလဲ မကြာခဏ မြင်ဖူးပါတယ်၊ဒါပေမယ့် ခုမှပဲ လူချင်းရင်းရင်းနှီးနှီး တွေ့ခွင့်ရပါတော့တယ်' ဟု အားရဝမ်းသာ ဆို၏။

'ကျွန်တော့် အကြောင်း ပြောရယင်တော့ဘိုးစဉ်ဘောင်ဆက်ဆိုသလိုပြောရမှာပဲ၊ ဆရာတော့ ရေးစရာ ဇာတ်လမ်းတစ်ပုဒ် ရနိုင်ယင်လဲ ရမှာပေါ့ဆရာ၊ကျွန်တော် ကိုယ်ချင်းစာပါတယ်၊ တစ်ချို့လူတွေကသူတို့ဖြစ်ရပ်မှန်ကိုစာရေးဆရာနဲ့တွေ့ပြီးပြောပြယင်ဝတ္ထု တစ်ပုဒ်ဖြစ်မယ်လို့ တွက်ထား ထင်ထားကြတယ်။ တကယ်တော့ ဆရာတို့အနေနဲ့ရေးစရာအကွက်အကွင်း ကောင်း ဦး မှ ကိုဗျာ၊ ကိုယ့်ဟာကိုယ် ကောင်းတယ် ထင်ပြီး ဇွတ်ပြောကြတာ များပါတယ်၊ ကျွန်တော် ကတော့ ပြောပြမယ်ဆရာ၊ ကြိုက်ယင်လဲ ရေးပေါ့နော်' ဟု သူက ဖွင့်ဖွင့် လင်းလင်း ပြောကာ အောက်ပါ အတိုင်း နောက်ကြောင်း ပြန်လိုက် ပါတော့သည်။

(၂)

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ အင်္ဂလိပ်ခေတ်ကဖြစ်၏။

အင်္ဂလိပ် ခေတ်ဟု ဆိုသော်လည်း သက္ကရာဇ်အားဖြင့် ဆိုရလျှင် ၁၉၃၅ ခုႈ ပတ်ဝန်းကျင်လောက်မှာဖြစ်သည်။ ရန်ကုန်မြို့ကို အင်္ဂလိပ်အစိုးရက ပုလိပ်အဖွဲ့ကြီးဖြင့် အုပ်ချုပ်သည်ဟု ဆိုရသော်လည်း တကယ်တော့ ပုလိပ် အဖွဲ့က ရန်ကုန်မြို့မှာ ကြီးစိုး ကျက်စားနေကြသော လူမိုက်များကို ပေါင်းသင်းကာ မွေးထား၍ အုပ်စိုးခဲ့ရခြင်းဖြစ်၏။

ထို့ကြောင့် တစ်နည်းဆိုရပါသော် ရန်ကုန် မြို့ကြီး ကို လူမိုက်ကြီးများသာ အုပ်စိုးနေသည့်နယ်ချဲ့တစ်ပါးကျွန်ဘဝဟုပင် ဆိုနိုင်ပါသည်။

ထိုအချိန်က ရန်ကုန်မြို့ကြီးကို သူ့ အပိုင်းနှင့်သူ ပိုင်းခြားခွဲထားကာလူမိုက်များက အုပ်ချုပ်၏။ ဗိုလ်တထောင်မှာ လူ

မိုက်ကြီးငမိုး၊ လမ်းမတော်မှ စိုးတုတ်၊ ရေကျော် ကိုသိန်း၊ ကိုသန်း၊ ဆိမ်ကြီးဈေး မုဏ္ဍား ဘကွန်း၊ ကျားကြီးမောင်တင်၊ ကြည့်မြင်တိုင်လှကျော်၊ ဓားရွှေသိမ်း၊ ကမာရွတ် ရှမ်းအုန်းမောင်၊ စက်ဆန်း မောင်အုံး စသောလူမိုက်များကကိုယ့် နယ်မြေနှင့်ကိုယ် အုပ်ချုပ်နေကြလေသည်။

အုန်းဖေကား ကြည့်မြင်တိုင်လှကျော်၏တပည့်ရင်း၊ညာလက်ရုံးဖြစ်၏။ အုန်းဖေက ကြည့်မြင်တိုင်အပိုင်မှာနေသဖြင့် ကြည့်မြင်တိုင်လူမိုက်၏တပည့်အဖြစ် ဗိုလ်ဝင်ခံထား ရခြင်း ဖြစ်နေသည်။ သူ နေ သည် ကား ဟိုခေတ်က မုန့်လုပ်ဆောင်း ကုန်းနှင့် ကွင်းပြင်ကြီး ခြားနေ သေး သော ဝေဠုဝန် ကွက်သစ်မှာ ဖြစ်၏။

(ယခုစမ်းချောင်း မြို့နယ်ရှိ မုန့်လုပ်ဆောင်းကုန်း ရပ်ကွက်ကြီးမှာ ထိုစဉ်ကလမ်းသုံးလမ်းသာရှိ၍ အလယ်မှာ ကွင်းပြင်ကြီးခြားလျက် ထဘက်မှာဝေဠုဝန် ကွက်သစ်ဟု တည် ရှိ ကာ ဦးရွှေမှန် လမ်းဘက်သို့ ပေါက်လေသည်။ထိုခေတ်ကထိုရပ်ကွက်များကို မုန့်လုပ်ဆောင်း ကုန်းအား စမ်း ချောင်း လူ မိုက်၊ သောင်းလှိုင်၊ ဘဌေး စသည်တို့က အုပ်ချုပ်ပြီး ဝေ ဠု ဝန်ကွက်သစ်ကို ကြည့် မြင် တိုင် က လူမိုက်များက အုပ်ချုပ်သည်ဟု ရှေး စ ကား ကြား သိ ရ ပါ သည်။ ။မှတ်ချက်)

သို့သော် အုန်းဖေကား လူမိုက် မဟုတ်ပေ။ မူလက လူမိုက် ဖြစ်သော်လည်း နောက်ပိုင်းမှာ ခါး ပိုက် နှိုက် ဘဝမှ သူခိုးကြီး ဘဝသို့ ရောက် လာ သူ ဖြစ်၏။ အုပ်ချုပ်သူ လူမိုက်ကြီးများ၏ လက်အောက်တွင် ထိုခေတ် ထိုအချိန်က ဒုစရိုက်သမားမျိုးစုံတို့ကို လက်သပ် မွေး၍ ထားကြ၏။ ခါးပိုက်နှိုက်၊ သူခိုး၊ ဖောက်ထွင်းသမား၊ ဓားမြ(သို့မဟုတ်) အနိုကြမ်းသမားမှစ၍ နောက်ဆုံး လက်ရဲဇက်ရဲ လုပ်ဝံ့သော လူသတ်သမားအထိပင် ပါဝင်လေသည်။

လူမိုက်ကြီးများ၏ အုပ်ချုပ်ပုံ အလုပ်ကား သူတို့နယ်မြေ အပိုင်မှာရှိသည့် ဈေးဆိုင်ကြီးများ၊ တိုတယ်စားသောက်ဆိုင်များ၊ ဘိန်းခန်း၊ အရက်ဆိုင်၊

ငြည့်တန်ဆာအိမ် စသည်တို့မှ လစဉ်မှန်မှန် ဆက်သရသော ဆက်ကြေးများကို ယူခြင်းဖြစ်၏။

ခါးပိုက်နှိုက်၊ သူခိုးများထံမှလည်း ရသမျှ လုပ်ကိုက်ဆရာကြီးများထံ အပ်နှံရပြီး ဆရာကြီးက ခွဲဝေပေးသည်ကို ယူကြရလေသည်။ အကြောင့်မူ အကယ်၍ အမှုအခင်း ဖြစ်ပွားလာလျှင် ဆရာကြီးက ငွေနှင့်ပေါက်၍ ရင်ဆိုင် ဖြေရှင်းပေးသည်။ ကိုယ်ပိုင်ခေတ် ပုလိပ်နှင့် ငွေများတရားနိုင်ခေတ်မှာဆရာကြီးတို့၏ ဩဇာသည် လည်း ပုလိပ်နှင့် တစ်ခါတစ်ရံ တရားရုံးများကိုပင် ပေါက်ရောက်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကိုယ့်ဟာကိုယ် တစ်ကိုယ်တော် သူခိုး၊ ခါးပိုက်နှိုက် လုပ်စား၍မဖြစ်။ ဆရာကြီးများထံသို့ ဝိုလ်ဝင်ခံ တပည့်လုပ်ရသေးသည် ဖြစ်၏။

အုန်းဖေကား ထိုခေတ်က ခါးပိုက်နှိုက်ဘဝမှ သူခိုးအကြီးစားဘဝသို့ ရောက်ခဲ့ကာ နောင် သော့ဖောက်ထွင်းမှုဖြင့်ထောင်ကျသွားခဲ့လေသည်။ အုန်းဖေမှာ သားတစ်ယောက်ရှိ၏။ ထိုသား၏အမည်ကား အုန်းကျော်ဖြစ်လေသည်။

အုန်းကျော်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန် ၁၉၄၂ ခုနှစ်တွင် အသက် (၁၀) နှစ်သား ရှိလေပြီ။ ပညာကျောင်းစွာမသင်ကြားခဲ့။ အဖဖြစ်သူ ကိုအုန်းဖေက တစ်ဦးတည်းသော သားကလေးမို့ ခိုးဝှက်ရသမျှ အကုန်ဆင်သည်။ အလိုလိုက် လွန်းသောကြောင့် ဖယ်စဉ်ကပင် ဖဲဝိုင်းမှာ ပျော်ပါးနေတတ်၏။

ဂျပန်ခေတ် ရောက် လေ ပြီ။

သူခိုးသူဝှက်တို့ မစားသာကြတော့။ ဂျပန်၏ လက်သံပြောင်ပြောင် အုပ်စိုးမှုကြားမှာ ပြားဝပ်နေရ၏။ ဂျပန်ခေတ် ရန်ကုန်မှာပင် ဆက်၍ မနေရဲတော့ပဲ တောသို့ ပြေး ရ လေ သည်။ အုန်းဖေကား ခေတ်ကောင်းစဉ်လက်ဖျားငွေသီး၍ မတရား ရှာထားရသောမသန့်ရှင်းသည့်ငွေဖြင့် မသန့်ရှင်းသောအလုပ်မျိုးစုံ ပျော်ပါးခဲ့သည့်ဒဏ်ကို ဂျပန်ခေတ်မှာ အလူးအလဲ ခံစားရတော့သည်။

ဆေး ဝါး ရှားသည့် ခေတ်၊ ဝဲခြောက်ပေါသည့်အခါနှင့် ကြုံ

ပြီး နောက်ဆုံးတွင် မရှုမလှ ဇာတ်သိမ်းသွားရတော့၏။ သား ဖြစ်သူ အုန်းကျော်ကား တစ် ကောင် ကြွက် ကျန် ရစ် ခဲ့ လေ သည်။

'ဂျပန်ဆုတ်သွားပြီး အင်္ဂလိပ် ပြန်ဝင်တော့ ကျုပ် အသက် နှစ်ဆယ်ပေါ့ဗျာ၊ ဘာလုပ်ရမှန်း မသိဘဲတစ်ကောင်တည်းရန်ကုန် ပြန်လာတာပဲ၊ အဖေ နေ ခဲ့တဲ့ အခန်းလေးမှာ ပြန် နေ တာ ပေါ့၊ အိမ်ရှင်ကုလားကပြေးပြီး ပြန်မလာတာနဲ့ ကျုပ်ပဲ လေး ခန်းတွဲ တန်းလျားကြီးကို အိမ် ရှင်လုပ်ပြီးလူငှားတင်၊ အိမ်လခ နဲ့ ထိုင်စားနေခဲ့တယ်'

ကို အုန်း ကျော် က သူ့ ဖခင် အကြောင်းပြန်၍ပြောရာက သူ့ အဖိုင်းကဏ္ဍသို့ ရောက်လာလေ သည်။ အင်္ဂလိပ် ပြန် အဝင် မှာ အင်္ဂလိပ်စစ်တပ်နှင့်အတူ ကုလား စစ်တပ်များ၊ နီဂရိုးခေါ် ကပ္ပလီ စစ်တပ်များလည်း ပါလာခဲ့၏။ ကက်စ်ဘီ အုပ်ချုပ်ရေးခေတ်မှာ စစ်အတွင်းက လူတွေ ငတ်နေ သော ချောကလက်၊ ဘီစကွတ် နှင့် စီး ကရက်တို့ ဖော ချင်း သောချင်း ပေါ်လာ၏။

ယင်း ပစ္စည်း များ နှင့် အတူ ဈေးကွက်ကြီးလည်း ပေါ်လာ လေသည်။ ဂျပန်ပိုက်ဆံကို လွှင့် ပစ်လိုက်ရပြီး၍ အင်္ဂလိပ် ငွေ စက္ကူတန်ဖိုး ရှိလာသည်တွင် စစ် ကျန် ရာရှင်ပစ္စည်းတွေ ရောင်း ဝယ်မှုပိုလာသည်။ အုန်းကျော် မှာ ပထမသော် စစ်တပ်ရာရှင် ကို ဈေးကောက်ပြီး ရောင်းနေ သေး၏။ သို့သော်ထင်သလောက် မမြတ်ပေ။

သည်တွင် တစ်နေ့သော် သူ့ အဖေ၏တပည့်တစ်ယောက်ပေါ် လာကာ သူ့ ကို ဆွယ်လေသည်။

'ဟေ့ အုန်းကျော်၊ မင်း သည်လိုတစ်ဆင့်ကောက်ပြီး ပြန် ရောင်းနေလို့တော့ စားရုံပဲရှိ မယ်၊ အပိုင်ကြံဖို့လိုတယ်၊ တို့နဲ့ လိုက်လုပ်ကွာ၊ ငါတို့က မင်းကို မင်းအဖေရဲ့သံယောဇဉ်နဲ့ ခေါ် တာ'ဟု ဆွယ်သဖြင့် ၎င်းတို့နှင့် အတူ ပါသွားခဲ့လေသည်။

ဗိုလ်တထောင် (ယခု လင်း စဒေါင်းကားရုံကြီးများ) အနီး မှ ကုလားစစ်တပ် ရာရှင်ဂိုဒေါင် ကို ခိုးငင်ပြီး ဖောက်ကြလေ သည်။ ဖောက်သည်ဟုသာ ဆိုရ သော် လည်း တ ကယ် တော့

အစောင့်စစ်သားထုထားနှင့် အဝေးအထူထူစိ၍ ဖွင့်သယ်ကြခြင်းသာဖြစ်၏။ မြိုးမြိုးမြက်မြက် ရလိုက်ကြသည်။

အင်္ဂလိပ် ကက်စ်ဘီ ခေတ် လွတ်လပ်ရေး အကြိုကာလမှာ အုန်းကျော်တစ်ယောက် ခေတ်ပျက် သေဌေးကလေးဖြစ်လေပြီ။ တန်းလျားက လည်း ပိုင်ရှင် တုလားက အိန္ဒိယသို့ပြေးရာက မပေါ်လာတော့သဖြင့် သူပဲ တန်းလျားကြီး ပိုင်ရှင်အဖြစ် အိမ်နှင့်ယာနှင့်ဂျစ်ကားတဝီဝီစီးရင်း မကြွယ်နှင့် အိမ်ထောင်ကျခဲ့သည်။

မကြွယ်မှာ တစ်ချိန်က ကြည့်မြင်တိုင် ဈေးကြီးတွင် ကျပန်းရောင်းသည့် ဈေးသည်။ အုန်းကျော်နှင့်ညားပြီးကာမှ သေဌေးကတော် အိုက်တင် အပြည့်နှင့် စတိုင်ကျကျနေလေသည်။ သားသမီးအဖတ်မတင်ဘဲသုံးယောက်တိတိ ပျက်ကျခဲ့ပြီး နောက်ဆုံးတစ်ယောက် သားဦးအဖတ်တင်ခဲ့၏။ သားကလေး အမည်ကို ဘိုးစဉ်ဘောင်ဆက် 'အုန်း' နာမည်ပါအောင် အုန်းကြွယ်ဟု မှည့်ခဲ့၏။ အဖေ၏အမည် အုန်းကျော်နှင့် အမေ၏အမည်မကြွယ်ကို ရောပေါင်း မှည့်ထားခြင်းဖြစ်လေသည်။

၁၉၄၈ ခုနှစ်တွင် မြန်မာပြည်လွတ်လပ်ရေးရတော့သည်။

အင်္ဂလိပ် အုပ်ချုပ်ရေး မရှိတော့ပြီဖြစ်၍ အင်္ဂလိပ်စစ်တပ်၊ ကုလားစစ်တပ်နှင့်ကပ္ပလီစစ်တပ်များလည်း ပြန်သွားကြလေပြီ။ စစ်ကျန်ရာရှင်တွင် ရောင်းသည့်ဈေးကွက်မှာလည်း မရှိတော့ချေ။ အုန်းကျော်ကလည်း ထိုအချိန်က အတားအဆီးမရှိသောလောင်းကစား ဘက်မှာ ဝါသနာထုံ၍ ပုံသြဲသဖြင့် ရှိသည့်စည်းစိမ် ကုန်တော့၏။ နောက်ဆုံးတော့ အိမ်တန်းလျားကြီးကိုပင် တစ်ခန်းစီ ဆလာမီ (ခေါ်) အပျောက်နှင့် ရောင်းစားပစ်ရာ ကိုယ်နေဖို့ တစ်ခန်းသာ ကျန်တော့သည်။

ပျံကျဈေးသည်ဘဝက လာသည့် မကြွယ်က မူလဈေးသို့ပဲ ပြန် သွားပြီး ဈေး ရောင်း၏။ အုန်းကျော်ကား ငွေများများကိုင်ဖူးသူဖြစ်၍ ငွေလက်ထဲမှာ မရှိလျှင် မနေတတ်။ ထို့ကြောင့် မူလ ဖောက်ထွင်းသမားများနှင့်

ပြန်၍ပေါင်းပြီး စတိုးဆိုင်ကြီး တစ်ဆိုင်ကို ဖောက်လေသည်။

သို့နှင့် ဖောက်လိုက်ရလိုက်၊ ကုန်လိုက်လုံးလည်လိုက်နေရာက ပါလီမန်ခေတ် နိုင်ငံရေးသမား တစ်ချို့နှင့် ပေါင်းမိပြီး သွင်းကုန် ထုတ်ကုန်လိုင်စင်ရကာ တစ်မုဟုတ်ချင်း ခေတ်ပေါ်သေဌေး ကလေး ဖြစ်ခဲ့ပြန်သည်။

သူ့သားကလေး အုန်းကြွယ် ကား လူ မျို ပေါက်ကလေးပင် ဖြစ်လေပြီ။သူ့ကိုပင် စာကောင်း ကောင်း မသင်။ အပေါင်း အဖော် တွေ နှင့် ပျော်ပါးပြီး အ ချိန် ကုန် တော့ ၏။ အမေ မကြွယ်က ဈေး ဆိုင် ဖြုတ်ပြီး သေဌေးကတော်အသွင် ပြန်နေ ၏။

'အဲသည်တုန်းကများ ဆရာ ရယ်၊ ငွေဆိုတာ လူကဖြစ်တာယ် လို့ ကျွန်တော့် စိတ်ထဲ ထကယ် ထင်တာ၊ မရဝါရီ ကုလားတွေ ဆီ တယ်လီဖုန်း ဆက်လိုက်ယင် လိုသလောက်ငွေကို အထုပ်လိုက် လာပို့ထာ၊ သူတို့သွင်းကုန်တွေ လိုင်စင်က ကျွန်တော့် လက်ထဲ မှာကိုး'ဟု ကိုအုန်းကျော် က ဖြတ်၍ပြော၏။

'ဒါပေမယ့် မမြဲတဲ့သင်္ခါရ သဘောတရားဆိုပါတော့ ဆရာ ရယ်၊ ပြီးတော့ မမြင်ဖူးတော့ မူးကိုမြစ်ထင်တယ်ဆိုတာလို ငွေ များများ မကိုင်ဖူးတဲ့ ကျွန်တော် က ရမ်းတော့တာပေါ့၊ ကိုယ် တစ် ခါ မှ မ လုပ် ဖူး တဲ့ မြင်း လောင်းတဲ့ အလုပ်ကနေပြီး သူ များ မြှောက်ပေးတာနဲ့ မြင်း ဝယ်မွေးလိုက်တာ ရှိတာကုန်ပါ ရော'

သည် တစ် ခါ တော့ အုန်း ကျော် မတတ်သာပြီ။ သူ၏ဆရာ ကြီးများကလည်း အလုပ်မပေး တော့ပြီဖြစ်၍ နောက်ဆုံးတွင် တန်းလျားအခန်းကိုပင်ရောင်းချ ကာ ကျူးကျော်ရပ်ကွက် တစ်ခု သို့ ပြောင်းလာခဲ့ရလေသည်။

သို့သော် အုန်းကျော်ကား ငွေမရှိလျှင် လုံးဝ နေတတ်သူ မဟုတ်၍ အကြံအစည်လုပ်ရပြန် ၏။ ယင်းအကြံကား အကောင်း ဘက်သို့ချိန်သည့် အလုပ်မဟုတ် ပါ။ ဒုစရိုက်အကျင့်ပါနေသူပီပီ မကောင်း သည့် ဘက်သို့ သွား သည်သာ ဖြစ်၏။ ဦးစွာပထမ ဖဲဒိုင်ခံသည်။ ဖဲလိမ်ရိုက်သည်။ ထိုမှတစ်ဆင့် ဆိပ်ကမ်းဂိုဒေါင်မှ

ပစ္စည်းများဖောက်ရာတွင်ပါဝင်၍မိသွားပြီး ထောင် နှစ် နှစ် ခွဲကျသွားသည်။

'ထောင် တစ်ခါမှ မကျဖူးတော့ ခံလိုက်ရတာ အီသွားတာပဲဆရာရယ်၊ ဒါနဲ့ ထောင်ကထွက် ယင် ငါ ရွှေ လျှောက်ကောင်းရာ ကောင်း ကြောင်းလုပ်စားပါမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်၊ ထောင်မှာ နှစ်နှစ်ကျော်ကျော်နေခဲ့ရင်း ထောင်အခေါ်ဘုတ်အလုပ်ကလဲ စာပုံနှိပ်စက်မှာအလုပ်ကျလေတော့ ထောင်တွင်း စာပုံနှိပ်စက်မှာ လုပ်ကိုင်ရင်း အဲသည့် ပညာတတ်အောင်ကြိုးစား သင်ခဲ့ပါတယ်၊ ဒါနဲ့ အပြင်ရောက်လာတော့ မိန်းမကချေးငှားပြီး လက်ထိုး ပုံနှိပ်ခြေနင်းစက်ကလေး ဝယ်ထောင်ပြီး ရိုးရိုး ကုပ်ကုပ် လုပ် ခဲ့ ရာက ကြီးပွား လာပြန်ပါရော ဆရာ'

ကို အုန်း ကျော် မှာ အလုပ်လာဘ် မြင် တတ်သူ ဖြစ်သောကြောင့် ဘတ်စကားလိုင်းများမှ ကားလက်မှတ်အတိုအထွာများ၊ မင်္ဂလာဆောင်းများ၊ လုံးချင်း စာအုပ်များ၊ လက်ကမ်း ကြော်ငြာများအထိ အလုပ်လိုက်၍စောင်းပြီး လုပ်ကိုင်ခဲ့လေရာ၊ စက်ကလေးမှနေ၍ စက်ကြီး၊ ၎င်းမှလေစက်အထိ ထောင်နိုင် လာလေသည်။ သူထောင်ထဲမှာ ဆုံးဖြတ်ခဲ့သည့်အတိုင်းပင်၊ လောကကြီး၌ ဒုစရိုက် အလုပ်သည် ခေတ္တသာစံရစမြဲ၊ ကောင်းရောင်း ကောင်းဝယ်သာလျှင် မြဲသည် ဟူသည့် သဘော တရားနှင့် သစ္စာရှိစွာနေထိုင်ခဲ့ရာက ကြီးပွား ခဲ့ လတော့၏။

ထို အ ချိန် မှ သား ဖြစ် သူမောင်အုန်းကြွယ်မှာ အလုပ်မရှိသဖြင့် စာပုံနှိပ်စက်ကိုခိုင်းထားရ၏။ သားကို စက်မန်နေဂျာကြီးကြပ်သူအဖြစ် လခပေးထားပြီး မိန်းမလဲပေးစားခဲ့၏။ သားတစ်ယောက် ရခဲ့သဖြင့် ဘိုးစဉ်ဘောင်ဆက် ခင်မောင်အုန်းဟုမှည့်ခဲ့လေသည်။

အုန်းကြွယ်မှာဖခင်၏ အလုပ်ကိုနေရာဝင်ယူ၍ လုံး၀ မလုပ်ရသေး သော် လည်း အလုပ်ကသူ့ လက် သူ့ ခြေ ဖြစ်နေ၏။ ဖခင် ဖြစ်သူ ဦးအုန်းကျော်ကလည်း သူ့နှင့် သူ့ အဖေ သာလျှင် ဒုစရိုက် လုပ်ခဲ့ကြ၍ မှားခဲ့ကြသည်။ သူ့ သား ကျတော့

ဒီဒုစရိုက် လုပ်ငန်းနှင့်ကင်းဝေး စေရမည်ဟု ရည်မှန်းထားခဲ့ရာ ရှင်းအတိုင်း အောင်မြင် ခဲ့လေသည်။

အုန်းကြွယ်ကား အသောက်အစား အပျော်အပါး ဝေး၍ ဆေးလိပ်ပင်မသောက်တတ်ချေ။ ယူ ထား သည့် ဇနီး က လည်း ကျောင်း ဆရာမ ဖြစ် ရာ ပညာတတ်၍ သားကိုရော လင်ကိုပါ ဖျောင်းဖျ တတ်သဖြင့်သူတို့အိမ်ထောင်မှာ ပျော်စရာ ကြည်နူးစရာ ဖြစ် လာ ရ၏။ စီးပွားလဲ အလွန်ရှာ၍ရလေသည်။

'အဲ့ဒါနဲ့ကျုပ်လဲ သားကြီးမောင်အုန်းကြွယ်ကိုသီးခြားအိမ်တစ်လုံးဆောက်ပေးပြီး နေစေတယ်၊ ပုံနှိပ်စက် အသစ်တစ်လုံးလဲဝယ်ပေးပြီး ကျုပ်ကစာပုံနှိပ်စက် ဟောင်း တွေ ရောင်းရတဲ့ ငွေနှစ်သိန်းကျော်ကို ဘဏ်မှာသွင်းစုပြီး နှစ်စဉ်အတိုးနဲ့စားလို့ အေးအေး ဆေးဆေး အဘိုးကြီး အဘွားကြီး လင်မယား နှစ်ယောက် နေခဲ့ကြတာ ဆယ့်ငါးနှစ် ကျော်ပြီ ဆရာရဲ့၊ အခုတော့ ငယ်ငယ်ကအဒိန္နဒါနကံ ကျူးလွန် ခဲ့တာတွေ နောင်တရပြီးဘုရားတရားဘက် ဘာသာရေးဘက် လိုက်စားတယ်၊ ပုတီးစိပ် တရား ထိုင်နဲ့သေရာ လားရာ ကောင်းဖို့ ကြိုးစား နေတယ်၊ သားဖြစ်သူ အုန်းကြွယ်လဲ သူ့ပုံနှိပ်စက်နဲ့သူ ကြီး ပွား ရာ က သည်နေ့ ခေတ်ပေါ် အော့ဖ့်ဆက် ထောင်နိုင်ပြီး ချမ်းသာနေပြီဆရာ'

'ကောင်းပါလေ ဗျာ၊ သူ့ကျတော့ ဒုစရိုက်ဆက်နွယ်လုံးဝ ပြတ်သွားပြီပေါ့နော် ဦးအုန်းကျော်'ဟု ပြောမိ၏။

ဦးအုန်းကျော်က ဆေးပြင်းလိပ် ကို မီး ညှိ အောင် ညှိ ၍ ဖွာလိုက်ပြီး ခေါင်းကို တွင်တွင် ယမ်းပစ်လိုက်ယင်း....

'မထင်နဲ့ ဆရာရေ့ – ကျုပ်သားအုန်းကြွယ်ကမွေးတဲ့ ကျုပ်မြေး ခင်မောင်အုန်းပေါ့၊ သူက စာတတ်ပေတတ်ပဲ၊ ဒါပေမယ့် သူ့ အဖေရဲ့ အော့ဖ်ဆက် အလုပ်ကိုဝင်လုပ်နေရာက ခု အမှုဖြစ်တယ်လေဆရာ'

'ဘာအမှုလဲ ဦးအုန်းကျော်' ဟု မေးရ၏။

'ရမ်ပုလင်းတံဆိပ်တို့၊ ဆေးအတုပုလင်း တံဆိပ်တို့ကို တိတ်

တိဘ်ခိုက်နှိပ်ပေးတာလေဆရာ– သူ့အဖေလဲ မသိဘူး၊ သူနဲ့လဲ တသားတော့ သူလုပ်ချင်ရာလုပ် တော့တာပေါ့၊ အဲသည် တရား မဝင်ခိုးလုပ်တဲ့ အလုပ်က ရိုးရိုး ပုံနှိပ် အလုပ်ထက် ပိုရတာကိုး၊ တဘက်က တရား ခံတွေ တလဲ သူပါပါတယ်လို့ဖော်ထုတ်ကြလို့ သူ့ပါဖမ်းထားတယ်'

'အင်း.... ကြေလည်အောင် မဖြေရှင်းနိုင်ယင်တော့လဲ အပြစ် ဒဏ် ခံ ရလိမ့်မယ် ထင်တယ် ဦးအုန်းကျော်'

'ခံတာတော့ သူလုပ်ယင်သူ ခံပေါ့ ဆရာရယ်၊ ဒါပေမယ့် ခု ဆရာ့ကို ကျွန်တော်ပြောချင် တာကတော့ တခြား မဟုတ် ဘူး၊ ကျွန်တော်ဟာ အဖေက သူခိုး မားမြို့ ကျွန်တော့် ကျ တော့လဲ ဖောက် ထွင်း သ မား ဒုစရိုက် သ မား ဖြစ် ခဲ့ ရ တာ ကြောင့် ကျွန်တော့် သား လက် ထက်မှာ သည်လို မဖြစ်အောင် ချုပ် မတ် နိုင် ခဲ့ တာ ကြောင့် ကျွန် တော့် သား မောင် အုန်း ကြွယ် ဟာ ဒု စ ရိုက် ကင်း ပြီး ကောင်းကောင်းမွန်မွန်လုပ်စား ခဲ့ ပေမယ့် အခု မြေးလက်ထက်ကျကာမှ သည်ဒုစရိုက်နဲ့ မမှန် ကန်တဲ့ စရိုက်ဆိုး ပြန်ပေါ်လာ တာကို အံ့ဩလွန်းလို့ပါ'

'အင်း....

'ကြက်မှာအရိုး၊လူမှာအမျိုး ဆိုတဲ့စကားထု ံးရှိသလို မျိုးရိုး များလိုက်တာ ထင်ပါရဲ့ ဆရာ'

'သည်လိုလဲ ပြောလို့ မဖြစ် သေးဘူးဦးအုန်းကျော်၊ သည်သူ ငယ်ရဲ့ပတ်ဝန်းကျင်နဲ့လုံ့ဆော်မှု သွေးဆောင်မှု၊ မက်လုံးပေးမှု၊ သူ့စိတ်မခိုင်မှု စတဲ့ဟာတွေပါ ထည့်တွက်သင့် ပါ သေး တယ်၊ နိုင်ငံခြား တွေမှာတော့ ဒါမျိုး ကို သုတေသန လုပ်ကြ တာပဲ၊ တယ့်နှယ်ဗျာ၊ အဖေကထောင် မှူး၊သားကတစ်ကျွန်းကျသွားတဲ့ ဇာတ်လမ်းတွေ ရှိသားပဲတာ'

'အင်း...ဆရာပြောတော့လဲ တစ်မျိုးပဲပေါ့၊ကျွန်တော့် အယူ အ ဆ က တော့ ကျွန် တော်ရဲ့ ဒုစရိုက်ဟာ သားမှာ မပါပဲ မြေးကျမှပေါ်လာလို့ တစ်ဆေ့ ခုန်သွားတယ်ထင်မိတယ်'

'သ ည် လို လဲ တစ် ထစ် ချ မတွက်ပါနဲ့ဗျာ၊သူငယ်လေးအမှု ကိုစစ်ပြီးတော့လဲ နားဝင်အောင် ပဲ ပြင်ဆုံးမပြီး ပြုပြင် ယူရတာ

ပေါ့၊ လမ်းမဆုံးသေးပါဘူး ဦးအုန်းကျော်’

သည်တော့ ဦးအုန်းကျော်က ဆေးပြင်းလိပ်ကို မီးသတ်လိုက်၍ ထိုင်ရာမှ ထလိုက်ပြီး—

‘ကဲ.... အဲဒါပါပဲဆရာရယ်၊ ရေးလို့ရယင် ရေးစမ်းပါ၊ ကျွန်တော့်လိုပဲ ကောင်းတာရော မကောင်းတာရောတာ မျိုးရိုးလိုက်မှာကြောက်ရတဲ့ သင်ခန်းစာပေါ့ဆရာ.... အရပ်ကတော့ ပြောကြပါတယ်’

‘ဘယ်လိုပြောသလဲ–ဦးအုန်းကျော်’

‘အင်း.... တလဲသူခိုး၊ ဘိုးလဲ ခေါးမြ၊ ငါလဲခါးပိုက်နှိုက်။ ငါ့အဖေလဲ ကပ်ကျေး ကိုက်တဲ့ အမျိုးတဲ့ဗျာ....’

ကောက်လှိုင်း

?

သွားရမည့် ခရီး အကွာ

အဝေးက မိနစ် သုံးဆယ်ခရီး

သို့သော် ....

# မျက်နှာဖုံး  ဖွင့်ခင်း

သည် ခရီးစဉ်တွင် ယစ်မူးဖွယ် အထိအတွေ့ကို

ပေးနိုင်သော မိန်းမငယ် တစ်ဦးနှင့်၊ ရဲဒင်း

တစ် လက် ကို ကိုင်ကာ လူသတ်ချင်သည်ဟု

ကြွေးကြော်နေသော လူကြမ်းတစ်ယောက်ကို

အဖော်ပြု၍ ခရီးဆက်ဖို့ ကြုံလာသောအခါ ....



မိနစ်သုံးဆယ်
ပန်းချီ ကျော်စွာ

# မိနစ်သုံးဆယ်

နီလေးမောင်

အခန်း (၁)

'ဟော လာနေပြီဟေ့'

တစ်စုံတစ်ယောက်၏အသံက ထွက်ပေါ်လာသည်။ ကားမှတ်တိုင်မှ ခရီးသည်များ လှုပ်လှုပ်ရှရှ ဖြစ်သွားသည်။ မျက်လုံးပေါင်း များစွာကလည်း ထိုတစ်နေရာတည်းဆီသို့ စုပြုံကျရောက်သွားသည်။

ဗန္ဓုလပန်းခြံဘက်မှ ဟီးနိုးကြီး တစ်စင်းက တအိအိနှင့် ဝင်လာသည်။ အဝေးကပင် မြင်နေရသည်။ ကားအပြင်သို့ အန်ကျလုမတတ် ရှိနေသော ခရီးသည်များ၊ ခြေနင်းခုံလက်ကိုင်ကွင်းမှ သက်စွန့်ဆံဖျား ခိုကပ် လိုက်လာသော တိုးလိုးတွဲလောင်းများ၊ နောက် တစ်ဘက်စောင်းကာအကျည်းတန်လှသောပုံပန်းနှင့် မနိုင်သောဝန်ကို ပင်ပန်းကြီးစွာ ထမ်းဆောင်ရသောဟန်ပန်ရှိနေသည့် ဟီးနိုးကားကြီးက ကားမှတ်တိုင်တွင် ထိုးရပ်လိုက်သည်။

'ဒီကားလဲ မလွယ်ပါဘူးကွာ'

ခရီး သည် တစ် ယောက် က စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သည်။

ရန်ကုန်မြို့ ရှိ ကား လိုင်းအားလုံးလိုလိုပင် ရုံးတက်၊ ရုံးဆင်းချိန်၌ ကျပ်ညှပ်ပြွတ်သိပ်နေမြဲဖြစ်ပါ၏။သို့လင့်ကစားအခြားအ ချိန် များ တွင် တော့ စီးသာ တက်သာရှိမြဲပင်။သို့သော်လည်း နေ့မရွေး၊ အချိန်မရွေး၊ နာရီမရွေး တစ်နေ့တာလုံးခရီးသည်များဖြင့် စုပြုံနေသော ကားမှတ်တိုင်တစ်ခုကတော့ ရှိနေပါ၏။ ထိုနေရာကား ကုန်သည်လမ်းနှင့် မောင်ထော်လေးလမ်းထိပ်ရှိ (၈) ကားမှတ်တိုင်ပဲဖြစ်သည်။

ကျွန်တော်က လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ (၁၂) နာရီ ထိုးနေပြီ။ ကျွန်တော်သည် မှတ်တိုင်တွင် ကားစောင့်နေရသည်မှာ (၁၅)မိနစ် ကျော်ပြီ။ ယခုအချိန်အထိ ကားခြေနင်းခုံပေါ်တွင် ခြေတစ်ဘက်ချနိုင်ဖို့ အခက်အခဲ ရှိနေဆဲပင်။ အနီအမှတ်(၈) ဟီးနိုးကားကြီးများမှာ သည်မှတ်တိုင် မရောက်မီကပင် လူပဒေသာ သီး၍သီး၍လာနေသည် မဟုတ်ပါလား။

ကား တစ် စီး နှင့် တစ်စီးအလှမ်းကွာလှသည်မို့ မှတ်တိုင်တွင် လူတွေစုပြုံနေခြင်းဖြစ်၏။ ကားသုံးစီးလောက် ဆက်တိုက်ဝင်လာလျှင်တော့ ကားပေါ်တွင် ခြေ တစ် နေ ရာ စာ တော့ ရတန်ကောင်းပါမည်။

ကျွန်တော်က စိတ်မောစွာ သက်ပြင်းချလိုက်မိသည်။ သည်နေ့မှ အလုပ်ကိစ္စ ချိန်းဆိုချက်များက ရှိနေသည်မို့ ကားပေါ်တက်နိုင်ရေးကို စိတ်ခမာနေမိခြင်း ဖြစ်သည်။

သည်နေ့က စနေနေ့။

မကြာမီ ရုံး များ ဆင်း လာတော့မည်၊ သည်တော့ ကားမှတ်တိုင်တွင် ခရီးသည်များ ပို၍ စုပြုံလာပေဦးမည်။

'ဟော အစ်ကို ဘယ်သွားမလို့လဲဟင်'

ကျွန်တော်က ပေါ်မလာဖြစ်နေသော ဟီးနိုးကားကြီးများလာမည့်ဘက်သို့ မျှော်ငေးနေမိရာမှ နောက်ဘက်မှ နှုတ်ဆက်သံကြားသဖြင့် လှည့် ကြည့် လိုက်သည်။

မိန်းမပျိုတစ်ဦး။

'ခရမ်းနုရောင် ဖော့အင်္ကျီ လက်စကနှင့် တက်ထရွန် ခရမ်းရင့်ရောင်လုံချည်ကို ဖက်ရှင်ဝတ်ထားသော အမျိုးသမီးတစ်ဦးက ကျွန်တော့်နောက်တွင် ရပ်နေသည်။ သူမ၏ ပခုံးထက်ဝယ် စလင်းဘက်အိတ် အဖြူလေးကို လျော့ရိလျော့ရဲ လွယ်ထားသည်ကိုပါ သတိပြုလိုက်မိသည်။ သူမ၏ လှပနုနယ်သော မျက်နှာနှင့် စိုပြည်သော အသားအရေကပင် သူမ၏ ပျိုရွယ်သောအသက်ကို ဖော်ကျူးလျက် ရှိနေသည်။

'ဟောအစ်ကို၊ ဘယ်လိုဖြစ်နေတာလဲ၊ သီကို မမှတ်မိဘူးလားဟင်'

'ဪ....ဟို.... ကျွန်တော့်ကို မေးနေတာလားဟင်'

ကျွန်တော်က လူ မှား နှုတ်ဆက်သည်ထင်၍ ပြန်မေးလိုက်ရသည်။ မေးသာမေးလိုက်ရသော်လည်း ကျွန်တော့် အနား တွင် တခြားသူ တစ်ဦးတစ်ယောက်မျှ မရှိလေပါ။

ဒါပေမယ့် သည်မိန်းကလေးကို ကျွန်တော် မမှတ်မိသည်က အမှန်။

'ဪ ဒီအစ်ကိုကလဲ့ သေတော့မှာပဲ၊ ဘယ်လိုဖြစ်နေတာလဲ၊ အစ်ကို့ ကိုမမေးလို့ဘယ်သူ့ကို မေးရမှာလဲလို့'

'ဟို အဲ့ ကမာရွတ် သွားမလို့ပါ၊ ဟဲ....ဟဲ'

ကျွန်တော် က အူကြောင်ကြောင် ဖြစ်နေမိသော ကိုယ့်အဖြစ်ကို အရှက်ပြေ ရယ်ရင်း ပြောလိုက်သည်။ သို့သော် ကျွန်တော့် ဦးနှောက်နှင့် အသိအာရုံကိုတော့ အပြင်းအထန် အလုပ်ပေးရပြီ။

'ဒီမိန်းကလေးကို ငါ ဘယ်မှာ တွေ့ဖူးပါလိမ့်၊ သူကတော့ ရင်းရင်းနှီးနှီး ရှိနေပါလား၊ အင်း သူငယ်ချင်းတွေရဲ့ နှမ သားချင်းများလား၊ ဒါမှမဟုတ် ဇနီးဖြစ်သူ ငြိမ်း၏ရုံးမှ သူငယ်ချင်းများပေလား'

ကျွန်တော့် ခေါင်း ထဲ သို့ အဖြေပေါ်မလာ၊ စဉ်းစား၍ မရ၊ အင်း အကြံရပြီ။ နေရပ်သိလျှင်တော့ ဘယ် သူ ဆို တာ ခန့်မှန်းနိုင်လေမည်။

'မ တွေ့ တာ ကြာပြီနော်၊ အခု ဘယ်မှာနေသလဲ'

ကျွန်တော့် အကြံကအခြေမဟန်ပါ။

'အို သီတို့ အရင်နေရာမှာပဲ ပေါ့'

အမျိုးသမီးက တီးတိုးဖြေရင်း တစ်နေရာသို့ လှမ်းကြည့်လိုက်သည်။ သည်တော့ လည်း ကျွန်တော် မျက်လုံးအစုံကပါ အမှတ်မထင် သူမကြည့်ရာဘက်သို့ ရွေ့လျားသွားသည်။

လူရွယ်တစ်ယောက်။

သူက စပို့ရှပ်အနီနှင့် တက်ထရက် ဘောင်းဘီရှည်ကို ဝတ်ထားသည်။ ပီအေအေစာတမ်းထိုးထားသော သားရေလွယ်အိတ်တစ်လုံးက သူ့ပခုံးပေါ်တွင်လွယ်လျက်ရှိနေသည်။ ထိုလူရွယ်က ကျွန်တော်တို့နှင့် မလှမ်းမကမ်း လောက်မှ ရပ်၍ ကျွန်တော်နှင့် အမျိုးသမီး ဘက်သို့ စူးစူးစိုက်စိုက် ကြည့်နေသည်ကို သတိပြုလိုက်မိသည်။

သူမအမည်က 'သီ' ဆိုပါလား။ အင်း ဒီအမည်မျိုးနှင့် ကျွန်တော့်အသိထဲတွင် မရှိတာကတော့ သေချာပါပြီ။ နောက် ဘောင်းဘီရှည်နဲ့ ငနဲကကော ဘယ်လိုလဲ။ ဒီ အမျိုး သမီး နဲ့ ဘယ်လိုပတ်သက်နေသလဲ။ ကျွန်တော့်စိတ်တွင် ရှုပ်ထွေးနေရပြီ။

'ဒီမှာအစ်ကို၊ သီအစ်ကိုရင်း တစ်ယောက်လိုအားကိုးပြီးအကူအညီတစ်ခု တောင်းချင်ပါရှင်'

အမျိုးသမီးက ဘောင်းဘီရှည်နဲ့ ငနဲကို ဝင့်ကြည့်ရင်း တီးတိုးစကား ဆိုလာသည်။ နောက် ကျွန်တော့် အနီးသို့ လူချင်းထိလုနီးပါးမျှ တိုးကပ်လာသည်။

'ဟင်း....'

ခုမှ ကျွန်တော် သက်ပြင်းချလိုက်မိသည်။ ခေါင်းထဲမှာ မပေါ်သော အခက်အခဲများကလည်း ရှင်းသလိုဖြစ်သွားသည်။ ထိုအချိန်တွင် ဘောင်းဘီရှည် ငနဲက ပ လက် ဖောင်း ဘေး ရှိ ကွမ်း ယာ ဆိုင် တွင် စီးကရက်ဝယ်နေ သည် ကို တွေ့ရသည်။

'သီက သမိုင်းချည်စက် ရိပ်သာမှာ နေပါတယ်'

အမျိုးသမီးက စကားစလာသည်။ သူမက တုန်ယင်သလိုရှိနေသည်ကတော့ အမှန်ပင်။

'သီ့ အဖေက ချည်မျှင်နဲ့ အထည်စက်ရုံမှာ ဖိုမင်လုပ်ပါတယ်၊ သီက ဆူးလေဘုရားလမ်းက မက်ထရိုပိုလီတန် လက်ဒရေးတို လက်နှိပ်စက်သင်ကျောင်းမှာ လက်ရေး◌ံ သင်နေပါတယ်၊

အဲဒါ… သီ ကျောင်းကပြန်ဘိုင်းပောဟိုက ဘောင်းဘီရှည်နဲ့လူက လိုက် စကား ပြော တယ်၊ နှောင့်ယှက်တယ်’

သူမက ပြောရင်း စကားကို ဖြတ်ကာဘောင်းဘီရှည်နဲ့ဘက်သို့ လှမ်းကြည့်တော့ ကျွန်တော် ကြည့်လိုက်မိသည်။ ငနဲက စီးကရက်ကို ဟန်ပါပါခဲရင်း ကျွန်တော့်ကို ခပ်တည်တည် ကြည့်နေသည်။

‘ဒီနေ့ကားဆိပ်ရောက်အောင် လာပြီး ဘယ်မှာနေတယ်ဆိုတာ မေးတယ်။ မပြောတော့ အိမ်ကို လိုက်ကြည့်မယ်တဲ့၊ သူ….အဲ–ဒါ’

‘နေပါဦး၊ သူ ဘယ်ကလဲ၊ ဘယ်သိုတွေ့လဲ၊ နှောင့်ယှက်တာကရော ဣန္ဒြေပျက်အောင် လုပ်သလား’ ကျွန်တော်က သူမစကားကိုဖြတ်မေးရင်းရာဇသတ်ကြီးမှ မိန်း က လေး တာဣန္ဒြေပျက်စီးစေမှု ပုဒ်မများကို စဉ်းစားနေမိသည်။

‘သီတို့ကျောင်းရှေ့ ပလက်ဖောင်းပေါ်မှာ နိုင်ငံခြားအလှကုန်နဲ့ မှောင်ခိုပစ္စည်းအမျိုးမျိုးရောင်းတဲ့ဆိုင် ရှိတယ်။

အဲဒီဆိုင်မှာ အမြဲတွေ့တယ်၊ ဣန္ဒြေပျက်အောင်ထိတော့မလုပ်သေးဘူး၊ နာမည် မေး တယ်၊ နေရပ်မေးတယ်၊ ပြန်ယင် ဒီကားဆိပ်ထိအောင် လိုက်လာတယ်၊ အိမ်ကသိယင် ဒီကျောင်းကို ဆက်တက်ရတော့မှာမဟုတ်ဘူး၊ သီကလဲ ဒီလက်ရေးတိုလက်နှိပ်စက်တတ်ယင် ချည်စက်ထဲမှာပဲ အလုပ်ရဖို့ သေချာနေပြီ၊ ဒါကြောင့်ဆယ်တန်းတောင် မဖြေတော့ဘဲ ဒီ ကျောင်း မှာ တက်နေတာပါ။ ခုတော့ ဒီလူ့ကြောင့် အနှောင့်အယှက်ဖြစ်နေရတယ်။ စိတ်လဲညစ်လှပြီ’

ပြောရင်း သူ မ မျက် နှာ က လေးတွင် ညှိုးလျော်မှု အရိပ်အရောင်များ ယှက်သန်းလာနေသည်။

‘နောက်ဆုံးတော့ သီ ကြံမိကြံရာ စဉ်းစားလာမိတယ်၊ ဒါကတော့ အဲဒီလူရှေ့မှာ တစ်ခြားယောကျ်ားတစ်ယောက်နဲ့ ရင်းရင်းနှီးနှီးနေပြလိုက်မယ်၊ ဒါမှ ဒီလူစိတ်ပျက်ပြီး သီ့ကိုလိုက်ပြီး မနှောင့်ယှက်ဘဲ နေမှာ’

ကျွန်တော်က သူမစကားကို နားထောင်ရင်း ပြုံးချင်သလို၊ ရယ်ချင်သလို ဖြစ်လာသည်။

'နောက်ပြီး သိ့ အဖြစ်က ကျား ကြောက်လို့ ရှင်ကြီးကိုးဆိုတဲ့ အဖြစ်မျိုးနဲ့ ကြုံနေမှာလဲ စိုးမိတယ်၊ ဒီနေ့တော့ ဒီလူက အိမ်အထိ လိုက်ကြည့်မယ် ဖြစ်နေပြီ။ ဒါကြောင့် အကူအညီရှာတော့ အစ်ကို့ ရုပ်နဲ့ အမူအရာကိုကြည့်ပြီး ယုံကြည်စိတ်ချမိတာနဲ့ အကူအညီတောင်းရတာပါ၊ ကျေးဇူးပြုပြီးတော့ သိ့ ကိုကူညီပါ အစ်ကိုရယ် နော်'

'ဩော် ဒီလိုကိုး'

ကျွန်တော် သဘောပေါက်ပါပြီ။ စာရေးဆရာတို့၏စိတ်ကူးဉာဏ်မှ ပေါက်ဖွားလာသော ဝတ္ထု ဇာတ် လမ်း ဆန် ဆန်ပါလား။ ဒါမှမဟုတ် ဒီလို ဝတ္ထုမျိုး ကို ပင် ဖတ်၍ သည် မိန်းကလေးစိတ်ကူးယဉ်လေသလား၊ ဖြစ်ရမည်ကပဟိုင်နဲ့စိတ်ပျက်သွားအောင် ကျွန်တော်က သူမ၏ အငှားချစ်သူ လုပ်ပေးရမည်ဆိုပါလား။ ထိုအချိန်တွင် ကားမှတ်တိုင်တွင် ကား စောင့် သူအတော်များများ ရှိနေသော်လည်း ကားနေရာရရေးကို ကြိုးပမ်းကာ အလုပ်ရှုပ်နေကြသည်။

သည်လူတွေကြားတွင် ကျွန်တော်က သူမ၏ အငှားချစ်သူအဖြစ် သရုပ်ဆောင်ရန် သင့်တော်သူ ဖြစ်နေလေသည်လား။ ဖြစ်ချင်တော့ သည်နေ့မှပင် ကျွန်တော်က ညဲနေပိုင်း အလုပ်မှ အပြန်တွင် မင်္ဂလာဆောင်ဧည့်ခံပွဲတစ်ခုသို့ ဝင်ရန်ရှိသဖြင့် ဝတ်လာသော တက်ထရက်တိုက်ပုံ၊အင်းလေးလုံချည်နှင့် ခံ့ခံ့ ညားညား ဖြစ်နေသေးတော့သည်။

ဒါပေမယ့် ငယ်ရွယ်သော မိန်းကလေးတစ်ယောက်၏ စိတ်ကူးယဉ် အကြံအစည်ကို ကူညီ သရုပ်ဆောင်ပေးရမည်ကိုတော့ ကျွန်တော် ဘဝင်မကျမိသည်ကတော့ အမှန်ပင်။ ဒီလိုဆို သူမကို နောက်ခိုင်း၍ ကိုယ့် လမ်း ကိုယ် သွားရ မည် လော။ ဒီလိုတော့လည်း ကျွန်တော်က မလုပ်သာပါ၊ ဒီတော့ ဘာလုပ်ရမလဲ။ အခုတော့ မတတ်သာပြီ။

'အင်း ပြောပါလေ၊ ဘယ်လို အကူအညီပေးရမလဲ'

'သိစီးတဲ့ဘားနဲ့ သူလိုက်လာယင် အစ်ကိုကရင်းရင်းနှီးနှီး ဆက်ဆံပေးပါ၊ သမိုင်းချည်စက်ရိပ်သာအိမ်အထိလိုက်ပို့ပေးပါ၊ သူ လိုက် မလာဘူး ဆိုယင်တော့

အစ်ကိုဆင်းရမယ့် ဆိပ်မှာပဲဆင်းပေါ့၊ ဒါမှ ဒီလူစိတ်ပျက်ပြီး သိ့နောက်ကို မလိုက်တော့မှာ’

အမျိုးသမီးက သူမ၏ အကြံအစည်ကို တင်ပြသည်။

‘အင်းလေ ဖြစ်နိုင်ပါတယ်၊ ကျွန်တော်ကလဲ ကမာရွတ်မှာဆင်းမှာဆိုတော့ လမ်းလဲကြုံပါတယ်’

ကျွန် တော် က ပြော ရင်း ဘောင်းဘီရှည်နဲ့ကိုလှမ်းကြည့်လိုက်သည်။ကျွန်တော်နှင့် အမျိုးသမီးပူးပူးကပ်ကပ် စကားပြောနေသည်ကို ကြည့်နေ၏။သူ့ဟန်ကစိတ် ပျက်သွားပုံ မပေါ်။ သူ့ရည်စားကို တစ်ခြားလူ လိုက်စကားပြောနေသည်ကို တွေ့ရသည့် သဏ္ဌာန်မျိုးဖြင့် လူပ်လှုပ်ရွရွ ရှုးရှုးရှားရှား ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

‘ကဲ ဒီတစ်ခါ ဟီးနိုးကားလာယင် ရအောင်တက်ပြီး ဖြစ်သလို စီးကြရအောင်’

ကျွန်တော်ကပြောရင်း ကားရပ်လျှင် အမြန်တက်၍ရနိုင်သောနေရာဘက်သို့သွားတာ နေရာယူလိုက်သည်။

ကျွန်တော်က သည်နေရာမှ အမြန်ဆုံး ခွာချင်နေပါပြီ။ ဒီအတွက် ကျွန် တော့် တွင် လုံလောက် သော အ ကြောင်း ကလည်း ရှိနေပါသည်။

ကားမှတ်တိုင်၏မျက်နှာချင်းဆိုင် လမ်း၏ ဟိုမှာ တက် တွင် (၆) ထပ်ရုံးကြီးက ရှိနေသည်။ ကျွန်တော့် ဇနီးဖြစ်သူ မြမြင့်မ်းက ထိုရုံးတွင် အလုပ်လုပ်သည်။ သည်အချိန်ဆိုလျှင် ရုံးဆင်းကွက်လပ်ရှိ ဈေးဆိုင်တန်းတွင် သူမက မုန့်စားတတ်ပြီဖြစ်သည်။ အကယ်၍ ကျွန်တော်သာ ဤအမျိုးသမီးငယ်နှင့် ရပ်ရင်း နှီး နှီး ပူးပူးကပ်ကပ် နေသည်ကို တွေ့သွားမည်ဆိုပါက ကျွန်တော့်အဖို့ လော လော ဆယ် ရှင်း ဖို့ပြဿနာဖြစ်ရတော့မည် မဟုတ်ပါလား။

နောက်ပြီး စနေနေ့ဝက် ရုံးလွှတ်လိုက်လျှင် ကားစီးဖို့ ပို၍အခက်အခဲ ရှိနေချေမည်။ အသိမိတ်ဆွေတွေနှင့် တွေ့ပေဦးမည်။

‘ဟော ကားတွေလာနေပြီ အစ်ကို’

အမျိုးသမီးကကျွန်တော့်ကို ပြောရင်း နောက်ဆုံးကားဘက်သို့ အပြေးလေးထွက်သွားသည်။

လာမယ့် လာတော့လည်း ရှင်လောင်းလှည့်သည့်ပမာကား တန်းကြီးက အတွဲလိုက် ဆိုက်လာသည်။ လေးစီးများတောင်။

'ဩော် ငနဲသားတလဲ ပါလာသကိုး'

ကျွန်တော်တို့ နောက်ဆုံးကားပေါ်သို့ တက်မိသောအခါ ဘောင်းဘီရှည် ငနဲကလည်း လိုက်တက်လာသည်။

ကား၏နောက်ဆုံးခုံ (၆) ယောက်တန်းတွင် ညာဘက်အစွန်၌ တစ်နေရာလွတ်သည်ကို တွေ့လိုက်ရသည်။ သည်အခွင့်အရေးမျိုးက ကြုံခဲဘိခြင်း။

'သွားထိုင်လေ'

ကျွန်တော်က အမျိုးသမီးကို ရှေ့သို့တွန်း၍ပို့ရင်း ထိုနေရာလပ်တွင် သွားထိုင်ခိုင်းသည်။

'အစ်ကိုထိုင်ပါ၊ အမျိုးသမီးက ကျွန်တော့်ကို အတင်းထိုင်ခိုင်းသည်။

သည်လို ကျွန်တော်တို့ နှစ်ယောက်က အစ်ကိုထိုင်လေ၊ ညီမထိုင်လေ လုပ်နေတုန်း ဘောင်းဘီရှည်ငနဲက ဖြတ်ကနဲဝင်ထိုင်ချလိုက်သည်။

သည်တော့ ကျွန်တော့်မှာ အောင့်သက်သက်ရှက်တက်တက်ကြီး ဖြစ်သွားရသည်။

'လာထိုင်လေ နောင်ကြီး၊ ကျွန်တော်တို့က ရှေ့မှတ်တိုင်မှာဆင်းမှာ၊ ကြိုတင်ထွက်ထားမှ'

ဘောင်းဘီရှည်ငနဲ၏ဘေးမှ လူငယ်နှစ်ယောက်က ထရပ်ပေးသဖြင့် ကျွန်တော်ရော အမျိုးသမီးပါ ဖြတ်ကနဲဝင်ထိုင်လိုက်ကြသည်။ သည်တစ်ခါတော့ အစ်ကိုထိုင်လေ၊ ညီမထိုင်လေ မလုပ်ရဲတော့၊ ပါးသွားပြီး။

တိုက်ဆိုင်ချင်တော့ ဘောင်းဘီရှည်ငနဲက ညာဘက်အစွန်းက၊ ကျွန်တော်က ငနဲ၏ဝဲဘက်ဘေးမှ နေရာရတာ အမျိုးသမီးက ကျွန်တော့်ဘေးမှ ကပ်၍ထိုင်သည်။

ဟီးနိုးကားကြီးက ဘီးစလှိမ့်ပြီ။

ကျွန်တော်က မသိမသာပြုံးလိုက်မိသေးသည်။

ဩော် ဒီငနဲနှင့်မှတစ်ခုံတည်းထိုင်၊ တစ်ကားတည်းစီး၊ တစ်ခရီးတည်း သွားရဦးမှာပါကလား။

## အခန်း (၂)

မောင်ထော်လေးလမ်းကား မှတ်တိုင်မှ ကားစတင် ထွက်ခွာလာလေသောအခါ (၁၂)နာရီခွဲနေပြီ၊ ထိုအချိန်တွင် ရေနံရုံး၊ ခြောက်ထပ်ရုံး၊ ဗဟိုကုန်သွယ်ရေး စသော အစိုးရ ဌာနကြီးများအတွင်းမှ ဝါသော၊နီသော၊ စိမ်းသော၊ ဘောက်ပသော၊ ညိုမှိုင်းသော၊သစ်လွင်သော၊အစုံစုံသောအရောင်များက လမ်းမပေါ်သို့ အန်ကျလာသည်။

ဟော.... စနေ နေ့ ဝက်ရုံးလွှတ်ချိန်ပင် တိုင်ပါပြီကော၊ ကျွန်တော်က လေးပင်စွာ သက်ပြင်းချယင်း ကားအပြင်သို့ ငေးကြည့်ရာမှ ကားအတွင်းသို့ပြန်၍ သတိပြုလိုက်သည်။

ကား၏နောက်ဆုံးခုံတန်းမှာ (၆) ယောက်စီးခုံဖြစ်သည်။ယခု ကျွန်တော်တို့ ထိုင် နေသည် က (၇) ယောက်။ သည်တော့ တစ်ယောက်နှင့် တစ်ယောက် ကျပ်ညပ် တိုးဝှေ့ ထိုင်နေ ရသည်။ ကျွန်တော် နှင့် အမျိုးသမီးမှာ တစ်ကိုယ်လုံး ပူးကပ်ထိတွေ့နေသည်မို့ ကျွန်တော့်မှာ အားတုံ့အားနာ ဖြစ်ရသေးသည်။ သို့သော် ရန်ကုန်ဘတ်စကားစီးနေကြသော မိန်းကလေး များမှာကား ကားပေါ်တွင်သည်လိုလူ ကျပ်၍ ယခု လို လူ စိမ်းယောကျ်ားတစ်ဦးနှင့် ပူးကပ်ထိုင်ရခြင်းကို ရိုးနေကြပေပြီ။

သည် အမျိုး သမီး က လဲ ကျွန်တော် နှင့် ဒီ လောက် ထိလူချင်း ပူးကပ် ထိုင်ရ ခြင်းကိုဘယ်လိုမှ လှုပ်ရှားပုံ မပြရုံမက ထိုထို ဤဤ အ လီလီ သော စကားများကိုပင် အေးဆေးစွာ ပြောလာနိုင် ပေး သေး သည်။ သူမက ကျွန်တော်နှင့်အထူးရင်းနှီးဟန်ပုံပေါ်ရန်အတွက်စကားကိုမပြတ်တမ်း ပြောနေ သော်လည်း သူမစကား အဓိပ္ပာယ်များကို ကျွန်တော်မသိပါ၊ တစ်ကယ်တော့....ကျွန်တော် သိတာမသိတာထက် ဘေးမှဘောင်းဘီရှည်ငနဲက ကျွန်တော်တို့ (၂) ယောက် အထူးရင်းနှီး သူများဖြစ်ကြောင်း သ ဘော ပေါက်သွားရန်သာ၊ သူမ ရည်ရွယ်ပုံရပါသည်။ သည်တော့လဲ သူမစကား များကို ကျွန် တော် က ခေါင်း ညိတ် ပြရသည်လည်းရှိ

သည်။ တစ်ခါတစ်ခါတော့ရယ်ဖြဖြိုးဖြလုပ်ခဲ့ရသည်။

သူမက ကျွန်တော့်ဘက်သို့ ကိုယ်ကိုယ်တိုင်၍ စကားပြောသော အခါ သူမ၏ လည်တိုင်မှ စိမ်းမြမြ သွေးကြောလေးများ လှုပ်ရှားနေသည်ပင် မြင်နေရသည်။ သူမ ကိုယ်မှ 'ပဲရစ်ညနေခင်း' အမည်ရှိ မွှေးနံ့ သင်းပျံ့ပျံ့တို့သည်ပင် ကျွန်တော့် ကိုယ်ပေါ်သို့ ကူးလူးရောယှက်နေပြီ။

ကား တစ်ခါ ဆောင့် လိုက်လျှင် သူမမျက်နှာနှင့်ကျွန်တော့် မျက်နှာ ထိကပ်၍မသွားအောင် သတိထား နေရသည်မင် ကျွန်တော့် အဖို့ စိတ်ကျဉ်းကျပ်လှပါတော့သည်။ သည်တော့ မျက်နှာကိုတစ်ဘက်သို့ လှည့်လိုက်၏။

မလွယ်ပါလား။

ကျွန်တော်က ချက်ချင်း မျက်နှာကို သည်ဘက် ပြန်လှည့်လိုက်ရသည်။ဘောင်းဘီရှည်နှင့်ငနဲက မီးတွက်မတတ် မျက်လုံးအစုံဖြင့် ကျွန်တော့် ကို စူးစိုက် ကြည့်နေသည်။

ကျွန်တော်စိတ်မောစွာ သက်ပြင်းရှိုက်ယင်း ကားထဲသို့လိုက်ကြည့်မိသည်။ သည်ကားထဲတွင် အသိ မိတ် ဆွေ တစ် ယောက် ယောက် မပါစေဖို့ တိတ်ထဲခိုး ဆုတောင်း ရသေးသည်။ ကျွန်တော်နှင့် အမျိုးသမီး ယခုလို နီးနီးကပ်ကပ်ထိုင်၍ ရင်းရင်းနှီးနှီး ပြောဆိုနေသော အဖြစ်ပန်းအမြင်သည် ရှိုးရှိုးအသိမိတ်ဆွေဖြစ်သည်ဟုမည်သူမျှယုံကြည်ကြမည် မဟုတ်ပါလေ။

## အခန်း (၃)

'ကားရပ်တုန်း ပိုက်ဆံ ထုတ်ထားကြပါ၊ လက်မှတ်စစ်လာမှ ပိုက်ဆံ ထုတ်ပေးတာမျိုး မလုပ်ကြနဲ့'

'အပေါက်မှာဘာပြုလို့စုပြုံရပ်နေ ကြတာလဲ၊ အတွင်းကိုဝင်ပါ၊ အထဲမှာ မြွေဟောက်မရှိပါဘူးဗျ'

'ဟော ဟော ဟိုလူဘာလုပ်ဘန်ဘာမှာ တွယ်စီးနေတာလဲ၊ ခု ချက်ချင်းပြန်ဆင်း၊ ခင်ဗျားသေတာအရေးမကြီးဘူး၊ ကားသမား ပြဿနာတက်မယ်'

ကား လက် မှတ် ရောင်း ၏ အသံကစူးစူးဝါးဝါးထွက်ပေါ်လာသည်။ လက်မှတ် ရောင်း၏

ခိုတ်တန်းကန်း ဆောင့် ကြွား ကြွားအသံကြောင့် ကျွန်တော်က ကားခပေးရန် ပိုက်ဆံ အိတ်ကို ထုတ်ယူ၍ ကျပ်တန် ရှာသည်။ မတွေ့၊ ခက်ပြီ၊ စရိုက် ကြမ်းလှသော ဤလက်မှတ် ရောင်းကို ၂၅ ကျပ်တန် ပေး စီး ရ မည့် အတွက် ကျွန်တော် ရင်လေးခဲ့ရပြန်သည်။

'အစ်ကို....သီ မှာ တျပ်တန် ပါတယ်၊ သီ ပေး လိုက် မယ် နော်.... ရော့.... ကားဆရာ.... သမိုင်း နှစ်စောင်ပေးပါ'

ကျွန်တော်၏ အခက် အခဲကို သတိပြုမိဟန် တူသော အမျိုးသ မီး က စလင်း ဘက် အဖြူကလေးထဲရှိ ပိုက်ဆံအထပ်များကြားမှ ကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။

'ဒီမှာ သ မိုင်း တစ် စောင် ပေးပါ'

'ဩော်....ဘောင်းဘီရှည်နဲ့ကလည်း သမိုင်း (၁) စောင်ဆိုပါလား။ ထိုသူက လက်မှတ်ယူယင်း ကျွန် တော် ဘက်ကို စူးစူးဝါးဝါး ကြည့်လိုက်သည်။ ရန်လိုသည့် ဆဘောမျိုး၊ သူ့ သဏ္ဍာန်က စိတ်ကို ထိန်းချုပ်ရသည့်ဟန် သူ၏ ပေါင်ပေါ်ရှိ လက်ဆွဲအိတ်မှ ဇစ်ကို ဖွင့်ချည် ပိတ်ချည် လုပ်နေသည်။ စိတ်လှုပ်ရှားခြင်း၏ သင်္ကေတဘဲဖြစ်ချေသည်။

ကျွန်တော်က ထိုလူ၏ အိတ်ဆီသို့မျက်စိရောက်သွားသည်။

'အလို.... ရဲဒင်း တစ်လက် ပါလား'

မှန်ပါသည်။ အသွား လက်လေးသစ်ခန့်ရှိ ရဲဒင်းဘစ်လက်ကို ထိုလူ၏ အိတ်ထဲတွင် အမှတ်မထင် မြင်လိုက်ရသည်။ သေးငယ်သော်လည်း ကြောက် မက်ဖွယ် ကောင်း သော လက်နက်တစ်ခုပဲဖြစ်ပါသည်။

ထိုစဉ်တွင်နူးညံ့သွယ်ပျောင်းသောလက်အစုံက ကျွန်တော်၏ လက် မောင်း ကို ထိ ကိုင် လာသည်။

'မနေ့က သီစောင့်နေသေးတယ်။ အစ်ကိုက လာကြို့မယ် ဆိုပြီး ဘာလုပ် မလာ တာလဲဟင်'

'ဩော်.... အဲ....ဟို ....ဟို အလုပ်မအားလို့ပါ'

'အစ် ကို က ဘယ် လို လဲ မသိဘူး'

သူမက နှုတ်ခမ်းစူရင်း မှုတ်စောင်းလှလှကလေးကို ဝင့်လာသည်။

သူမ၏ ပါးပြင်ပေါ်မှ မိတ်ကပ်နံ့ သင်းသင်းကကျွန်တော့်နှာခေါင်းထဲသို့ ထိုးဝင်လာပြန်သည်၊

ကျွန် တော် က သက် ပြင်းချရင်း မျက်နှာလွှဲလိုက် ရသည်။ စိတ် ကျဉ်း ကျပ် မှု နှင့် အမည်မဖော်ပြနိုင်သော ဝေဒနာသည် ကျွန်တော့် ကို ဖိ စီး လာ သည်။ ကျွန်တော့် စိတ် အစဉ် ကတော့ သူမ အကြောင်းကို စဉ်းစားနေမိသည်။

'အင်း- ကျွန်တော့် မိတ်ဆွေများဖြစ်သည့် တင်ထွတ်တို့၊ မျိုးညွန့်တို့၊ ပေါင်းတည်စန်းမြင့်တို့၊ မောင်လရောင်တို့.... လူစုံတိုင်း စိတ်ဝင်စားစွာ ဆွေးနွေးလေ့ရှိကြသော စိတ်၊မိတ်၊ ဂေါ်လီတို့ဆိုတာ တွေများ ဖြစ်နေလေသလား။ သည်မှာ ဘက်တွင် ကျွန်တော့် မိတ်ဆွေ များလို ကျွန်တော်က မကျွမ်းကျင်သော်လည်း အနှိသီ အမည်ရှိ အမျိုးသမီးမှာ ထိုအ-တန်း အ စား အဆင့်ကတော့ ဟုတ်ဟန် မတူကြောင်းတော့ သိပါ၏ [illegible] ဆုံးပြီစ်ကျော် [illegible] ရှည်ငနဲ့ သည် [illegible] ယခုအကြောင်း [illegible] စိတ်ကောက်ကြီးညည် [illegible] မခံချင်အောင် သတ်သတ်အရွဲ့တိုက်နေခြင်းလား။ ဒီလိုဆိုရင်တော့ ဘောင်းဘီရှည် ငနဲ့၏ရန်ကိုလျှော့တွက်၍မရနိုင် တော့ပြီ၊ အချစ်စိတ်ရိုင်းဝင်လာလျှင် ဆင်တန်း တောတိုး ပြုမူ တတ် ကြသည်မဟုတ်ပါလား။

ငနဲသား၏ လက် တစ်ဘက်ကား အခု အချိန် တွင် ရဲဒင်း ရှိသော အိတ်စွင်းသို့ပင် ရောက်နေပေပြီ။

ထိုစဉ်တွင်ကျွန်တော့် ခေါင်းထဲသို့ သိုင်းဆရာကြီး ဦးချစ်သန်း၏ ဩဝါဒ စ ကား များ ဖြတ်ခနဲ ပြန်ပေါ်လာသည်၊

'မင်းတို့ လမ်းပေါ်မှာပဲဖြစ်ဖြစ်၊ ကားပေါ်၊ ရထားပေါ်မှာပဲ ဖြစ်ဖြစ် လက်နက် တစ်စုံတစ်ရာ ကိုင် လာ တဲ့ လူ ဆိုယင် ကိုယ်နဲ့မဆိုင်ဘူး၊ မသိဘူးရယ်လို့ ဘယ်တော့မှ အမှုမဲ့ အမှတ်မဲ့မနေနဲ့၊လက်နက်ကိုင်လာသူကို အမြဲသတိထား ကြည့်နေရမယ်'

ကျွန်တော် ဗလစ သိုင်း၊ ဗန်ဒိုဗန်ရှည် သင်တန်းများကို တက်စဉ်က ပြောကြားခဲ့သော ဆရာ၏စကားများကို ပြန်၍ ကြားယောင်လာသည်။

မှန်ပါသည်။ ကြောက်မက်ဖွယ်ကောင်းသော၊ လူသတ်လက်နက်ကိုင်ဆောင်သော ဒီငနဲကို ကျွန်တော် အလစ်ပေး၍ မဖြစ်တော့ပြီ။ သို့မဟုတ် အလစ်တွင် ထ၍တွယ်လိုက်လျှင် မခက်ပါလား။

'လက်မှတ်ဆုတ်ကြပါ၊ ပိုက်ဆံ မပါယင် ပြောစီး၊ လူလည်တော့ မလုပ်ကြနဲ့'

လက်မှတ်ရောင်းက ကားနောက်ပိုင်းသို့ တစ်ပတ်ကျော့လာပြန်သည်။

'ဒီမှာ အပေါင်းအသင်း၊ ခင်ဗျား တည့်တည့်ထိုင်စမ်းဗျာ၊ ခရီးသည်ချင်း ကိုယ်ချင်းစာမှ ပေါ့ဗျ'

လက်မှတ်ရောင်းက ကျွန်တော့်အနား ရောက်လာတာ ကျွန်တော့်ဘေးမှ ခပ်စောင်းစောင်း ထိုင်နေသော ဘောင်းဘီရှည်ငနဲကို ပြောလိုက်ခြင်းဖြစ်သည်။

ဒီငနဲ့ကိုယ်ကို စောင်းထိုင်နေမှန်း ကျွန်တော် သတိပြုမိသော်လည်း အခြေအနေအရ ဘာမှ မပြောခဲ့၊ ယခု လက်မှတ်ရောင်းက ပြောလာပေပြီ။

'ဘာပြောတယ်၊ ဒါထက် ဘယ်လိုလုပ်ထိုင်ရမှာလဲဗျ'

ဘောင်းဘီရှည် ငနဲ၏ ဘုကျကျအသံ ထွက်လာသည်။

'ဩော် မင်းစောင်းထိုင်နေတာကွာ၊ မင်းက ကျွတ်ဆတ်ဆတ်နဲ့'

လက်မှတ်ရောင်းကလည်းမခံ၊ မာကျောကျောရှိလှသည်။ ခရီးသည်တို့၏ မျက်လုံးအစုံက သူတို့အပေါ်သို့ စိုးရိမ်စွာ ကျရောက်နေသည်။

ကျွတ်ဆတ်ဆတ်နှင့်မာကျောကျောတွေ့ကြပြီ။

'ငါကတော့ ဒီလိုပဲထိုင်မယ်ဟေ့။ မင်းမကျေနပ်ယင် ကြိုက်သလိုရှင်း၊ ကားပေါ်မှာ ရှင်းမလား၊ ကားရပ်ပြီး ရှင်းမလား'

ဘောင်းဘီရှည်ငနဲက လွယ်အိတ်ထဲသို့ လက်နှိုက်ရင်း ပြောလိုက်သည်။

'ကဲဟေ့ သူငယ်တို့ ဒို့တော့် ကြပါကွယ်'

ခရီးသည်တွေက စင်ဖျန်ဖြေသည်။ တစ်လမ်းလုံး ခရီးသည်များပေါ် ဟိန်းဟောက် ကြိမ်းမောင်း လာသော လက်မှတ်ရောင်းမှာ ဒီတစ်ခါငြိမ်ကျသွားသည်။ ထိုနေရာမှ မကျေမနပ်နှင့် လှည့်ထွက်သွားသည်။

'ဒီမှာဖြင့် လူတွေက တစ်ယောက်အပေါ် တစ်ယောက် ထပ်သလောက်တောင့်မကြည့်ဘူး၊ တောက် လူပါးဝလို့၊ ဒီကလဲ လူသတ်ချင်နေတဲ့ကောင်ပဲ၊ လာတော့ မစမ်းနဲ့ ဟင်း'

ဘောင်းဘီရှည်ငနဲ၏စကားစုကြောင့် ကျွန်တော့် တစ်ကိုယ်လုံး တောင့်တင်း သွား သည်။ သည်စကားက ကျွန် တော်နှင့် အမျိုးသမီးကို ရည်ရွယ် ပြောလိုက်ခြင်းပဲ ဖြစ်မည်။

အမျိုးသမီးက ကျွန်တော့် လက်မောင်းကို တင်းကျပ်စွာ ကိုင်လိုက်သည်။ သတိပေးသည့်သဘော။

ကျွန်တော်က ပင့်သက်ရှိုက် ရင်း စိတ်ကို လျှော့ချလိုက်သည်။ တစ်ခြားအချိန်ဆိုလျှင် သည်မျှသည်းခံနိုင်မည် မဟုတ် သော်လည်း ယခုတော့ သည်အမျိုးသမီးနှင့် ပတ် သက် နေသည်မို့ လူကြားမတော်ဖြစ်မည်ကိုရှောင်ရပေမည်။

'အစ်ကို၊ ဒီတစ်ပတ် ရုပ်ရှင်လိုက်ပြရမယ်နော်' အမျိုးသမီးက စကားဆိုလာသည်။

'အင်း ပြပါ့မယ်လေ'

ကျွန်တော်က ပြန်ပြောရသည်။ ကျွန်တော့် မျက်လုံးအစုံက ဘောင်းဘီရှည်ငနဲ၏ လက်ပေါ်သို့ရောက်နေသည်။ အလစ်မပေးရဲတော့။

'ဒီ တစ် ခါ သီတို့ မြို့နယ်အသင်း ပျော်ပွဲစား ထွက်ယင်လိုက်ခဲ့ရဦးမယ်နော်၊ မနှစ်က သဘောနဲ့ ထွက်တုန်းက အစ်ကိုနေမကောင်းဘူးဆိုပြီး အိပ်နေလို့ သီစိုးရိမ်လိုက်တာ၊ နောက်ပြီး ခေါင်းနှိပ်ပေးရတာကော မှတ်မိသေးလားဟင်'

'ဟာ ဒီနေ့ကိုလား၊ ဘယ်မေ့မလဲကွယ်၊ ထာဝစဉ် မှတ်မိနေမှာပါ၊ စဉ်းစားလိုက်တိုင်းရင်ထဲမှာ အသစ်အသစ် ဖြစ်လာမြဲပါ'။

သူမပြောတာနဲ့ ကျွန်တော် ပြောတာ ဆီလျော်သလား၊ မဆီလျော်သလား မသိ၊ ကျွန်တော်က ရမ်းကြိတ်လိုက်သည်။ နောက်ကျွန်တော်တို့နှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ရယ်မောမိလိုက်ကြသေးသည်။

ကျွန်တော်တို့ရယ်သံကြောင့် ဘေးမှငနဲက လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

သည်အချိန်တွင် အမျိုးသမီး၏ စကားဆစ်ခွန်းသည် ငနဲ ဒေါသဒီဂရီ တစ်ဆင့်ဆင့် မြင့်လာစေကြောင်း သူမ မသိသော်လည်း ကျွန်တော်က သိနေပါသည်။

ယခုပုံစံအတိုင်းဆိုလျှင်တော့ ကားပေါ်မှဆင်းလျှင်၊ သို့မဟုတ် ကားပေါ်မှပင် ငနဲနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ကျွန်တော် သဘောပေါက်မိသည်။

နောက်ပြီး သွေးပူနေသော ထိုငနဲ၏ တစ်ရှူးထိုးတစ်စောက်ကန်း စိတ်ဓာတ်ကိုလည်း စောစောက လက်မှတ် ရောင်းနှင့် ပြဿနာဖြစ်ပြီးကတည်းက ကျွန်တော်ခန့်မှန်းနိုင်ပြီ မဟုတ်လား။

သည်တော့ ငနဲကို မျက်ခြည်မပြတ် ကြည့်နေရသည်။ အမျိုးသမီးနှင့် တီးတိုးတီးတိုး စကားပြောခြင်း လျှော့ရမည်။ နှစ်ယောက်သား ကြည်နူးနှစ်သိမ့်ဟန်ဖြင့်ရယ်မောခြင်းကို ရှောင်ရမည်။

အချောင် မဆီမဆိုင် ရဲဒင်းနှင့် ထ၍အတွယ်ခံရမည်ကိုတော့ ကျွန်တော်မလိုလားပါ။

သည်ကြားထဲက ကားပေါ်ပါလူရွယ်အချို့က ကားကျွန်တော်နှင့် အမျိုးသမီး အနေအထိုင် အပြောအဆိုကို အားကျလေသည်လား မသိ၊ မကြာမကြာ လှည့်ကြည့်သည်။ အချင်းချင်း လက်တို့ကြသည်။ သည်တော့လည်း ကျွန်တော် ပြုံးရပြန်သည်။

'မင်းသမီးလှလှလေးနဲ့ ပွဲဖက် နန်းရှုပ်ခန်းကို ပိတ်ကားပေါ်မှာကြည့်ပြီး ခင်ဗျားတို့က တော့ ကျုပ်ကို တစ်ကယ် သာယာဖွယ် ရှိနေမှာပဲလို့ ထင်ကြမယ်၊ တစ်ကယ်တော့ အဲ့ဒီလို အချစ်ခန်းတွေရိုက်ရတာ ကျုပ်အဖို့ စိတ်အပင်ပန်းဆုံးပါပဲ'

‘ဒါရိုက်တာက နှန်းစမ်းပေါ ဆိုယင် ဆွဲနမ်းပစ်လိုက်ရုံနဲ့ မဖြစ်ဘူး ဆရာတို့၊ နမ်းတာဖက်တာတောင် ပရိသတ်အမြင်မှာ လှပရမယ်၊ ဆွဲ ဆောင် မှု ရှိ ရမယ်၊ နောက်ပြီး မင်းသမီးရဲ့ ဆံပင်ပုံ အလှပြင်ထားတာတို့၊ ကိုယ်ခန္ဓာ အလှ ပြု ပြင် ထားတာတို့ဟာ ကိုယ်ဖက်လို့များ ပျက်စီးသွားယင် မင်းသမီးနဲ့ ပြဿနာတက်ရရော။ မီးတွေ လေးဘက်လေးတန်ထိုး၊ လူများစွာရဲ့ မျက်စိအောက် မှာ ချစ် ခန်း သရုပ်ဆောင်ရ တာ ဘယ် လောက် စိတ်မောစရာကောင်းသလဲ၊စဉ်းစားသာ ကြည့်ကြပါတော့’

ရုပ်ရှင်ထဲမှာမင်းသမီးနဲ့နမ်းခန်းရိုက်ရတာ ခင်ဗျားအဖို့ သိပ်ဟန်ကျမှာပေါ့ဟူသော သတင်းထောက်များ၏အမေးကို ပြန်ဖြေသော ဟော့လိဝုဒ်မှကမ္ဘာကျော် ရုပ် ရှင် မင်း သား ကြီး ‘ဂယ်ရီဂရန့်’၏ စကားကို ကျွန်တော် ကြားယောင်မိလာသည်။

ယခု ကျွန် တော် ကို လည်း အမျိုးသမီးငယ်နှင့် ထိတွေ့ရယ်မော သာယာဖွယ်အတိ ရှိသည်ဟု ဘေးမှလူရွယ်တို့က စိတ်မှန်းဖြင့် အားကျနေမည် ဖြစ်သော်သည်း ကျွန်တော့် အဖို့ ထသူတို့ထင်သလို သာယာဖွယ်မရှိလေပါ။

သည်အမျိုးသမီးနှင့် တွဲနေသည်ကို အသိမိတ်ဆွေများ မြင်သွားကာ အထင်အမြင်မှား ခံရမည်ကို စိုးရိမ်စိတ်က တစ်ဘက်၊ ရဲဒင်းတပြင်ပြင်အံတကြိတ်ကြိတ်နှင့် ဖြစ်နေသော ဘေးမှငနဲ၏ အန္တရာယ်ကတသွယ်နှင့် တထိတ်ထိတ် တလန့်လန့်နှင့် ဇောချွေးပြန်နေပါချေသည်တကား။

## အခန်း (၄)

‘အစ်ကို၊ အစ်ကိုက ဒီဘက်ကို နည်းနည်းတိုးပါဦး’

အမျိုးသမီးက တီးတိုးစကားပြောလိုဟန်ပြုသဖြင့် ကျွန်တော်ကသူမဘက်သို့ လှည့်လိုက်ရ၏။ ထိုစဉ်တွင် ဘောင်းဘီ ရှည်ငနဲက အမြင်ဘက်သို့ ငေးကြည့်နေခိုက် ဖြစ်သည်။ သင်း တစ်ခုခု အကြံထုတ်နေခြင်း ဖြစ်မည်။

‘ဒီ အ တိုင်း ဆို ယင် ဒီလူက သမိုင်းထိအောင် လိုက်လာမယ် ပုံပဲ၊ ဟိုရောက်လို့ ကားပေါ်က

ဆင်းယင် အစ်ကို့ကို ရန်မူချင်မူမယ်၊ ဒီတော့ အခြေအနေကို ကြည့်ပြီး ရှေ့မှတ်တိုင်လောက် ကျယ်င် သီက ဖြုန်းကနဲထပြီး ကား ပြန် မထွက် ခင်မှာ အမြန်ဆင်း ကျန် ရစ်မယ်၊ အစ်ကိုက ဆက်လိုက်သွားပေါ့၊ သီကတော့ နောက်ကားစောင့်ပြီး ပြန်လိုက်မယ်၊ မကောင်းဘူးလား ဟင်'

အချိုးသမီးက ဟိုင်နဲမကြားအောင် လေသံဖြင့် သူမ အကြံအစည်ကို တင်ပြသည်။

'အင်း....ကောင်း သားပဲ၊ လုပ်လေ'





သည်အစီအစဉ်ကို ကျွန်တော်လည်း ကြိုက်ပါသည်။ သည်ပုံစံအတိုင်းက စိတ်သက်သာမှု မရလေပါ။ အမျိုးသမီးဆင်းသွားလျှင် ကျွန်တော်က ဒီငနဲအပါးမှ ခွာ၍ ကား ၏ဦး ခန်း ဘက်သွား နေ တော့မည်။ နောက်က မာ ရွှတ် မှတ်တိုင်တွင် ဆင်းမည်။

ကျွန်တော်စဉ်းစားရင်းကားအပြင်သို့ လှမ်းကြည့်လိုက်သည်။

မြေနီကုန်းမှတ်တိုင်တွင် ရပ်သွားသည်။

ကားပြန်မထွက်မီပင် အမျိုးသမီးက ကျွန်တော့်ကို ကျေးဇူးတင်သော မျက်လုံးအစုံဖြင့်ကြည့်ကာ တီးတိုးနှုတ်ဆက်ယင်း ကားပေါ်မှ ဖြုတ်ကနဲ ဆင်းသွားသည်။

ကားက ချက်ချင်းထွက်သွားသည်။ အချိုးသမီးဆင်းမည်ဘူ



ထင်မထားခဲ့သော ငနဲက အပြင်ဘက်ကို ငေးမောနေဆဲပင်။

• ကားထွက်၍ဆန်းသီရိရုပ်ရှင်ရုံရှေ့ရောက်သော အခါတွင်တော့ ငနဲက ကျွန်တော့်ဘက်သို့ လှည့်လာသည်။ အမျိုးသမီးကို မတွေ့သောအခါ ဖြူးဖြူးပျာပျာ ဖြစ်သွားသည်ကို ကြည့်ရင်း ကျွန်တော်က ကျိတ်၍ပြုံးလိုက်မိသည်။

'ဟိုးဆရာဟိုး၊ မှတ်တိုင်ပါတယ်'

ငနဲက လှမ်းအော်သည်။ ကားကမရပ်ပါ။ မှတ်တိုင်ရောက်ရန် လိုနေသေးသည်။

ဘောင်းဘီရှည်ငနဲအဒေါ်ကြီးတစ်ကြီးတက်ခေါက်ရင်း ထရပ်လိုက်သည်။ ကျွန်တော်က ဝှမ်းကိုလမ်းဖယ်ပေးရင်း သူ့အခြေအနေကို မျက်ခြည်မပြတ် ကြည့်နေသည်။ အဆင်းတွင် ရဲခင်းနှင့် ဆော်သွားနိုင်သည် မဟုတ်ပါလား။

ဟံသာဝတီမှတ်တိုင်တွင် ကားရပ်သောအခါ ငနဲက ကျွန်တော့်ကို ခက်ထန်ထန် တစ်ချက်ကြည့်ရင်း ကားပေါ်မှ ဆင်းသွားသည်။

ယခုမှ ကျွန်တော် သက်ပြင်းချလိုက်ရတော့သည်။ တစ်ကိုယ်လုံး ပေါ့ပေါ့ပါးပါးလန်းဆန်းသွားသည်။



ဒီငနဲ့ အမျိုးသမီးနောက်ကို တော့ ပြန် လိုက် နိုင်တော့မည် မဟုတ်။ ဒီတော့ သူမအတွက် ဒီနေ့ ဒီအိမ်ကို ချောချော မော မော ပြန်နိုင်မေတော့မည်။

ထို စဉ် တွင် ကျွန် တော့် ခေါင်းထဲသို့ လွင့်ခဲ့သော နှစ်လ ခန့်က သတင်းစာတွင်ဖတ်လိုက် ရသော သတင်းစာတစ်ပုဒ်ကို စဉ်း စား မိ သော အခါ သူမ အတွက် စိုးရိမ် တုန်လှုပ်မှုက လွှမ်းခြုံသွားသည်။

ထိုသတင်းကတော့ အချစ် စိတ်မွှန်နေသော လူငယ်တစ်ဦး က သူတစ်ဖက်သတ်ချစ်နေသော မိန်းကလေးတစ်ဦး၏ အချစ်ကို မရသဖြင့် လူပုံလယ်တွင် ဓားနှင့် ထိုး သတ် လိုက် ပြီး ကိုယ် တိုင် သွားအဖမ်းခံခဲ့သည့်အကြောင်း ပင်ဖြစ်သည်။

အင်း တစ်နေ့နေ့တွင် သီ ဆိုသော အမျိုး သမီး ငယ်နှင့် လမ်းသူရဲဆန်ဆန် တဇွတ်ထိုး မိုက်ကန်းကန်း ဘောင်းဘီရှည် ငနဲ၏ မလိုလားဖွယ်သတင်းမျိုး ကို မကြားရပါစေနှင့်ဟု ကျွန် တော်က ကျိတ်၍ ဆုတောင်းနေ မိသည်။



'ဂါတ်တဲပါလား၊ ဂါတ်တဲ' လက်မှတ်ရောင်း၏ အသံ ကြောင့် ကျွန်တော်က အတွေးစ ကို ဖြတ်ကာကားပေါ်မှကတိုက် ကရိုက် ဆင်းလိုက်သည်။

သို့သော် သတိတော့ မလစ် ပါ။ ပလက်ဖောင်းပေါ် ခြေချ မိသည်နှင့်ပတ်ဝန်းကျင်ကို အကဲ ခတ်လိုက်သည်၊ ဘောင်းဘီရှည် ငနဲသည် ကျွန်တော့် ကို အခဲ့ မကြေနိုင်သဖြင့် သုံးဘီးကား တစ်စီးစီး၊ ဖြင့်လိုက်လာကာ သည်



မှတ်တိုင်တွင် ကျွန်တော် အလာ
ကို ကြိုစောင့်၍ တွယ်နိုင်သေး
သည် မဟုတ်ပါလား။

ငနဲ၏ အရိပ်အရောင်ကိုပင်
မမြင်ရ။ ဒါပေမင့် ခဏမျှ
အခြေအနေကို စောင့်ကြည့်လို
သဖြင့် အနီးရှိ ကြံရည်ဆိုင်သို့
ဝင်ကာ ကျွန်တော်က ကြံရည်
တစ်ခွက် မှာလိုက်သည်။

အချိန်က (၁)နာရီထိုးနေပြီ
ဖြစ်သည်။ (၁၂)နာရီခွဲမှ (၁)
နာရီထိ မိနစ် (၃၀) မျှသော
ခရီးဝယ် စိတ်မောခြင်းကြီးစွာ
ဖြင့်သည်းထိတ်ရင်ဖိုလာခဲ့ရပုံကို
ကျွန်တော်က ပြန်စဉ်းစားရင်း
ပြုံးလိုက်မိသည်။

အလုပ်ကိစ္စအတွက် ချိန်းဆို
ထားသူများက သည်လောက်
ဆိုလျှင် တစ်စောင့်စောင့် ဖြစ်
ကာ ကျွန်တော့် ကို စိုင်းဝန်း
မေတ္တာပို့နေ ကြပေတော့မည်။

အင်း ဘာကြောင့် အချိန်မီ
မရောက်သည်ကို ရှင်းပြ ရင်း
မိနစ်သုံးဆယ်ဇာတ်လမ်းကလေး
ကို ပြန်၍ဖောက်သည်ချလိုက်ယင်
တော့ သူတို့ ကျေနပ်ကောင်းပါ
ရဲ့။

‘ဒီမှာ အစ်မကြီး၊ ဒီမှာ ကြံ
ရည်ဖိုး လာယူပါ’

ကျွန်တော်က အတွေးစများ
ကို ဖြတ်၍ ကြံ ရည် ဖိုး ရှင်းရန်
ပိုက်ဆံအိတ်နှိုက်ယင်း ထိုင်ရာမှ
ထလိုက်သည်။



'ဟင်'

ကျွန်တော့်ရင်ထဲတွင် ဒိန်းကနဲဖြစ်သွားကာ နှုတ်မှ အာမေဋိတ်သံက ခုန်ထွက်သွားသည်။

ကျွန်တော့် လက်က ပိုက်ဆံအိတ်ကိုမစမ်းမိဘဲတိုက်ပုံအတွင်းအိတ်မှ အပေါက်ကြီးကို သွားစမ်းမိသည်။

'ဟိုက် ဓားခွဲရာကြီးပါလားဟ'

မှန်ပါသည်။ ငွေနှစ်ရာကျော်နှင့် အမျိုးသားမှတ်ပုံတင် ကတ်ပြား ထည့်ထားသော ပိုက်ဆံအိတ်၏ လားရာကို ညွှန်ပြနေသော ဓားခွဲရာကြီးပဲ ဖြစ်သည်။

ကျွန်တော်က ထိုင်ခုံပေါ်သို့ စိတ်မော လူမောနှင့် ပြန်၍ထိုင်ချယင်း မောင်ဆော်လေးလမ်းကားမှတ်တိုင်မှ ကမာရွတ် မှတ်တိုင်ထိမိ နှစ် သုံး ဆယ် ခရီးကို အဓေသးစိတ် ပြန်ဆန်းစစ်ရင်း အရှုးတစ်ယောက်ပမာ အားရပါးရ ရယ်မောလိုက်မိပါသည်။

နောက်တော့ စကားစုတစ်စုကို ကျွန်တော်က စိတ်ပါလက်ပါ ရေ ရွတ် လိုက် မိ ပြန် သည်။ ကျွန်တော် ရေရွတ်လိုက်မိသော စကားစုကတော့

သေချင်းဆိုးမ။

မြွေးပွေးကိုက်မ။

မသာမ ဟူသတည်း။

နီလေးမောင်

